# ၇ ရက် သတင်းဂျာနယ်
# 7 DAY NEWS JOURNAL

http://www.7daynewsjournal.com

အတွဲ(၁၀)၊ အမှတ်(၂၂) ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် ၁၃၇၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၄ ရက် ၊ ကြာသပတေး၊ (ဩဂုတ် ၁၈ ၊ ၂၀၁၁)


## ပို့ကုန်အခွန်ကောက်ခံမှု ဒုတိယအကြိမ် ထပ်မံလျှော့

အားမာန်၊ အောင်သူရ

ရန်ကုန်၊ ဩဂုတ်-၁၃

အစိုးရက ပို့ကုန်ရငွေမှ အခွန်ကောက်ခံခြင်းကို နှစ်လအတွင်း ဒုတိယအကြိမ်အဖြစ် ထပ်မံလျှော့ချပေးလိုက်သည်။

ပို့ကုန်ရငွေ ၁၀ရာခိုင်နှုန်း (ကုန်သွယ်ခွန်၈ ရာခိုင်နှုန်းနှင့် ဝင်ငွေခွန် ၂ ရာခိုင်နှုန်း) အခွန်ကောက်ခံခြင်းကို ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနကဇွန် ၃၀ ရက်မှစ၍ ကုန်သွယ်ခွန် ၃ ရာခိုင်နှုန်း လျှော့ချပေးခဲ့သည်။

ထို့ကြောင့်ပို့ကုန်ရငွေမှ၇ ရာခိုင်နှုန်း ဆက်လက် အခွန်ကောက်ခံခဲ့သည်။

စာ(၁၂)သို့

## နိုင်ငံခြားငွေတန်ဖိုးများ အတက်အကျမြန်နေ

**အက်ဖ်အီးစီမှာ စံချိန်တင်ဈေးပြုတ်ကျသွားသည်**

အားမာန်

ရန်ကုန်၊ ဩဂုတ် - ၁၁

ပြည်တွင်းငွေကြေးဈေးကွက်တွင် ယခုတစ်ပတ်၌ ဒေါ်လာ၊ ပို့ကုန်ရငွေနှင့် အက်ဖ်အီးစီတန်ဖိုးများ အတက်အကျ လျှင်မြန်စွာ ဖြစ်ပေါ်နေသည်။

ပို့ကုန်ရငွေနှင့်ဒေါ်လာတန်ဖိုးမှာ ငွေကြေးလဲလှယ်ရောင်းဝယ်ရေးဈေးကွက်၌ ဩဂုတ်လဆန်းမှစ၍ ဆက်တိုက်ကျဆင်းခဲ့ပြီး ဩဂုတ်လ ၁၁ ရက်တွင် ယခုနှစ်အတွင်းဖြစ်ပေါ်ခဲ့သော အနိမ့်ဆုံးစံချိန်သို့ ရောက်လုနီးဖြစ်ခဲ့သည်။

ဩဂုတ်လ၁၂ရက်အရောက်တွင်မူအက်ဖ်အီးစီကို တရားဝင်ဖျက်သိမ်းရန် အစီအစဉ်ရှိကြောင်း သတင်းထွက်ပေါ်လာပြီးနောက် အက်ဖ်အီးစီတန်ဖိုး ပြုတ်ကျသွားပြန်သည်။ ဩဂုတ်၁၀ရက်က တစ်ယူနစ်လျှင် ၇၂၅ကျပ်ရှိသော အက်ဖ်အီးစီမှာ ဩဂုတ် ၁၄ ရက်အရောက်တွင် ၆၅၀ကျပ်သာရှိတော့ပြီး လေးရက်အတွင်း ၇၅ ကျပ်ထိ ပြုတ်ကျသွားသည်။ စာ(၁၂)သို့





ဒေသတွင်းနိုင်ငံများကြားတွင် မြန်မာနိုင်ငံသည် အသုံးစရိတ်မြင့်မားလာခြင်းကြောင့် ခရီးသွားများ ဒေသရွေးချယ်ရာ၌ နောက်ကျန်ခဲ့ဖွယ်ရှိနေသည်။ ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

## ဥရောပခရီးသွားကုမ္ပဏီအချို့ မြန်မာခရီးစဉ်ရောင်းချမှု ရပ်ဆိုင်း

အောင်သူရ

ရန်ကုန်၊ ဩဂုတ်-၉

ဥရောပနိုင်ငံများရှိ ခရီးသွားကုမ္ပဏီအချို့က ကမ္ဘာလှည့်ခရီးသွားများကို မြန်မာနိုင်ငံခရီးစဉ်များရောင်းချခြင်း ရပ်ဆိုင်းလိုက်ပြီဖြစ်ကြောင်း မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း (UMTA)ဥက္ကဋ္ဌ ဦးမောင်မောင်ဆွေက ဩဂုတ်၉ရက်နေ့တွင် ပြောကြားသည်။

"ဈေးတက်ပါမယ်ဆိုပြီး ဒီကမီဒီယာမှာ ရေးတာတွေရှိတယ်။ တချို့အေးဂျင့်တွေက ဈေးနှုန်းတွေ တက်နိုင်တဲ့အလားတွေရှိတယ်ဆိုပြီး အသိပေးတယ်။ ဒါကြောင့် တချို့အေးဂျင့်တွေက အရောင်းတောင် ရပ်လိုက်ပြီ" ဟု ဦးမောင်မောင်ဆွေက ဆက်လက်ပြောကြားသည်။

အမေရိကန်ဒေါ်လာနှင့် မြန်မာကျပ်ငွေလဲလှယ်သည့် နှုန်း ကျဆင်းလာခြင်း၊ ဟိုတယ်နှင့် ပို့ဆောင်ရေးစရိတ်များ ဈေးတက်လာခြင်းကြောင့် ညှော်သည်လာလေ၊ ရှုံးလေလေအဖြစ်မျိုးဖြစ်နေကြောင်း ခရီးသွားလုပ်ငန်းလုပ်ကိုင်သူတစ်ဦးကပြောသည်။

စာ(၂၈)သို့

### ဒေါ်အောင်ဆန်းစုကြည် ပဲခူးနှင့် သနပ်ပင်မြို့များသို့ သွားရောက်

စာ(၃)သို့

### "ကိုယ့်ငွေလိုတာထက် မာလာတာက လုပ်ငန်းရှင်တွေ အလုပ်မလုပ်နိုင်ဘူး" (ဦးလှမောင်ရွှေနှင့်တွေ့ဆုံခြင်း)

စာ(၈)သို့

### ငါးမွေးကန်များ ရေမြုပ်ခြင်းကြောင့် အရှုံးပေါ်အရှုံးဆင့်

စာ(၄)သို့





Bellco Battery
Bellco
Made in Thailand


CNC
men's wear
Environment Friendly

# ဒေါ်အောင်ဆန်းစုကြည် ပဲခူးနှင့်သနပ်ပင်မြို့များသို့ သွားရောက်

ပဲခူး၊ ဩဂုတ် - ၁၄

နေအိမ်အကျယ်ချုပ်မှ လွတ်မြောက်ပြီး ပထမဆုံးခရီးစဉ်အဖြစ် ဒေါ်အောင်ဆန်းစုကြည် ပဲခူးနှင့် သနပ်ပင်မြို့များသို့ သွားရောက်ခဲ့သည်။ ဩဂုတ်လ ၁၄ ရက် နံနက် ၇ နာရီ ၄၅ မိနစ်တွင် ဒေါ်အောင်ဆန်းစုကြည်သည် ပဲခူးမြို့ရှိ ရွှေမော်ဓောစေတီတော်ကို ဖူးမြော်ခဲ့ပြီး သာသနာ့မဏ္ဍိုင်ကျောင်းတိုက်သို့သွားရောက်ကာ သံဃာတော်များကို ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ လှူဒါန်းခဲ့သည်။

ထို့နောက် သနပ်ပင်မြို့သို့ ဆက်လက်ထွက်ခွာသည်။ သနပ်ပင်မြို့၌ 'အောင်ဆန်းဂျာမွန်း(ဂျာမွန်းမှာ ကချင်ဘာသာစကားဖြစ်ပြီး၊ အဓိပ္ပာယ်မှာ ရွှေဝတ်မှုန်ဖြစ်သည်) စာဖတ်ခန်းနှင့်ပညာဒါန အင်္ဂလိပ်စာသင်တန်း' သို့ ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးသည်။

သနပ်ပင်မြို့မှအပြန် ပဲခူးမြို့သို့ပြန်လည်ဝင်ရောက်ခဲ့ပြီး နံနက် ၁၁ နာရီကျော်တွင် ပဲခူးမြို့လယ်ရှိ ပန်းလှိုင်ရပ်ကွက်၌ 'အောင်ဆန်းဂျာမွန်းစာဖတ်ခန်းနှင့်ပညာဒါန အင်္ဂလိပ်စာသင်တန်း'ကိုဖွင့်လှစ်ပေးခဲ့သည်။ ဆက်လက်၍ အနောက်ရွှေနံ့သာကျောင်းတိုက်ရှိရေဘေးသင့်ပြည်သူများကို သွားရောက်လှူဒါန်းအားပေးစကားပြောကြားခဲ့သည်။



အစိုးရသစ်လက်ထက် ဒေါ်အောင်ဆန်းစုကြည်နှင့် အစိုးရသစ်ကိုယ်စားလှယ် ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်တို့ ဒုတိယအကြိမ်တွေ့ဆုံမှုအဖြစ် ဩဂုတ်လ ၁၂ ရက်က မိနစ် ၅၀ ကြာ တွေ့ဆုံခဲ့သည်။ ယင်းတွေ့ဆုံမှုအပြီး အချက် ၄ ချက်ပါ သတင်းထုတ်ပြန်ချက် ထုတ်ပြန်ကြေညာခဲ့ပြီး မီဒီယာများ၏ မေးမြန်းချက် ၃ ခုကို ပြန်လည်ဖြေကြားခဲ့သည်။ အဓိကအားဖြင့် နှစ်ဖက်ပူးပေါင်းဆောင်ရွက်ရေးကိုသာ အလေးပေးပြောဆိုသွားပြီး နိုင်ငံ၏အဓိကပြဿနာတစ်ရပ်ဖြစ်သည့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စကို ဦးစားပေးဆောင်ရွက်သွားမည်ဟူသည့် သတင်းစကားကိုသာ အဓိကတွေ့ရကြောင်း တွေ့ဆုံမှုမှတ်တမ်းများကိုလေ့လာနေသည့် နိုင်ငံရေးလေ့လာသူများက သုံးသပ်သည်။ ဓာတ်ပုံ- **Getty Image**






7 DAY NEWS JOURNAL
Vol.10, No.22 · AUGUST 18, 2011

CRIME CORNER

## ဆွံ့အနားမကြား အသက်မပြည့်သူအား အဓမ္မပြုကျင့်သူများကို တစ်ကျွန်းချမှတ်

နေလင်းအောင်

ရန်ကုန်၊ ဩဂုတ်- ၉

ပုသိမ်မြို့နယ်တွင် ဆွံ့အနားမကြားသူ အမျိုးသမီးငယ်တစ်ဦးအား တစ်ရွာတည်းနေသူများက အဓမ္မပြုကျင့်မှုကြောင့် ပြစ်မှုကျူးလွန်သူများအား တစ်သက်တစ်ကျွန်း ပြစ်ဒဏ်ချမှတ်လိုက်ကြောင်း သတင်း ရရှိသည်။

ယင်းအမှုမှာ ၂၀၁၀ ပြည့်နှစ်တွင် ဖြစ်ပွားခဲ့ပြီး ပြစ်မှုကျူးလွန်သူသုံးဦးအား ပုသိမ်မြို့နယ်တရားရုံးက ဇူလိုင်လအတွင်း ပြစ်ဒဏ်အသီးသီးချမှတ်ခဲ့ခြင်းဖြစ်သည်။

ဖြစ်ပွားပုံမှာ ပုသိမ်မြို့နယ် . . . ရွာနေဆွံ့အနားမကြားသူမ. . (၁၅နှစ်)သည် နေအိမ်အိပ်ခန်းအတွင်း တစ်ဦးတည်းရှိရာ တစ်ရွာတည်းနေ ကုလား(ခ) ရဲနိုင်စိုး(၁၉ နှစ်)၊ ဇော်မင်းထွေး(ခ) ငဒီ(၁၉ နှစ်)နှင့် တုတ်ပေါ်(ခ)ထက်အောင်(၁၅ နှစ်)တို့ ပူးပေါင်း၍ ပြစ်မှုကျူးလွန်ခဲ့ကြခြင်းဖြစ်သည်။

ယင်းသို့ပြုကျင့်ရန်အတွက် ငဒီနှင့် တုတ်ပေါ်တို့က မ. . အား ချုပ်ထားပေးခဲ့ပြီး ရဲနိုင်စိုး(ခ)ကုလားက အဓမ္မပြုကျင့်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါအမှုအား ကျူးလွန်ခံရသူ၏မိခင်က တိုင်တန်းခဲ့သဖြင့် ပုသိမ်မြို့နယ် တရားရုံးမှ ရာကြီးမှု အမှတ်(၇၁/ ၂၀၁၀)၊ ကလေးရာကြီးမှုအမှတ်(၁၂/ ၂၀၁၀)တို့ဖြင့် လက်ခံစစ်ဆေးခဲ့ပြီး ပြစ်မှုထင်ရှားသဖြင့် ကုလား(ခ)ရဲနိုင်စိုး(၁၉ နှစ်)နှင့် ဇော်မင်းထွေး(ခ)ငဒီ(၁၉ နှစ်)တို့နှစ်ဦးအား ပုဒ်မ ၄၅၆အရ အလုပ်နှင့် ထောင်ဒဏ်ငါးနှစ်စီ၊ အဆိုပါ ဥပဒေပုဒ်မ ၃၇၆အရ တစ်သက်တစ်ကျွန်းထောင်ဒဏ်ပြစ်ဒဏ်များကို သီးခြားစီကျခံစေရန်နှင့် တုတ်ပေါ်(ခ)ထက်အောင်(၁၅ နှစ်)အား ကျပ်သုံးသိန်းတန်ခံဝန်ဖြင့် မိဘများထံပြန်လည်အပ်နှံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရှိရသည်။

## ကောက်ယူရရှိသည့် အမ်ပီဖိုးမှ ပေါက်ကွဲမှုဖြစ်

ရန်ကုန်၊ ဩဂုတ်- ၇

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ရေဦးမြို့နယ်၌ လမ်းဘေးမှ ကောက်ရသည့် MP4 Player အား စစ်ဆေးနေရာမှ ရုတ်တရက် ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်းသိရသည်။

အဆိုပါပေါက်ကွဲမှုကြောင့် လူကြီးတစ်ဦးနှင့် ကလေးငယ်နှစ်ဦး ဒဏ်ရာရရှိခဲ့ပြီးပွန်းပဲ့ဒဏ်ရာ အသီးသီးသာရရှိခဲ့ကြောင်းသိရသည်။

ရေဦးမြို့နယ်အောင်မင်္ဂလာရပ်ကွက်နေမောင်ဇင်မင်းထွေး (၈) နှစ်၊ မအေးအေးဝင်း (၁၁)နှစ်တို့ နှစ်ဦးသည် ယခုလ ၄ ရက်က အောင်ဆန်းရပ်ကွက်၊ တပင်ရွှေထီးလမ်း၊ မြပန်းသဇင်ဘော်ဒါဆောင်ရှေ့ ပလက်ဖောင်းပေါ် မှ အမ်ပီဖိုးတစ်လုံးကောက်ရခဲ့ပြီး အိမ်သို့ယူဆောင်လာခဲ့ကြောင်း နေအိမ်မှ မအေးအေးဝင်း၏ ဖခင် ဦးခင်မောင်ထွေးက အမ်ပီဖိုးအား ဖွင့်ကြည့်ရာမှ နောက်ကျောဘက် ရှိ ဘက်ထရီအားဖြုတ်ကြည့်စဉ် ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ယခုလ ၈ ရက်ထုတ် ကြေးမုံသတင်းစာတွင် ဖော်ပြပါရှိသည်။

ပေါက်ကွဲမှုကြောင့် ဦးခင်မောင်ထွေး၏ ယာလက်ညှိုးပွန်းပဲ့ဒဏ်ရာဇင်မင်းထွေး၏ ဝမ်းဗိုက်ပွန်းပဲ့ဒဏ်ရာနှင့် မအေးအေးဝင်း၏ ယာလက်မောင်းပွန်းပဲ့ဒဏ်ရာများ အသီးသီးရရှိခဲ့ကြောင်း ဖော်ပြပါရှိသည်။

# ငါးမွေးကန်များရေမြုပ်ခြင်းကြောင့် လုပ်ငန်းရှင်များအရှုံးပေါ်အရှုံးဆင့်



သန်းဌေး

ရန်ကုန်၊ ဩဂုတ်-၁၁

မိုးများသောကြောင့် မြစ်ရေများ လျှံတက်ကာ မြစ်ကမ်းဘေးတွင် တည်ရှိနေသော ငါးမွေးမြူရေးကန်များ ရေနစ်မြုပ်ကုန်ကြောင်း ပဲခူးမြစ်ဘေးကျေး့တန်းရှည်ရွာရှိ ငါးမြစ်ချင်းငါးကန်ဧက ၅၀၀ ပိုင်ရှင်ဦးဇော်လင်းက ပြောသည်။

“ငါးကန်တွေ ပေါင်ပေါ် ရေနှစ်ပေကျော်တက်လာလို့ ကန်တွေ ဆက်ကုန်တယ်။ ပတ်ထားတဲ့တာရိုးတော့ ပြုတ်မထွက်ပေမယ့် သုံးလေးနေရာတော့ ပေါက်ကုန်တယ်။ လွတ်ထွက်သွားတဲ့ငါးတွေ ဆုံးရှုံးမှုကိုတော့ လောလောဆယ် ခန့်မှန်းလို့မရသေးပါဘူး”ဟု ၎င်းက 7 Day News သို့ ဩဂုတ် ၁၁ ရက်တွင် တယ်လီဖုန်းမှတစ်ဆင့်ပြောသည်။

ပဲခူးမြစ်အတွင်းသို့ စီးဝင်သော မြစ်လက်တက်များမှာ ခြောက်စင်းခန့်ရှိသောကြောင့် ယခုကဲ့သို့ မိုးရေချိန်မြင့်မားနေချိန်တွင် ပဲခူးမြစ်ရေလျှံပြီး ငါးကန်များလည်း ရေပြည့်လာကြောင်း လွင်ဖြိုးငါးကန်လုပ်ငန်းမှ ဦးဇော်လင်းကပြောသည်။

အဆိုပါ ငါးမွေးမြူရေးကန်မှာ ယခင်မိုးများခဲ့သော အတွေ့အကြုံကြောင့် ကျပ်ငွေသိန်း ၄၀၀ခန့် အကုန်အကျခံကာ ကန်ပြုပြင်၍ ပေါင်များတင်ပြီး တာရိုးပတ်ခဲ့ရသေးကြောင်း ၎င်းကပြောသည်။

ယခုရက်ပိုင်းအတွင်း ပဲခူးမြစ်သာမက ချင်းတွင်းမြစ်၊ ရွှေကျင်မြစ်နှင့် သံလွင်မြစ်များပါ စိုးရိမ်ရေမှတ်သို့ရောက်ရှိနေကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက နိုင်ငံပိုင်သတင်းစာများတွင် တရားဝင်ကြေညာချက် ထုတ်ပြန်ပေးထားသည်။

“ကျွန်မတို့ ငါးကန်တွေ ရေများလို့အင်းနဲ့တစ်ဆက်တည်းဖြစ်ကုန်တယ်။ ဒါ့အပြင် လယ်ဧက ၄၀၀လောက်နဲ့ပါ ရေမြုပ်ပြီးရောကုန်ပြီ”ဟု ရန်ကုန်တိုင်းဒေသကြီး သုံးဆယ်မြို့နယ် အသရော်ရွာမှ ငါးကန်ဧက ၈၀၀ပိုင်ရှင်အမျိုးသမီးတစ်ဦးကလည်း 7 Day News သို့ တယ်လီဖုန်းဖြင့် ဩဂုတ် ၁၁ရက်တွင် ပြောသည်။

ထို့အပြင် ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး ဆက်စပ်နေသော တပ်မတော်ပိုင်ငါးကန်များလည်း ရေဖုံးလွှမ်းမှုများ ဖြစ်ပေါ်နေကြောင်း မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ တာ ဝန်ရှိသူတစ်ဦးကပြောသည်။

ပဲခူးအနောက်ခြမ်း ပြည်မြို့နှင့် အင်းမဘက်ရှိငါးကန်များမှာမူ စိုးရိမ်စရာအခြေအနေမရှိသေးကြောင်း ငါးမွေးမြူရေးလုပ်ငန်းရှင် ဦးထိုက်ထိုင်က ပြောသည်။

ငါးကန်များ ရေနစ်မြုပ်ပါက မျိုးငါးအမကြီးများကို အဓိကထားကာ ထိန်းသိမ်းစောင့်ရှောက်သင့်ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ အဆင့်မြင့်အရာရှိကြီးကပြောသည်။

ရေကျသွားမှသာ မျိုးငါးအမများနှင့်ငါးသားပေါက်များ ရောနှောနေမှုကို ရေပက်ထုတ်ပြီး ခွဲခြားရမည်ဖြစ်ကြောင်းလည်း လွင်ဖြိုးငါးကန်ပိုင်ရှင်ဦးဇော်လင်းကပြောသည်။ ပဲခူးတိုင်းဒေသကြီး လွင်ဖြိုးငါးလုပ်ငန်းအနေဖြင့် ၂၀၀၄၊ ၂၀၀၇၊ ၂၀၀၈၊ ၂၀၁၀ နှစ်များတွင် ရေလွှမ်းမှုကြောင့် ဆုံးရှုံးမှုအနေဖြင့် ကျပ်ငွေသိန်းပေါင်း ၈၀၀၀ ခန့်ရှိခဲ့ကြောင်း သိရှိရသည်။

“ငါးမွေးမြူရေးလုပ်ငန်းမှာ ရောင်းဈေးမကောင်းလို့ ဈေးကျတဲ့အပြင် အခုတစ်ခါ ရာသီဥတုဖောက်ပြန်တော့ ရှုံးရာကနေ အခုတော့ ဆုံးရှာပြီ။ ရှုံးရင် နာလန်ထူလို့ရသေးတယ်။ အခုဟာက အရမ်းခက်ခဲသွားပြီ” မြန်မာနိုင်ငံ ငါး လုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်က 7DayNews သို့ပြောသည်။

ယခုဖြစ်ရပ်ကို အဖွဲ့ချုပ်မှ ကူညီရန်မဖြစ်နိုင်သေးသော်လည်းဘဏ်များက ကူညီကယ်မပေးရန်တိုက်တွန်းပြောကြားပေးမှာဖြစ်ကြောင်း ၎င်းကပြောသည်။

# ဆန်စပါးမူဝါဒသစ် ချမှတ်တော့မည်

အားမာန်၊ အောင်သူရ

ရန်ကုန်၊ ဩဂုတ် – ၉

မြန်မာနိုင်ငံအသစ် ဆန်စပါးမူဝါဒသစ်ချမှတ်နိုင်ရန် နိုင်ငံတော်အဆင့် အလုပ်ရုံဆွေးနွေးပွဲကို နေပြည်တော်တွင် မကြာမီ ကျင်းပတော့မည်ဖြစ်ကြောင်းမြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းမှ တာဝန်ရှိသူများကပြောသည်။

ဆန်စပါးမူဝါဒသစ်မှာယခင်မူဝါဒထက် ပိုမိုပြည့်စုံ လက်တွေ့ကျရန်မျှော်လင့်ကြောင်း မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်း ဥက္ကဋ္ဌဦးချစ်ခိုင်က ပြောသည်။ လက်ရှိကျင့်သုံးနေသော ဆန်စပါးမူဝါဒမှာ ၂၀၀၃ ခုနှစ် ဇြေ၂၄ရက်ကချမှတ်ကျင့်သုံးခဲ့ခြင်းဖြစ်သည်။ ထိုမူဝါဒ၏ အဓိကထူးခြားချက်မှာ ယခင်နိုင်ငံတော်မှသာ ဆန်ပြည်ပတင်ပို့၍ နိုင်ငံတော်သို့တောင်သူနှင့် ကုန်သည်များက ဆန်၊ စပါး ရောင်းချပေးခဲ့ရာမှ မူဝါဒသစ်ကြောင့် ပုဂ္ဂလိက လွတ်လပ်စွာ ဆန်စပါးရောင်းဝယ်၍ ကိုယ်တိုင်ပြည်ပတင်ပို့လာနိုင်ခဲ့ခြင်းဖြစ်သည်။

ယခု ၂၀၀၃ ခုနှစ်က စတင်ကျင့်သုံးခဲ့သော ဆန်စပါးမူဝါဒကို ပြန်လည် ပြင်ဆင်ဖြည့်စွက်၍ မူဝါဒသစ်ချမှတ်ရန် သက်ဆိုင်ရာက နိုင်ငံတော်အဆင့် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခြင်းဖြစ်ကြောင်း ဦးချစ်ခိုင်က ဆက်လက်ပြောသည်။

ဆန်စပါးမူဝါဒသစ်ချမှတ်ရန် ဆန်စပါးစိုက်ပျိုးထုတ်လုပ်ပြည်ပတင်ပို့ခြင်းလုပ်ငန်းနှင့်ဆက်စပ်နေသော နိုင်ငံလူဦးရေ၏ ၆၀ ရာခိုင်နှုန်းဝန်းကျင်နှင့်သာ သက်ဆိုင်သည်မဟုတ်ဘဲ တစ်နိုင်ငံလုံးအတွက် အရေးကြီးကြောင်း အဆိုပါအသင်း ဒုတိယဥက္ကဋ္ဌ ဦးလှမောင်ရွှေကပြောသည်။

စာ(၁၂)သို့



7 DAY NEWS JOURNAL
Vol.10, No.22 • AUGUST 18, 2011

# ပဲခူးတွင် လူဦးရေတစ်သောင်းကျော် ကယ်ဆယ်ရေးစခန်းတွင် နေထိုင်နေရ

**ပြည်သိမ်း၊ အောင်သူရ**

**ရန်ကုန်၊ ဩဂုတ်-၁၃**

နှစ် ၅၀ အတွင်း စံချိန်တင်ရေကြီးမှုကြောင့် ပဲခူးမြို့တွင် လူဦးရေ ၁၄,၀၀၀ ကျော် ကယ်ဆယ်ရေးစခန်း၌နေထိုင်နေရကြောင်းပဲခူးမြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှ သတင်းရရှိသည်။

ပဲခူးမြို့ရှိ ရပ်ကွက်ကြီးများဖြစ်သော ကလျာဏီ၊ ဇိုင်ဂနိုင်းတောင်၊ မြောက်၊ ကျောက်ကြီးစု၊ နန်းတော်ရာသစ်၊ ကျွန်းသာယာ စသည့်ရပ်ကွက်များတွင် နေအိမ်များ ရေမြုပ်နေကြသည်။ ယင်းရပ်ကွက်များမှ အိမ်ထောင်စုပေါင်း ၄၀၀၀ ကျော်သည် ရေဘေးကယ်ဆယ်ရေးစခန်းများတွင် ခေတ္တခိုလှုံနေရသည်။

"ကျွန်တော်တို့ ဒီကို ရောက်နေတာ သုံးရက်ရှိပြီ။ ဒီသာသနာ့ဗိမာန်မှာ နေရတာ အားလုံးအဆင်ပြေပါတယ်။ စားဖို့၊ သောက်ဖို့ကအစ ကျန်းမာရေးစောင့်ရှောက်မှုတွေရပါတယ်"ဟုကျောက်ကြီးစုရပ်ကွက်နေထိုင်သူတစ်ဦးကဆိုသည်။



ဓာတ်ပုံ - အောင်သူရ

**ပဲခူးမြို့အဝင် ရန်ကုန်-မန္တလေးကားလမ်းမပေါ် မြင်ကွင်း**



**ကယ်ဆယ်ရေးစခန်းတစ်နေရာ**

ပဲခူးမြို့ပေါ်ရှိ ရေလွတ်ရာနေရာများတွင် လက်ရှိအချိန်ထိ ရေဘေးကယ်ဆယ်ရေးစခန်း ၂၂ခု ဖွင့်လှစ်ထားကြောင်းလည်း မြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှ တာဝန်ရှိသူတစ်ဦးကပြောပြသည်။

ပဲခူးမြို့သည်နှစ်စဉ် ရေကြီးမှုများနှင့် ကြုံတွေ့နေရသည့်မြို့ဖြစ်ပြီး ယခုနှစ်ရေကြီးမှုမှာ နှစ် ၅၀ အတွင်းအမြင့်ဆုံးဖြစ်ကြောင်း ပဲခူးမြစ်၏ ရေပမာဏသည် စိုးရိမ်ရေမှတ်ထက် ၅၀ စင်တီမီတာကျော်လွန်ပြီး ၉၅၉ စင်တီမီတာထိရောက်ရှိခဲ့ကြောင်း တိုင်းဒေသကြီး မိုးလေဝသနှင့်ဇလဗေဒဌာနမှတာဝန်ရှိသူတစ်ဦးကဆိုသည်။

## စီးပွားရေးဖိုရမ် နေပြည်တော်တွင်ကျင်းပမည်

**အားမာန်**

**ရန်ကုန်၊ ဩဂုတ်-၁၁**

မြန်မာနိုင်ငံ၏ လက်ရှိစီးပွားရေးအခြေအနေအပေါ် သုံးသပ်၍ ပြုပြင်ပြောင်းလဲသည့် ဗျူဟာနှင့်မူဝါဒများချမှတ်နိုင်ရန် စီးပွားရေးပညာရှင်များ၏ စီးပွားရေးဖိုရမ် Economics Forumကို နေပြည်တော်တွင်ဩဂုတ်လတတိယပတ်အတွင်း ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း စီးပွားရေးပညာရှင်အချို့ကပြောသည်။

ကျင်းပရန်စီစဉ်ပြီး ရက်ပြောင်းခဲ့သော စီးပွားရေးဖိုရမ်ကို လာမည့်ဩဂုတ် ၁၈ ရက်နှင့် ၁၉ ရက်တွင်ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း အဆိုပါအစည်းအဝေး တက်ရောက်မည့်သူအချို့က ပြောသည်။ စီးပွားရေးပညာရှင်များ၊ ဘဏ်လုပ်ငန်းဆိုင်ရာပညာရှင်များ၊ ဖွံ့ဖြိုးရေးပညာရှင်များ နှင့် အစိုးရမှတာဝန်ရှိသူများ စုံညီစွာ တက်ရောက်ကြမည့် နိုင်ငံတော်အဆင့် ဆွေးနွေးပွဲဖြစ်ကြောင်းလည်း သတင်းရရှိသည်။

အစိုးရသစ်လက်ထက် နိုင်ငံ ၏ စီးပွားရေးနှင့်ပတ်သက်၍ ပထမဆုံးအမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲအဖြစ် မေ ၁၉ရက်မှ ၂၁ရက်အထိ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေး အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲကျင်းပခဲ့သည်။ ထို့ကြောင့် ယခု စီးပွားရေးဖိုရမ်မှာ ဒုတိယမြောက် ဆွေးနွေးပွဲဖြစ်လာမည်ဖြစ်သည်။ ထို့အပြင် မကြာမီ ဆန်စပါးမူဝါဒသစ်ချမှတ်ရန် အလုပ်ရုံဆွေးနွေးပွဲကိုလည်း မကြာမီကျင်းပဦးမည်ဖြစ်သည်။



7 DAY NEWS JOURNAL
Vol.10, No.22 • AUGUST 18, 2011

# အက်ဳပ်အီးစီရုပ်သိမ်းပါက နစ်နာမှုမရှိစေရန် ဦးစားပေးမည်ဆိုသော်လည်း ရုပ်သိမ်းမည့်သတင်းကြောင့် ဈေးကွက်တွင်းအရောင်းအဝယ်တန့်

သီဟာ

နေပြည်တော်၊ဩဂုတ် – ၁၂

**နိုင်ငံခြားငွေလဲလှယ်ရာတွင် တည်ငြိမ်သည့် နှုန်းထားတစ်ရပ်သတ်မှတ်ပြီးချိန်၌ FEC ရုပ်သိမ်းရေးကိစ္စလည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ထိုသို့ပြုလုပ်ရာ တွင် FEC လက်ဝယ်ရှိသည့် နိုင်ငံသားများ နစ်နာမှုမရှိစေရန် အထူး ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဗဟိုဘဏ်ဥက္ကဋ္ဌဦးသန်းညိမ်းက ပြောကြားသည်ပြောရေးဆိုခွင့်နှင့် သတင်းထုတ်ပြန်ရေးအဖွဲ့က နေပြည်တော်၌ယနေ့ကျင်းပသည့် သတင်းစာရှင်းလင်းပွဲ ၁/၂၀၁၁တွင် သတင်းစာဆရာတစ်ဦး၏ မေးခွန်းကိုဖြေကြားရာတွင် ၎င်းက အထက်ပါအတိုင်း ပြောကြားသွားခြင်းဖြစ်သည်။**

"Exchang Rate Unification ဆောင်ရွက်ပြီးရင်တော့ FEC ရုပ်သိမ်းရေးကိစ္စလည်း ဒီအစီအစဉ်ထဲမှာပါသွားမှာပါ။အဲဒီလိုရုပ်သိမ်းတဲ့အခါ FEC အစားသူနဲ့ညီမျှတဲ့ နိုင်ငံခြားငွေ ဒေါ်လာဖြစ်စေ သို့မဟုတ် အဲဒီအချိန်မှာရှိတဲ့ သတ်မှတ်ထားတဲ့ပေါက်ဈေးနဲ့ညီမျှတဲ့ ကျပ်ငွေဖြစ်စေရရှိမှာဖြစ်ပါတယ်။ နစ်နာမှုမရှိစေဖို့အတွက် တာဝန်ယူဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်"ဟု ဦးသန်းညိမ်းကဆက်လက်ပြောကြားသည်။

သို့သော်ပြင်ပတွင်မူ အဆိုပါသတင်းထွက်ပြီးနောက်ပိုင်းမှစ၍ FEC ဈေးနှုန်းများကျဆင်းကာ အရောင်းအဝယ်မှာလည်း တန့်သွားခဲ့သည်ဟုသိရသည်။

"အခုက ကြိုက်ရောင်းကြိုက်ဝယ်ဖြစ်နေတယ်။ မဝယ်မဖြစ်တဲ့သူနဲ့ ပိုက်ဆံလိုတဲ့သူပဲ အရောင်းအဝယ်ဖြစ်နေတယ်။ မလိုအပ်တဲ့သူက မဝယ်ဘူး မရောင်းဘူး"ဟု FEC ပြင်ပဈေးကွက်ကျွမ်းကျင်သူတစ်ဦးကပြောသည်။


ထိုသို့ဖြစ်ရခြင်းနှင့် ပတ်သက်၍လည်း လူအများနားလည်မှုလွဲမှားသွားခြင်းသာဖြစ်ကြောင်းနှင့် ဖျက်သိမ်းမည်ဆိုလျှင်လည်း အချိန်ကာလမှာ အနည်းဆုံးခြောက်လခန့်ကြာမှသာဖျက်သိမ်းနိုင်ဖွယ်ရှိသည်ဟု စီးပွားရေးသမားတစ်ဦးက ခန့်မှန်းပြောကြားသည်။ သို့သော် FEC ဖျက်သိမ်းချိန်တွင်အစိုးရမှ လဲလှယ်ပေးမည့် သတ်မှတ်ပေါက်ဈေးဆိုသည့် ပမာဏအား လူအများကစိတ်ဝင်စားလျက်ရှိကြပြီး လဲလှယ်ချိန်၌လည်း စစ်ဆေးမေးမြန်းမှုများ ရှိမည်ကိုစိုးရိမ်လျက်ရှိကြကြောင်း သိရသည်။

## စည်ပင်သာယာရေးအဖွဲ့များကို ဖျက်သိမ်းကာ ပြည်နယ်၊ တိုင်းဒေသကြီးအစိုးရအောက်တွင် အသစ်ဖွဲ့စည်းမည်

**ကျော်သီဟ၊ မြတ်စုမွန်**

**ရန်ကုန်၊ ဩဂုတ် – ၁၂**

မြန်မာနိုင်ငံရှိမြို့တော်စည်ပင်သာယာရေးအဖွဲ့အစည်းများနှင့် နယ်စပ်ဒေသစည်ပင်သာယာရေးအဖွဲ့များအားဖျက်သိမ်းကာသက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ လက်အောက်တွင် အသစ်ပြန်လည်ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ သတင်းရရှိသည်။




ယခုတည်ရှိနေသော စည်ပင်သာယာရေးအဖွဲ့အစည်းများမှာ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်မညီတော့ခြင်းကြောင့် သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရ အဖွဲ့၏ ကြပ်မတ်မှုအောက်တွင် တည်ရှိရမည်ဖြစ်၍ ပြင်ဆင်ဖွဲ့စည်းသွားမည်ဟု သိရှိရသည်။

"ဝန်ကြီးဌာနအောက်ရောက်သွားတာကတော့ သေချာပါတယ်။ ဒါပေမဲ့ ကော်မတီအနေနဲ့ကတော့ ရှိနေဦးမှာပါ။ အခု မြို့တော်စည်ပင်က သုံးစွဲတဲ့ ဘတ်ဂျက်ကိုရန်ကုန်တိုင်းဒေသကြီးအစိုးရက သုံးလတစ်ကြိမ် ချပေးတယ်။ အရင်က ကိုယ့်ဘတ်ဂျက်ကို ကိုယ်သုံးခဲ့ကြတာ"ဟု ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဝင်ဦးလှအေးက ပြောသည်။

စည်ပင်သာယာရေးလုပ်ငန်းများအား အင်္ဂလိပ်ခေတ်တွင် မြူနီစီပယ်အက် (Act) ပြဋ္ဌာန်းပြီး၊ မြူနီစီပယ်မင်းကြီးထားရှိကာ ရန်ကုန်မြို့ပြ စည်ပင်သာယာရေးလုပ်ငန်းများကိုလုပ်ကိုင်စေခဲ့သည်။ ၁၉၇၂ခုနှစ်ကောင်စီခေတ်တွင် မြူနီစီပယ်အဖွဲ့အား စည်ပင်သာယာရေးအဖွဲ့အဖြစ် အမည်ပြောင်းလဲခဲ့သည်။ ယခင် ခရိုင်ဝန်များအား အထွေထွေအုပ်ချုပ်ရေးအဖြစ် နိုင်ငံတော်ကောင်စီတွင် တာဝန်ထမ်းဆောင်စေခဲ့ပြီး ပြည်ထဲရေးဝန်ကြီးဌာနအောက်၌ ဦးစီးဌာနအဖြစ် သတ်မှတ်ကာ ရန်ကုန်၊ မန္တလေးမြို့များမှအပ စည်ပင်သာယာရေးအဖွဲ့များကြီးကြပ်ဆောင်ရွက်စေခဲ့သည်။

ထို့အပြင် ၁၉၉၂ ခုနှစ် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က စည်ပင်သာယာရေးလုပ်ငန်းများ အရှိန်အဟုန်မြင့်တင် ဆောင်ရွက်နိုင်ရန် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပကာနယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအဖြစ်ထားရှိခဲ့သည်။

အထက်ပါရန်ကုန်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးနှင့် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအား ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပြည်နယ်နှင့် တိုင်းဒေသကြီးရှိမြို့ တော်များအား သက်ဆိုင်ရာပြည်နယ်နှင့်တိုင်းဒေသကြီး အစိုးရအဖွဲ့များအောက်တွင် အသစ်ပြင်ဆင်ဖွဲ့စည်းကာပြည်နယ်နှင့်တိုင်းဒေသကြီးများ၏ စည်ပင်သာယာရေးလုပ်ငန်းများလုပ်ဆောင်သွားမည်ဖြစ်ကြောင်းသိရှိရသည်။

## ဈေးကွက်ကောင်းသည့် ရာဘာကို တိုးချဲ့စိုက်ပျိုးရန် လိုအပ်

**ပြည့်သိမ်း**

**ရန်ကုန်၊ ဩဂုတ်–၁၃**

ကမ္ဘာပေါ်တွင် ရာဘာလိုအပ်ချက် နှစ်စဉ်မြင့်တက်နေသည့်အတွက် ပြည်တွင်း၌ ရာဘာစိုက်ပျိုးမှုတိုးချဲ့ရန် လိုအပ်ကြောင်းမြန်မာနိုင်ငံရာဘာစိုက်ပျိုးထုတ်လုပ်သူများ အသင်းမှ ဦးခိုင်မြင့်ကဆိုသည်။

"နောင်နှစ် ၂၀ ထိ ကမ္ဘာမှာ ရာဘာက Supply ထက် demand က ပိုနေမှာပဲ"ဟု ဦးခိုင်မြင့်က ရှင်းပြသည်။

နှစ်စဉ် ကမ္ဘာ့လူဦးရေ တိုးတက်လာသဖြင့် ကမ္ဘာပေါ်တွင် ရာဘာလိုအပ်ချက်မြင့်မားလာနိုင်ခြင်း၊ ကမ္ဘာ့ရာသီဥတု ဖောက်ပြန်မှုကြောင့် ရာဘာအဓိက ထုတ်လုပ်သည့်နိုင်ငံများမှ ထုတ်လုပ်မှုများ လျော့ကျခြင်း၊ ထို့အပြင် ရာဘာမှာလိုအပ်ချက်ကိုတိုးထုတ်ယူရန် တစ်နှစ်၊ ၂နှစ်အတွင်း မပြုလုပ်နိုင်ခြင်းတို့ကြောင့် ရာဘာကိုတိုးချဲ့စိုက်ပျိုးရန် လိုအပ်ခြင်းဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်ကရှင်းပြသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦးကလည်း ဘားအံမြို့သို့သွားရောက်စဉ်ပြည်နယ်စီးပွားရေး ပိုမိုတိုးတက်မှု ရရှိစေရန်အတွက် ရာဘာတိုးချဲ့စိုက်ပျိုးရန် တိုက်တွန်းခဲ့သည်။

ကမ္ဘာတွင် စက်မှုကုန်ကြမ်းပစ္စည်းဖြစ်သည့် ရော်ဘာဈေးကွက်ကြီးမားကျယ်ပြန့်ပြီး ဈေးနှုန်းမှာလည်း ထိုက်တန်စွာရရှိနေကြောင်း၊ထို့ကြောင့်ကရင်ပြည်နယ်အတွင်း မြေလွတ်မြေရိုင်းများ ကေသိန်းချီရှိနေသေးသည့်အတွက် ရာဘာတိုးချဲ့စိုက်ပျိုးရန် လိုကြောင်း ဒုတိယသမ္မတက ပြောခဲ့သည်ကို ဩဂုတ်၉ရက်ထုတ် နိုင်ငံပိုင်သတင်းစာမှတစ်ဆင့် သိရသည်။

လက်ရှိ ပြည်တွင်းရာဘာဈေးနှုန်းသည် ကမ္ဘာ့ဈေးကွက်တွင် ကျဆင်းနေသည့်အတွက် တစ်ပေါင်လျှင် ၁၃၀၀ ဝန်းကျင်အနိမ့်ဆုံးရှိနေသည်။ ကမ္ဘာ့ဈေးကွက်၌မြန်မာ့ရာဘာဈေးမှာတစ်တန်လျှင် ကန်ဒေါ်လာ ၄၃၀၀ သာဈေးရှိသည်။ ကမ္ဘာရာဘာဈေးကွက်မှ အခြားသော နိုင်ငံများ၏ ဈေးနှုန်းမှာ တစ်တန်လျှင် ဒေါ်လာ ၄၆၀၀ကျော်ဈေးရှိသည်။



## ဆရာနန္ဒာသိန်းဇံ ကွယ်လွန်

**ဇာဇာနီ၊ ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဩဂုတ်– ၁၅**

အတွေးအခေါ် ဆိုင်ရာစာအုပ်ပေါင်းသုံးဆယ်ကျော်ကိုရေးသားပြုစုခဲ့ပြီး၊ မေလကဆရာဝန်တင်ရွှေစာပေဆုကို 'နောင်တကင်းရာသို့'စာအုပ်ဖြင့်စာပေဆုရခဲ့သော ဆရာနန္ဒာသိန်းဇံ (၆၅)နှစ်သည်ဩဂုတ်လ၁၄ရက်ည၇နာရီ၁၅မိနစ်တွင်ရင်ကျပ်ရောဂါဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားသည်။

ဆရာ၏ဇနီးဖြစ်သူ ဒေါ်ခင်မာမာက "ဩဂုတ် ၄ ရက်က ဆရာ့ကိုဆေးရုံတင်လိုက်ရတယ်။ ဆရာ့ရောဂါက သက်သာလာလို့ဆေးရုံက ပြန်ဆင်းရပြီလို့တောင်ထင်နေတာ။ အဲဒီနေ့ နေ့လယ်ပိုင်းမှာ အခြေအနေပြန်ဆိုးလာပြီး ညပိုင်းမှာကွယ်လွန်သွားတာပါ"ဟု ပြောပြသည်။

ဆရာနန္ဒာသိန်းဇံကို ၁၉၄၈ ခုနှစ် ဖေဖော်ဝါရီလ ၂၅ ရက် သောကြာနေ့တွင် ပဲခူးတိုင်းဒေသကြီးပေါင်းတည်မြို့၌ အဖ ဦးညီကွန်း၊ အမိဒေါ်ဟန်တင်တို့မှ မွေးဖွားခဲ့ပြီးမွေးချင်းသားသုံးဦးအနက် အငယ်ဆုံးဖြစ်သည်။ ပေါင်းတည်မြို့အထကမှ တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့ပြီးရန်ကုန်တက္ကသိုလ်တွင်မဟာဝိဇ္ဇာ(ဒဿနိကဗေဒ)တန်းကို အောင်မြင်ခဲ့သည်။ ထို့နောက် ၂၀၀၅ ခုနှစ်တွင် ပါရဂူဘွဲ့ရရှိခဲ့သည်။

ဆရာသည် ၂၀၀၈ ခုနှစ်တွင် ပါမောက္ခရာထူးမှ အငြိမ်းစားယူခဲ့သည်။ကွယ်လွန်ချိန်အထိ ရန်ကုန်တက္ကသိုလ်ဒဿနိကဗေဒဌာနတွင် အချိန်ပိုင်း ပါမောက္ခအဖြစ်လည်းကောင်း၊ နိုင်ငံတော်ပရိယတ္တိသာသနာတက္ကသိုလ်တွင် ဧည့်ပါမောက္ခအဖြစ်လည်း ကောင်းတာဝန်ထမ်းဆောင်နေဆဲဖြစ်သည်။

ဆရာနန္ဒာသိန်းဇံသည် နိုင်ငံတော်က ချီးမြှင့်ခဲ့သော သာသနာရေးဆိုင်ရာ မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့နှင့် တစ်သက်တာစာပေဆု များလည်းရရှိထားသည်။

ဆရာကွယ်လွန်ချိန်တွင် သူ၏ ရေးလက်စစာအုပ် သုံးလေးအုပ်ခန့်ကျန်ရှိနေကြောင်း ဆရာ့ဇနီး၏ ပြောပြချက်အရသိရသည်။ ဆရာနန္ဒာသိန်းဇံသည် ၁၉၇၃တွင် စာပေလောကသို့ စတင်ဝင်ရောက်ခဲ့ရာ ၁၉၇၅ ခုနှစ်တွင် ထုတ်ဝေသည့် 'ဘဝ အဓိပ္ပာယ်နှင့်ဘဝသစ္စာ'စာအုပ်ဖြင့်လူသိများလာခဲ့သည်။ဆရာရေးသားခဲ့သော စာအုပ်များအနက် 'ကိုယ်ကျင့်တည်ကြည်ခြင်းနှင့် အဆင့်မြင့်ခရီးစဉ်'၊ 'ခရောင်းလမ်းကို ဖြတ်ကျော်ခြင်း'၊ 'မှန်သောစကားကိုဆိုခြင်းနှင့် ပတ်သက်သော မှတ်ချက်များ'၊ 'နောင်တကင်းရာသို့'၊ 'ပြောရင်းပြောနေမည့်ချစ်ခြင်းမေတ္တာ' နှင့် 'သမုဒ်ပင်လယ်ပြာနှိုင်းပမာ' အစရှိသည်တို့မှာ ဆရာ၏ ထင်ရှားသော လက်ရာများဖြစ်သည်။

ဆရာနှင့်ပတ်သက်၍ စာရေးဆရာဆန်းထွန်းသောင်က "ဆရာရဲ့ စာပေက ဗုဒ္ဓစာပေကို အခြေခံပြီးတော့ မြန်မာတွေရဲ့ မြန်မာ့အတွေးအခေါ် တွေကို ဖော်ထုတ်နေတဲ့စာပေတွေဖြစ်လို့ အင်မတန်တန်ဖိုးကြီးပါတယ်။ ဆရာဆုံးသွားတာ အစားထိုးလို့မရတဲ့ ဆုံးရှုံးမှုလို့ခံစားရပါတယ်"ဟုဝမ်းနည်းစကားဆိုသည်။

စာရေးဆရာမောင်သာချိုကလည်း "ကျွန်တော်နှစ်သုံးဆယ် လောက်ဆရာနဲ့တွေ့လာတာ ဆရာစိတ်ဆိုးတာတစ်ခါမှ မတွေ့ဖူးဘူး။ သူလက်အောက်ဝန်ထမ်းနဲ့ ကျောင်းသားတွေကိုလည်း ဆူတာဝုန်းဒိုင်းကြဲတာတစ်ခါမှ မတွေ့ဖူးဘူး။ အနေအေးပြီးတော့ မာန်မာနလည်းနည်းတယ်"ဟု အမှတ်တရစကားပြောသည်။

"အနှစ်လေးဆယ်လောက် အတူနေပြီး တစ်ယောက်တည်းကျန်ခဲ့တော့ ပိုခံစားရပါတယ်"ဟု သားသမီးမထွန်းကားသဖြင့် တစ်ဦးတည်း ကျန်ရစ်သူဇနီး ဒေါ်ခင်မာမာက ပြောပြသည်။

ဆရာနန္ဒာသိန်းဇံ၏ ရုပ်ကလာပ်ကို ဩဂုတ်လ ၁၈ ရက် ကြာသပတေးနေ့ နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

7 DAY NEWS JOURNAL

Vol.10, No.22 • AUGUST 18, 2011

**နိုင်ငံရေး ဦးတည်ချက်(၄)ရပ်**

- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး၊
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင်တည်ဆောက်ရေး၊
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး၊

**စီးပွားရေး ဦးတည်ချက်(၄)ရပ်**

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွား ရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော် နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

**လူမှုရေး ဦးတည်ချက်(၄)ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုး သားရေးလက္ခဏာများ မပျောက် ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး၊
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# အိမ်ခြံမြေအရောင်းအဝယ်ခွန်စနစ်လက်ရှိအတိုင်းဆက်သွားမည်

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊**
**ဩဂုတ် - ၁၂**

အိမ်ခြံမြေ အရောင်းအဝယ်ပြုလုပ်ရာတွင် ဝင်ငွေရလမ်းဖော်ပြစရာမလိုပဲ ၁၅ ရာခိုင်နှုန်းသာ အခွန်ပေးဆောင်ရသော စနစ်ကို သက်တမ်းတစ်နှစ်ထပ်မံတိုးလိုက်ကြောင်းရန်ကုန်တိုင်းဒေသကြီး အခွန်ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"အမိန့်ကြေညာစာအမှတ် ၁၃၅/၂၀၀၇ နဲ့ထွက်ထားတာကို သက်တမ်းတစ်နှစ် ထပ်တိုးတဲ့သဘောပဲ။ နိုင်ငံတော်ရဲ့ ရည်ရွယ်ချက်က ၄၇ ရာခိုင်နှုန်းကို ၁၅ ရာခိုင်နှုန်းဆိုတော့ သက်သာအောင် စေတနာနဲ့ ဆောင်ရွက်ပေးတဲ့ သဘောပဲ" ဟု အထက်ပါပုဂ္ဂိုလ်က ပြောသည်။



**ယခုလပိုင်းအတွင်း အရောင်းအဝယ်တန့်သွားသော်လည်း အိမ်ခြံမြေဈေးက မာဆဲဖြစ်သည်**

လက်ရှိသက်တမ်း တိုးခဲ့သော အခွန်စနစ်မှာ ၂၀၀၇ ခုနှစ် ဩဂုတ် ၁၂ ရက်မှစတင်ခဲ့၍ ယခု ၂၀၁၂ ဩဂုတ် ၁၁ ရက်အထိ သက်တမ်း ထပ်မံတိုးမြှင့်လိုက်သောကြောင့် သက်တမ်းငါးနှစ်မြောက်ဖြစ်သည်။

ယခုထပ်မံသက်တမ်းတိုးလိုက်သော အခွန်စနစ်အရအိမ်ခြံမြေအဆောက်အအုံ တည်ဆောက်ပြုပြင်ရောင်းဝယ်သူများ အနေဖြင့် ကျပ်သန်း ၅၀၀၀ (ငါးဘီလီယံ) အောက် ၁၅ ရာခိုင်နှုန်းနှင့် ကျပ်သန်း ၅၀၀၀ အထက် ၁၂ ရာခိုင်နှုန်းပေးဆောင်ရန် သတ်မှတ်ထားသည်။

လက်ရှိအခွန်စနစ်အရ ရန်ကုန်၊ နေပြည်တော်၊ မန္တလေးမြို့များတွင် အရောင်းအဝယ်ပြုလုပ်ပါက ဝင်ငွေခွန် ၈ ရာခိုင်နှုန်းနှင့် တံဆိပ်ခေါင်းခွန် ၇ ရာခိုင်နှုန်း စုစုပေါင်း ၁၅ ရာခိုင်နှုန်းပေးဆောင်ရမည်ဖြစ်သည်။ ကျန်ဒေသများတွင် အရောင်းအဝယ်လုပ်ပါက ဝင်ငွေခွန် ၁၀ရာခိုင်နှုန်းနှင့် တံဆိပ်ခေါင်းခွန် ၅ ရာခိုင်နှုန်း ပေးဆောင်ရမည်ဖြစ်သည်။

ယခုစနစ်မသတ်မှတ်ခင်က အရောင်းအဝယ်ပြုလုပ်လျှင် ဝင်ငွေရလမ်း မဖော်ပြနိုင်ပါက ရန်ကုန်၊ နေပြည်တော်၊ မန္တလေးတွင် အမြတ်ခွန် ၅၀ ရာခိုင်နှုန်းနှင့် တံဆိပ်ခွန် ၇ ရာခိုင်နှုန်းပေးဆောင်ရမည်ဖြစ်သည်။ ကျန်ဒေသများ၌ တံဆိပ်ခွန် ၅ ရာခိုင်နှုန်း ပေးဆောင်ရကြောင်း သိရသည်။

အဆိုပါအခွန်စနစ် စတင်ချိန် ၂၀၀၇ခုနှစ်မှ ၂၀၀၉ခုနှစ်အထိ ၃နှစ်တာကာလအတွင်း အခွန်ဝင်ငွေကျပ်ဘီလီယံ၅၀ကျော်နိုင်ငံတော်က ရရှိခဲ့ကြောင်း သိရသည်။

သို့သော် လက်ရှိ အိမ်ခြံမြေဈေးကွက်တွင် အရောင်းအဝယ် အေးနေကြောင်း အိမ်ခြံမြေ အကျိုးဆောင်များကပြောသည်။

"ဈေးကွက်က ၇လပိုင်းမှာ အခွန်တိုးတော့ အေးသွားတယ်။ အငှားဈေးကွက်ကတော့ ပုံမှန်ပဲ။ အရောင်းအဝယ်မှာဆို ဈေးအနိမ့်ပိုင်းနဲ့ အလယ်ပိုင်းက ပိုဖြစ်တယ်။ ဈေးအမြင့်ပိုင်းမှာကျတော့ အရောင်းအဝယ် နည်းနေသေးတယ်"ဟု ယူနတီ အိမ်ခြံမြေအကျိုးဆောင်မှ မန်နေဂျာဦးဇော်ဇော်ကပြောသည်။

ဈေးအနိမ့်ပိုင်းတွင် ကျပ်သိန်း ၂၅၀ ဝန်းကျင်မှ ကျပ်သိန်း ၇၀၀၊ ၈၀၀ကြားအထိ အိမ်မြေများ အရောင်းအဝယ်များနေပြီး ဈေးအမြင့်ပိုင်း၌ ကျပ်သိန်း ၁၀၀၀မှ ၃၀၀၀အထိ အရောင်းအဝယ်ရှိနေသေးသည်။ သို့သော် ၎င်းပမာဏနှင့်အထက် အရောင်းအဝယ်မှာ နည်းနေကြောင်း သိရသည်။

"အခွန်သက်တမ်းတိုးတဲ့အချိန်ဆိုရင် ပုံမှန်အရောင်းအဝယ် နည်းနည်းအေးသွားတတ်တယ်။ နောက် တစ်လကျော်လောက်ဆိုရင်တော့ အရောင်းအဝယ် ပိုကောင်းလာနိုင်တယ်"ဟု အိမ်ခြံမြေအကျိုးဆောင်တစ်ခုမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ယခု အခွန်စနစ်ကို စတင်ခဲ့သော ၂၀၀၇ခုနှစ်မတိုင်မီထက်စာလျှင် အိမ်ခြံမြေအရောင်းအဝယ်မှာ ၇၅ရာခိုင်နှုန်းကျော်အထိ တိုးတက်လာခဲ့သည်။

ထို့ကြောင့် အိမ်ခြံမြေမှရသော နိုင်ငံတော်အခွန်ငွေများမှာလည်း တိုးလာခဲ့ကြောင်း သိရသည်။



7DAY NEWS JOURNAL
Vol.10, No.22 · AUGUST 18, 2011

## ၂၀၁၁ ခုနှစ် ဩဂုတ် ၁၈ရက်မှ ၂၄ ရက်အထိ
## မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်



**ဘင်္ဂလား ပင်လယ်အော် မုန်တိုင်း အခြေအနေ**

ဘင်္ဂလားပင်လယ်အော်မှာ ဖော်ပြပါကာလအတွင်း မုန်တိုင်းဖြစ်ပေါ်နိုင်ခြေမရှိပါ။

**မုတ်သုံလေအခြေအနေ**

ဘင်္ဂလားပင်လယ်အော်နဲ့ ကပ္ပလီပင်လယ်ပြင်တို့မှာ မုတ်သုံလေအားအနည်းငယ်မှ အသင့်အတင့်သာရှိနိုင်ပါတယ်။

**မိုးရွာသွန်းနိုင်မှုအခြေအနေ**

ပြီးခဲ့သည့်၆-၈-၂၀၁၁မှ၁၂-၈-၂၀၁၁ အထိရက်သတ္တတစ်ပတ်အတွင်း မြန်မာနိုင်ငံမှာ ရွာသွန်းခဲ့တဲ့ မိုးရေချိန်ပမာဏကို အကြမ်းအားဖြင့်(၃)မျိုးခွဲခြားနိုင်ပါတယ်။ မိုးရေချိန် ၄ လက်မ မှ ၆ လက်မအထိ ရရှိသောဒေသများမှာ စစ်ကိုင်းတိုင်းအထက်ပိုင်း (ချင်းတွင်းမြစ်ဖျားဒေသ)၊ ကချင်ပြည်နယ်(အလယ်ပိုင်း)၊ ကမ်းရိုးတန်း ကမ်းမြောင်ဒေသများဖြစ်ပြီး မိုးရေချိန် ၂လက်မမှ ၄ လက်မအထိ ရရှိသောဒေသများမှာ ချင်းပြည်နယ်၊ စစ်ကိုင်းအထက်ပိုင်းရဲ့ ကျန်ဒေသများ၊ ကချင်ပြည်နယ်ကျန်ဒေသများ၊ ရခိုင်ပြည်နယ်ကျန်ဒေသများ၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်းတောင်ပိုင်း၊ ရှမ်းပြည်နယ်မြောက်ပိုင်းနဲ့ အရှေ့ပိုင်းတို့ဖြစ်ကြပါတယ်။ မိုးရေချိန် ၁-၂ လက်မ ခန့်သာ ရရှိသော ဒေသများကတော့ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်း၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်းတို့ ဖြစ်ကြပါတယ်။

ခန့်မှန်းရက်သတ္တပတ်အတွင်း ဘင်္ဂလားပင်လယ်အော်မှာ မုန်တိုင်းဖြစ်ပေါ်နိုင်မှုမရှိပါဘူး။ ခန့်မှန်းကာလအတွင်း မိုးအားလျော့နည်းသွားမယ်လို့ ခန့်မှန်းရတာကြောင့် ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မွန်ပြည်နယ်တို့မှာ ၆ ရက်ခန့်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ် ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်း၊ တနင်္သာရီတိုင်းဒေသကြီးတို့မှာ ၅ရက်ခန့်၊ ကရင်ပြည်နယ်နဲ့ ပဲခူးတိုင်းတွေမှာ ၃ ရက်မှ ၄ရက်ခန့်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ရှမ်းပြည်နယ်တွေမှာ ၁ ရက်မှ ၂ရက်ခန့် မိုးရွာသွန်းနိုင်ပါတယ်။

**နေ့အပူချိန်များ**

နေ့အပူချိန်များ အနေနဲ့ကတော့တစ်ပြည်လုံးမှာ နေ့အပူချိန်များဖြစ်မြဲရဲ့အောက် လျော့နည်းနိုင်ပါတယ်။

**မြစ်ရေအခြေအနေ**

မြန်မာနိုင်ငံတစ်ဝန်းရှိမြစ်တို့တွင်လက်ရှိရေအမှတ်များအောက်ကျဆင်းသွားနိုင်ပါတယ်။ စိုးရိမ်ရေအမှတ်များအထက် ကျော်လွန်ရောက်ရှိနေသော ချင်းတွင်းမြစ်၊ ငဝန်မြစ်၊ ပဲခူးမြစ်၊ ရွှေကျင်မြစ်တို့တွင် စိုးရိမ်ရေအမှတ်များအောက်ကို ပြန်လည်ကျဆင်းနိုင်ပြီး သံလွင်မြစ်ရေနဲ့ စစ်တောင်းမြစ်ရေများကတော့ စိုးရိမ်ရေအမှတ်အထက်တွင် ဆက်လက်တည်ရှိနေဖွယ်ရာရှိပါတယ်။ အခြားသောမြစ်များတို့တွင် ရေများ ဆက်လက်တက်လာနိုင်သော်လည်း စိုးရိမ်ရေအမှတ်များကို ရောက်ရှိနိုင်ဖွယ်မရှိပါ။

**တောင်တရုတ်ပင်လယ်ပြင် အခြေအနေ**

မြောက်ပစိဖိတ်သမုဒ္ဒရာ အနောက်ပိုင်းတွင် ခန့်မှန်းကာလအတွင်း မုန်တိုင်းများ ဖြစ်လာနိုင်သော်လည်း အရှေ့မြောက်ဘက်ကိုသာ ဦးတည်ရွေ့လျားသွားမှာဖြစ်တယ်လို့ ခန့်မှန်းရတဲ့အတွက် ခန့်မှန်းကာလအတွင်း မြန်မာနိုင်ငံအပေါ် ကို အရှေ့ဘက်မှ မုန်တိုင်းများကြောင့် မိုးရွာသွန်းမှု မရှိနိုင်ပါ။ **ဒေါက်တာထွန်းလွင်**

**၈ – ၅ ‘စီးပွားရေးဖိုရမ် နေပြည်တော်တွင်ကျင်းပ’ သတင်းတွင် ဖြည့်စွက်ဖတ်ရှုပါရန်**

နောက်ဆုံးရရှိသော သတင်းအရ နေပြည်တော်တွင် ကျင်းပမည့် စီးပွားရေးဖိုရမ်ကို ဩဂုတ်လ၁၉မှ ၂၁ရက်အထိ သုံးရက်တိုင် ကျင်းပမည်ဖြစ်သည်။ ပြည်ပရောက် မြန်မာပညာရှင်အချို့လည်း တက်ရောက်ဆွေးနွေးမည်ဖြစ်သည်

**-ပြင်ဆင်ဖတ်ရှုပါရန်**

7Day News အတွဲ(၁၀)၊ အမှတ်(၂၁)‘ငပလီကမ်းခြေတွင်ဝိုင်ဖိုင်အင်တာနက်စနစ် တပ်ဆင်နိုင်တော့မည်’သတင်းတွင်ပါရှိခဲ့သော ဓာတ်ပုံမှာ တာဝါတိုင်မဟုတ်ဘဲ ရေကြောင်းအချက်ပြကိရိယာဖြစ်ကြောင်း ပြင်ဆင်သိမှတ်ပေးပါရန်။ **အယ်ဒီတာ**

# “ကိုယ့်ငွေ လိုတာထက် ပိုမာလာတာက လုပ်ငန်းရှင်တွေအလုပ်မလုပ်နိုင်ဘူး။ ကျွန်တော်တို့အတွက် တကယ်အခက်အခဲဖြစ်တယ်”

## စီးပွားရေးလုပ်ငန်းရှင် ဦးလှမောင်ရွှေနှင့် တွေ့ဆုံခြင်း

အားမာန်

**မြန်မာနိုင်ငံရှိစီးပွားရေးလုပ်ငန်းအများစုဆီမှ သည်ကာလတွင်တူညီစွာထွက်ပေါ် နေသောအသံတစ်သံရှိသည်။ လုပ်ငန်းများမကောင်းဘဲ ငွေလည်ပတ်မှုကျပ်တည်းလာသည့်အသံများပင်ဖြစ်၏။ ၂၀၁၁ နှစ်ဆန်းပိုင်းမှ စတင်၍ ဒေါ် လာ၊ ပို့ကုန်ရငွေနှင့် နိုင်ငံခြားငွေတန်ဖိုးများ ဆက်တိုက်ပြုတ်ကျပြီး ကျပ်ငွေတန်ဖိုးမြင့်တက်နေခြင်းမှာ အဓိကအကြောင်းအရင်းဖြစ်ကြောင်း စီးပွားရေးပညာရှင်နှင့်လုပ်ငန်းရှင်များက တညီတညွတ်တည်း ပြောကြသည်။ အစိုးရ၏ အသုံးစရိတ်များ လျှော့ချခဲ့ခြင်း၊ နိုင်ငံပိုင်အဆောက်အအုံများကို ပုဂ္ဂလိကပိုင်ပြုခြင်း၊ အိမ်ခြံမြေကဏ္ဍ၌ပြည်ပမှ လုပ်ငန်းရှင်အချို့နှင့် ပြည်တွင်းလုပ်ငန်းများက အလုံးအရင်းဖြင့် ဝင်ရောက်ရင်းနှီး မြှုပ်နှံနေခြင်းနှင့် ဘဏ်တိုးနှုန်းမြင့်မားမှုကြောင့် ဘဏ်၌ ငွေအပ်၍ အတိုးယူသူများလာပြီး ဈေးကွက်၌ ငွေလည်ပတ်မှုနည်းပါးသွားခြင်းတို့မှာလည်း ထိုအခြေ အနေကို ပိုဆိုးစေကြောင်း အထက်ပါပုဂ္ဂိုလ်များကပြောသည်။ လက်ရှိပြည်တွင်းကဏ္ဍပေါင်းစုံမှ စီးပွားရေးအခြေအနေကို ကိုယ်တိုင်စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်ပြီး မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၏ အကြီးတန်း ဒုတိယဥက္ကဌ-၁ တာဝန်ယူထားသူ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်း၊ မြန်မာနိုင်ငံခရီးသွား လုပ်ငန်းအဖွဲ့တို့၏ ဒုတိယဥက္ကဌ ဦးလှမောင်ရွှေနှင့် ဩဂုတ်လ ၁၁ရက်တွင် ၎င်း၏ရုံးခန်း၌ တွေ့ဆုံမေးမြန်းထားသည်များမှ စာဖတ်ပရိသတ်များအတွက်ကောက်နုတ်ဖော်ပြလိုက်ပါသည်။**

**ပြည်တွင်းမှာရှိတဲ့ စီးပွားရေးလုပ်ငန်းအားလုံးနီးပါးဆီက ဒီလပိုင်း ကြားနေရတာက အလုပ်အကိုင်တွေမကောင်းတာ၊ လုပ်ငန်းတွေ နေးကွေးနေတာ ငွေလည်ပတ်မှု ကျပ်တည်းနေတဲ့အသံတွေပဲ။ ဦးအနေနဲ့ လက်ရှိအခြေအနေအပေါ် ဘယ်လို ရှုမြင်ပါသလဲ။**

ပြည်တွင်းမှာ စီးပွားရေးတွေတော်တော်လေး နှေးကွေးထိုင်းမှိုင်းတယ်လို့ လူများစုက ပြောနေတယ်။ ဘယ်အချက်တွေက စီးပွားရေးကို ဒီလိုဖြစ်စေသလဲဆိုတာပြောဖို့ ကျွန်တော့်အနေနဲ့ ပညာရှင်တော့မဟုတ်ပါဘူး။ ဒါပေမဲ့ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးအနေနဲ့ကတော့ လက်ရှိမြန်မာငွေတန်ဖိုး အလျင်အမြန်မြင့်နေတာက စီးပွားရေး အခုလိုဖြစ်နေတဲ့အပေါ်မှာ တော်တော်လေးအရေးပါတယ်။ လွန်ခဲ့တဲ့တစ်နှစ်ကျော်လောက်က မြန်မာငွေတန်ဖိုးက တစ်ဒေါ်လာကို ၁,၂၀၀ လောက်ထိ ဖြစ်ခဲ့တယ်။ နောက် ၁,၀၀၀၊ ပြီးတော့ ၈၀၀၊ ဒီနေ့ ပို့ကုန်ရငွေက ထူးထူးခြားခြားကို ၇၇၅ လောက်မှာရှိပြီးတော့ ဒေါ်လာက ၇၅၀ လောက်မှာ ရှိနေတယ်။ ဒါက စီးပွားရေးလုပ်ငန်းရှင်တွေအတွက် တော်တော်လေးကို စိုးရိမ်မှုဖြစ်စေတယ်။ အဲလိုကျလာတာကလည်း လုပ်ငန်းလည်ပတ်တာကို ပိုပြီးတော့ နှေးကွေးလာစေတယ်။

**ဒီအခက်အခဲက ဘယ်လုပ်ငန်းတွေ အများဆုံး ထိခိုက်နေတာလဲ။**

ဘယ်လုပ်ငန်းတွေ အများဆုံးထိခိုက်မလဲဆိုရင် ပို့ကုန်အဓိက တင်ပို့တဲ့လုပ်ငန်းတွေထိခိုက်တယ်။ ဒါပေမဲ့ သီအိုရီအရ အဲလို ထိခိုက်ပြီးရင် ဒိုမီနိုသက်ရောက်မှုလိုပဲ ကျန်တဲ့ဟာတွေကိုလည်း လာလိမ့်မယ်။ ဥပမာ-ရေလုပ်ငန်းမှာ လုပ်လို့ ကိုင်လို့ရမယ့် ငွေလဲနှုန်းကိုဝိုင်းပြီး တင်ပြတာက ၉၀၀ (ဒေါ်လာတစ်ယူနစ် ၉၀၀ ကျပ်ကျော်ကို ဆိုလိုသည်)ကျော်မှ။ အခု ၇၇၀ ကျော်ပဲရှိရင် သူတို့ မျှော်လင့်ထားတာထက် အများကြီးလျော့သွားတာပေါ့။ လျော့သွားရင် သူတို့ လုပ်ကိုင်လည်ပတ်နေတဲ့ ပိုက်ဆံက တဖြည်းဖြည်းနဲ့ ကျုံ့သွားတဲ့သဘောဖြစ်သွားတယ်။ ဒီတော့ လုပ်ငန်းရှင်တွေကလန့်ပြီး လုပ်ငန်းတွေကို ခဏဆိုင်းဖို့ဖြစ်လာတယ်။ သူတို့က ဒီလိုလုပ်နိုင်ပေမယ့် Primary Producer (အခြေခံ ကုန်ထုတ်လုပ်သူ)တွေက ရပ်လို့မရဘူး။ ရပ်လို့မရဘူးဆိုတာက ငါးမွေးရင် တစ်နှစ်လောက် မွေးရတယ်။ လောလောဆယ် မွေးထားတဲ့ဟာတွေက ဒီအတိုင်းရှိနေသေးတယ်။ ဆက်မလုပ်လို့မရဘူး။ ဒီတော့ ခုလိုဖြစ်နေတာတွေကြောင့် သတို့မှာ မရေရာမှုတွေ တော်တော်လေးဖြစ်လာကြတယ်။ နောက်လာမယ့် ငါးမွေးရာသီမှာ လက်ရှိလုပ်ကိုင်နေတဲ့သူထဲက ငွေကြေးအရင်းအနှီးမရှိလို့၊ ဈေးကွက်ရဲ့ မသေချာမှုတွေကြောင့် ၃၀ ရာခိုင်နှုန်းလောက်က မမွေးတော့ဘူးလို့ထင်တယ်။ သူတို့ မမွေးလို့ သူတို့ရဲ့ ဝယ်လိုစွမ်းအားတွေ လျော့သွားရင် တခြားဆက်စပ်နေတဲ့လုပ်ငန်းတွေလည်း ထိခိုက်မှာပဲ။ ကျွန်တော့်အနေနဲ့ ပိုပြီးစိုးရိမ်တာတော့ ရေလုပ်ငန်းမှာ ဒီလိုဖြစ်နေပြီဆိုရင် လူဦးရေရဲ့ ၆၀ ရာခိုင်နှုန်းလောက်ကို ကိုယ်စားပြုတဲ့ လယ်ယာကဏ္ဍမှာ ပိုပြီးထိခိုက်မှာကိုပဲ။ ဒေါ်လာဈေးကျလို့ လယ်သမားဆီက စပါးဈေးလျှော့ဝယ်ရင် တောင်သူတွေ ဝင်ငွေလျော့နည်းလာမယ့် အချက်က တော်တော်အရေးကြီးတယ်။ ဒါကို အလေးထားဖို့လိုတယ်။ နောက်တစ်ချက်က စပါးအဓိကထွက်တဲ့ ရန်ကုန်၊ ဧရာဝတီ၊ ပဲခူး၊ စစ်ကိုင်းတိုင်းဒေသကြီးလေးခုမှာ တိုင်းသုံးတိုင်းက လယ်ကွေတချို့က ရေနစ်နေပြန်တယ်။ ဒါ့ကြောင့် လူများစုမှီခိုတဲ့ လယ်ယာကဏ္ဍမှာ တစ်ဖက်က ဝင်ငွေကျနေတဲ့အချိန်မှာ တစ်ဖက်က မရေရာမှုတွေလည်းဖြစ်နေတယ်။ တစ်ဖက်ကလည်း ရာသီဥတုကလည်း ဖောက်ပြန်နေတော့ စိတ်ပူစရာတစ်ခုလို့ထင်မိတယ်။



**နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်အစိုးရတက်လာပြီးနောက်မှာ အစိုးရက စီးပွားရေးလုပ်ငန်းနဲ့ပတ်သက်ပြီး ဖြေလျှော့မှုတချို့(ဥပမာ-စားအုန်းဆီကို ပုဂ္ဂလိကသို့ ကျယ်ပြန့်စွာ တင်သွင်းခွင့်၊ ပို့ကုန်၊ သွင်းကုန်လိုင်စင်များကို မြန်ဆန်စွာချထားပေးမှု၊ ပို့ကုန်အခွန် ၃ရာခိုင်နှုန်း လျှော့ချပေးမှု. . . စသော) ပြုလုပ်ခဲ့ပေမယ့် ဘာကြောင့် ဒီအခြေအနေမျိုး ရောက်လာတာလဲ။**

အစိုးရရဲ့ ဖြေလျှော့မှုတချို့ကိုလည်း ကြိုဆိုပါတယ်။ ဒါကောင်းပါတယ်။ ဒါပေမဲ့ တစ်ဖက်မှာလည်း ငွေအလျင်အမြန်မာလာတာက လောလောဆယ်မှာကို ၂၀ ရာခိုင်နှုန်းကျော်ကျော်ရှိတယ်။ လောလောဆယ် ပို့ကုန်အခွန်လျှော့ချတာက ၃ ရာခိုင်နှုန်းလျှော့ချပေးတယ်။ ဒါ့ကြောင့် ပေးကားပေး၏မရ ဆိုတာမျိုး ခံစားရတယ်။ ဒါ့ကြောင့် အခုချိန်မှာ ယာယီပဲ ဖြုတ်ဖြုတ်၊ ၇ ရာခိုင်နှုန်းကို ထပ်ပြီးတော့ လျှော့ပေးဖို့ စဉ်းစားနေတယ်လို့ကြားရတယ်။ အဲလိုလုပ်ပေးရင်တော့ လုပ်ငန်းရှင်တွေ စိတ်ဓာတ်ခွန်အားတက်လာမှာပေါ့။ (မှတ်ချက်-အစိုးရက ကုန်ပစ္စည်းခုနစ်မျိုးအပေါ် ပို့ကုန်အခွန်ကောက်ခံမှုကို ဩဂုတ်၁၅ ရက်မှ၂၀၁၂ဖေဖော်ဝါရီ၁၄အထိ ၆လအတွင်း ငါးရာခိုင်နှုန်း ထပ်မံလျှော့ချလိုက်သည်)

**မေလကစပြီး ဒီနေ့အချိန်ထိ ဒေါ်လာနဲ့ပို့ကုန်ရငွေတန်ဖိုး ဆက်တိုက်ကျဆင်းခြင်းရဲ့ အကြောင်းအရင်းဟာ ဘာတွေကြောင့်လို့ မြင်ပါသလဲ။**

မေလနောက်ပိုင်း ပို့ကုန်ရငွေနဲ့ဒေါ်လာ ဆက်တိုက်ကျရတဲ့အပေါ်မှာ ကျွန်တော့်အနေနဲ့ အချက်သုံးချက်ရှိတယ်လို့မြင်မိတယ်။ တစ်ခုက ဘတ်ဂျက်အသစ်မှာ အရင်နှစ်တွေလိုပဲ အစိုးရရဲ့အသုံးစရိတ်ဖြစ်တဲ့ စီမံကိန်းဆောင်ရွက်မှုတွေက အချိန်ကာလတစ်ခုအထိ နှောင့်နှေးပြီးမှ ဆောင်ရွက်နိုင်တာကိုတွေ့တယ်။ နောက်တစ်ခုကတော့ အိမ်ခြံမြေတွေအတွက် ရင်းနှီးမြှုပ်နှံမယ့် ပိုက်ဆံတချို့ နိုင်ငံရပ်ခြားကနေပြီးတော့ မြန်မာငွေနဲ့ ဖလှယ်ဖို့ ဒေါ်လာတွေ ဝင်လာတာနဲ့လည်း ဆိုင်တယ်။ နောက်တစ်ခုကတော့ ကျောက်မျက်ပြပွဲတွေမှာလည်း ရောင်းရငွေများပြီး နိုင်ငံခြားငွေ အများကြီးဝင်လာတာနဲ့လည်းဆိုင်တယ်။ ဒီနိုင်ငံရဲ့ စီးပွားရေးမှာ အစိုးရရဲ့မောင်းနှင်အားနဲ့ ပုဂ္ဂလိကရဲ့ မောင်းနှင်အားရှိတာမှာ အစိုးရရဲ့ အသုံးစရိတ်က မတ်လကနေပြီးတော့ ဒီနေ့အချိန်ထိ အများအပြားမတွေ့မိသေးတာကလည်း မြန်မာငွေ မာလာခြင်းရဲ့ အကြောင်းရင်းလို့ထင်ပါတယ်။

**ဒေါ်လာနဲ့ ကျပ်ငွေလဲလှယ်နှုန်းကို အစိုးရက ပြန်လည်ပြင်ဆင်ပေးဖို့ စီစဉ်နေပြီဆိုတော့ ဈေးကွက်စီးပွားရေးစနစ်ကိုလည်း ပီပြင်အောင်၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုလည်း တွန်းအားဖြစ်အောင် ဘယ်လို သတ်မှတ်သင့်တယ်လို့ထင်ပါသလဲ။**

ဒေါ်လာနဲ့ ကျပ်ငွေ လဲလှယ်နှုန်းကို အစိုးရက ပြန်လည်ပြင်ဆင်ပေးဖို့ စီစဉ်နေပြီလို့ ကြားရတယ်။ ဒီလိုကြားရပေမယ့် ကျွန်တော်တို့ ဈေးကွက်က ကျတော့ ဒီထက်ပိုပြီးတော့ တုံ့ပြန်မှုကိုမြန်စေချင်တယ်။ ချက်ချင်းဆောင်ရွက်ရမယ့်ကိစ္စတွေကိုလည်း အခုထိ ချက်ချင်းဆောင်ရွက်ဖို့ မျှော်လင့်နေကြတုန်းပဲ။ ဒီလိုမှ မဟုတ်ဘဲ တုံ့ပြန်မှုနောက်ကျရင် ပုဂ္ဂလိကရဲ့ ယုံကြည်မှုလျော့ကျသွားရင် စီးပွားရေးနောက်ကျသွားမှာရှိတယ်။

**ဒီနောက်ပိုင်းမှာ ဘဏ်အတိုးနှုန်းမြင့်မားလာတာနဲ့ပတ်သက်ပြီး အတော်အသံထွက်လာပါတယ်။ ဒါကလည်း ငွေဖောင်းပွမှုနှုန်းများတဲ့ အရင်နှစ်တွေမှာ မကြားခဲ့ရဘဲ ငွေလဲလှယ်ရေးဈေးကွက်မှာ မြန်မာငွေ သိသိသာသာမာလာတဲ့ ဒီနှစ်ပိုင်းအတွင်းမှာမှ ဒီအကြောင်းအရာက ပေါ်လာတယ်လို့မြင်ပါတယ်။ ဦးအနေနဲ့ ဘဏ်အတိုးနှုန်းအပေါ် ဘယ်လိုရှုမြင်ပါသလဲ။ ဘယ်လိုပြုပြင်ပြောင်းလဲမှုတွေ ပြုလုပ်သင့်ပါတယ်လို့ မြင်ပါသလဲ။**

အခုပညာရှင်တွေကလည်း ပြောတယ်။ လုပ်ငန်းရှင်တွေကဘက်ကလည်း ထင်မြင်တာက ကျပ်ငွေတန်ဖိုးမာတာက ဘဏ်အတိုးမြင့်တဲ့ကိစ္စပါတယ်လို့ထင်ကြတွေးကြတယ်။

စာ(၂၇)သို့

Life
7DAY NEWS JOURNAL
Vol.10, No.22 · AUGUST 18, 2011

# ကြောင်ကြီးရယ် မြီးတံတို မေ့သားလေးကိုချို

ငြိမ်းငြိမ်းနိုင်

'ကြောင်ကြီးရယ် မြီးတံတို မေ့ သားလေးကိုချို'

ထိုသီချင်းလေးက အမေ သူ့သားငယ်ကို ချော့ဆိုသိပ်လေ့ရှိသည့် တစ်ပုဒ်တည်းသော သီချင်းဖြစ်သည်။

"အဲဒီသီချင်းဆိုပြပြီး တင်ပါးလေးကို အမေကပုတ်ပေးလိုက်ရင် ကုလားကအိပ်ရော"သူ့ညီလေးကုလားကို သူ့အမေပုတ်သိပ်လေ့ရှိသည့် သီချင်းလေးကို သူ့ လျှာပြားသံဝဲဝဲဖြင့် မပြတ်မသား သီဆိုပြနေသည်။

သူ့ညီလေးကုလားတွင် အမည်ရင်းရှိသည်။ သို့ သော် အားလုံးက ကုလားဟုသာခေါ်ကြသည်။ သူ့အမေကမူ ကုလားကိုသား၊ သားလေးဟု သာခေါ်သည်။ သူ့ကိုတော့ အကြီးကောင်တဲ့။ သူ့နာမည်ရင်းက နာမည် ကြီးဘောလုံးသမားတစ်ယောက်၏ နာမည်နှင့်အတူတူပင်။ သူတို့ ညီအစ်ကိုနှစ်ယောက်မှာ အစ်မနှစ်ယောက်ရှိသေးသည်။ သူကတော့ တတိယသား။

သူတို့ညီအစ်ကိုမောင်နှမလေးယောက်တွင် လှပသည့်နာမည်လေး တွေကိုယ်စီရှိကြသည်။ သူ့အစ်မကြီးနှင့် အစ်မလတ်ကိုတော့ အမေဖြစ်သူက နာမည်ပေးခဲ့ခြင်းဖြစ်သည်။ (ကလေးများ၏ နာမည်ရင်းကို ချန်လှပ်ထားခြင်းဖြစ်ပါသည်။)

အကြီးကောင်က ဘောလုံးသမားနာမည်နှင့်တူသည့် သူ့နာမည် ရင်းကို အစ်မအကြီးဆုံးက ပေးခဲ့တာဖြစ်ပြီး သူကြိုက်နှစ်သက်ကြောင်း ပြုံးရွှင်စွာစကားဆိုတတ်သည်။ သူ့ညီလေးကိုလည်း ထိုအစ်မကပင် အမည်မှည့်ပေးခဲ့ခြင်းဖြစ်သည်။

သူ့အစ်မအကြီးဆုံးက အသက် ၁၇၊ ၁၈ရှိမည်။ အလတ်မက ၁၅၊ ၁၆။ သူကတော့ ၁၀ နှစ်ဝန်းကျင်။ သူ့ညီလေးက ခုဆို ၈နှစ်လောက်ရှိမည်။ သူတို့ညီအစ်ကို မောင်နှမလေးယောက်အတွက် မိမိတို့အသက်ကို သေချာမှတ်သားထားပေးမည့်သူက မရှိ။ ဒီ့ထက်သူ့ဘဝမှာ အရေးကြီးသည့် ဖခင်ဖြစ်သူကိုပင် သူမသိ။ သူ့အစ်မတွေလည်း မသိကြ။

ဇာတ်လမ်းအစပြန်ကောက်မည်ဆိုလျှင်တော့။ ခေါင်းတုံးမညီအစ်မ၊ ဒါမှမဟုတ် စန်းပွင့်၊ စန်းတင့်ညီအစ်မဆိုလျှင် အလုံဆင်မင်းဈေးတစ်ဝိုက်နှင့်ကရင်ခြံတစ်ဝိုက်က လူတွေ မသိသူမရှိ။ နှစ်ယောက်စလုံးက စိတ်ပိုင်းဆိုင်ရာ ချို့ယွင်းနေကြသူများအဖြစ် အားလုံးက လက်ခံထားကြသည်။ အလုံဆင်မင်းဈေးက သူတို့ကျင်လည်ရာနေရာဆိုလည်း မမှား။ ဈေးထဲက လူတွေ လက်တိုလက်တောင်းခိုင်းသမျှ လုပ်ပေးရင်း ရှာဖွေစားသောက်ရုန်းကန်ကြရသည်။ စိတ်မနှံ့သည့် ထိုညီအစ်မနှစ်ယောက်က တစ်ချိန်ကတော့ မိဘများနှင့်အတူကောင်းကောင်းမွန်မွန် နေထိုင်လာခဲ့ရာမှသမီးများအရွယ်ရောက်ချိန်တွင် တစ်မိသားစုလုံး စိတ်ချို့ယွင်းသွားကြခြင်းဖြစ်ကြောင်း အရပ်စကား၊ ပါးစပ်ရာဇဝင်တွေအရ ကြားသိရသည်။

ပထမတော့ သူတို့ညီအစ်မမိဘများ အလုပ်လုပ်ကိုင်ရာ အိမ်တော်ရာဝင်း(သမ္မတအိမ်တော်)အတွင်း ဝန်ထမ်းအိမ်ရာတွင် နေထိုင်ခဲ့ရကာ၊ သူ့မိဘများလည်း မရှိတော့သည့်နောက် အိမ်တော်ဝင်းအတွင်းနေထိုင်သူများကိုလည်း ရှင်းလင်းရာတွင် သူတို့ညီအစ်မနေစရာမဲ့ခဲ့ကြရသည်။ ထိုအချိန်ကတည်းကပင် စိတ်မနှံ့သည့် အငယ်မ မစန်းပွင့်မှာ ကလေးကလေးယောက်ရှိနေပြီ။ ခြောက်ယောက်မွေးရာတွင် နှစ်ယောက်က အဖတ်မတင်၍ အကြီးကောင်တို့ မောင်နှမလေးယောက်သာ ကျန်ခဲ့ခြင်းဖြစ်သည်။

ယခုသူတို့ အခြေချနေထိုင်နေသည်က ကရင်ခြံအတွင်း ပိုးကရင်နှင့်စကောကရင် ဘုရားကျောင်း နှစ်ခုကြားမှ မြေကွက်လပ်လေးမှာဖြစ်သည်။

အကြီးမ မစန်းတင့်က အပျိုကြီး။ မစန်းပွင့်ကတော့ ကံအကြောင်းမလှ၍ ဖခင်ဘယ်သူ ဘယ်ဝါမှန်းမသိဘဲ ရင်သွေးလေးတွေ တစ်ယောက်ပြီးတစ်ယောက် ရခဲ့ကာ နောက်ဆုံးတွင် အမျိုးသမီးဆေးရုံ၌ သားကြောဖြတ်ရန် ရပ်ကွက်ထဲမှလူတွေက ထောက်ခံချက်ပြုလုပ်ပေးခဲ့ရသည်အထိ။ အခုတော့ မစန်းပွင့်လည်း အသက် ၄၀ ကျော်ကျော်၊ အကြီးမ မစန်းတင့်က အငယ်မ ထက်ကြီးလှ ၄၊ ၅ နှစ်။


"သူတို့လည်း သနားပါတယ်။ စိတ်မကောင်းရတဲ့အထဲ ကလေးတွေကမွေးတော့ ရှာဖွေစားသောက်ရခက်ခဲတာပေါ့။ တောင်းတော့ မစားကြဘူး။ ကလေးတွေကလည်း တောင်းမစားဘူး။ သူတို့ခိုနေနေတဲ့တာပေါ်လင်တဲကလည်း မိုးရွာတော့မလုံဘူး။ မိုးရွာရင်တာပေါ်လင်ခြုံပြီးအိပ်ကြရတာ" သူတို့၏ နေ့စဉ်ဘဝကို အနီးကပ်မြင်တွေ့နေရသည့် ထိုတဲအနီး နေထိုင်သူ အမျိုးသမီးတစ်ဦးက ကရုဏာစကားဆိုသည်။

မစန်းပွင့်၏ သမီးကြီးနှစ်ယောက်က အရွယ်ရောက်လို့ တစ်ယောက်က အိမ်ထောင်ရက်သားပင်ကျပြီး သားလေးတစ်ယောက်မွေးပြီ။ သမီးလတ်ကလည်း နေစရာ စားစရာပေးပြီး လခသပ်သပ်ရသည့်မြို့ထဲမှအလုပ်တစ်ခုတွင် အလုပ်လုပ်နေပြီဖြစ်သည်။

စာ(၁၁)သို့




ပျော်ရွှင်စွာတွေ့ရသည့် မစန်းတင့်တို့ တူအရီးနှစ်ယောက်



## ဒီလိုလေး ချက်ကြရအောင်

ဝိုက်ဇီ

### ဂျူးဖူးဟင်း



ဝိုက်ဇီက ဒီတစ်ပတ်ရာသီစာဟင်း တစ်ခွက်ချက်ဖြစ်ပါတယ်။ ရာသီပေါ် အသီးအရွက်တစ်မျိုးဖြစ်တဲ့ ဂျူးဖူးကိုပုံမှန်အရွက်တွေလိုကြော်တာမျိုးမဟုတ်ဘဲ ချက်ထားတာဖြစ်ပါတယ်။

ဂျူးဖူးကို ဝက်သား ဒါမှမဟုတ် ငါးဖယ်နဲ့ ချက်ပြုတ်စားသောက်နိုင်ပါတယ်။ ဝိုက်ဇီကတော့ ဂျူးဖူးကို ဝက်သားလေးနဲ့ ချက်ထားပါတယ်။ ဂျူးဖူးဟင်းချက်ဖို့လတ်ဆတ်ပြီး နုနေတဲ့ ဂျူးဖူးအစည်းကြီး ၃ စည်း၊ ၄ စည်းနဲ့ ဝက်ပေါင်သား ၁၅ကျပ်သားပဲလိုပါတယ်။

ဂျူးဖူးကိုလက်နဲ့ ဆိတ်ကြည့်ပြီး နုတဲ့နေရာအထိပဲ ယူပါမယ်။ ရင့်တဲ့အဖျားပိုင်းတွေကို အဲလိုအရင်ဖယ်ပြီးမှ စိမ်းပြီးနုနေတဲ့ ဂျူးဖူးတွေကို လက်တစ်သစ်စာအပိုင်းလေးတွေ လှီးပါမယ်။

ဝက်သားကိုတော့ ဆား၊ နနွင်း၊ ဟင်းခတ်မှုန့်တွေနယ်ပြီး ပြုတ်ထားပါတယ်။ ပြုတ်ပြီး နူးနေတဲ့ဝက်သားကို အတုံးသေးသေးတွေဖြစ်အောင် လှီးထားလိုက်ပါ။ ပထမဆုံး ဒယ်အိုးထဲကို ဆီအနေတော်ထည့်ပြီး နနွင်းမှုန့်အနည်းငယ်ထည့်ပါ။ ကြက်သွန်ဖြူနီထည့်စရာမလိုဘဲ ဂျူးဖူးကို တန်းထည့်ပြီးမွှေပေးပါ။ ပြီးရင် အရောင်တင်မှုန့်နဲ့ ငံပြာရည်ကိုအစဉ်လိုက်ထည့်ပါမယ်။

နောက်ဝက်သားပြုတ်တွေ ထည့်လိုက်လို့ရပါပြီ။ ဝက်သားထည့်မွှေပြီး ရေအနည်းငယ် မထည့်ခင် ငရုတ်သီးစိတ်လှီးထားတာလေးတွေ ထည့်ပေးပါ။ ပြီးရင်တော့ ဂျူးဖူးအရသာချိုချိုတွေ ဝက်သားထဲစိမ့်ဝင်သွားအောင်ရေထည့်ပြီးခဏအုပ်ပေးရပါမယ်။ ဝက်သားကလည်း ကျက်ပြီးသားမို့ ခဏအုပ်ပြီး ဆီကျန်ရေကျန်လေးနဲ့ ဂျူးဖူးဟင်း ချိုချိုလေး အဆင်သင့်သုံးဆောင်နိုင်မှာဖြစ်ပါတယ်။

## ဈေးဝယ်ထွက်မယ် မိခင်လောင်းတွေ စတိုင်ကျလှပစေမယ့်နေရာ



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

အိဖြူလွင်

ဒီတစ်ပတ်မှာ လမ်းညွှန်ချင်တဲ့ဆိုင်ကတော့ အမျိုးသမီးဝတ် အဝတ်အစားတွေကို ရောင်းတယ်ဆိုပေမယ့်လည်း ဒီဆိုင်မှာရနိုင်တဲ့ ပစ္စည်းတွေက သာမန်မိန်းကလေးဝတ်တွေ မဟုတ်ဘဲနဲ့ ကိုယ်ဝန်ဆောင် အမျိုးသမီးတွေအတွက်ပဲ သီးသန့်ရောင်းတဲ့ဆိုင်လေးပါ။

ကိုယ်ဝန်က သုံးလကျော်လောက်ရှိလာပြီဆိုတာနဲ့ အမျိုးသမီးတွေက ပုံမှန်ဝတ်နေကျအဝတ်အစားတွေကို ဝတ်လို့အဆင်မပြေတော့သလို နေရတာသက်သောင့်သက်သာဖြစ်ဖို့ရော နေ့စဉ်လှုပ်ရှားမှုဘဝထဲမှာပါ ကိုယ်ကသူများတွေနဲ့ ခွဲထွက်မနေသေးဘဲ စတိုင်ကျသပ်ရပ်တဲ့ ဝတ်စားဆင်ယင်မှုတွေဖြစ်ဖို့ လိုလာပါပြီ။

တင်းကျပ်တဲ့ ခံစားမှုတွေ မခံစားရဘဲ လွတ်လပ်ပေါ့ပါး နူးညံ့တဲ့အထိအတွေ့တွေရှိတဲ့ အဝတ်အစားတွေက ကိုယ်ဝန်ဆောင်အမျိုးသမီးတွေအတွက် မရှိမဖြစ်အရေးကြီးတယ်လို့ဆိုနိုင်ပါတယ်။

ဒါကြောင့် ကိုယ်ဝန်ဆောင်အမျိုးသမီးတွေအတွက် သီးသန့်စတိုင်ကျသပ်ရပ်တဲ့ အဝတ်အစားတွေ ရှိတဲ့နေရာကို လမ်းညွှန်ပေးလိုက်ပါတယ်။

ကိုယ်ဝန်အနုအရင့် ပေါ်မူတည်ပြီး လိုသလို ဝတ်နိုင်တဲ့ချည်သားဘောင်းဘီ အတိုအရှည်၊ ဆွဲသားဘောင်းဘီအတိုအရှည်တွေက ကိုယ်ဝန်ဆောင်များအတွက် သီးသန့်ပုံစံထုတ်ချုပ်ထားတာဖြစ်လို့ ဘောင်းဘီပဲ ဝတ်ချင်သူတွေအတွက် ပုံကျသပ်ရပ်နေမှာပါ။

အင်္ကျီဆိုရင်လည်း အတွန့်တွေ အရမ်းမများဘဲ ဝတ်ရအဆင်ပြေတဲ့ ရိုးရိုးရှင်းရှင်း အင်္ကျီတွေက နေ့စဉ်အပြင်ထွက်ရသူ အမျိုးသမီးတွေကို စိတ်ကျေနပ်မှု အပြည့်ပေးနိုင်မှာ သေချာပါတယ်။

စာ(၁၁)သို့


7 DAY NEWS JOURNAL
Vol.10, No.22 · AUGUST 18, 2011

# ပြစ်ဒဏ်ကျ ကလေးငယ်များ ခေတ္တခိုလှုံရာ

မြတ်စုမွန်

**ဆန်တစ်ပြည်ဝယ်ခိုင်းလိုက်တဲ့ အမေ့ပိုက်ဆံ ၆၀၀ ပျောက်သွားပြီဆိုတာ သိလိုက်ရတဲ့အချိန်မှာ သူ့အကြောက်ဆုံးက အမေ့ဆီမှာ အရိုက်ခံရတော့မှာကိုဖြစ်ပြီး အဲဒီကြောက်စိတ်ကပဲ ကိုးနှစ်အရွယ် မောင်စိုးစိုးကို အိမ်ပြေးကလေးတစ်ယောက်ဖြစ်စေခဲ့တာပါပဲ။**

သူတို့နေတဲ့ ရွာရဲ့တစ်ဖက်ကမ်းက ကြည့်မြင်တိုင်စံပြငါးဈေးတစ်နေရာမှာရပ်ထားတဲ့ ငါးတင်ကားတစ်စီးပေါ်မှာ တက်အိပ်နေတုန်း စည်ပင်ရဲက သူ့ကိုဖမ်းခေါ်ပြီး လေလွင့်ကလေးများ ယာယီထိန်းသိမ်းရာ ဟံသာဝတီဝင်းကနေတစ်ဆင့် ကျောင်းတစ်ကျောင်းကိုပို့ခဲ့ပါတယ်လို့ ဆယ်ကျော်သက်အရွယ်မောင်စိုးစိုးက လွန်ခဲ့တဲ့ ငါးနှစ်ခန့်က အတွေ့အကြုံကို ပြောပြပါတယ်။



ကမ္ဘာအေးလူငယ်သင်တန်းကျောင်းမှာ ၂ နှစ်ကျော်နေခဲ့အပြီးမှာ ငှက်အော်စမ်းလူငယ်သင်တန်းကျောင်းကို ရောက်လာခဲ့တဲ့နောက်မှာ ကျောင်းပြင်ပ ပညာရေးအဆင့်-၂ ကို သင်ယူနေတဲ့သူက "အဲဒီနေ့က ငါးဈေးကို သမ္ဗန်နဲ့ကူးပြီး ပလုံကောက်ရင်း အဲဒီမှာ သုံးနှစ်လောက် ကျင်လည်နေခဲ့တယ်။ အမေ့ဆီပြန်ချင်စိတ်ဖြစ်ပေမယ့် ရိုက်ခံရမှာ ကြောက်လို့မပြန်ရဲခဲ့ဘူး" လို့ ဆက်ပြောပါတယ်။

လေလွင့်ကလေး၊ လမ်းပေါ်နေကလေးအဖြစ်နဲ့ ရောက်နေတဲ့ မောင်စိုးစိုးလို ကလေးသူငယ်တွေနဲ့ ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံရပြီး တရားရုံးက ပြစ်ဒဏ်ချမှတ်ခံရတဲ့ ကလေးသူငယ်တို့ဟာ ၃၆ ဧကရှိတဲ့ ဒီ ငှက်အော်စမ်းလူငယ်သင်တန်းကျောင်း ခြံဝင်းထဲမှာ အတူတူ နေထိုင်ကြရတာဖြစ်ပြီး သူတို့အသက်တွေ ၁၈နှစ် မပြည့်ကြခင် အချိန်အထိ ဒီလိုပဲ အတူတူ နေထိုင်သွားကြရဦးမှာ ဖြစ်ပါတယ်။ ကလေးသူငယ်ဥပဒေအရ ပြစ်မှုကျူးလွန်သူအဖြစ် အမိန့်ချမှတ်ခံရတဲ့ ကလေးတစ်ယောက်ဟာ ဒီသင်တန်းကျောင်းမှာ အနည်းဆုံး ၂ နှစ်ကနေ အများဆုံး အသက် ၁၈ နှစ်ပြည့်တဲ့အထိ နေကြရမှာဖြစ်ပြီး လေလွင့်ကလေးတွေအဖြစ် ရောက်နေတဲ့ကလေးတွေကတော့ အထောက်အထား ခိုင်ခိုင်လုံလုံနဲ့ ပြန်လာခေါ်မယ့် မိဘရောက်မလာခင်အချိန်အထိ နေကြရမှာဖြစ်သလို တချို့ကတော့ အန္တရာယ်ကျရောက်လွယ်လို့ နိုင်ငံတော်က စောင့်ရှောက်ခံထားရတဲ့ ကလေးတွေအဖြစ် သူတို့အသက် ၁၈ နှစ်ပြည့်တဲ့အထိ နေထိုင်ကြရမှာဖြစ်တယ်လို့ ငှက်အော်စမ်းလူငယ်သင်တန်းကျောင်းက ကျောင်းအုပ်ကြီးက ရှင်းပြပါတယ်။

"ဒီကျောင်းမှာ မူခင်းကလေးနဲ့လေလွင့်ကလေးဆိုပြီး နှစ်မျိုးရှိပေမယ့် ထားတဲ့နေရာချင်ရော၊ စောင့်ရှောက်တဲ့နေရာချင်းရော မတူပါဘူး။ အဆောင်မှူးသပ်သပ်၊ ဆရာ၊ ဆရာမတွေ သပ်သပ်စီနဲ့ သီးသန့်လုပ်ရှားမှုတွေရှိတယ်။ ဒါပေမဲ့ ကျောင်းရဲ့နေရာအဆောက်အအုံ လိုအပ်ချက်အရ ထမင်းစားချိန်နဲ့ တန်းစီချိန်တွေမှာတော့ အတူရှိကြတယ်" လို့ ကျောင်းအုပ်ကြီးဦးလွင်ဦးကပြောပါတယ်။

မြန်မာနိုင်ငံမှာရှိတဲ့ သက်ငယ်ပြစ်မှုကျူးလွန်သူကလေးသူငယ်တွေကို အကျင့်စာရိတ္တပြုပြင်ပေးဖို့အတွက် ၁၉၃၀ ပြည့်နှစ်၊ ဇွန် ၁ ရက်မှာ ဘော်စတယ်နဲ့ စီနီယာ ထရိန်နင်ကျောင်းကို သရက်မြို့မှာ စတင်ဖွင့်လှစ်ခဲ့ပါတယ်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက်ပိုင်း အဲဒီကျောင်းကို ကလေးထောင်အသွင်နဲ့ ပေါင်းတည်မြို့ကို တစ်ကြိမ်၊ ၁၉၅၁မှာ သာယာဝတီမြို့ကို ထပ်မံပြောင်းရွှေ့ဖွင့်လှစ်ခဲ့ပြီး ၁၉၅၇မှာ သရက်မြို့ကိုတစ်ကြိမ်ပြန်လည် ပြောင်းရွှေ့ဖွင့်လှစ်ခဲ့တယ်လို့ သိရပါတယ်။

စာ(၄၀)သို့







## စာ-၉၊ ဈေးဝယ်ထွက်မယ် မှ

ဘောင်းဘီတွေရဲ့ ဈေးနှုန်းက ကျပ်တစ်သောင်းဝန်းကျင်ဖြစ်ပြီး အင်္ကျီတွေ၊ ဂါဝန်တွေကတော့ ပုံစံပေါ် မူတည်ပြီး ဈေးနှုန်းကွာခြားတယ်လို့ သိရပါတယ်။

ဒီဆိုင်က အဝတ်အစားတွေအားလုံးကို နိုင်ငံခြားက တင်သွင်းတဲ့ ပိတ်စနဲ့ပြည်တွင်းမှာပဲချုပ်တာဖြစ်ပါတယ်။ ပြည်တွင်းကချုပ် တာလို့ပြောပေမယ့် ချုပ်ရိုးသပ်ရပ် မှု ပုံစံကျမှုတွေကတော့ မြင်သူတိုင်း အံ့ဩမိစေမှာလည်း မလွဲနိုင်ပါ ဘူး။

မိမိက အထူးဦးစားပေး အမျိုးသမီးစာရင်းဝင်တဲ့ ကိုယ်ဝန်ဆောင်အမျိုးသမီးတစ်ယောက် ဖြစ်နေပြီဆိုရင်တော့ ဒီဖက်ရှင်ဆိုင်လေးကို သွားကြည့်ဖို့ တိုက်တွန်းရင်း ဆိုင်ရဲ့ လိပ်စာက ၉ မိုင်၊ North Point မှာရှိတဲ့ Ocean Super Centre က Mama Bella မှာပါလို့ လမ်းညွှန်ပေးလိုက်ပါတယ်။



ဓမ္မ

**အသိတစ်လုံး အမြတ်ဆုံး တစ်လုံးသိ အကျိုးရှိ၏**

## အသေမဦးခင် ဏာဦးအောင် ကြိုးစားဖို့လိုတယ်. . .

ငါတို့သည် မုချသေရမည်ဖြစ်တယ်။ ကာလတစ်ခု အချိန်ပိုင်းသာလိုတော့တယ်။ အသေမဦးခင် ဉာဏ်ဦးအောင် ကြိုးစားအားထုတ်ရပါမယ်။ ဝေဒနာပေါ် တဲ့နေရာ ဖြစ်ပျက်သာလိုက်နေပါ။ တစ်ကိုယ်လုံး နာ နေရင်ပြင်းထန်တဲ့နေရာကို ဖြစ်ပျက်လိုက်ပေး။ သေခါနီး ဘုရားတရားနာရင်း(သို့မဟုတ်)သက္ကာယဒိဋ္ဌိပြုတ်အောင်ဟောနိုင်တဲ့ ဘုရား၏တပည့်သားရဲ့ တရားနာရင်း(သို့မဟုတ်)ပေါ် တဲ့ဝေဒနာကို မိမိ၏ဉာဏ်နဲ့ဖြစ်ပျက်ရှုရင်းသေပါ။ သေရင် ကိုယ့်ခန္ဓာဖြစ်ပျက်ရှုပြီးသေပါ။ ဒိပြင်ဟာတွေ ဘာမျှမတွေးပါနဲ့။ အဝိဇ္ဇာလက်အောက်မှာ သူစီမံသလိုလုပ်တဲ့ကုသိုလ်လည်း အိုဘေး၊ နာဘေး၊ သေဘေးမှာ လမ်းဆုံးတယ်။

လူ့ဘဝဆိုတာ မရစဖူးမို့ အရထူးတာကောင်းတယ်ဆိုပေမယ့် ခဏခဏ နှိပ်စက်ခံနေရတဲ့ ဒုက္ခသစ္စာကြီးရထားတာဆိုတဲ့ ဒီလိုဉာဏ်တွေ တဖြည်းဖြည်းရင့်ကျက်လာလိမ့်မယ်။ ကြာရင် ခန္ဓာကိုယ်တစ်ခုလုံးဟာ ဖျပ်ဖျပ်ဖျပ်ဖျပ်နဲ့ ငါသေနေတယ်၊ ငါသေနေတယ်ဆိုတာ ခေါ် ပြောနေတော့ ဒီဒုက္ခသစ္စာကြီးနဲ့ ဘယ်တော့အိုးစားကွဲပါ့မလဲဆိုတဲ့ ဉာဏ်တွေက တက်လာပြီး ဖြစ်ပျက်တွေဆုံးအောင်လိုက်နေတဲ့အခါကျတော့ မသေရာကို ကိုယ်တိုင်တွေ့လာမှာဖြစ်တယ်။ ဖြစ်ပျက်ကိုမြင်အောင်ရှု၊ ဖြစ်ပျက်ကို မုန်းအောင်ရှု၊ ဖြစ်ပျက်ကိုဆုံးအောင်ရှုတတ်ဖို့လိုတယ်။

ရည်ညွှန်း – "ဓမ္မသံဝေဂနှင့် ဩဝါဒကထာများ" မိုးကုတ်ဆရာတော်ဘုရားကြီးဦးဝိမလ

## စာ – ၉၊ ကြောင်ကြီးရယ် မြီးတံတို မေ့သားလေးကို ချိုမှ

ထို့ကြောင့် အကြီးကောင်တို့ညီအစ်ကိုနှစ်ယောက်သာ မိခင်၊ အဒေါ်ဖြစ်သူတို့နှင့်အတူ ဥမကွဲသိုက်မပျက်နေထိုင်လျက်ရှိသည်။

"အမေတို့ အစ်မကြီး(အဒေါ်ကိုခေါ်ခြင်းဖြစ်)တို့လိုက်သွားရင် အစ်မက မကြိုက်ဘူး။ စိတ်မနှံ့တော့ သူတို့တွေက အော်ဟစ်နေတော့ အစ်မကရှက်တယ်။ ပိုက်ဆံတော့ လာလာကန်တော့တယ်လေ။ သူ့ဆီတော့ မလာနဲ့လို့ပြောထားတယ်"ဟု အကြီးကောင်က သူ့အစ်မများကို အပြစ်မတင်ဘဲ ခံစားနားလည်စွာပြောပြနေတတ်သည့်အခါ သူ့အသက်အရွယ်နှင့်ပင် မလိုက်ဟုဆိုရမည်။

အကြီးကောင်လည်း သည့်အတွက်ကြောင့်ပင် ကျောင်းထွက်ခဲ့ရသည်ပဲ။ သူတို့တဲနားမှ ကရုဏာသက် သူတို့ကျေးဇူးကြောင့်မူလတန်းတက်ခွင့်ရသော်လည်း ပထမတန်းတွင်ပင် ထွက်လိုက်ရသည်။ ကျောင်းသွားတက်သည်ကိုနားလည်သောမိခင်မစန်းပွင့်က တစ်ခါက တခြားမိဘများနည်းတူ ထမင်းချိုင့်လေးကိုပင် ပြင်ဆင်၍ သူ့သားကြီးအတွက် ကျောင်းကိုလာပို့ပေးခဲ့ဖူးသည်ကို အကြီးကောင်က မှတ်မှတ်ရရရှိနေသည်။ သို့သော် သူ့သားကြီးကျောင်းတက်နေသည်ကို သတိလက်လွတ်ဖြစ်ကာ စိတ်ကစဉ့်ကလျားဖြစ်သွားတတ်သည့်အခါတိုင်း ကျောင်းရှေ့သို့လာကာ သူ့တို့သားကြီးထွက်မလာမချင်း ညီအစ်မနှစ်ယောက်က အော်ဟစ်ပွဲကြမ်းတတ်သည်။

"အကြီးကောင်ရေ. . အကြီးကောင်ရေ. . . အခုလာခဲ့. . ဆိုပြီး လာလာအော်တာလေ။ အမေတို့ညီအစ်မက စိတ်ပုံမှန်မဟုတ်တော့ ကြာလာတော့ ကျောင်းက လက်မခံတော့ဘူး။ အဲဒါနဲ့ကျောင်းထွက်လိုက်ရတာ"ဟု သူကျောင်းထွက်ရသည့် အကြောင်းကို အကြီးကောင်က ပြန်ပြောင်းပြောပြသည်။

ပတ်ဝန်းကျင်က လူတွေဆိုစကားအရမူ ထိုကလေးနှစ်ယောက်မှာ လမ်းပေါ်မှကလေးများကို ဖမ်းဆီးရာတွင် ပါသွားခဲ့ဖူးပြီး သူတို့ညီအစ်မနှစ်ယောက်က မရရအောင်ပြန်ထုတ်ယူခဲ့ကြသည်ဟုဆိုသည်ကြသည်။

"ကလေးတွေကိုတအားချစ်တာ။ သူ့ ကလေးတွေပျောက်မှာ၊ သူ့ပစ္စည်းတွေ ပျောက်မှာပဲကြောက်နေရတယ်။ ပျောက်လို့ကတော့ ဆူပူကြဲကြတော့တာပဲ"ဟု ဆိုကြသည်။

သူ့ပစ္စည်းပျောက်သည်ဆိုသည်ကလည်း အထူးအဆန်း။ တာပေါ်လင်တဲလေးအတွင်း သူတို့မိသားစုလေးယောက်ဝင်လိုက်ထွက်လိုက် သွားလိုက် လာလိုက်နှင့်ပင်ရှိသော်လည်း သူတို့အထဲမှ တစ်ယောက်တလေမျှပင် မရှိသည့်အခါ သူတို့ ဒန်အိုး၊ ဒန်ခွက်များကို ခိုးဝှက်သူက ရှိသေးသည်။

ဈေးနှင့်အနီးအနားဝန်းကျင်က စားစရာ၊ သောက်စရာပေးကမ်းနေကြသည့်အတွက် ချက်ပြုတ်စရာမလိုဘဲ စားသောက်နေရသော်လည်း သူ့အစ်မများပါရှိစဉ်တစ်ချိန်ကမူ မောင်နှမလေးယောက်ကို မိခင်ဖြစ်သူမစန်းပွင့်က ကြံဖန်ချက်ပြုတ်ကျွေးတတ်လေသည်။

"အမေချက်တဲ့ ကြက်သားဘူးသီးဟင်းက အရမ်းကောင်းတာ။ ကန်စွန်းရွက်လည်း ကြော်ကျွေးတယ်။ ငါးပိရည်ဆိုလည်း သူကအစပ်ကြိုက်တော့ သူ့မျက်နှာကြီးနီတွတ်သွားအောင် စားတာ"ဟု အမေဖြစ်သူက စိတ်မနှံ့သူဖြစ်သော်လည်း တခြားမိခင်များလိုပင် ထမင်း၊ ဟင်းကို ချက်ပြုတ်တတ်ပြီး သူ့အမေဟင်းများက ဘယ်လောက်ခံတွင်းမြိန်ကြောင်း အကြီးကောင်က ဂုဏ်ယူဝံ့ကြွားစွာ ပြောပြနေသေးသည်။

စိတ်မနှံ့သော အမေနှင့် အဒေါ်ဖြစ်သူတို့နှင့်အတူ နေထိုင်ခဲ့ရသည့်တိုင် သူတို့ညီအစ်ကိုနှစ်ယောက်မှာ မိသားစုနွေးထွေးမှုအရသာကို ပြည့်ပြည့်ဝဝ ခံစားရသည်။

သူတို့ နေထိုင်ရာ ကရင်ခြံမှ လမ်းလျှောက်သွား၍ပင်ရသည့် သီတာရုပ်ရှင်ရုံကမူ သူတို့မိသားစုအတွက် အပန်းဖြေရာနေရာ။ သူတို့မိသားစုလေးယောက်စလုံးက ရုပ်ရှင်ကြိုက်ကြသည်။ ကလေးတွေအတွက် လက်မှတ်မဝယ်ရဘဲ လူကြီးနှစ်ယောက်သာ ၄၀၀ ကျပ်တန် လက်မှတ် နှစ်စောင်ဝယ်ပြီး တင်သမျှကားသစ်နီးပါးကို သွားကြည့်ဖြစ်ကြသည်။

"အခုနောက်ဆုံးကြည့်တာ လူမင်းနဲ့ ဝေဠုကျော် ကားလေ။ ကောင်းသလားမမေးနဲ့။ အမေကလည်းကြိုက်ပ။ ငိုစရာဆိုလည်း သူတို့ညီအစ်မက ရုံထဲမှာတအားငိုကြရောပဲ။ ရယ်စရာဆိုလည်း တအားရယ်ကြတာလေ"ဟု ဆိုကာ ရုပ်ရှင်ရုံထဲမှ သူ့အမေနှင့် သူ့အဒေါ်၏ ပုံရိပ်များကိုပြန်ပြောင်းမြင်ယောင်ရင်း အကြီးကောင်တစ်ယောက် အာဝဇ္ဇန်းရွှင်နေတတ်သည်။

သူ့အဒေါ်မစန်းတင့်ကမူ သူတို့ ထိုရုပ်ရှင်ကားကြည့်သည့်နေ့က မှတ်မှတ်ရရ အဖြစ်အပျက်တစ်ခုကို ဒေါ်သူပုန်ထကာ ပြန်ပြောနေပြန်သေး၏။

"ရုပ်ရှင်သွားကြည့်လို့ ပြန်လာရင် စားဖို့ ထမင်းနဲ့ဟင်းထုပ်တွေဝါးကတ်မှာချိတ်ထားတာ၊ သူများခိုးသွားလို့လေ။ ဒန်အိုးတွေရော ကုန်ရောပဲ"

တူအရီးနှစ်ယောက်သားတွေ့သည့်အခါများ၌ အကြီးကောင်က ပွေ့လိုက် ဖက်လိုက်၊ သူ့အဒေါ် ပါးပိန်ပိန်ကို ဆွဲဆိတ်လိုက်နှင့် ရယ်မောပျော်ရွှင်နေတတ်သည်။ အော်ဟစ်ဆူပူနေတတ်သည်ဆိုသည့် မစန်းတင့်တစ်ယောက် သူ့တူတော်မောင်စနောက်ကျီစယ်သမျှကိုမူ အပြုံးမပျက်။

အကြီးကောင်ကလည်းပြောတတ်ဆိုတတ်။ သူ ကြီးပြင်းလာသည့်အခါစိတ်မနှံ့သည့် သူ့အမေနှင့် အစ်မကြီး၊ အစ်မကြီးဟုခေါ်ကာ သူတွယ်တာရသည့် သူ့အဒေါ်မစန်းတင့်တို့ကို အလုပ်အကျွေးပြုမည်ဟု တည်တည်ကြည်ကြည်လေးလေးနက်နက် ပြောတတ်သည်။

"ကလေးတွေက လိမ္မာပါတယ်။ အသက်မွေးဝမ်းကျောင်းလေးတတ်အောင် ပတ်ဝန်းကျင်က လူတွေက ခိုင်းချင်ပေမယ့် သူ့အမေ၊ သူ့အဒေါ်တွေက ခိုင်းရင်မကြိုက်ဘူး။ အပြင်ကျောင်းတွေလည်း ပို့မရတော့ ကလေးတွေရှေ့ရေးကတော့ ခက်တာပေါ့"ဟု အနီးပတ်ဝန်းကျင်နေထိုင်သူတစ်ဦးက ကလေးများရှေ့ရေးကိုတွေးမျှော်ကာ ပူပူပင်ပင်ပြောသည်။ ထိုကဲ့သို့ သူတို့နေထိုင်ရာဝင်းအတွင်း ပတ်ဝန်းကျင်နေသူများဖေးမစောင့်ရှောက်မှုကိုလည်း ရသည့် အကြီးကောင်က ထိုပတ်ဝန်းကျင်တွင် သူက ပျော်ပျော်ပါးပါးသွားလာဆော့ကစားနေတတ်သည်။

သို့သော် ယခုရက်ပိုင်းများအတွင်းတွင်မူ အကြီးကောင် တစ်ယောက် သောကတွေ ပွေနေရသည်။ သူ့အဒေါ်မစန်းတင့်လည်း အကြီးကောင်နှယ်ပင် သောကဝေလျက်။ အငယ်ဆုံးကောင် ကုလားလေးနှင့်အတူ မစန်းပွင့်တစ်ယောက် ပျောက်နေသောကြောင့် ဖြစ်၏။

လွန်ခဲ့သည့် တစ်ပတ်ကျော်က တစ်ခေါက်ပြန်လာပြီးမှ ငွေရှာရအောင်ဟုဆိုကာ ကုလားလေးနှင့်မစန်းပွင့်တို့နှစ်ယောက်နောက်တစ်ခေါက်ပြန်ထွက်သွားပြီး ပြန်ပေါ်မလာသည်မှာ တစ်ပတ်ကျော်ပြီ။

"သူက စိတ်ပုံမှန်မဟုတ်တော့ဘယ်သွားမှန်းမသိဘူးလေ။ လမ်းပေါ်လျှောက်သွား၊ အိပ်နေလို့ ဖမ်းသွားပြီလား မသိပါဘူး။ ကျွန်တော်တို့နေရာက မိုးရွာတော့ နေမရလို့ ပြန်ပြင်ဖို့ ပိုက်ဆံရှာရအောင်ဆိုပြီး ထွက်သွားတာ"ဟု အကြီးကောင်က အသံခပ်ဖျော့ဖျော့ဖြင့် ညည်းတွားသည်။

သူ့ညီအငယ်ကောင်ကုလားကိုတော့ အငယ်ဆုံးမို့လားမသိ သူ့အမေက သိပ်ချစ်၏။ သူဘယ်သွားသွား ကုလားလေးကို ခေါ်သွားတတ်သည်။ သူကတော့ သူ့အဒေါ်လက်စွဲတော်။ ကုလားကလည်း သူ့အမေအနားမှ အမြဲမခွာ။ ပွတ်သီးပွတ်သပ်ဖြင့် အမြဲနေတတ်သည်ကို သူကမနာလိုမဖြစ်သော်လည်း စိတ်ထဲတွင်တော့ တစ်ခုခု ခံစားရပုံက သူ့အသံနှင့် မျက်နှာပေါ်တွင် မြင်နေရသည်။

ငယ်စဉ်က သူ့အမေညီလေးကုလားကို ပုံပြောသိပ်သည့်အခါတိုင်းသူကလည်း နံဘေးတွင်ဝင်လှဲကာ ညီလေးနှင့်အတူ အိပ်ပျော်သွားတတ်သည်။ သူမှတ်မိသည့် အမေ့ပုံပြင်တစ်ပုဒ်က ခပ်တိုတို။

"ဟိုးရှေးရှေးတုန်းက ဘဲလေးတစ်ကောင်ရှိတယ်. . . ။ အဲဒီဘဲလေးက လိမ္မာတယ်။ နောက်ဆုံးကျတော့ ဘဲလေးက ခွေးကိုက်လို့သေသွားတယ်"

ပုံပြင်လေးက ထိုမျှပင်။

ခွေးကိုက်လို့ သေသွားတဲ့ ဘဲလေးအကြောင်းနှင့် သူ့ပုံပြင်ကို အဆုံးသတ်လေ့ရှိသည့်အမေ။

သူတို့တူအရီးထံ ချောချောမွေ့မွေ့ပြန်မှပြန်ရောက်နိုင်ပါလေစလို့ အကြီးကောင် အရွယ်နှင့်မလိုက်အောင် မျှော်လင့်သောကဝေလျက်. . . . ။

## မွေးကင်းစကလေးငယ် စွန့်ပစ်သူများကို ထိထိရောက်ရောက် အရေးယူမည်



အမှိုက်ပုံများကို စွန့်ပစ်သူအများစု ရွေးချယ်

ကျော်သီဟ

ရန်ကုန်၊ ဩဂုတ်-၁၁

ရန်ကုန်မြို့တော်အတွင်း မွေးကင်းစကလေးငယ်များ စွန့်ပစ်နေမှုများ တွေ့ရှိရ၍ စွန့်ပစ်သူများအား ရာဇသတ်ပုဒ်မ (ပြစ်မှု)ဖြင့် အရေးယူသွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီးအစိုးရအဖွဲ့မှ သတင်းရရှိသည်။

"မွေးကင်းစကလေးငယ်တွေကို စွန့်ပစ်သူတွေကို ဥပဒေအရထိထိရောက်ရောက် အရေးယူသွားမယ်။ ပြီးခဲ့တဲ့ ရက်ပိုင်းတွေက ဗဟန်းမှာ မွေးကင်းစနီတာရဲ ကလေးငယ်ကို စွန့်ပစ်တဲ့သူကိုရပြစ်မှုအရထိထိရောက်ရောက် အရေးယူ သွားမှာပါ"ဟု တိုင်းဒေသကြီး အစိုးရတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ထို့အပြင် ဩဂုတ်လဆန်းပိုင်းက မင်္ဂလာဒုံမြို့နယ်၊ အောင်မင်္ဂလာအဝေးပြေးကားဝင်းရှိ ပုဂံမင်းသားကားဂိတ်အနီးတွင် ကလေးငယ်တစ်ဦးအား စွန့်ပစ်မှုဖြစ်ပွားခဲ့ပြီး ယင်းကလေးငယ်အား ရွှေဂုံတိုင်ကလေးပြုစုရေးဌာနတွင် ပြုစုစောင့်ရှောက်ရန် တိုင်းဒေသကြီးအစိုးရအဖွဲ့က သက်ဆိုင်ရာသို့ ညွှန်ကြားထားသည်ဟု သိရသည်။

ယင်းကဲ့သို့ စွန့်ပစ်မှုများအား ဖော်ထုတ်အရေးယူရန် မြန်မာနိုင်ငံရဲတပ်ဖွဲ့အား ညွှန်ကြားထားပြီး စွန့်ပစ်သွားသူများအား ဥပဒေ ဖြင့် ထိထိရောက်ရောက် အရေး ယူသွားမည်ဟု အစိုးရအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

7 DAY NEWS JOURNAL
Vol.10, No.22 • AUGUST 18, 2011

## မျက်နှာဖုံး – နိုင်ငံခြားငွေတန်ဖိုးများ အတွက်အကျမြန်နေမှ

ထိုနှုန်းမှာယခုနှစ်တွင်းဈေးအများဆုံးပြုတ်ကျခြင်းဖြစ်သည်။

ဩဂုတ် ၁၂ရက်က ပြုလုပ်သော ပြောရေးဆိုခွင့်နှင့် သတင်းထုတ်ပြန်ရေးအဖွဲ့၏ သတင်းစာရှင်းလင်းပွဲတွင် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိမ်းက နိုင်ငံခြားငွေကြေးလဲလှယ်နှုန်း သတ်မှတ်ရန် (Exchange Rate Unification) ဆောင်ရွက်မည်ဖြစ်ပြီး ထိုလုပ်ငန်းစဉ်မှာ အက်ဖ်အီးစီရုပ်သိမ်းရေးလည်း ပါဝင်ကြောင်း သတင်းထောက်တစ်ဦး၏ မေးမြန်းမှုကိုပြန်လည်ဖြေကြားသည်။

"အဲဒီလို ရုပ်သိမ်းတဲ့အခါ အက်ဖ်အီးစီလက်ဝယ်ရှိတဲ့ နိုင်ငံသားများအနေနဲ့ နစ်နာမှုမရှိစေဖို့ အက်ဖ်အီးစီအစား သူနဲ့ညီမျှတဲ့ နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာဖြစ်စေ(သို့မဟုတ်) အဲဒီအချိန်မှာရှိတဲ့ သတ်မှတ်ထားတဲ့ပေါက်ဈေးနဲ့ညီမျှတဲ့ ကျပ်ငွေဖြစ်စေ ရရှိစေမှာဖြစ်ပါတယ်။ နစ်နာမှုမရှိစေဖို့အတွက် တာဝန်ယူဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်"ဟု ဦးသန်းညိမ်းက ရှင်းလင်းပြောကြားခဲ့သည်။ ထို့သို့ဗဟိုဘဏ်ဥက္ကဋ္ဌက ရှင်းလင်းပြောကြား ခဲ့သော်လည်း အက်ဖ်အီးစီကိုင်ဆောင်ထားသူအချို့ ထုတ်ရောင်းကြ၍ တန်ဖိုးများ ပြုတ်ကျခဲ့သည်။ သို့သော် ဩဂုတ်၁၅ရက်တွင် တစ်ယူနစ်လျှင်၆၈၀၊၆၉၀ကျပ်အထိဈေးပြန်တက်လာသည်။

ဩဂုတ် ၁၁ရက်က ပို့ကုန်ရငွေမှာ တစ်ယူနစ် လျှင်၇၇၅ ကျပ်ပေါက်ပြီး အမေရိကန်ဒေါ်လာတစ်ယူနစ်လျှင် ၇၅၂-၇၅၅ကျပ်ဈေးပေါက်သည်။ ထိုနှုန်းမှာ ဒေါ်လာနှင့် ပို့ကုန်ရငွေတန်ဖိုး အနိမ့်ဆုံးစံချိန်ဖြစ်ခဲ့သော ၂၀၁၁ဇွန်လ ဒုတိယပတ်က ဈေးနှင့် အနည်းငယ်သာကွာတော့သည်။

ဇွန် ၁၃ရက်က ပို့ကုန်ရငွေ တစ်ယူနစ်လျှင်၇၇၀ကျပ်၊ဒေါ်လာ တစ်ယူနစ်လျှင် ၇၅၀ ကျပ်အထိ



ရောက်ခဲ့သည်။

ဒေါ်လာနှင့်ပို့ကုန်ရငွေ တန်ဖိုးမှာ ဩဂုတ်လပထမပတ်တွင် တန့်နေရာမှ ဒုတိယပတ်တွင် ဆက်တိုက်ပြုတ်ကျခဲ့ခြင်းဖြစ်သည်။ ထိုသို့ကျဆင်းမှုမှာ ကမ္ဘာ့ဈေးကွက်မှာပင် ဒေါ်လာတန်ဖိုး ကျဆင်းလာမှု၊ ရွှေဈေးနှုန်းများ စံချိန်တင်မြင့်တက်မှုနှင့်ပြည်တွင်းစီးပွားရေးလုပ်ငန်းများ မကောင်း၍ပြည်ပမှ ကုန်ပစ္စည်းတင်သွင်းမှုလျော့နည်းခြင်းများကြောင့် ဖြစ်ကြောင်း စီးပွားရေးလုပ်ငန်းရှင်နှင့် ငွေကြေးဈေးကွက်ကျွမ်းကျင်သူအချို့က ပြောသည်။

ဩဂုတ်၁၂ရက်မှာပင် ကုန်ပစ္စည်းခုနစ်မျိုးအပေါ် ပို့ကုန်အခွန်ကောက်ခံမှုအား ၅ရာခိုင်နှုန်း ထပ်မံလျှော့ချပေးသည့်သတင်းထွက်ပေါ်လာသည်။ ထို့နောက် ပို့ကုန်ရငွေတန်ဖိုးအနည်းငယ်ပြန်တက်ခဲ့သည်။ ဩဂုတ် ၁၅ ရက် အရောက်တွင် တစ်ယူနစ် ၇၈၅ ကျပ် ၇၈၇ကျပ် ဈေးပေါက်နေသည်။

ဒေါ်လာမှာမူ ကျဈေးဖြင့်ငြိမ်နေပြီး ဩဂုတ်၁၅ရက်က တစ်ယူနစ်လျှင်၇၅၀-၇၅၅ဈေးပေါက်သည်။ ငွေကြေးလဲလှယ်ရောင်းဝယ်သည့်ဈေးကွက်တွင်ယခုတစ်ပတ်လုံး ဝယ်သူထက်ရောင်းသူပိုများနေကြောင်း သတင်းရရှိသည်။

## စာ-၄၊ ဆန်စပါးမူဝါဒသစ် ချမှတ်နိုင်ရန်စတင်စီစဉ် မှ

နေပြည်တော်တွင် ကျင်းပသည့် ဆန်စပါးမူဝါဒသစ်ချမှတ်ရန် အစည်းအဝေးအကြို မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းကလည်း ပူးပေါင်းဆောင်ရွက်ရေး အလုပ်ရုံဆွေးနွေးပွဲတစ်ခုကို ရန်ကုန်မြို့တွင် ဆန်ကုန်သည်များ အစုအဖွဲ့၊ ဆန်စက်လုပ်ငန်းရှင်များ အစုအဖွဲ့၊ ဆန်စပါးစိုက်ပျိုးထုတ်လုပ်အစုအဖွဲ့နှင့် ဆန်အထူးပြုကုမ္ပဏီတို့က လက်ရှိမူဝါဒဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် အားနည်းချက်၊ အားသာချက်၊မူဝါဒသစ်အတွက်၎င်းတို့၏ အကြံပြုချက်များကိုပွင့်ပွင့်လင်းလင်းဆွေးနွေး၍ ထိုအဖြေအားလုံး စုစည်းရန် ကျင်းပခဲ့ခြင်းဖြစ်ကြောင်း အသင်းမှ တာဝန်ရှိသူကပြောသည်။ ထိုဆွေးနွေးအကြံပြုချက်မူကြမ်းကို အသင်း၏ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ကအချောသတ်၍ နေပြည်တော်အလုပ်ရုံဆွေးနွေးပွဲတွင် တင်ပြမည်ဖြစ်သည်။ ပွင့်ပွင့်လင်းလင်းဆွေးနွေး၊ အကြံပြုချက်များအပေါ် အားရကြောင်းလည်း အသင်းမှ တာဝန်ရှိသူကပြောသည်။

"အသင်းအနေနဲ့ တင်ပြသင့်တာတွေ၊ ပြောဆိုသင့်တာတွေကို ရဲရဲဝံ့ဝံ့ပြောဆိုသွားမှာပါ။ ကျွန်တော့်ရဲ့အဆုံးအဖြတ်မှာ အားနည်းချက်၊ ချို့ယွင်းချက်တွေရှိရင်လည်း ပွင့်ပွင့်လင်းလင်းဝေဖန်ကြပါ။ လက်ညှိုးထောင် ခေါင်းညိတ်မလုပ်ကြပါနဲ့"ဟု ဦးချစ်ခိုင်က ဆန်စပါးမူဝါဒသစ် အလုပ်ရုံဆွေးနွေးပွဲအကြို ဆန်စပါးလုပ်ငန်းအသင်း၏ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးပွဲအပြီး ကျင်းပသော ညစာစားပွဲတွင် အမှာစကားပြောကြားစဉ် အထက်ပါအတိုင်းပြောကြားခဲ့သည်။

အာဆီယံနိုင်ငံအများစုတွင် ဆန်စပါးမူဝါဒသစ်ကို ခိုင်မာစွာချမှတ်အကောင်အထည်ဖော်နေကြပြီး၊ ကမ္ဘောဒီးယားနိုင်ငံမှာပင် မူဝါဒသစ်ကို မကြာမီက ချမှတ်၍ ၂၀၁၁ ခုနှစ်အတွင်း ပြည်ပသို့ ဆန်တန်ချိန်တစ်သန်းတင်ပို့ရန်ကြိုးပမ်းနေသည်။

တစ်ချိန်က ကမ္ဘာတွင် ပြည်ပသို့ ဆန်အများဆုံးတင်ပို့ခဲ့သော မြန်မာမှာ ၂၀၁၀-၁၁ ဘဏ္ဍာရေးနှစ်က ဆန်တန်ချိန်သုံးသောင်းကျော်တင်ပို့ခဲ့သည်။

## မျက်နှာဖုံး-ပို့ကုန်အခွန်ကောက်ခံမှု ဒုတိယအကြိမ် ထပ်မံလျှော့ မှ

ဩဂုတ် ၁၁ ရက်တွင် နိုင်ငံတော်သမ္မတရုံးက ကုန်ပစ္စည်း ၇ မျိုးအတွက် ဩဂုတ် ၁၅ရက်မှ ဖေဖော်ဝါရီ၁၄ ရက်ထိ ခြောက်လတာကာလအတွင်း ကုန်သွယ်ခွန် ၅ ရာခိုင်နှုန်းကို ထပ်မံလျှော့ချပေးလိုက်သည်။ ထိုကုန်စည်များမှာ အရောင်းခွန် ၂ ရာခိုင်နှုန်းမှာ ပေးရတော့မည်ဖြစ်ကြောင်း တရားဝင်ကြေညာခဲ့သည်။

ပို့ကုန်ရငွေမှ အခွန်ကောက်ခံခြင်းကို ပို့ကုန် သွင်းကုန်လုပ်ငန်းရှင်တိုင်း တောင့်တနေခဲ့ရာ ယခုထုတ်ပြန်ချက်ကြောင့် နှစ်လအတွင်း အစိုးရက ဒုတိယအကြိမ်ထပ်မံလျှော့ချပေးခဲ့ခြင်းဖြစ်သည်။ ထိုခြောက်လတာကာလအတွင်း ကုန်သွယ်ခွန် ၅ ရာခိုင်နှုန်းပေးဆောင်စရာမလိုတော့ဘဲ ဝင်ငွေခွန် ၂ ရာခိုင်နှုန်းပေး ဆောင်ရမည့် ကုန်စည်များမှာ ဆန်၊ ပဲမျိုးစုံ၊ ရေချို၊ ရေငန်ထွက်ပစ္စည်း (ကန့်သတ်ထားသော ကုန်ပစ္စည်းမှအပ)ပြောင်း၊နှံ၊ရာဘာ၊တိရစ္ဆာန်နှင့်တိရစ္ဆာန်ထွက်ပစ္စည်းတို့ဖြစ်သည်။ ထို့ကြောင့် ကျောက်စိမ်း၊ ကျောက်မျက်၊ သစ်နှင့်သစ်တောထွက်ပစ္စည်းကဲ့သို့သော ပို့ကုန်များမှာမူ ပို့ကုန်အခွန် ခုနစ် ရာခိုင်နှုန်း ဆက်လက်ဆောင်ရမည်ဖြစ်သည်။

"ဒီလို ထပ်လျှော့ပေးလိုက်တော့ မျှော်လင့်ချက် ရှင်သန်လာတာပေါ့။ ဒီ့မတိုင်ခင်ကတော့ ပို့ကုန်ရငွေနဲ့ ဒေါ်လာကျလွန်လို့ ဘာမှမပို့ဘဲ ရပ်ထားတာ နှစ်လလောက်ရှိပြီ။ တခြား ကုမ္ပဏီတွေလည်း အတူတူပဲ ရပ်ထားကြတာများတယ်။ အခု ၅ ရာခိုင်နှုန်း ထပ်လျှော့ပေးလိုက်တော့ လုပ်လို့ ကိုင်လို့ ပြန်ရသွားတာပေါ့။ လာမယ့်တနင်္လာနေ့(ဩဂုတ် ၁၅ ရက်)မှာ ရာဘာပို့ဖို့ စလုပ်မယ်။ လုပ်ငန်းတွေ ပြန်လုပ်တော့မယ်ဆိုတော့ ဝန်ထမ်းတွေ ဘာတွေလျှော့ဖို့စီစဉ်ထားတဲ့သူတွေလည်း မလျှော့ဖြစ်လောက်တော့ဘူးထင်တယ်"ဟု ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ရာဘာပြည်ပတင်ပို့သူတစ်ဦးကလည်း ပို့ကုန်အခွန် ၇ ရာခိုင်နှုန်း ပေးဆောင်ရစဉ်က အရည်အသွေးကောင်းသော ရာဘာတစ်တန်လျှင် ဒေါ်လာ ၄၅၀၀ ဈေးနှုန်းသတ်မှတ်ထား၍ အခွန် ၃၁၅ ဒေါ်လာ ဆောင်ခဲ့ရရာမှ ယခုလျှော့ပေါ့ပေးမှုကြောင့် တစ်တန်လျှင်ဒေါ်လာ၉၀ သာဆောင်ရမည်ဖြစ်၍ လုပ်ကိုင်ရသည်မှာ အနည်းငယ် ပိုမိုအဆင်ပြေလာကြောင်းပြောသည်။

သို့သော် ဒေါ်လာတန်ဖိုးမှာ ဈေးအနိမ့်၌ ရှိနေသည့်အတွက် ပို့ကုန်အခွန် ဖြေလျှော့ပေးသော်လည်း ရေထွက်ကုန်ပစ္စည်းပြည်ပတင်ပို့သူများမှာ ပြည်ပသို့ ရေထွက်ကုန်များ တိုးမြှင့်တင်ပို့ရန် ဆန္ဒမရှိကြသေးကြောင်း ရေထွက်ကုန်ပြည်ပတင်ပို့သူတစ်ဦးက ပြောသည်။

ပြည်ပတင်ပို့သောကုန်စည်၇မျိုးအတွက် အခွန် ၅ ရာခိုင်နှုန်း ထပ်မံလျှော့ချခဲ့ကြောင်း သတင်းထွက်ပေါ်လာပြီးနောက်ပြည်တွင်း ငွေလဲလှယ်ရေးဈေးကွက်တွင် ဒေါ်လာနှင့်ပို့ကုန်ရငွေတန်ဖိုးများ အနည်းငယ်ပြန်တက်လာသည်။ ပို့ကုန်ရငွေမှာဩဂုတ် ၁၁ ရက်က တစ်ယူနစ်လျှင် ၇၇၅ ကျပ်ရှိရာမှ ဩဂုတ် ၁၂ ရက်အရောက်တွင် ၁၇ကျပ်ပြန်လည်မြင့်တက်လာပြီး ၇၉၂-၇၉၃ကျပ်ဈေးပေါက်သည်။ ဒေါ်လာမှာလည်းဩဂုတ်၁၁ရက်တွင် တစ်ယူနစ်လျှင် ၇၅၀ ကျပ်မှ ဩဂုတ် ၁၂ ရက်တွင် ၇၆၀-၇၆၃ ကျပ်ဈေးပေါက်သည်။

Marketing supervisor
Marketing

ဝန်ထမ်းအလိုရှိသည်

INTERNET

# Health

7DAY NEWS JOURNAL

Vol.10, No.22 · AUGUST 18, 2011

## ကမ္ဘာကြီးကို ခြိမ်းခြောက်လာသည့် ကူးစက်မဟုတ်သော ရောဂါများ

သီဟ

'အရင်တုန်းကတော့ ဘယ်လိုနေနေ ဘာစားစား ဘာမှမဖြစ်ခဲ့ဘူး။ အခုနောက်ပိုင်းတော့ အစားအသောက်က အစနည်းနည်းဆင်ခြင်လာရတယ်၊ အသက်က လေးဆယ်ကျော်လာပြီဆိုတော့"ဟု ပြောလာသူမှာ အသက်လေးဆယ့်ငါးနှစ်ကျော်ရုံး ဝန်ထမ်းကိုကျော်ကြီးပင်ဖြစ်သည်။

ငယ်စဉ်က အနေအထိုင်အစားအသောက် မဆင်ခြင်ခဲ့သော်လည်း နောက်ပိုင်း လေးဆယ်ကျော်လာသည့်အချိန်တွင် သွေးတိုးချင်သလိုလို လှုပ်ရှားမှုများပါက မောချင်သလိုလို ဖြစ်လာခဲ့သည်ဟု ၎င်းကဆက်လက်ပြောကြားသည်။

ကိုကျော်ကြီးကဲ့သို့ပင် အများစုမှာ အသက်လေးဆယ်ကျော်လာပါက ငယ်စဉ်ကကဲ့သို့မဟုတ်တော့ဘဲ ကျန်းမာရေးကို အနည်းငယ်ဂရုစိုက်လာကြရသူမှာ အများစုပင်ဖြစ်သည်။

လူအများတွင် ဖြစ်တတ်သည့်ရောဂါများအား ခွဲခြားမည်ဆိုပါက အကြမ်းဖျင်းအားဖြင့် ကူးစက်သည့်ရောဂါများနှင့်မကူးစက်သည့်ရောဂါများဟု ခွဲခြားနိုင်ကြောင်း ဆေးပညာရှင်များက ပြောသည်။

ကူးစက်သည်ရောဂါများဟူသည်မှာ တုပ်ကွေးပေါင်းစုံ၊တီဘီ၊ ငှက်ဖျားအစရှိသဖြင့်မှ HIV/AIDS ရောဂါများအထိပါဝင်သည်။

မကူးစက်နိုင်သည့်ရောဂါများတွင် ကိုကျော်ကြီးတို့ကဲ့သို့ပင် စတင်ခံစားလာရသည့်သွေးတိုး၊နှလုံးသွေးကြောကျဉ်း၊သွေးချိုဆီးချို အစရှိသည့်ရောဂါများမှ ကင်ဆာအမျိုးမျိုးအထိပါဝင်သည်။

ကူးစက်သည့် ရောဂါများသည်တစ်ဦးမှတစ်ဦးသို့ ဗိုင်းရပ်စ်၊ ဘက်တီးရီးယား အစရှိသည့် ရောဂါပိုးများမှတစ်ဆင့် ကူးစက်ကာဖြစ်ပွားပြီး မကူးစက်သည့်ရောဂါများတွင်မူ ထိုသို့မဟုတ် လူများ၏ ငယ်စဉ်ကပင်နေထိုင်စားသောက်ခဲ့သည့် အစားအသောက်အနေအထိုင် ဓလေ့စရိုက်များကြောင့် နှစ်ကာလကြာရှည်လာသည့်အခါတွင်ခံစားရသည့် ရောဂါများဖြစ်သည်။

ကူးစက်သည့်ရောဂါများတွင်အဓိကရောဂါများဖြစ်သည့် HIV/AIDS,တီဘီ၊ငှက်ဖျားစသည့်ရောဂါများအား

စာ(၁၄)သို့



## အစိုးရဆေးရုံများတွင် 4D အာထရာဆောင်းစက်များ အသုံးပြုနေပြီဖြစ်

သီဟ

ရန်ကုန်၊ဩဂုတ် – ၉

မြန်မာနိုင်ငံတွင် Ultrasonix Colour Ultrasound စက်များကို စတင်အသုံးပြုနေပြီဖြစ်ပြီး ကျန်းမာရေးဝန်ကြီးဌာနသည် ပြီးခဲ့သည့်မတ်လက အဆိုပါစက်ခြောက်လုံး ဝယ်ယူထားပြီးဖြစ်ရာ နေပြည်တော်တွင် အသစ်ဖွင့်လှစ်မည့် အမျိုးသမီးဆေးရုံကြီးအတွက် 4D Ultrasound စက် ၂ လုံးနှင့် General Ultrasound စက် ၂ လုံးတပ်ဆင်အသုံးပြုမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် နေပြည်တော်က လေးဆေးရုံကြီး အတွက်လည်း Echocardiogram စက် ၂ လုံး တပ်ဆင်အသုံးပြုရန် ဝန်ကြီးဌာနသို့ စက်များရောက်ရှိနေပြီဖြစ်ကြောင်း



အဆိုပါ Ultrasound စက်များ တင်သွင်းသည့် Nanova ကုမ္ပဏီမှသိရသည်။ Nanova ကုမ္ပဏီမှယနေ့ကျင်းပပြုလုပ်သည့် 4D Ultrasound အသုံးချနည်းပညာရပ်ဆိုင်ရာဆွေးနွေးပွဲတွင်ထုတ်ပြန်သည့် သတင်းထုတ်ပြန်ချက်၌ အထက်ပါအတိုင်းဖော်ပြထားခြင်းဖြစ်သည်။ ယနေ့ကျင်းပပြုလုပ်သည့်အဆိုပါအသုံးချနည်းပညာရပ်ဆိုင်ရာဆွေးနွေးပွဲတွင် မြန်မာနိုင်ငံခေတ်ရောင်ခြည်အသင်းဥက္ကဋ္ဌပါမောက္ခ ဒေါက်တာလင်းထွန်းထွန်းက သဘာပတိအဖြစ်ဆောင်ရွက်ပြီး British Columbia University မှ Clinical Instructor ဖြစ်သူ Ms.Cathy Fix ကရှင်းလင်းပြောကြားခဲ့သည်။

## ကမ္ဘာပေါ်တွင်အဝလွန်ခြင်း၊ သွေးတွင်းအဆီများခြင်း၊ သွေးပေါင်မြင့်တက်ခြင်းနှင့် ဆေးလိပ်ကြောင့် သေဆုံးမှုမှာ အမြင့်ဆုံးဖြစ်

သီဟ

ရန်ကုန်၊

ဩဂုတ် – ၅

ကမ္ဘာပေါ်တွင်ဆေးလိပ်သောက်ခြင်းကြောင့် လူဦးရေ ၄ ဒသမ ၉ သန်း၊အဝလွန်ခြင်းကြောင့် ၂ဒသမ ၆ သန်း၊ သွေးတွင်း အဆီများခြင်းကြောင့်၄ဒသမ၄သန်း၊သွေးပေါင်ချိန်များခြင်းကြောင့် ၇ဒသမ ၁ သန်း နှစ်စဉ် သေဆုံးလျက်ရှိကြောင်းဆေးတက္ကသိုလ် ၂ပါမောက္ခချုပ်ပါမောက္ခဒေါက်တာတင့်ဆွေလတ်ကပြောသည်။

ထို့ကြောင့် အဆိုပါ အကြောင်းအချက်များအား ထိထိရောက်ရောက်ကာကွယ်ရန် အရေးကြီးပြီး ထိထိရောက်ရောက်မကာကွယ်နိုင်သဖြင့် မလိုအပ်ဘဲသေဆုံးမှုများဖြစ်ပွားနေခြင်းဖြစ်သည်ဟု ဒေါက်တာတင့်ဆွေလတ်ကဆက်လက်ပြောကြားသည်။

အလားတူ မြန်မာနိုင်ငံတွင်လည်းအထက်ပါ အကြောင်းအချက်များကိုဖြစ်စေသည့်ဆေးလိပ်သောက်ခြင်း၊ အရက်သောက်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှုနည်းပါးခြင်း အစရှိသည်တို့သည်လည်းမြင့်တက်လျက်ရှိရာ ၂၀၀၉ ခုနှစ်ကကောက်ယူခဲ့သည့်စစ်တမ်းများအရအမျိုးသားများ၏ ၃၃ ဒသမ ၆၁ ရာခိုင်နှုန်းနှင့်အမျိုးသမီးများ၏ ၆ ဒသမ ၁၃ ရာခိုင်နှုန်းသည် ဆေးလိပ်သောက်နေကြပြီး၊အမျိုးသားများ၏ ၃၁ ဒသမ ၁၇ ရာခိုင်နှုန်း၊ အမျိုးသမီးများ၏ ၁ ဒသမ ၄၇ ရာခိုင်နှုန်း အရက်သောက်နေကြကြောင်း သိရသည်။

ထို့အပြင် ကိုယ်လက်လှုပ်ရှားမှုအနေဖြင့်လည်း အမျိုးသားများ ၁၀ ဒသမ ၄၄ ရာခိုင်နှုန်းနှင့် အမျိုးသမီးများ၏ ၁၄ ဒသမ ၁ ရာခိုင်နှုန်းသာကိုယ်လက်လှုပ်ရှားမှု လုပ်လျက်ရှိကြကြောင်း သိရသည်။

ပါမောက္ခချုပ် ဒေါက်တာတင့်ဆွေလတ်က ပြီးခဲ့သည့် အပတ်အတွင်းက နေပြည်တော်ကျန်းမာရေးဝန်ကြီးဌာနတွင် ကျင်းပခဲ့သည့်အစည်းအဝေးတစ်ခု၌ အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။



7 DAY NEWS JOURNAL
Vol.10, No.22 • AUGUST 18, 2011

# စာ - ၁၃၊ ကမ္ဘာကြီးကို ခြိမ်းခြောက်လာသည့်ရောဂါကြီးသုံးမျိုးမှ

ကမ္ဘာ့ရန်ပုံငွေ (Global Fund) ရောဂါသုံးမျိုးရန်ပုံငွေ 3D Fund အစရှိသည့်ရန်ပုံငွေများဖြင့် ကမ္ဘာတစ်ဝန်းတွင်ပပျောက်စေရန်တိုက်ဖျက်မှုများပြုလုပ်လျက်ရှိနေသဖြင့် ကမ္ဘာ့နိုင်ငံအတော်များများ၌ အဆိုပါရောဂါများ၏ဒဏ်ခံရမှုမှ အနည်းငယ်သက်သာရာရခဲ့ပြီဖြစ်သည်။

သို့သော် အဆိုပါ မကူးစက်သည့်ရောဂါများသည် ကုလသမဂ္ဂထောင်စုနှစ် ရည်မှန်းချက်တွင်လည်း မပါဝင်ဘဲ နိုင်ငံတကာ၏ အကူအညီလည်း မရရှိသဖြင့် ကမ္ဘာတစ်ဝန်းတွင် ကျန်းမာရေးပြဿနာတစ်ရပ်သဖွယ် ရင်ဆိုင်လာနေရကြောင်းသိရသည်။

အဆိုပါမကူးစက်သည့်ရောဂါများ၏ဒဏ်အား ဖွံ့ဖြိုးပြီးနိုင်ငံများထက် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ပိုမိုဖြစ်ပွားပြီး ယင်းရောဂါများကြောင့်သေဆုံးသည့်နှုန်းမှာလည်း ဖွံ့ဖြိုးဆဲနိုင်ငံများ၌ ပိုမိုများပြားကြောင်းသိရသည်။

ဖွံ့ဖြိုးပြီးနိုင်ငံများတွင် အဆိုပါမကူးစက်သည့်ရောဂါများသည် အသက်ခြောက်ဆယ့်ငါးနှစ်ကျော်မှသာဖြစ်ပွားလေ့ရှိသော်လည်းမြန်မာနိုင်ငံအပါအဝင်ဖွံ့ဖြိုးဆဲနိုင်ငံများ၌ ကိုကျော်ကြီးတို့ကဲ့သို့ပင် အသက်လေးဆယ့်ငါးမှ ခြောက်ဆယ်ကြားတွင်ဖြစ်ပေါ်လေ့ရှိကြောင်းသိရသည်။

ထို့အပြင် အဆိုပါရောဂါများ၏ အဆိုးဆုံးအချက်မှာ အသက်ခြောက်ဆယ်မပြည့်ခင် သေဆုံးခြင်းပင်ဖြစ်သည်။ ထိုသို့ အသက်ခြောက်ဆယ်မပြည့်ခင်သေဆုံးခြင်းအား ပညာရှင်များက Premature Death အရွယ်မတိုင်ခင်သေဆုံးခြင်းဟုခေါ်ကြောင်းသိရသည်။

"ရောဂါတွေဖြစ်လာပြီဆိုရင်တော့ ရောဂါရဲ့နောက်ဆက်တွဲရောဂါများကြောင့် လူစဉ်မမီခြင်းများဖြစ်ရပါတယ်။ လူစဉ်မမီတာထက်ဆိုးတာကတော့ အရွယ်မရောက်ခင် သေဆုံးရခြင်းပါပဲ" ဟုဆေးတက္ကသိုလ်(၂) ပါမောက္ခချုပ် ပါမောက္ခဒေါက်တာတင့်ဆွေလတ်ကပြောသည်။

မကူးစက်သည့်ရောဂါများတွင်ရောဂါလေးမျိုးအား အဓိကရောဂါများအဖြစ်သတ်မှတ်ထားပြီး အဆိုပါလေးမျိုးမှာ ကင်ဆာ၊ နှလုံးသွေးကြောဆိုင်ရာရောဂါများ၊ သွေးချိုဆီးချို၊ အဆုတ်နဲ့အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများဖြစ်ကြောင်းသိရသည်။

ထို့အပြင် အခြားမကူးစက်သည့်ရောဂါများလည်း ရှိသေးရာ ယင်းတို့မှာ စိတ်ကျန်းမာရေးဆိုင်ရာရောဂါများ၊မျက်မမြင်၊ မတော်တဆ ထိခိုက်မှု၊ မူးယစ်ဆေးဝါးသုံးစွဲမှု၊ မြွေကိုက်ခြင်း၊ နားလေးရောဂါအစရှိသည့်ရောဂါများဖြစ်ကြကြောင်း ကျန်းမာရေးဝန်ကြီးဌာနကုသရေးဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာသီတာလှကပြောသည်။

"ရောဂါလေးမျိုးကို အဓိကရောဂါအဖြစ်သတ်မှတ်လို့ကျန်တဲ့ကူးစက်မဟုတ်တဲ့ရောဂါတွေကို အရေးမကြီးဘူးလို့ ဆိုလိုတာမဟုတ်ပါဘူး။ ဒီရောဂါလေးမျိုးကို အဓိကအဖြစ်သတ်မှတ်ရတာက ဒီလေးခုကြောင့် ကမ္ဘာမှာရော အရှေ့တောင်အာရှဒေသမှာရော မြန်မာမှာရော ရောဂါဖြစ်ပွားနှုန်းနဲ့ သေဆုံးနှုန်းက အများဆုံးဖြစ်နေပြီး ကျန်တဲ့ရောဂါများထက်ပိုများနေတာဖြစ်လို့ပါ" ဟု ပါမောက္ခ ဒေါက်တာတင့်ဆွေလတ်ကပြောသည်။

အထက်ပါရောဂါလေးခု၏ ဖြစ်ပွားမှုသည် ကျန်းမာရေးနှင့် မညီညွတ်သည့် လူမှုဘဝနေထိုင်မှုပုံစံများနှင့် နေထိုင်ခြင်းကြောင့် ယင်းရောဂါများဖြစ်ပွားရခြင်းဟူသည့်အချက်လည်းတူညီသဖြင့် တစ်တန်းတည်း ဖော်ပြရခြင်းဖြစ်သည်ဟုသိရသည်။

ယင်းမကူးစက်သည့်ရောဂါများကြောင့် သေဆုံးမှုသည် ကမ္ဘာပေါ်ရှိသေဆုံးနေသောလူများ၏ ၆၀ ရာခိုင်နှုန်းကျော်ရှိကြောင်း တစ်နည်းအားဖြင့် နှစ်စဉ်လူဦးရေ၏ ၃၆ သန်းသည် အဆိုပါရောဂါများဖြင့် သေဆုံးနေကြခြင်းဖြစ်သည်ဟု ဒေါက်တာသီတာလှကပြောသည်။

ထို့အပြင်သေဆုံးသူများ၏ ၂၅ ရာခိုင်နှုန်းတစ်နည်းအားဖြင့် ၉ ဒသမ ၁ သန်းသည် အသက် ၆၀ အောက်တွင် သေဆုံးနေခြင်းဖြစ်သည်ဟု ဒေါက်တာသီတာလှက ဆက်လက်ပြောကြားသည်။

"ဒီမကူးစက်နိုင်တဲ့ရောဂါတွေက အလုပ်လုပ်နိုင်တဲ့အရွယ်တွေမှာဖြစ်တာများတော့ နိုင်ငံရဲ့ ကုန်ထုတ်စွမ်းအားကိုလည်း ကျဆင်းစေနိုင်ပါတယ်။ ဒါ့အပြင် ၆၀ မပြည့်ခင်သေဆုံးမှုများရဲ့ ၉၀ ရာခိုင်နှုန်းကလည်း ဝင်ငွေနည်းနဲ့ ဝင်ငွေအသင့်အတင့်သာရှိတဲ့ နိုင်ငံတွေကဖြစ်ပါတယ်" ဟုဒေါက်တာသီတာလှကပြောသည်။

အရှေ့တောင်အာရှဒေများတွင်လည်းသေဆုံးမှု၏ ၅၅ ရာခိုင်နှုန်းတစ်နည်းအားဖြင့် လူဦးရေ ၈ သန်းသည်ယင်းမကူးစက်နိုင်သည့် ရောဂါများကြောင့် သေဆုံးနေကြခြင်းဖြစ်ပြီး အဆိုပါရောဂါလေးမျိုးထဲမှ နှလုံးသွေးကြောဆိုင်ရာရောဂါများကြောင့်သေဆုံးမှုသည် အဓိကအများဆုံးဖြစ်ကြောင်းသိရသည်။


ယင်းရောဂါများသည် ဖြစ်ပွားပါက နာတာရှည်ဖြစ်ပွားသည့်ရောဂါများဖြစ်သဖြင့် တစ်သက်လုံးကုသသွားရသည့် ရောဂါများဖြစ်ကာ ကုန်ကျစရိတ်အားဖြင့်လည်း များစွာကုန်ကျနိုင်သည့်ရောဂါများဖြစ်သည်။

မကူးစက်နိုင်သည့်ရောဂါများသည် ကျန်းမာရေးနှင့် မညီညွတ်သော အနေအထိုင်အစားအသောက်များကြောင့်ဖြစ်ပွားသည့်ရောဂါများဖြစ်သော်လည်း ယင်းကျန်းမာရေးနှင့် မညီညွတ်သောအပြုအမူများအား နှစ်ကာလကြာရှည်စွာနေထိုင်စားသောက်ပါမှသာဖြစ်ပွားတတ်သည့်ရောဂါများဖြစ်သဖြင့် ရောဂါမဖြစ်ပွားမီအချိန်တွင် နေထိုင်စားသောက်မှုဆင်ခြင်ခြင်းဖြင့် ကာကွယ်နိုင်သည်ဟု ပညာရှင်များက ပြောသည်။

ကျန်းမာရေးနှင့် မညီညွတ်သည့်အနေအထိုင်စားသောက်မှုပုံစံများမှာ ဆေးလိပ်သောက်ခြင်း၊ အရက်အလွန်အကျွံသောက်ခြင်း၊ ကိုယ်လက်လှုပ်ရှားမှုနည်းပါးခြင်း၊ အသီးအရွက်စားသုံးမှုနည်းပါးခြင်း၊ အဆီများသည့်အစာများစားသုံးခြင်း အစရှိသည်တို့ဖြစ်ကြောင်းသိရသည်။

ယခင်က မကူးစက်နိုင်သည့်ရောဂါများအားကြိုတင်ကာကွယ်၍မရသောရောဂါများအဖြစ် အသိအမှတ်ပြုထားကြသော်လည်း နောက်ပိုင်းတွင် အဆိုပါရောဂါများဖြစ်ပွားစေသည့်အကြောင်းများကို သိရှိလာသဖြင့် ယင်းအကြောင်းများအား ကြိုတင်ရှောင်ရှားကာ ကျန်းမာရေးနှင့်ညီညွတ်သည့် အနေအထိုင်စားသောက်မှုပုံစံများဖြင့် ကာကွယ်နိုင်ကြကြောင်းသိရသည်။

"အခုအခြေအနေက လမ်းဆုံလမ်းခွကိုရောက်နေပါပြီ ဒီရောဂါတွေကို ကာကွယ်လို့ရတယ်ဆိုတာလည်း သိနေကြပါပြီ အဲဒီတော့ကျွန်တော်တို့ ကာကွယ်မလား ဒီအတိုင်းပဲဆက်နေကြမလား ကာကွယ်နိုင်ပါလျက်နဲ့ မကာကွယ်ဘဲနေကြမယ်ဆိုရင်တော့ ကျွန်တော်တို့ရရှိလာမယ့်အကျိုးဆက်ဟာ ကျွန်တော်တို့လက်ခံနိုင်တာထက် ပိုဆိုးသွားနိုင်ပါတယ်"ဟု ပါမောက္ခဒေါက်တာတင့်ဆွေလတ်ကပြောသည်။



## မြို့ပြနှင့်ကျေးလက် သွေးချိုဆီးချိုဖြစ်ပွားမှု ထက်ဝက်ခန့်ကွာ

သီဟ

ရန်ကုန်၊ဩဂုတ် - ၅

မြို့ပေါ်ဒေသများတွင်သွေးချိုဆီးချိုရောဂါဖြစ်ပွားမှုသည်တောရွာများ၌ ဆီးချိုရောဂါဖြစ်ပွားမှုနှင့်နှိုင်းယှဉ်ပါကသွာဟမှုနှစ်ဆရှိကြောင်း သွေးချိုဆီးချိုရောဂါအထူးကုဆရာဝန်ကြီးပါမောက္ခဒေါက်တာတင့်ဆွေလတ်ကပြောသည်။

ပြီးခဲ့သည့် ၂၀၀၃-၀၄ခုနှစ်က ကောက်ယူခဲ့သည့်စစ်တမ်းများအရ မြန်မာနိုင်ငံတွင် ဆီးချိုသွေးချို ရောဂါဖြစ်ပွားမှုနှုန်းသည် အမျိုးသားများတွင် ၁၁ ဒသမ ၆၈ ရာခိုင်နှုန်းနှင့်အမျိုးသမီးများတွင် ၁၂ ဒသမ ၈၁ ရာခိုင်နှုန်းဖြစ်ပွားနေကြောင်း သိရသည်။

အလားတူ အဆိုပါစစ်တမ်းတွင် မြို့ပြတွင်သွေးချိုဆီးချိုရောဂါဖြစ်ပွားမှုသည် ၁၃ ဒသမ ၉ ရာခိုင်နှုန်းရှိပြီး ကျေးလက်၌ ၇ ဒသမ ၃ရာခိုင်နှုန်းရှိကြောင်း သိရသည်။

ထိုသို့ဖြစ်ရခြင်းမှာ ဖွံ့ဖြိုးပြီးနိုင်ငံများမှ မကောင်းဟုယူဆကာ မစားမသောက်တော့သည့် ဆေးလိပ်၊ အရက်၊ အချိုရည်စသည်များအား မြန်မာနိုင်ငံတွင် ဖွံ့ဖြိုးခြင်း၏ အထိမ်းအမှတ်အဖြစ် အလွန်အကျွံစားသုံးနေမှုများကြောင့်ဖြစ်ကြောင်း ပါမောက္ခဒေါက်တာတင့်ဆွေလတ်ကပြောသည်။

ဖွံ့ဖြိုးပြီးနိုင်ငံများသည် ၁၉၈၀ခန့်မှစ၍ ဆီးချို၊သွေးတိုး နှလုံး စသည့်ရောဂါများဖြစ်ပွားမှု အနည်းဆုံးသောနိုင်ငံများဖြစ်နေကြပြီဖြစ်ပြီး လက်ရှိမြန်မာနိုင်ငံ၏အခြေအနေသည် အဆိုပါနိုင်ငံများ၏လွန်ခဲ့သည့်နှစ်ပေါင်းသုံးဆယ်၊ လေးဆယ်ခန့်က အခြေအနေသို့ရောက်လျက်ရှိသည်ဟု ဒေါက်တာတင့်ဆွေလတ်က ဆက်လက်ပြောကြားသည်။






# Regional

7DAY NEWS JOURNAL

Vol.10, No.22 · AUGUST 18, 2011


## ဓာတ်ငွေ့ပိုက်လိုင်းဖြတ်သန်းမည့် နေရာများ နစ်နာကြေးပေးရန် လေ့လာမှုများ ပြုလုပ်

**ငွေးငွေးမောင်**

**နွားထိုးကြီး၊ ဩဂုတ်-၉**

တရုတ်-မြန်မာ ရေနံဓာတ်ငွေ့ပိုက်လိုင်းဖြတ်သန်းရန်အတွက် လယ်ယာမြေ သီးနှံဆုံးရှုံးမှု နစ်နာကြေးပေးရန် စွမ်းအင်ဝန်ကြီးဌာနမှ အင်ဂျင်နီယာအဖွဲ့သည် နွားထိုးကြီးမြို့နယ်တွင်မြေစာရင်းဌာနနှင့်အတူ ဇူလိုင်လဒုတိယပတ်မှစ၍ ကွင်းဆင်းတိုင်းတာစာရင်းပြုစုလျက်ရှိကြောင်း သိရသည်။

ရေနံဓာတ်ငွေ့ပိုက်လိုင်းသည် မြန်မာရခိုင်ပြည်နယ်မှ တရုတ်ယူနန်ပြည်နယ်သို့မိုင် ၅၀၀ ကျော်သွယ်တန်းကြမည်ဖြစ်ရာ နွားထိုးကြီးမြို့နယ်တွင် မိုင် ၅၀ ခန့်ဖြတ်သန်းမည်ဖြစ်သည်။ ရေနံ ဓာတ်ငွေ့စတေရှင်တစ်ခုကိုလည်း နွားထိုးကြီးမြို့နယ် ထန်းဇင်ရွာအနီး၌ တည်ဆောက်ဦးမည်ဟုသိရသည်။

မြင်းခြံခရိုင်တွင် ကျောက်ပန်းတောင်း၊ တောင်သာ၊ နွားထိုးကြီးသုံးမြို့နယ်ဖြတ်သန်းပြီးတံတားဦး၊ စဥ့်ကိုင်၊ ကျောက်ဆည်၊ ပြင်ဦးလွင်မှ ရှမ်းပြည်နယ်ထဲဖြတ်သန်းမည်ဆို၏။ ပိုက်လိုင်းမှာ မြေအကျယ်ပေ ၁၀၀ နေရာယူမည်ဖြစ်ပြီးထန်းတစ်ပင်ကျပ်နှစ်သောင်းခွဲပေးလျော်နေကြောင်း စွမ်းအင်အဖွဲ့က ပြောသည်။ ယခုအခါတောင်သာနယ်၌စက်ယန္တရားနှင့်ပိုက်လိုင်းလမ်းကြောင်းထိုးမည်ဖြစ်ပြီး ဩဂုတ်လအတွင်းနွားထိုးကြီးမြို့နယ်သို့ ဖြတ်သန်းရန်ရှိကြောင်း သိရသည်။

## နေပြည်တော်တွင် ရေဆေး/ ဆီလိုက် အလုပ်ုံများ ကျပ်သိန်းနှစ်ရာဖြင့်ရောင်း

**ထူးသန့်**


**နေပြည်တော်၊ ဩဂုတ် - ၁၁**

နေပြည်တော် ဘောဂသီရိအဝေးပြေးယာဉ်ရပ်နားစခန်းအတွင်း ရေဆေး၊ ဆီလိုက်အလုပ်ရုံများ တစ်နေရာတည်း၌ဖွင့်လှစ်သွားရန်ရှိပြီး အဆိုပါအလုပ်ရုံနေရာများအား ကျပ်သိန်း ၂၀၀ နှုန်းဖြင့် ရောင်းချပေးထားကြောင်း သတင်းရရှိသည်။

အဆိုပါကားဝင်းအတွင်း အလုပ်ရုံ၁၀ ရုံကို တစ်စုတစ်စည်းတည်းတည်ဆောက်ထားခြင်းဖြစ်ပြီး အဆောက်အဦးနှင့် ရေဆေးစုံပါဝင်သည်။ အချို့လုပ်ငန်းရှင်များမှာ အဆောက်အအုံကိုပြန်လည်ပြုပြင်ပြီး ရေဆေးစုံကိုလည်း အသစ်ပြန်လည်တည်ဆောက်လျက်ရှိကြောင်း လုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။ "ကျွန်တော်ကတော့ ကိုယ့်ဆီလာမယ့် ကားတွေပိုပြီး အဆင်ပြေဖို့အတွက် ရုံကိုလည်း စိတ်တိုင်းကျ အသစ်လုပ်ထားတယ်။ ရေကန်ကိုလည်း အဲဒီလိုပဲ ကိုယ့်ဟာကိုယ်ပြန်ပြီး တည်ဆောက်ထားတယ်" ဟူ၍ ရွှေပြည်စိုးအလုပ်ရုံမှတာဝန်ရှိသူကဆိုသည်။

အဆိုပါယာဉ်ရပ်နားစခန်းအတွင်း၌ ယာဉ်ပြင်အလုပ်ရုံများလည်း ဖွင့်လှစ်ထားရှိပြီး ပွဲရုံခန်းများလည်း ထပ်မံတည်ဆောက်လျက်ရှိကြောင်း သိရှိရသည်။

## မြေဂရန်များအတုဖြင့် လိမ်လည်ရောင်းချပေါင်နှံမှုများ မဖြစ်ပေါ်ရေး ကွန်ပျူတာစနစ်များဖြင့် ပြောင်းလဲကျင့်သုံး



ဓာတ်ပုံ-အားမာန်

**စိုင်းသာအောင်**

**မန္တလေး၊ ဩဂုတ်-၁၀**

မြို့တော်ရေိယာအတွင်း ဘိုးဘွားပိုင်မြေနှင့် ဂရန်မြေအတုများ မဖြစ်ပေါ်ရေး၊ လိမ်လည်ရောင်းချပေါင်နှံမှုများ မဖြစ်ပေါ်ရေးတို့အတွက် မြေဂရန်မှတ်တမ်းများအား ကျောက်တိုက်(မြေဂရန်များထိန်းသိမ်းထားသောနေရာ)တွင် ထိန်းသိမ်းထားခြင်းအပြင် မြေဂရန်တစ်ခုခြင်းအလိုက် အမှုတွဲများအား အဆင့်မြင့်ကွန်ပျူတာနည်းစနစ်များဖြင့် စနစ်တကျ ထိန်းသိမ်းထားရှိဆောင်ရွက်နေပြီဖြစ်ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနမှ တာဝန်ရှိသူတစ်ဦးက 7Day News သို့ပြောသည်

ယင်းဌာနမှ ဌာနမှူးဦးတင်ထွဋ်ကျော်က ဂရန်၊ ဘိုးဘွားမြေပုံ မြေရာဇဝင်များ တိကျမှန်ကန်ရေး ဆောင်ရွက်လျက်ရှိကြောင်း မြန်မြန်ဆန်ဆန် ဆောင်ရွက်နိုင်ရေး ကိုယ်တိုင်ရကိုယ်တိုင် ဂရန်လျှောက်ထားသူများအား ကော်မတီသို့ တင်ပြ၍ ဂရန်တစ်ခါတည်း ထုတ်ပေးလျက်ရှိကြောင်း၊ ဌာနမှ ဂရန်ကိစ္စရပ်များ မြန်မြန်ဆန်ဆန်ဆောင်ရွက်ပေးနေသည့်အတွက် ရှေ့နေအကျိုးတော်ဆောင်များအနေဖြင့်လည်း လိုအပ်သည့်စာရွက်စာတမ်းများကို မှန်မှန်ကန်ကန် ပြည့်ပြည့်စုံစုံဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးစေလိုကြောင်း ဂရန်စာချုပ်များအတုမဖြစ်ရေးအတွက်လည်း ဧပြီလ ၄ ရက် စတင်၍ အဆင့်မြင့်ပုံနှိပ်နည်းပညာဖြင့် လုံခြုံရေးစနစ်အဆင့် လေးဆင့်ပါရှိသော ဂရန်အသစ်များကို ထုတ်ပေးလျက်ရှိကြောင်း၊ ယခင်မြေဂရန်များကို ကျောက်တိုက်တွင်းသာ ထိန်းသိမ်းထားသော စနစ်မှ အဆင့်မြင့် ကွန်ပျူတာနည်းပညာဖြင့်လည်း ထိန်းသိမ်းဆောင်ရွက်နေပြီးဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ ထို့ကြောင့် မြေဂရန်အတုများ၊ မသမာမှုများဖြစ်ပေါ်လာပါက ကွန်ပျူတာဖြင့် တိုက်ဆိုင်စစ်ဆေးပြီး မသမာမှုမဖြစ်ပေါ်ရေးအတွက် စစ်ဆေးတားဆီးနိုင်အောင် ဆောင်ရွက်ထားကြောင်း သိရသည်။ ***စာ(၁၈) သို့***

## မွန်ပြည်နယ်တွင် သုံးလအတွင်း နိုင်ငံသားစိစစ်ရေးကတ်ပြား တစ်သောင်းကျော် ဆောင်ရွက်ပေး

**မိုင်ခရိုစကုပ်**

**မော်လမြိုင်၊ ဩဂုတ်- ၁၁**




မွန်ပြည်နယ်အတွင်းနေထိုင်လျက်ရှိသော နိုင်ငံသားအရည်အချင်းပြည့်မီသူများအား သက်ဆိုင်ရာမြို့နယ်များရှိ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနရုံးများတွင် ၂၈ ရက်အတွင်း ကျသင့်ငွေခြောက်ကျပ်နှုန်းဖြင့် ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၁၁ ခုနှစ် မေလ ၂၀ ရက်မှ ဇူလိုင်လကုန်အထိ အသက် ၁၀ နှစ်မှ ၁၈ နှစ်ပြည့်ပြီးသူ ၇,၀၈၈ ဦးနှင့် အသက် ၁၈ နှစ်အထက် ၁၀,၁၂၂ ဦးစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

အသက် ၁၁ နှစ်မှ ၁၈ နှစ်အထိ၊ အသက် ၁၈ နှစ်အထက် နိုင်ငံသား စိစစ်ရေးကတ်ပြားလုပ်သူများနှင့် နိုင်ငံသား စိစစ်ရေးကတ်ပြား(ပျောက်ဆုံး/ ပျက်စီး)မိတ္တူလျှောက်ထားခြင်းအား ကြားပွဲစားများဖြင့် ဆောင်ရွက်ခြင်းမပြုဘဲ အချက်အလက်များဖြင့်ကာယကံရှင်ကိုယ်တိုင် သွားရောက်ပြုလုပ်ရမည်ဖြစ်သည်။

နိုင်ငံသားစိစစ်ရေးကတ်ပြားကိုင်ဆောင်သူသည် တရားမဝင်ပြင်ဆင်ဖြည့်စွက်ခြင်း၊ ဓာတ်ပုံလဲလှယ်ကပ်ခြင်း၊ အခြားသူတစ်ဦးအား လွှဲပြောင်းကိုင်ဆောင်စေခြင်း၊ နံပါတ်တစ်ခုထက်ပို၍ နိုင်ငံသားစိစစ်ရေးကတ်ပြားလျှောက်ထားကိုင်ဆောင်ခြင်းကိုစိစစ်တွေ့ရှိရပါက ဥပဒေအရအရေးယူခြင်းခံရမည်ဖြစ်ပြီး ခရီးသွားပါက တစ်ပါတည်းယူဆောင်သွားရမည်ဖြစ်ကာ အခြားသူ တစ်ဦးတစ်ယောက်နိုင်ငံသားစိစစ်ရေးကတ်ပြားအား ကောက်ရတွေ့ရှိပါက သက်ဆိုင်ရာ လ. ဝ. က ရုံးသို့ သွားရောက်အပ်နှံရမည်ဖြစ်သည်။ နိုင်ငံသား စိစစ်ရေးကတ်ပြားပျောက်ဆုံးခဲ့ပါကနီးစပ်ရာရဲစခန်းသို့ တိုင်ကြားပြီး မိတ္တူထုတ်ပေးခွင့်ကို ကိုယ်တိုင်လျှောက်ထားရမည်ဖြစ်သည်။

မွန်ပြည်နယ်အတွင်း လူဦးရေ၅၄,၀၀၀ ကျော်နိုင်ငံသားစိစစ်ရေးကတ်ပြားပြုလုပ်ရန် ကျန်ရှိနေသေးသဖြင့် မွန်ပြည်နယ် ၁၀ မြို့နယ်အတွင်း လမ်းပန်းဆက်သွယ်ရေးခက်ခဲသော ဒေသများသို့ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိပြီး ဩဂုတ်လဆန်းမှ စတင်ကာ အလယ်တန်းကျောင်းနှင့်အထက်တန်းကျောင်းများသို့ ကွင်းဆင်းဆောင်ရွက်ပေးရန်စီစဉ်ထားပြီး သက်ဆိုင်ရာမြို့နယ်ပညာရေးမှူးများနှင့် ကျောင်းအုပ်ကြီးများ ညှိနှိုင်းပေါင်းစပ်ကာ ရှေ့ပြေးစာရင်းကောက်ယူပြီးတစ်ပတ်ကြိုတင်ဆောင်ရွက်ခြင်းဖြင့် နေ့ချင်းပြီးထုတ်ပေးနိုင်ရန်ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

7 DAY NEWS JOURNAL
Vol.10, No.22 • AUGUST 18, 2011

# ပြင်ဦးလွင်တွင် ခြံကျယ်ဝယ်ယူ၍ မြေယာပြုပြင်နေထိုင်သူများလာ



မင်းဒင်

**မန္တလေး၊ ဩဂုတ် - ၆**

ပြင်ဦးလွင် အိမ်ခြံမြေဈေးကွက်တွင် မြေယာပြုပြင်မှုများ လုပ်ဆောင်ရန် လိုအပ်သည့်ဧကကွက် ခြံကျယ်များအား ဝယ်ယူကာ တန်ဖိုးမြှင့်တင်နေထိုင်သော ပုံစံပြောင်းလဲလုပ်ကိုင်လာကြောင်း သတင်းရရှိသည်။

ပြင်ဦးလွင် မြေဈေးသည် ယခုနှစ်ပိုင်းအတွင်း ဝယ်လိုအား မြင့်တက်ခဲ့မှုကြောင့်ဈေးနှုန်းများလည်းမြင့်တက်ခဲ့သည်။

ထို့ကြောင့် ဈေးသက်သာသည့် အတွင်းပိုင်းနေရာများတွင် ခြံကျယ်များဝယ်ယူကာ မြေယာပြုပြင်နေထိုင်လာကြခြင်းဖြစ်ကြောင်း ပြင်ဦးလွင်အိမ်ခြံမြေအကျိုးဆောင်တစ်ဦးက ပြောသည်။

"နှစ်ဧကလောက်ကျယ်တဲ့ ကုန်းလျှောတစ်ခုပါ မြေကွက်အရောင်းအဝယ်ဖြစ်တယ်။ လမ်းမတန်းကနေအတွင်းတော်တော်ဝင်ရတယ်။ ကျပ်သိန်း လေးရာကျော်နဲ့တည့်တယ်။ မြေကော်စက်တွေနဲ့ မြေတွေညှိတယ်။ ရေထွက်စမ်းတွေကနေရေသွယ်တယ်။ ကန်လေးတွေ လုပ်တယ်။ ပြင်လိုက်တော့ တော်တော်သာယာသွားတယ်" ဟု ၎င်းက မြေယာပြုပြင်မှု ပုံစံများအား ပြန်လည်ရှင်းပြသည်။

ပြင်ဦးလွင်မြေကို စိတ်ဝင်စားသူဝယ်ယူသူများသည် အပန်းဖြေအနားယူရန် အဓိက ဖြစ်ကြသည်။ ထို့ကြောင့် မြေနှင့် အဆောက်အအုံ လှပမှုကို အပေါ်တွင်တန်ဖိုးများပြောင်းလဲလာခြင်းကြောင့်ဖြစ်ကြောင်း ၎င်းကဆက်ပြောသည်။

ဒေသခံ မြေယာပိုင်ဆိုင်သူများ တဖြည်းဖြည်း လျော့နည်းလာကာ ဒေသအစုံမှ ငွေကြေးတတ်နိုင်သူများအပန်းဖြေနားနေရန် ဝယ်ယူသူများလာကြောင်း နယ်ခံတောင်သူတစ်ဦးက ပြောကြားသည်။




## အကျဉ်းထောင်သုံးခုတွင် ဆိုလာရေတင်စနစ်တပ်ဆင်မည်

စိုင်းသာအောင်

**မန္တလေး၊ ဩဂုတ် - ၅**

ပြည်ထဲရေးဝန်ကြီးဌာန အကျဉ်း ဦးစီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအဖွဲ့ (ICRC)တို့ပူးပေါင်းဆောင်ရွက်မှုဖြင့် မြောင်းမြ၊ ဘားအံနှင့်မော်လမြိုင်အကျဉ်းထောင်သုံးခု၌ ရေ၊ မိလ္လာစနစ်နှင့် နေရောင်ခြည်စွမ်းအင်သုံးရေတင်သည့်စနစ်များကို စက်တင်ဘာလတွင် စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အပြည်ပြည်ဆိုင်ရာကြက်ခြေနီအဖွဲ့ (ICRC) မှ Water and Habilat Engineer ဆွစ်ဇာလန်နိုင်ငံသား Mr. Eric Weissen နှင့် ရေသန့်အင်ဂျင်နီယာ ဦးမောင်မောင်ဦး၊ ဦးစောရည်မွန်တို့အဖွဲ့သည် အကျဉ်းဦးစီးဌာနမှ တာဝန်ရှိသူများ၊ အင်ဂျင်နီယာများနှင့် ဇူလိုင် ၁ ရက်မှ ၅ ရက်အထိ မော်လမြိုင်၊ဘားအံ၊ မြောင်းမြအကျဉ်းထောင်များသို့ လှည့်လည်ကြည့်ရှုခဲ့ပြီး ဖြစ်သည်။ ICRC အဖွဲ့၏ ကနဦးလေ့လာချက်များအရအဆိုပါအကျဉ်းထောင်သုံးခုတွင် ရေ၊ မိလ္လာစနစ်နှင့် နေရောင်ခြည်စွမ်းအင်သုံးရေတင်သည့် စနစ်များ ပြုပြင်ဆောင်ရွက်ခြင်းတို့အတွက် ပံ့ပိုးပေးမည့်ပစ္စည်းများတန်ဖိုး လျာထားချက်မှုမှာ (အလုပ်သမားခ၊ သယ်ယူစရိတ်၊ အခြားကုန်ကျ စရိတ်များ ထည့်သွင်းတွက်ချက် မရှိသေး)ကျပ် ၁,၃၆၆ သိန်း သုံးစွဲသွားမည်ဖြစ်သည်။

## တောင်သူလုပ်ငန်းအထောက်အကူပြု မိုးလေဝသနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ပထမအကြိမ်ဟောပြောမည်

မျိုးမင်းဦး

**မုံရွာ၊ ဩဂုတ် - ၈**

ချင်းတွင်းမြစ်အနောက်ဘက်ကမ်း မုံရွာတစ်ဖက်ကမ်းမြို့နယ်များဖြစ်သည့် ပုလဲမြို့နယ်၊ ယင်းမာပင်မြို့နယ်နှင့်ဆားလင်းကြီးမြို့နယ် အတွင်း တောင်သူလုပ်ငန်းများ အထောက်အကူဖြစ်စေမည့်မိုးလေဝသနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာအသိပညာပေးဟောပြောပွဲကို ပထမအကြိမ်အဖြစ် ပုလဲမြို့နယ်၊ပုထိုးသာကျေးရွာ၊ ရွှေမေတ္တာ မြောက်ယမားချောင်းကူးတံတားတည်ဆောက်ရေးစီမံကိန်းအနီးတွင် ဩဂုတ်လ ၁၉ ရက်၌ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်းသိရှိရသည်။

"မိုးလေဝသပညာရှင်ဒေါက်တာထွန်းလွင်ရဲ့ဟောပြောပွဲကို ပုလဲမြို့နယ်မှာ ပထမဆုံးအကြိမ် ကျင်းပပြုလုပ်မှာဆိုတော့ချင်းတွင်းမြစ်အနောက်ဘက်ကမ်းဆားလင်းကြီးမြို့နယ်၊ ယင်းမာပင်မြို့နယ်၊ ပုလဲမြို့နယ်တွေက တောင်သူတွေပိုစိတ်ဝင်စားတယ်။ ဒီနေ့ခေတ်ရာသီဥတုပြောင်းလဲမှုတွေကြောင့် တောင်သူတွေ သီးနှံ အထွက်မကောင်းတာတွေ ကြုံတွေ့ခဲ့ရတဲ့နောက်ပိုင်းမှာ တောင်သူတော်တော်များများမိုးလေဝသသတင်းတွေပိုစိတ်ဝင်စားတယ်။ မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်ကိုယ်တိုင်ပုလဲမြို့နယ်အတွင်းမှာ လာရောက်ဟောပြောမှာဆိုတော့ တောင်သူတွေပိုစိတ်ဝင်စားတယ်။ မိုးလေဝသ ပညာရှင်သာမကစာရေးဆရာနေဝင်းမြင့်ကလည်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့စာပေအသိပညာတွေဟောပြောဖို့စီစဉ်ထားတယ်"ဟု ပုလဲမြို့နယ်၊ ပုထိုးသာကျေးရွာ ရွှေဆံပင် ပရဟိတလူငယ်များအဖွဲ့တာဝန်ရှိသူတစ်ဦးကပြောသည်။

မိုးလေဝသနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာစာပေအသိပညာဟောပြောပွဲအား ပုလဲမြို့နယ်၊ပုထိုးသာကျေးရွာတွင် ပထမအကြိမ်ကျင်းပမည်ဖြစ်ပြီး မိုးလေဝသပညာရှင်ဒေါက်တာထွန်းလွင်နှင့် စာရေးဆရာ နေဝင်းမြင့်တို့က ဟောပြောမည် ဖြစ်ကြောင်းသိရှိရသည်။

အဆိုပါ ဟောပြောပွဲဖြစ်မြောက်ရေးအတွက်ရွှေဆံပင်လမ်းတံတားအကျိုးတော်ဆောင်ဆရာတော်များနှင့်ရွှေဆံပင်ပရဟိတလူငယ်များအဖွဲ့က ဦးဆောင်ကျင်းပခြင်းဖြစ်ကြောင်း သိရှိရသည်။

# စည်ပင်ဧရိယာအတွင်း လိုင်စင်မဲ့အသားထုတ်လုပ်မှုများ ဖမ်းဆီးအရေးယူ

**စိုင်းသာအောင်**

**မန္တလေး၊ ဩဂုတ်-၁၁**

မန္တလေးမြို့တော်စည်ပင်ကော်မတီဈေးနှင့် သားသတ်ဌာနမှ မြို့တော်ဧရိယာအတွင်း တရားမဝင်လိုင်စင်မဲ့ သားသတ်မှုများကို ဈေးနှင့် သားသတ်ဌာန၊ မြို့တော်စည်ပင်ရဲတပ်ဖွဲ့တို့ ပူးပေါင်း၍ ရှာဖွေဖော်ထုတ်ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်းကိစ္စနှင့် ပတ်သက်၍ ဈေးနှင့်သားသတ်ဌာနမှူး ဦးသာထွန်းကျော်က “ကျွန်တော်တို့မြို့တော် ဧရိယာအတွင်းမှာ ဆိတ်၊ နွား၊ ဝက်တို့ ရောင်းချရန် လိုင်စင်စီများချထားပါတယ်။ အဲဒီတိရစ္ဆာန်တွေ ကျန်းမာမှုရှိ၊ မရှိ၊ စားသုံးသူလူထုအတွက်အန္တရာယ်ရှိ၊မရှိဈေးနှင့် သားသတ်ဌာနက တိ/မွေးကုဆရာဝန်ကစစ်ဆေးပါတယ်။ စားသုံးသူအတွက်အန္တရာယ်ကင်းရှင်းမှ အသားထုတ်လုပ်ခွင့်ပြုပါတယ်။ အခု လောလောဆယ် ဝက်နားရွက်ပြာရောဂါကြောင့် ဝက်တွေကို ဂရုတစိုက်စစ်ဆေးပါတယ်။ လိုင်စင်မဲ့အသားတွေက မြို့လူထုအတွက် ကျန်းမာမှုနှင့် ပြည့်စုံတဲ့အသားတို့သတ်မှတ်လို့မရပါဘူး။ ဒါကြောင့် မြို့တော်ဧရိယာအတွင်း ဝက်၊ နွား၊ ဆိတ်လိုင်စင်မဲ့ အသားထုတ်လုပ်မှုကို ခွင့်မပြုပါဘူး။ စစ်ဆေးတွေ့ရှိရင မြို့တော်စည်ပင်အက်ဥပဒေပုဒ်မ-၂၆အရ အမှုဖွင့်အရေးယူပါတယ်”ဟုပြောသည်။

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် အကွက် ၆ ပေ ၃၄ လမ်း × ၃၅ လမ်းကြား၊ ၇၄×၇၅ လမ်းကြားတွင် လိုင်စင်မဲ့ နွားများသတ်ဖြတ်မှုရှိနေကြောင်း သတင်းရသဖြင့် ဈေးနှင့် သားသတ်ဌာန၊ ချမ်းအေးသာစံမြို့နယ် စည်ပင်အုပ်ချုပ်ရေးမှူး၊ စည်ပင်ရဲတပ်ဖွဲ့တို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၉ ရက် နေ့လယ် ၁ နာရီက ဝင်ရောက်ဖမ်းဆီးခဲ့ရာ လိုင်စင်မဲ့နွားအသားထုတ်လုပ်သူနှစ်ဦးထံမှ နွားအရိုး၊ အသား ၁၇၃ ပိဿာဖမ်းဆီးရမိခဲ့ကြောင်း၊ ၎င်းတို့နှစ်သီးအား အထူးတရားရုံး (စည်ပင်သာယာ) သို့ စည်ပင်အက်ဥပဒေ ၂၆ အရ ချက်ချင်းတရားခွဲဆိုတင်ပို့ရာ လိုင်စင်မဲ့နွားအသားထုတ်လုပ်သူနှစ်ဦးအား ထောင်ဒဏ် ၇ ရက်နှင့် ငွေဒဏ်ကျပ် ၁၀၀၀၀ ဒဏ်ရိုက်ခဲ့ကြောင်း ဈေးနှင့်သားသတ်ဌာနမှူးက အတည်ပြုပြောကြားသည်။



**လိုင်စင်မဲ့ အသားထုတ်လုပ်မှုများက ရောဂါကူးစက်ဖြစ်ပွားမှုများကို ထိန်းချုပ်ရန် ခက်ခဲစေသည်**

# မသကၤာ၍ စစ်ဆေးရာမှ စက်သုံးဆီတင်ယာဉ်တွင် တရားမဝင် ကျွန်းခွဲသားများ တွေ့ရှိ

**စောရန်နိုင်**

**မကွေး၊ ဩဂုတ်-၇**

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်တွင်စက်သုံးဆီတင်ယာဉ်အား မသင်္ကာ၍ စစ်ဆေးရာမှ တရားမဝင်ကျွန်းသစ်ခွဲသားများရှာဖွေတွေ့ရှိခဲ့သည်ဆိုမှု ဇူလိုင် ၂၄ ရက်တွင်ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါနေ့ နေ့လယ် ၂နာရီ၃၀ မိနစ်ချိန်ခန့်တွင် အဆိုပါမြို့နယ်၊ ပြလို့စခန်းမှူးဒုရဲအုပ်မိုးသူမှာ အောင်လံမြို့နယ်အတွင်းရှိဘွက်ကြီးတံတား၌ လုံခြုံရေးတာဝန်ယူဆောင်ရွက်နေသည့် ဒုရဲအုပ်ဇော်လင်းထွန်းအဖွဲ့နှင့်အတူ အောင်လံမြို့ဘက်မှ ပြည်မြို့ဘက်သို့ မောင်းနှင်လာသည့်ဆီဂါလန် ၁,၆၀၀ ဆံ့စာတန်းပါဟီးနိုးအနီရောင် ၆ ဘီးစက်သုံးဆီတင်ယာဉ်အား အဆိုပါတံတားမြောက်ထိပ်၌ ရပ်တန့်ထားသည်ကို မသင်္ကာသဖြင့် သစ်တောဦးစီးဌာနမှ တောအုပ်ကြီးစောနောင်နှင့်အဖွဲ့များ၊ မြစ်နားရွာအုပ်ချုပ်ရေးမှူးနှင့်အဖွဲ့တို့မှ ပူးပေါင်း၍ ထိုယာဉ်အား ရှာဖွေစစ်ဆေးခဲ့ရာယာဉ်ပေါ်စက်သုံးဆီကန်အတွင်း သိုဝှက်သယ်ဆောင်လာသော တရားမဝင် ကျွန်းခွဲသားဆိုဒ်စုံ ၃၀ ချောင်း၊ ၂ ဒသမ၄၇၈၂တန်၊ ကာလတန်ဖိုးကျပ် ၁,၁၁၅,၁၉၀ ဖိုးအား တွေ့ရှိခဲ့သဖြင့် ယာဉ်မောင်းနေမင်းထွန်းနှင့် ယာဉ်နောက်လိုက်ဖိုးကျော်တို့အား ဥပဒေအရအရေးယူပေးပါရန်တိုင်တန်းခဲ့ရာ သက်ဆိုင်ရာ အောင်လံမြို့နယ် ရဲစခန်းမှ (ပ) ၃၇/၁၁၊ ပပက၆(၁)ဖြင့် အမှုဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

# ချင်းတွင်း သလ္လာဝတီ (၆) သင်္ဘောအား သီဟထွန်းကုမ္ပဏီနှင့် အကျိုးတူပူးပေါင်းပြေးဆွဲ

**ရန်နိုင်ကျော်**

**မုံရွာ၊ ဩဂုတ်-၈**

ချင်းတွင်း ရေကြောင်းသွား သလ္လာဝတီ(၆)သင်္ဘောအားယခုနှစ်ဇူလိုင်လမှစ၍ သီဟထွန်းကုမ္ပဏီ၊ အောင်သိန်းသန်း ရေယာဉ်နှင့် ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးတို့ အကျိုးတူပူးပေါင်း ပြေးဆွဲခဲ့ကြောင်း သိရှိရသည်။

“သီဟထွန်းကုမ္ပဏီ၊ အောင်သိန်းသန်းရေယာဉ်နဲ့ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးတို့အကျိုးတူပူးပေါင်းပြီး သလ္လာဝတီ(၆) သင်္ဘောကိုဇူလိုင်လဆန်းကစပြီး ပြေးဆွဲနေပြီ။ တစ်ပတ်ခြား ဗုဒ္ဓဟူးနေ့တိုင်း မုံရွာဆိပ်ကမ်းက ထွက်ခွာပြီး တစ်ပတ်ခြားတနင်္လာနေ့တိုင်းခန္တီးဆိပ်ကမ်းကထွက်ခွာပြေးဆွဲနေပါတယ်။ သီဟထွန်းကုမ္ပဏီနဲ့အကျိုးတူပြေးဆွဲတဲ့သလ္လာဝတီ (၆) မုံရွာ-ခန္တီး ခရီးစဉ်တတိယအကြိမ်အဖြစ်ဩဂုတ်လ(၁၀)ရက်မှာပြေးဆွဲပေးမှာဖြစ်ပါတယ်။ သလ္လာဝတီ (၆) သင်္ဘောခရီးစဉ်မှာ ရိုးရိုးတန်းအဖြစ်ဆိပ်ကမ်းမြို့အကွာအဝေးပေါ်မူတည်ပြီး ဈေးကွာဟချက်ရှိပေမယ့်အထူးတန်းအိပ်တန်းမှာခရီးစဉ်အစအဆုံးပဲလိုက်လိုက် လမ်းဆင်းခရီးစဉ်ပဲလိုက်လိုက် ကျပ်နှစ်သောင်းနှုန်းနဲ့ ပြေးဆွဲနေပါတယ်။ကုန်တန်ဆာခအဖြစ် တစ်ပိဿာကျပ် ၅၀ နှုန်းနဲ့ချင်းတွင်းမြစ်ရိုးဆိပ်ကမ်းမြို့တွေကိုသယ်ယူပို့ဆောင်ပေးပါတယ်” ဟု မုံရွာမြို့ ပြည်တွင်းသင်္ဘောခရီးစဉ်လက်မှတ်အရောင်းဌာနသလ္လာဝတီ(၆)ခရီးစဉ်လက်မှတ်ရောင်းချရေးအဖွဲ့ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

သီဟထွန်းကုမ္ပဏီသည် စီးပွားရေးကုမ္ပဏီကြီးများနှင့်မုံရွာမြို့ပေါ်ရှိစီးပွားရေး လုပ်ငန်းရှင်ကြီးများ စုပေါင်းတည်ထောင်ထားသော ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်သည့် ကုမ္ပဏီဖြစ်သည်။

အဆိုပါကုမ္ပဏီမှ မုံရွာစက်မှုဇုန်တွင်အကြီးစားသံရည်ကျိုစက်ရုံတည်ထောင်ထားပြီး လယ်ယာလုပ်ငန်းသုံးစက်ကိရိယာများ၊ထမင်းပေါင်းအိုးများ၊မော်တော်ယာဉ်အစိတ်အပိုင်းများထုတ်လုပ်ခဲ့ပြီးယခုနှစ်ဇွန်လကုန်မှစ၍ ချင်းတွင်းရေကြောင်းသွား သလ္လာဝတီ(၆) သင်္ဘောအား ပြည်တွင်းရေကြောင်းပို့ဆောင်ရေးနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်းသိရှိရသည်။

သလ္လာဝတီ (၆) မုံရွာ-ခန္တီးခရီးစဉ်တွင်ရိုးရိုးတန်းအဖြစ်မုံရွာ-မင်းကင်း ၂,၀၀၀ ကျပ်၊ မုံရွာ-ကလေးဝ ၃,၀၀၀ ကျပ်၊ မုံရွာ-မော်လိုက် ၄,၀၀၀ ကျပ်၊ မုံရွာ-ဟုမ္မလင်း ၇,၀၀၀ ကျပ်၊ မုံရွာ-ခန္တီး ၈,၀၀၀ ကျပ်ဖြစ်ပြီး မုံရွာ-ခန္တီး အထူးတန်း(အိပ်စင်)အဖြစ် ကျပ်နှစ်သောင်း သတ်မှတ်ထားကြောင်း သိရှိရသည်။

# တောင်တွင်းကြီး-လားရှိုး အမြန်ယာဉ်လိုင်းသစ်ဖွင့်

**လှမြင့်**

**မကွေး၊ ဩဂုတ်-၇**

စွယ်တော်ဖူးမှန်လုံ(အထူး)အမြန်ယာဉ်လိုင်းသစ်မှ တောင်တွင်းကြီး မကွေး-မန္တလေး-ပြင်ဦးလွင်-လားရှိုးခရီးစဉ် တိုးချဲ့ဖွင့်လှစ်ပွဲကို ဇူလိုင် ၂၄ ရက်နံနက် ၇ နာရီတွင် တောင်တွင်းကြီးမြို့အဆိုပါယာဉ်လိုင်းဂိတ်ရှေ့၌ ကျင်းပခဲ့သည်။

အဆိုပါခရီးစဉ်ကို နေ့စဉ် အချိန်မှန်အသွားအပြန် မှန်လုံလေအေးစက်ပါသော မော်တော်ယာဉ်အသစ်များဖြင့် ပြေးဆွဲသွားမည်ဖြစ်သည်။

တောင်တွင်းကြီးမှ နေ့စဉ် နံနက် ၅ နာရီထွက်၍ လားရှိုးမှ နံနက်၉နာရီတွင်ထွက်ခွာမည်ဖြစ်သည်။


တောင်တွင်းကြီးမှလားရှိုးသို့ လူတစ်ဦးလျှင် ကားခငွေ ကျပ် ၁၄,၀၀၀၊ ပြင်ဦးလွင်သို့ ၈,၅၀၀ ကျပ်၊ မန္တလေးသို့ ၆,၀၀၀ ကျပ်၊ မကွေးသို့ ၁,၅၀၀ ကျပ်နှုန်းဖြင့် ပြေးဆွဲသွားမည်ဟု သိရသည်။

# စိုက်ပျိုးရေးကုမဏီအချို့ မန္တလေးတိုင်းဒေသကြီးအတွင်း မြန်မာ့သနပ်ခါးစိုက်ပျိုးထုတ်လုပ်ရန် စီစဉ်

**မျိုးမင်းဦး**

**မုံရွာ၊ ဩဂုတ်-၁၀**

မန္တလေးတိုင်းဒေသကြီးအတွင်း ကျောက်ကုန်းမြေများတွင် စိုက်ပျိုးရေးကုမ္ပဏီအချို့ သနပ်ခါးစိုက်ပျိုးထုတ်လုပ်ရန်မြေဝယ်ယူသူများ၍ သနပ်ခါးစိုက်ပျိုးရေးဝါရင့်တောင်သူများအား သနပ်ခါးစိုက်ပျိုးရေးပညာရှင်အဖြစ်ခေါ်ယူလျက်ရှိကြောင်း အရာတော်မြို့နယ်ဒေသခံသနပ်ခါးစိုက်တောင်သူများကပြောကြားသည်။



“မန္တလေးတိုင်းအတွင်းမှာ စဥ့်ကိုင်မြို့နယ်၊ တံတားဦးမြို့နယ်၊ ညောင်ဦးမြို့နယ်တွေမှာစိုက်ပျိုးရေးကုမ္ပဏီတွေ သနပ်ခါးစိုက်ပျိုးဖို့ ကျောက်ကုန်းမြေတွေဝယ်ယူပြီး အရာတော်မြို့နယ်အတွင်းက ဝါရင့်သနပ်ခါးစိုက်တောင်သူတွေကိုသနပ်ခါးစိုက်ပျိုးရေးပညာရှင်တွေအဖြစ်ခေါ်ယူတာတွေရှိတယ်။ မန္တလေးတိုင်းဒေသကြီးအတွင်းညောင်ဦးမြို့မှာ ရွှေပြည်နန်းသနပ်ခါးကလွန်ခဲ့တဲ့ ငါးနှစ်လောက်ကစပြီး အရာတော်ဒေသကသနပ်ခါးမျိုးတွေနဲ့ စတင်စိုက်ပျိုးခဲ့ပြီးသနပ်ခါးသမိုင်းပြတိုက်ကိုလည်း ဖွင့်လှစ်ခဲ့တယ်။ ဒီနှစ်မှာ စိုက်ပျိုးရေး ကုမ္ပဏီတွေက စဉ့်ကိုင်မြို့နယ်၊ စဉ့်ကူးမြို့နယ်နဲ့ တံတားဦးမြို့နယ်တွေ အတွင်းက ကျောက်ကုန်းမြေတွေကိုသနပ်ခါးစိုက်ဖို့မြေဝယ်ယူသူတွေပိုများလာတယ်”ဟုအရာတော်မြို့နယ်၊ ဇီးပင်လယ်ကျေးရွာ ဒေသခံဝါရင့်သနပ်ခါးစိုက်တောင်သူတစ်ဦးကပြောသည်။

အရာတော်မြို့နယ်အတွင်း ဝါရင့်သနပ်ခါးစိုက်တောင်သူများအား သနပ်ခါးခြံကြီးကြပ်ပညာရှင်များအဖြစ်ခန့်အပ်ပြီး သနပ်ခါးခြံအလုပ်သမားလည်း အရာတော်မြို့နယ်အတွင်းမှခေါ်ယူခဲ့ကြောင်း သိရှိရသည်။ မန္တလေးတိုင်းဒေသကြီးအတွင်း သနပ်ခါးစိုက်ပျိုးမည့်ကုမ္ပဏီများသည် အရာတော်မြို့နယ်အတွင်းဈေးကွက်ဝင်သနပ်ခါးမျိုးစိတ်ဖြစ်သည့် ဇီးပင်လယ်ကျေးရွာစိန်မင်း မြန်မာ့သနပ်ခါးမျိုးစေ့များဖြင့် စိုက်ပျိုးသူပိုများကြောင်း အဆိုပါ သနပ်ခါးစိုက်ပျိုးရေးကုမ္ပဏီများတွင် လုပ်ကိုင်လျက်ရှိသော သနပ်ခါးစိုက်ပျိုးရေးပညာရှင်များပြောပြချက်အရ သိရှိရသည်။

စိုက်ပျိုးရေး ကုမ္ပဏီများ ကျောက်ကုန်းမြေများတွင် သနပ်ခါး စိုက်ပျိုးရေး တွင်တွင်ကျယ်ကျယ်စိုက်ပျိုးလာသဖြင့် အရာတော်ဒေသအတွင်း မျိုးကောင်းမျိုးသန့်သနပ်ခါးအသီးတစ်လုံးလျှင် ကျပ်တစ်ရာ၊တစ်ပြည်လျှင် ကျပ်ခြောက်သောင်းဝန်းကျင်အထိအရောင်းအဝယ်ဖြစ်နေသည်။

# ငါးနှစ်အရွယ် ကလေးငယ်အား မဖွယ်မရာပြုသူ ထောင်ဒဏ်ရှစ်နှစ်ချမှတ်ခံရ

**စိုင်းသာအောင်**

**မန္တလေး၊ ဩဂုတ်-၅**

ရှမ်းပြည်နယ်တောင်ကြီးခရိုင်တရားရုံးမှ ရာဇဝတ်ကြီးမှုအမှတ် ၁၆၁/၂၀၁၀ ဖြင့် လက်ခံစစ်ဆေးခဲ့သော အရွယ်မရောက်သေးသောအမျိုးသမီးငယ်တစ်ဦးအား စော်ကားမှုဖြင့် တောင်ကြီးမြို့ ကျောင်းကြီးစုရပ်ကွက်နေပြည့်ဖြိုး(၁၉)နှစ်အားပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၇၇ ဖြင့်ပြစ်မှုထင်ရှားသဖြင့် အလုပ်နှင့်ထောင်ဒဏ် ရှစ်နှစ်ကျခံစေရန် ဇွန်လ ၂ ရက်က ပြစ်ဒဏ်ချမှတ်ခဲ့သည်။

အမှုဖြစ်စဉ်မှာ ၂၀၁၀ ပြည့်နှစ်နိုဝင်ဘာ ၁၇ ရက်ည ၈ နာရီခန့်ကတောင်ကြီးမြို့၊. . . ရပ်ကွက်နေ မ. . . (၃၈)နှစ်သည် တောင်ကြီးမြို့တန်ဆောင်တိုင်မီးထွန်းပွဲတော် မီးပုံးပျံကွင်းတွင် ဈေးရောင်းနေစဉ် ညီဖြစ်သူက လာရောက်ပြောပြ၍ မ. . ၏သမီး မ. . ငါးနှစ်မှာ ငိုနေကြောင်း ပြောပြသည်။ အမေဖြစ်သူသည် ယာယီတဲသို့ပြန်လာပြီးသမီးဖြစ်သူအား မေးမြန်းကြည့်ရာ တောင်ကြီးမြို့၊ ကျောင်းကြီးစုရပ်ကွက်နေပြည့်ဖြိုးဆိုသူက မဖွယ်မရာပြုလုပ်ခဲ့ကြောင်းပြောသည်။ သမီးဖြစ်သူအားကြည့်ရှုစစ်ဆေးပြီး တိုင်ကြားခဲ့သဖြင့်တောင်ကြီး အမှတ်(၁)ရဲစခန်းက(ပ)၄၀၃/၂၀၁၀ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၃၇ ဖြင့် တရားစွဲဆိုတင်ထားသည်။

7 DAY NEWS JOURNAL
Vol.10, No.22 · AUGUST 18, 2011

# မန်းကုန်စည်ဒိုင် ရောင်းသူဝယ်သူ ညှိနှိုင်းရေးအဖွဲ့ ဖွဲ့



**ညီညီဇော်**

**မန္တလေး၊ ဩဂုတ် - ၁၃**

မန္တလေးကုန်စည်ဒိုင်တွင် ရောင်းသူဝယ်သူ ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ကို ဩဂုတ်လ ၁၂ ရက်က စတင်ဖွဲ့စည်းလိုက်ကြောင်း သတင်းရရှိသည်။ ၎င်းအသင်းကို မန္တလေးမြို့ ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်းရှိ အလုပ်အမှုဆောင်အဖွဲ့မှ ဦးစီး၍ ဖွဲ့စည်းပေးခြင်းဖြစ်ပြီး ရောင်းသူနှင့် ဝယ်သူအရောင်းအဝယ်ကိစ္စရပ်များတွင် အဆင်ပြေစွာပူးပေါင်းညှိနှိုင်းဆောင်ရွက်ရန်အတွက် ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း မန္တလေးမြို့ ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ထို့ပြင် အရောင်းအဝယ်များမှန်ကန်စေရန်၊ အရောင်း အဝယ်ပြုလုပ်ရာတွင် မသမာမှုနည်းပါးစေရန်၊ ပဲနှမ်းများတွင် ဖုန်၊ သဲ၊ ခဲများရောနှောမှု ကင်းရှင်းစေရန် ရောင်းသူဝယ်သူ နှစ်ဦးနှစ်ဖက် အရောင်းအဝယ် ချောမွေ့စေရန်၊ ရောင်းသူဝယ်သူပြဿနာဖြစ်လာပါက နှစ်ဦးနှစ်ဖက်ကိုညှိနှိုင်းဆောင်ရွက်ပေးရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း ၎င်းတာဝန်ရှိသူကဆိုသည်။ ၎င်းအသင်းကြီးတွင် မန္တလေးကုန်စည်ဒိုင် စည်းကမ်းထိန်းသိမ်းရေးအဖွဲ့မှ ကိုယ်စားလှယ် ၇ ဦး၊ ရောင်းသူဘက်မှ ကိုယ်စားလှယ် ၇ ဦး၊ ဝယ်သူဘက်မှ ကိုယ်စားလှယ် ၇ ဦး စုစုပေါင်း ၂၁ ဦးဖြင့် စတင်ဖွဲ့စည်းလိုက်ပြီဖြစ်ကြောင်း ယခုအသင်းခေါင်းဆောင်ကို မန္တလေးကုန်စည်ဒိုင်ရှိ စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ခေါင်းဆောင်မှ ဦးဆောင်မည်ဖြစ်ကြောင်း သိရသည်။ “ဒီအသင်းလေးလုပ်လိုက်ရင် အရောင်းအဝယ်ပိုင်းမှာ ကတိပျက်တာမျိုးတွေ၊ သဲတွေခဲတွေရောတာတွေ အကုန်ပေ့ါဗျာ။ ဖြေရှင်းပေးလာနိုင်မှာပေ့ါ။ ကျွန်တော်တို့ မန္တလေးကုန်စည်ဒိုင်တင်မကဘဲ ဒီကုန်စည်ဒိုင်နဲ့ ပတ်သက်နေရတဲ့ နယ်ကလူတွေပါအကုန်အဆင်ပြေအောင် လုပ်ပေးတဲ့သဘောပါ” ဟု ယင်းအသင်းတွင် ပါဝင်ဆောင်ရွက်မည့်ပွဲရုံလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

# ယာဉ်စစ်ဆေးအရေးယူခြင်းမှ တစ်လအတွင်း ဒဏ်ငွေ ကျပ်သိန်းတစ်ရာကျော်ရ

**ထူးသန့်**

**နေပြည်တော်၊ ဩဂုတ်-၁၁**

၂၀၁၁ဇူလိုင်တစ်ရက်မှစတင်အသက်ဝင်ခဲ့သောနေပြည်တော်စည်ပင်သာယာရေးဥပဒေပုဒ်(၂၆)အရသတ်မှတ်စည်းကမ်းချက်များ ဖောက်ဖျက်ခြင်း၊ မလိုက် နာခြင်းပြုသော ယာဉ်များအားအရေးယူခဲ့ရာ တစ်လအတွင်း၌ပင် စည်ပင်ဒဏ်ငွေသိန်း ၁၀၀ ကျော်ရရှိခဲ့ကြောင်း ဩဂုတ်လကကျင်းပခဲ့သော နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးဆိုင် ရာအခမ်းအနားမှ သတင်းရရှိသည်။ ပြီးခဲ့သည့် ဇူလိုင် ၁၁ ရက်မှ ယခုလ ၅ ရက်အထိ တရားရုံးများမှ ဒဏ်တပ်အရေးယူခဲ့သော ဒဏ်ငွေမှာ ၁၀၆ သိန်းကျော်ရရှိခဲ့ကြောင်း ခရိုင်တရားသူကြီးဦးအုန်းဟန်၏ အစည်းအဝေးတွင် ဖတ်ကြားချက်မှ သိရသည်။ ၎င်းအပြင် အဆိုပါတရားရုံးများမှ ယခုလတစ်ရက်မှ ၅ ရက်အတွင်း တပ်ရိုက်ခဲ့သော စည်ပင်ဒဏ်ငွေမှာပင် ကျပ်သိန်း ၄၀ ကျော်ရရှိခဲ့ကြောင်းလည်း သိရသည်။ အဆိုပါဥပဒေအရသတ်မှတ်စည်းကမ်းချက် ၃၅ ချက်ပါရှိပြီး ယင်းစည်းကမ်းချက်များအား ဖောက်ဖျက်ကျူးလွန်ခြင်း၊ လိုက်နာရန်ပျက်ကွက်ခြင်းပြုပါက သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက် မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ အရေးယူခံရမည်ဖြစ်ကြောင်း ဖော်ပြပါရှိသည်။ လက်ရှိအချိန်တွင် အဆိုပါပြစ်မှုများကို နေပြည်တော်ဇမ္ဗူသီရိတရားရုံး နေပြည်တော်တပ်ကုန်းမြို့နယ်တရားရုံးနှင့် နေပြည်တော် လယ်ဝေးမြို့နယ်တရားရုံးများတွင် ရုံးထိုင်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

# မဟာမုနိ ပ်ရှင်တော်မြတ်သို့ အဂါရဝဖြစ်စေသောအဝတ်များဝတ် လာရောက်ဖူးမြော်သူများရှိလာ

**စိုင်းသာအောင်**

**မန္တလေး၊ ဩဂုတ်- ၁၄**

မန္တလေးမြို့၏ တန်ခိုးကြီးဘုရားဖြစ်သော မဟာမုနိရုပ်ရှင်တော်မြတ်ကြီးတွင် လာရောက်ဖူးမြော်ကြသော မြန်မာအမျိုးသမီးများ၊ လာရောက်လေ့လာကြသော မြန်မာအမျိုးသမီးများ၊ လာရောက်လေ့လာကြသော နိုင်ငံခြားဧည့်သည်များ ယဉ်ကျေးမှုနှင့် ဖီလာဆန့်ကျင်သောဝတ်စားဆင်ယင်မှုများ ရှိနေကြောင်း ကိုယ်တွေ့ကြုံခဲ့ရသူဘုရားဖူးအချို့က ပြောသည်။



*မဟာမြတ်မုနိရုပ်ရှင်တော်မြတ်တွင် တွေ့ရသည့် နိုင်ငံခြားဧည့်သည်များ*

ဓာတ်ပုံ - စိုင်းသာအောင်

မြန်မာနိုင်ငံတွင် ရန်ကုန်၌ ရွှေတိဂုံစေတီတော်ပြီးလျှင် မန္တလေးမဟာမြတ်မုနိ ရုပ်ရှင်တော်မြတ်သည် ဘုရားဖူးလာရောက်သူ အများဆုံး ဖြစ်ကြောင်း သို့သော်လည်း မြန်မာအမျိုးသမီးလေးများ မြန်မာ့ယဉ်ကျေးမှုကို ညှိုးနွမ်းစေသည့် ဘောင်းဘီတို၊ စကတ်တို၊ ဘေးကွဲ၊ နောက်ကွဲ၊ ရှေ့ကွဲများ ဝတ်ပြီး ဘုရားဖူးလာကြကြောင်း နိုင်ငံခြားသားများက ဘောင်းဘီတို နိုင်ငံခြားသူများက ဘောင်းဘီတိုဝတ်ပြီး ဘုရားကိုလာရောက်ကြတာတွေ့ရကြောင်း၊ မဟာမုနိ ရုပ်ရှင်တော်မြတ်ဘုရားသွားရောက်ဖူးမြော်ခဲ့သည့်ဗုဒ္ဓဘာသာဝင်ဘုရားဖူးတစ်ဦးက ပြောသည်။

“မန္တလေးမြို့မှာနိုင်ငံခြားသားတွေ အများဆုံးလာတဲ့ မန္တလေးတောင်ခြေကုသိုလ်တော် ဘုရားမှာလည်းအဂါရဝဝတ်စားဆင်ယင်မှု မပြုဖို့ရေးထားတဲ့ မေတ္တာရပ်ခံချက်စာမတွေ့ရဘူး။ ကုသိုလ်တော်ဘုရားကို ဩဂုတ် ၁၂ ရက်ညနေကဘုရားဖူးရောက်တယ်။ ဘောင်းဘီတိုဝတ်ထားတဲ့နိုင်ငံခြားသူကို ဘုရားဝင်းအတွင်းမှာ တွေ့ခဲ့ရတယ်”ဟု မန္တလေးသားတစ်ဦးက ပြောသည်။

# စာ(၁၅) မြေဂရန်များအတုဖြင့် လိမ်လည်ရောင်းချပေါင်းနှံမှုများ မဖြစ်ပေါ်ရေး ကွန်ပျူတာစနစ်များဖြင့် ပြောင်းလဲကျင့်သုံး မှ

မန္တလေးမြို့မြေသည် ၂၀၀၀ ပြည့်နှစ်နောက်ပိုင်းတွင်အဆပေါင်းများစွာအဖိုးတန်လာသည့်အတွက် ဂရန်အတုများ ဖြစ်ပေါ်လာခြင်းဖြစ်ကြောင်း၌ာနမှူးဦးတင်ထွဋ်က ဆက်လက်ပြောကြားသည်။

မန္တလေးမြို့ ဝါရင့်မြေပွဲစားတစ်ဦးကလည်းနောက်ပိုင်းတွင် ဂရန် အတုပြဿနာများ မကြားရတော့ကြောင်း၊မန္တလေးမြို့တော်ဧရိယာအတွင်း မြေဂရန်အတုပြုလုပ်ရောင်းချ၊ ပေါင်နှံခြင်းများသည် ယခင်က ပေ ၄၀×၆၀ မြေတစ်ကွက်သည် ကျပ်သိန်း ၃၀ ခန့်မှ ကျပ်သိန်း ၁,၅၀၀၊ နေရာကောင်းသောနေရာများတွင် ကျပ်သိန်း ၃,၅၀၀ အထိရှိလာခြင်း၊ ဘိုးဘွားပိုင်မြေများတွင်လည်း မြို့လယ်ဇဟိုဧရိယာ(Down Town) ၂၆ လမ်းနှင့် ၃၅ လမ်းကြား၊ ကမ်းနားလမ်းနှင့်မန္တလေး-ပြင်ဦးလွင်လမ်းကြားတို့တွင် ယခင်ကျပ်သိန်း ၂၀၀ မှ ကျပ်သိန်း ၅၀၀ အတွင်း အဝယ်ဖြစ်ခဲ့သော မြေများသည် ယခုအခါ ကျပ်သိန်း ၂,၀၀၀ မှ ကျပ်သိန်း ၃၀,၀၀၀ အတွင်း ဈေးများ အဆမတန် မြင့်တက်လာခြင်းကြောင့်ဖြစ်ကြောင်း၊ ဘိုးဘွားပိုင်မြေများတွင်လည်း ယခင် ၁၀ နှစ်၊ ၁၅ နှစ်ခင်က မောင်နှမသားခြင်းများအမွေခွဲဝေပြီးသော်လည်း မြေဈေးများအဆမတန်မြင့်လာသည့်အပေါ် အမွေမှုများ (တရားမမှု)ဖြစ်ပေါ်နေပြီး မြေဂရန်ပိုင်ဆိုင်မှုရှုပ်ထွေးမှုများဖြစ်ပေါ်လျက်ရှိကြောင်း ၎င်း၏ အမြင်ကိုပြောကြားသည်။

Java/PHP Web Developer

Columbus Travles

Career Opportunity
(For Local Service Only)

# နိုင်ငံသားပိုင် ငါးဖမ်းလှေများတွင် တရုတ်ကျွမ်းကျင်လုပ်သားများ လုပ်ကိုင်ခွင့်မပြုတော့

**သဇင်ထွေး**

**ရန်ကုန်၊ ဩဂုတ်- ၁၁**

မြန်မာ့ပင်လယ်ပြင်တွင် ငါးဖမ်းဆီးသောနိုင်ငံသားပိုင်ငါးဖမ်းလှေများပေါ်၌ လိုက်ပါလျက်ရှိသည့် တရုတ်ကျွမ်းကျင်ငါးဖမ်းလုပ်သားများကိုစက်တင်ဘာလကုန်အထိသာ လုပ်ကိုင်ခွင့်ပေးတော့မည်ဖြစ်ကြောင်း ငါးလုပ်ငန်းဦးစီးဌာနက လုပ်ငန်းရှင်များထံ သတင်းထုတ်ပြန်လိုက်သည်။

ပင်လယ်ပြင်တွင်ဖမ်းဆီးနေသောငါးဖမ်းစက်လှေများမှာ နိုင်ငံသားပိုင်စက်လှေများဖြစ်ပြီးတရုတ်နိုင်ငံမှတင်သွင်းသောလှေများသာဖြစ်ကြောင်း သိရသည်။ အဆိုပါလှေများပေါ်တွင် ကျားပိုက်(ဘုံကျောင်းပိုက်)သုံးစွဲခြင်းကိုပြည်တွင်းရှိရေလုပ်သားများသုံးစွဲတတ်ရန် တရုတ် ကျွမ်းကျင်လုပ်သားများ လိုက်ပါခြင်းခွင့်ပြုခဲ့ကြောင်းသိရသည်။

"ပင်လယ်ပြင်ကလှေ တော်တော်များများက တရားဝင်တရုတ်နိုင်ငံက တင်သွင်းထားတဲ့ လှေတွေပါ။ ပြည်တွင်းမှာလည်းထုတ်လုပ်တာတွေရှိပါတယ်"ဟုငါးလုပ်ငန်းဦးစီးဌာနမှတာဝန်ရှိသူတစ်ဦးကပြောသည်။

တရုတ်ကျွမ်းကျင် ရေလုပ်သားများကို ငါးလုပ်ငန်းဦးစီးဌာနက ရေလုပ်သားကတ်ပြားပါရှိမှသာလိုက်ပါခွင့်ပြုပြီး အဆိုပါကတ်များကို သုံးလတစ်ကြိမ်သက်တမ်းတိုးလုပ်ကိုင်ခွင့်ပြုခဲ့ကြောင်းသိရသည်။ ယင်းကဲ့သို့လိုက်ပါခွင့်ပြုရာတွင်လည်းလှေတစ်စီးလျှင်တရုတ်ကျွမ်းကျင်ရေလုပ်သားသုံးဦးသာခွင့်ပြုကြောင်းသိရသည်။

ယခုအခါ မြန်မာရေလုပ်သားများမှာလည်း ဘုံကျောင်းငါးဖမ်းပိုက်ကိုကျွမ်းကျင်စွာကိုင်တွယ်လုပ်ကိုင်နိုင်ပြီဖြစ်သောကြောင့် တရုတ်ရေလုပ်သားများကို လုပ်ကိုင်ခွင့် ရပ်နားလိုက်ခြင်း ဖြစ်သည်။ အဆိုပါတရုတ်နိုင်ငံမှတင်သွင်းလာသော ငါးဖမ်းလှေနှင့် တရုတ်ကျွမ်းကျင်ရေလုပ်သားများပါရှိသော လှေများကို မွန်ငါးဖမ်းပိုက်ကွက်နှင့်ရောဝတီငါးဖမ်းပိုက်ကွက်များတွင်တွေ့ရှိရကြောင်းသိရသည်။"တရုတ်ရေလုပ်သားတွေကိုထားရင် မြန်မာရေလုပ်သားတွေကမလုပ်တော့ဘူး။ မလုပ်တော့မတတ်၊ မတတ်တော့ တရုတ်ရေလုပ်သားတွေဆက်ထားရတယ်။ အခုတော့မထားတော့ဘဲ မြန်မာရေလုပ်သားတွေပဲခန့်ခိုင်းထားတယ်"ဟု အထက်ပါပုဂ္ဂိုလ်က ဆက်လက်ပြောကြားသည်။

ကမ်းဝေးငါးဖမ်းလုပ်ငန်းတွင် ပြည်တွင်းထုတ် လှေနှင့် တရုတ်နိုင်ငံမှ တင်သွင်းသောလှေ စုစုပေါင်း ၂,၀၀၀ ကျော်ခွင့်ပြုပေးထားပြီး တရုတ်မှတင်သွင်းသောလှေ ၈၆ စီးရှိကာ တရုတ်ကျွမ်းကျင်ရေလုပ်သား ၁၇၈ ဦးလိုက်ပါလုပ်ကိုင်လျက်ရှိကြောင်း သိရသည်။ ယခုအခါတွင် ငါးဖမ်းလှေများတင်သွင်းခွင့်နှင့်တည်ဆောက်ခွင့်များကိုလည်းရပ်နားထားကြောင်းသိရသည်။

## အလုပ်အတူတူလုပ်သူများနှင့်အဆင်ပြေပါက အသက်ပိုရှည်နိုင်

**တဲလ်အဗစ်၊ ဩဂုတ် - ၉**

စိတ်ကောင်းနှလုံးကောင်းရှိပြီး အားပေးကူညီမှုရှိသော လုပ်ဖော်ကိုင်ဖက်များနှင့် အလုပ်အတူတူလုပ်ရသူများသည် ဘဝတွင်ပိုမိုအဆင်ပြေပြီး အသက်ရှည်ရှည်နေထိုင်နိုင်ကြောင်း အစ္စရေးသုတေသီများက ပြောကြားသည်။

"ကျွန်မတို့ဟာ အလုပ်ထဲမှာအချိန်ကြာကြာပိုပြီး နေရပါတယ်။ စနေ၊ တနင်္ဂနွေရက်တွေမှာတောင် သူငယ်ချင်းတွေနဲ့ တွေ့ဖို့အချိန်သိပ်မရှိပါဘူး" ဟုတဲလ်အဗစ်တက္ကသိုလ်မှ အဖွဲ့အစည်းများဆိုင်ရာ အမူအကျင့်လေ့လာသူ သုတေသီရှယ်ရွန်တိုကာက ပြောသည်။ ထို့အတွက် မိမိလုပ်ကိုင်ရာနေရာသည် စိတ်ပိုင်းဆိုင်ရာ အားပေးသူများရှိသည့် နေရာဖြစ်သင့်ကြောင်း၊ ယင်းသို့မဟုတ်ဘဲလူမှုရေးထောက်ပံ့မှုနည်းနေသောနေရာတွင် အလုပ်လုပ်ကိုင်နေရသူများသည် ထောက်ပံ့မှုရှိသောအလုပ်ခွင်မှ လူများထက် လုပ်သက်အနှစ် ၂၀ အတွင်း



သေ ဆုံးမှု ၂ ဒသမ ၄ ဆပိုများကြောင်း ကျန်းမာရေး စိတ်ပညာဂျာနယ်တွင် အစ္စရေးသုတေသီများကရေးသားသည်။

သုတေသီ ရှယ်ရွန်တိုကာနှင့် အခြားသုတေသီလေးဦးတို့သည် အရွယ်ရောက်ပြီးသူ ၈၂၀ ဦး၏ ကျန်းမာရေးမှတ်တမ်းများကို လေ့လာခဲ့သည်။ ၎င်းတို့သည် အ သက် ၂၅ နှင့် ၆၅ နှစ်ကြားရှိသောလူကြီးများဖြစ်ပြီးလုပ်ငန်းခွင်ထဲတွင် အနှစ် ၂၀ ခန့်ပျမ်းမျှ ၈ ဒသမ ၈ နာရီ အလုပ်လုပ်ခဲ့ကြသူများဖြစ်သည်။ ၎င်းတို့ထဲမှ ၅၃ ဦးသည် သုတေသနပြုလုပ်ချိန် အနှစ် ၂၀ အတွင်းသေဆုံးခဲ့ပြီး ယင်းသေဆုံးသူများသည် ၎င်းတို့၏ လုပ်ငန်းခွင်ထဲတွင် လုပ်ဖော်ကိုင်ဖက်များနှင့် အဆက်အဆံမရှိသလောက်နည်းပါးသူများဖြစ်ကြောင်း သုတေသီများက ရေးသားသည်။

—Ref: PTI

## KOICA က မြန်မာနိုင်ငံတွင် စေတနာ့ဝန်ထမ်းတာဝန်ထမ်းဆောင်ရန် ကိုရီးယားအမျိုးသမီးသုံးဦး စေလွှတ်

သီဟ

**ရန်ကုန်၊ဩဂုတ်-၁၀**

ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ KO-ICA မှ ယခုနှစ်အတွင်းကိုရီးယားနိုင်ငံရပ်ခြားစေတနာ့ဝန်ထမ်း အမျိုးသမီးသုံးဦးအား သက်ဆိုင်ရာဝန်ကြီးဌာနများတွင် တာဝန်ထမ်းဆောင်ရန်ယခုလ ၉ ရက်က မြန်မာနိုင်ငံသို့ စေလွှတ်ခဲ့ကြောင်း သိရသည်။

အဆိုပါစေတနာ့ဝန်ထမ်းအမျိုးသမီးသုံးဦးသည်လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ဆည်မြောင်းနည်းပညာရပ် ဖွံ့ဖြိုးမှုဌာနခွဲ(ပုသိမ်ကြီး) တွင် ကွန်ပျူတာ ကျွမ်းကျင်ပညာရှင်အဖြစ်တစ်ဦး၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနလက်အောက်ရှိ အမှတ် (၁)မူလတန်းကြိုကျောင်းတွင် ကလေးသူငယ်ပြုစုစောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာကျွမ်းကျင်သူတစ်ဦးအဖြစ် တစ်ဦး ဆောင်ရွက်မည်ဖြစ်သည်။

ထို့အပြင်အမှတ် ၂စက်မှုဝန်ကြီးဌာန သာဂရစက်မှုဇုန်တွင်KOICA မှ အကူအညီပေးတည်ဆောက်ထားသည့် စက်မှုသင်တန်းကျောင်း (သာဂရ)တွင်ကွန်ပျူတာပညာရှင်အဖြစ်တစ်ဦး တာဝန်ထမ်းဆောင်ကြမည်ဖြစ်ကြောင်း သိရသည်။ ယခုလက်ရှိတွင်မြန်မာနိုင်ငံ၌တာဝန်ထမ်းဆောင်လျက်ရှိသည့်ကိုရီးယားနိုင်ငံရပ်ခြားစေတနာ့ဝန်ထမ်း ၁၇ ဦးရှိပြီး နည်းပညာကဏ္ဍ၊လယ်ယာစိုက်ပျိုးရေး၊အားကစား၊မွေးမြူရေး နှင့်ကုသရေးအစရှိသည့်ဝန်ကြီး ဌာနများတွင် တာဝန်ထမ်းဆောင်လျက်ရှိသည်။ ထိုသို့ နိုင်ငံရပ်ခြားစေတနာ့ဝန်ထမ်းများစေလွှတ်အမှုထမ်းနိုင်ရန်အတွက် ၁၉၉၈ ခုနှစ်တွင်မြန်မာနိုင်ငံ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးမှု ဝန်ကြီးဌာနနှင့် နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးခဲ့ပြီး ယခုအထိ စေတနာ့ဝန်ထမ်း၁၀၀ ကျော်စေလွှတ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။


**Free Classified**

## ဝန်ထမ်းအလိုရှိသည်

**အခမဲ့ကြော်ငြာကဏ္ဍ**

အမြန်အလိုရှိသည်
ယာဉ်မောင်းဝန်ထမ်း - ကျား၁ဦး
အသက်(၃၅)နှစ်အထက်၊ ကျန်းမာရေးကောင်းမွန်ရမည်။ ရန်ကုန်မြို့တွင်းကျွမ်းကျင်စွာသွားလာနိုင်ရမည်။ ယာဉ်မောင်းကျွမ်းကျင်မှုအပေါ်မူတည်၍ လစာကောင်းမည်။ဓာတ်ပုံတစ်ပုံနှင့်အတူလျှောက်လွှာတင်ရန်။
လပြည့်ဝန်း ပလာဇာ (၁၀)ထပ်၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်။

---

Marketing - မ(၂)ဦး
ယာဉ်မောင်း - ကျား
လက်သမားပညာရှင် - ကျား
**ဖုန်း-၆၆၂၉၄၀၊ ၆၆၀၈၁၃**

---

သန့်ရှင်းရေးဝန်ထမ်း - ကျား(၂)ဦး အလိုရှိသည်။ (ညဆိုင်း)
Night Nurse Staff (I/C) - မ (၂)ဦးအလိုရှိသည်။
**ဖုန်း-၅၅၆၀၀၁၊ ၅၅၆၃၁၆**

---

ဝန်ထမ်းအလိုရှိသည်
ဘော်ဒါအုပ်-ကျား(၁)ဦး
ဘွဲ့ရ(အသက်၂၅-၄၀နှစ်)
လစာငွေ-၇၀,၀၀၀ ကျပ်
**ဖုန်း-၀၅၅-၃၀၈၀၁**

---

ဝန်ထမ်းအလိုရှိသည်
(၁) Chief Accountant - မ (၁) ဦး၊ (၂) Cashier - မ (၁)ဦး
**ဖုန်း-၅၆၆၁၈၇၊ ၅၆၀၉၈၆**

---

M & C
အထည်အရောင်းဖြန့်ချိရေး
Marketing - မ(၂)ဦး
**ဖုန်း-၅၂၇၃၀၃**

---

ဝန်ထမ်းအမြန်အလိုရှိသည်
(၁)အကူဝန်ထမ်း - ကျား
**ဖုန်း-၀၁-၃၉၆၂၃၄**

---

ဝန်ထမ်းအလိုရှိသည်
၁။ Asst; Production Supervisor - ကျား(၃)ဦး
**ဖုန်း-၆၈၅၂၃၃၊ ၆၈၅၆၅၈**

---

အလိုရှိသည်
မီးစက်လုပ်ငန်းအတွက်
(၁) Operator
(၂) Electrician
**ဖုန်း-၀၉-၅၀၀၄၈၃၁၊ ၀၉-၇၃၁၀၀၈၅၀**

---

ဝန်ထမ်းအလိုရှိသည်
၁။ Asst; Accountant - မ(၁)ဦး
၂။ Senior Office Staff - မ(၁) ဦး
**ဖုန်း-၀၁-၂၃၀၀၀၉၄၊ ၀၉-၇၃၀၅၀၂၂၆**

---

၁။ Accountant - မ(၂)ဦး၊ ၂။ Admin Office Staff - မ(၁) ဦး၊ ၃။ ယာဉ်မောင်း - ကျား(၄)ဦး၊
Mikko Food Marketing Co., Ltd
အမှတ်(၆/က)၊ဦးထွန်းမြတ်လမ်း၊ နတ်မောက်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။

---

(၁) Assistant Purchasing Manager၊ (၂) စီမံရေးရာမန်နေဂျာ၊ (၃) အရောင်းမန်နေဂျာ
Mikko Food Marketing Co., Ltd
အမှတ်(၆/က)၊ဦးထွန်းမြတ်လမ်း၊ နတ်မောက်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။

---

ဟိုတယ်ဝန်ထမ်းအလိုရှိသည်
Assistant Supervisor - M(1) Post၊ Receptionist - F(4) Posts၊ Kitchen Helper - M(1) Post
အမှတ်(၁၄)၊ ဘုန်းကြီးလမ်းနှင့်ကမ်းနားထောင့်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။


---

Accountant - F(1)Post
ဘွဲ့ရဖြစ်ရမည်။
Elegant Myanmar Tours Co., Ltd
**ဖုန်း-၀၁-၄၀၁၂၆၁**

---

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ်ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။
အမှန်တကယ်ဝန်ထမ်းခေါ်ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။


ZECUF


အလိုရှိတိုင်း နုပျိုစေမည် . .
Anti Aging Formula
ALODISE


City Mart Supermarket ၏ ၁၅ နှစ်ပြည့် အမှတ်တရ
15TH ANNIVERSARY
City
အထူးထပ်ဆင့်အခွင့်အရေးကြီး
ပစ္စည်းအမျိုးပေါင်းများစွာ
အနည်းဆုံး (၁၅%) အထူးလျှော့ဈေး
+
ကျပ် ၃၀,၀၀၀ ဖိုး ဝယ်ယူသူတိုင်း
ကျပ် ၁,၅၀၀ တန် ကူပွန်
18th – 31st
August, 2011
Co - Sponsor
Bio-essence
BRANDS
LUX
APPETON
GROW
Kanebo
Kracie
OLAY
Ovaltine
ROHTO

Education

7DAY NEWS JOURNAL

Vol.10, No.22 · AUGUST 18, 2011

# ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးနှင့် အမေရိကန်တက္ကသိုလ်တစ်ခုမှ တာဝန်ရှိသူတို့ တွေ့ဆုံဆွေးနွေး

သီဟ

ရန်ကုန်၊ဩဂုတ် - ၇

မြန်မာနိုင်ငံရှိ ကျန်းမာရေးဝန်ထမ်းများ အမေရိကန်နိုင်ငံရှိ Johns Hopkins University တွင် မဟာဘွဲ့လွန်နှင့် ရက်တိုသင်တန်းများ တက်ရောက်နိုင်ရန် ကျန်းမာရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာဖေသက်ခင်နှင့် အဆိုပါတက္ကသိုလ်မှ Director of Asian Studies Professor Dr Karl D.Jackson တို့ ယခုလ ၆ရက်နေ့က ဆွေးနွေးခဲ့ကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးသည် အထက်ပါပုဂ္ဂိုလ်အပြင်ကမ္ဘာ့ဘဏ်ဌာနမှူးဟောင်း Professor Mr.Jennifr Sullivan နှင့် တွေ့ဆုံခဲ့သည်ဟု ယနေ့ထုတ်နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြထားသည်။

တွေ့ဆုံရာတွင် အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့ရှိအဆိုပါ Johns Hopkins University အပါအဝင် ဂျပန်နိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့ရှိ တက္ကသိုလ်များနှင့်ဌာနများသို့ သွားရောက်လေ့လာရေးအစီအစဉ်များအတွက်လည်း ပံ့ပိုးပေးရေးကိစ္စရပ်များကိုလည်း ညှိနှိုင်းဆွေးနွေးခဲ့သည်ဟု သိရသည်။

"အခုလိုလမ်းတွေပွင့်သွားမယ်ဆိုတော့ ကောင်းပါတယ်။ အရင်ကအမေရိကန်ကိုအစိုးရအချင်းချင်းသွားလို့ရတဲ့ အစီအစဉ်သိပ်မရှိဘူး။ အခုပေါ်လာပြီဆိုတော့ ကြို ဆိုရမှာပေါ့"ဟု အထူးကုဆရာဝန်တစ်ဦးကပြောသည်။

# ကလေးသူငယ်စောင့်ရှောက်ရေးပညာရပ်ဆိုင်ရာဒီပလိုမာ စင်ကာပူတွင်တက်ရောက်နိုင်

သီဟ

ရန်ကုန်၊ဩဂုတ် - ၁၀



စင်ကာပူနိုင်ငံပညာရေးဝန်ကြီးဌာန မှအသိအမှတ်ပြုသည့် Diploma in Early Childhood Care & Education-Teaching သင်တန်းအား စင်ကာပူနိုင်ငံရှိ KLC School of Education တွင် တက်ရောက်နိုင်ကြောင်း သိရသည်။

ယင်းသင်တန်းတွင် ကလေးများဖွံ့ဖြိုးတိုးတက်ရေးအတွက် စာတွေ့နည်းစနစ်များသာမက လက်တွေ့လုပ်ကိုင်နိုင်ရန်အတွက် Pre-Srevice Trainees အဖြစ်နာရီ ၃၀၀ လက်တွေ့လုပ်ဆောင်ရမည့် အစီအစဉ်ပါဝင်ကြောင်းသိရသည်။

ထို့ကြောင့် အဆိုပါသင်တန်းတွင်စာသင်ကြားမှုပုံစံမှာ စာသင်ခန်းအတွင်းသင်ကြားမှု နာရီ၉၀၀ နှင့် လက်တွေ့ပိုင်းဆိုင်ရာ သင်ကြားမှု နာရီ ၃၀၀ တို့ဖြစ်ပြီး ပညာသင်ကာလ လ ၂၀ ကြာမြင့်မည်ဖြစ်ကြောင်းသိရသည်။

တက်ရောက်လိုသူများ အနေဖြင့် ဝင်ခွင့်သတ်မှတ်ချက်မှာ ၁၂ တန်းပညာရေးပြီးဆုံးသူများ အင်္ဂလိပ်စာလိုအပ်ချက်အနေဖြင့် IELTS 6.5 ရရှိရမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဒီပလိုမာအတန်းပြီးဆုံးပါက BA(Hons)Early Childhood Care and Education ကို ဆက်လက်တက်ရောက်နိုင်ပြီး ထိုမှတစ်ဆင့် မဟာဘွဲ့သင်တန်းများအထိလည်း ဆက်လက်တက်ရောက်နိုင်ကြောင်းသိရသည်။

## ပညာရေး သတင်းတိုများ

### ဗြိတိန်ပညာရေး ဟောပြောပွဲ ကျင်းပမည်

ရန်ကုန်၊ ဩဂုတ် - ၁၀

ဗြိတိန်နိုင်ငံတွင် ပညာသွားရောက်သင်ယူလိုသော ကျောင်းသားများအတွက် ပညာရေးဟောပြောပွဲ အား ဩဂုတ်လ ၂၂ရက်၊ နံနက် ၁၀ နာရီမှ ၁၂ နာရီအထိ ကုန်သည်ကြီးများ ဟိုတယ်၌ ကျင်းပသွားမည်ဖြစ်ကြောင်း ဗြိတိသျှကောင်စီ (မြန်မာ)မှသိရသည်။ ဗြိတိန်နိုင်ငံတွင် လက်ရှိပညာသင်ယူလျက်ရှိသော ကျောင်းသားသုံးဦးလည်း ယင်းတို့အတွေ့အကြုံများကိုဝေမျှသွားမည်ဖြစ်ပြီး ဘွဲ့ကြိုအဆင့်ပညာရပ်များ သွားရောက်သင်ယူမည့်ကျောင်းသားများအတွက် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

### ဒေါက်တာအောင်ထွန်းသက် ဟောပြောပွဲတက်ရောက်နိုင်

ရန်ကုန်၊ ဩဂုတ် - ၁၀

မြန်မာလူငယ်များ အသိပညာတိုးတက်လာစေရန် ရည်ရွယ်၍ ဒေါက်တာအောင်ထွန်းသက်၏ ဟောပြောပွဲကိုဩဂုတ်လ ၂၁ ရက်တွင် ယုဇနဂါးဒင်းဟိုတယ်၌ ကျင်းပမည်ဖြစ်သည်။ ဟောပြောပွဲကို နေ့လယ် ၂ နာရီတွင် စတင်ပြုလုပ်မည်ဖြစ်ပြီး စိတ်ဝင်စားသူများ တက်ရောက်လေ့လာနိုင်ကြောင်း မြန်မာနိုင်ငံကျွမ်းကျင် ဟိုတယ်ဝန်ထမ်းများအသင်းမှ သိရသည်။

### IELTS ဆိုင်ရာသိမှတ်ဖွယ်ရာများ ဟောပြောမည်

ရန်ကုန်၊ ဩဂုတ် - ၁၀

အင်္ဂလိပ်ဘာသာ စကားကျွမ်းကျင်မှု အရည်အချင်းစစ်စာမေးပွဲဖြစ်သည့် IELTS နှင့်သက်ဆိုင် သောသိမှတ်ဖွယ်ရာများအကြောင်း ဟောပြောပွဲကိုဩဂုတ်လ ၂၂ရက်၊ ညနေ ၅ နာရီ၌ ဗြိတိသျှကောင်စီ စာကြည့်တိုက်တွင် ကျင်းပမည်ဖြစ်သည်။ IELTS ဖြေဆိုရန် အစီအစဉ်ရှိသူများ၊ ဖြေဆိုရန်ပြင်ဆင်လျက်ရှိသူများနှင့် လေ့ကျင့်သင်ကြားပေးသော ဆရာ၊ ဆရာမများအတွက် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ပြီး တက်ရောက်လေ့လာနိုင်ကြောင်း သိရသည်။



# စင်ကာပူတွင် ဒီပလိုမာတန်းတက်ပြီးမှသာ ဩစတြေးလျတက္ကသိုလ်၏ဒုတိယနှစ်သို့ တိုက်ရိုက်တက်နိုင်မည်

သီဟ

ရန်ကုန်၊ဩဂုတ် - ၁၀

ဩစတေးလျရှိMonash University၏ဒုတိယနှစ်သို့တိုက်ရိုက် တက်ရောက်နိုင်ရန်အတွက်စင်ကာပူနိုင်ငံရှိMonash College Singapore တွင် ဒီပလိုမာအတန်းတက်ရောက်ရမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဒီပလိုမာတန်းအား အပိုင်း ၁ နှင့် ၂ဟူ၍ ခွဲခြားထားပြီး ဒီပလိုမာတစ်တန်းလျှင် ရှစ်လစီကြာမြင့်မည်ဖြစ်ကြောင်းသိရသည်။

အဆိုပါ Monash University သည် ဩစတေးလျတွင် အဆင့် ၅ရှိပြီး ကမ္ဘာ့အဆင့် ၄၅ရှိသည့် စီးပွားရေးဘာသာရပ်များကို သင်ကြားပို့ချပေးသည့်ကျောင်း တစ်ကျောင်းဖြစ်သဖြင့် တိုက်ရိုက်ဝင်ခွင့်ရရန်ခက်ခဲသောကျောင်းတစ်ကျောင်းဖြစ်ကြောင်း ပညာရေးအေဂျင်စီတစ်ခုဖြစ်သည့် Crown Education မှ သိရသည်။

စင်ကာပူတွင် ဒီပလိုမာတက်ပြီးအဆိုပါတက္ကသိုလ်သို့ တက်ရောက်မည်ဆိုပါက ကျောင်းစရိတ် ကျပ်သိန်း ၁၀၀ ခန့်သက်သာနိုင်ကြောင်း သိရသည်။

ဝင်ခွင့်သတ်မှတ်ချက်အနေဖြင့် အသက် ၁၆ နှစ်ပြည့်ပြီး တက္ကသိုလ်ဝင်တန်းထူးချွန်စွာအောင်မြင်ပြီးသူများသို့မဟုတ် GCE 'O' စာမေးပွဲတွင်အင်္ဂလိပ်စာအဆင့် C ရရှိသူများသို့မဟုတ် IELTS 5.5 ရရှိသူများ လျှောက်ထားနိုင်ကြောင်းသိရသည်။

7 DAY NEWS JOURNAL
Vol.10, No.22 · AUGUST 18, 2011

## စီးပွားရေးစီမံခန့်ခွဲမှုသင်တန်းဖွင့်မည်

နေလင်းထွန်း

ရန်ကုန်၊ ဩဂုတ် - ၁၀

ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI) နှင့် ထိုင်းနိုင်ငံမှ University of Thai Chamber and Commerce (UTCC) တို့ပူးပေါင်း၍ စီးပွားရေးစီမံခန့်ခွဲမှုမဟာဘွဲ့သင်တန်း(MBA) ဖွင့်လှစ်မည်ဖြစ်သည်။

အဆိုပါသင်တန်းဖွင့်လှစ်ရန်အတွက် ထိုင်းနိုင်ငံရှိတက္ကသိုလ်မှ တာဝန်ရှိသူများနှင့် UMFCCI မှ တာဝန်ရှိသူများ ဩဂုတ်လ ၈ ရက်တွင် သဘောတူလက်မှတ်ရေးထိုးခဲ့သည်။

စီးပွားရေး စီမံခန့်ခွဲမှုမဟာဘွဲ့သင်တန်းသည် ၁၈လ ကြာမြင့်မည်ဖြစ်ပြီး အပတ်စဉ်စနေနှင့် တနင်္ဂနွေနေ့တို့တွင် သင်ကြားပို့ချမည်ဖြစ်ကာ ဘာသာရပ် ၁၅ ခု ပါဝင်မည်ဖြစ်ကြောင်း UMFCCI မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"မကြာခင် သုံး၊ လေးလအတွင်း ဖွင့်ပါမယ်။ သင်တန်းသား ၄၀ လက်ခံပါမယ်။ သူတို့ဆီက ဆရာတွေလွှတ်မယ်။ ဒီကလည်း သူတို့သတ်မှတ်ပေးထားတဲ့ဆရာတွေပါမယ်။ သင်တန်းပြီးရင် ထိုင်းနိုင်ငံကို အလုပ်သင်အနေနဲ့ ရွေးချယ်စေလွှတ်ပါမယ်။ သင်တန်းကြေးကတော့ အပြင်ကထက်သက်သာအောင် စီစဉ်ထားပါတယ်"ဟုဂင်းကပြောသည်။

ယခုနှစ်ပိုင်းတွင် ပြည်တွင်း၌ ပုဂ္ဂလိကအမ်ဘီအေ သင်တန်းများ ဖွင့်လှစ်မှုမြင့်တက်လာနေပြီး ထိုင်းနိုင်ငံရှိ Assumption University မှ အမ်ဘီအေသင်တန်းအား ယခင်နှစ်မှစတင်၍ မြန်မာအင်ဖိုတက်ခ်တွင် ဖွင့်လှစ်ခဲ့ကာ ယင်းဘွဲ့ရရှိရန်အတွက် အမေရိကန်ဒေါ်လာ ၁၀,၀၀၀ ခန့်ကုန်ကျကြောင်း သိရသည်။

## အမေရိကန်သို့ မြန်မာကျောင်းသားသွားရောက်မှု လေးရာခိုင်နှုန်းမြင့်တက်

နေလင်းထွန်း

ရန်ကုန်၊ ဩဂုတ်-၉

**မြန်မာကျောင်းသားများ အမေရိကန်နိုင်ငံသို့သွားရောက်ပညာသင်ယူမှုနှင့်ကျောင်းသားပြည်ဝင်ခွင့်ရရှိမှု ယခင်နှစ်ထက်မြင့်တက်ခဲ့ကြောင်း အမေရိကန်စင်တာ (ရန်ကုန်)တွင် ကျင်းပသည့်ပညာရေးဟောပြောပွဲ၌ ဒေသတွင်းပညာရေးဆိုင်ရာ အကြံပေးအရာရှိကပြောသည်။**

မြန်မာကျောင်းသားသွားရောက်မှုသည် ၄ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး ကျောင်းသားပြည်ဝင်ခွင့် ဗီဇာရရှိမှုသည် ၃၀ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း အထက်ပါ ပုဂ္ဂိုလ်ကဆိုသည်။

ဆယ်စုနှစ်ကာလတစ်ခုခန့်အတွင်း မြန်မာကျောင်းသားဦးရေ ၇,၀၀၀ ခန့်သည် အမေရိကန်နိုင်ငံ၌ ပညာသင်ယူခဲ့ကြပြီး အာဆီယံဒေသတွင်း၌ ဗီယက်နမ်နိုင်ငံမှ ကျောင်းသားအများဆုံး အမေရိကန်နိုင်ငံတွင် ပညာသင်ယူလျက်ရှိကာ ယခင်နှစ်တစ်နှစ်တည်းတွင် ကျောင်းသား ၁၃၀၀၀ ခန့်ပညာသင်ယူလျက်ရှိကြောင်း သိရသည်။

ပြည်ပနိုင်ငံများတွင် သွားရောက်ပညာသင်ယူမည့်ကျောင်းသားများသည် ပထမအဆင့်အနေဖြင့် မိမိအတွက် ပညာသင်ကြားခွင့်ဆိုင်ရာ အခွင့်အလမ်းများ ရှာဖွေခြင်း၊ ဒုတိယအဆင့်အနေဖြင့် ကျောင်းဝင်ခွင့်လျှောက်လွှာ၏လို အပ်ချက်များ ပြည့်စုံအောင် ဆောင်ရွက်ခြင်း၊ တတိယအဆင့်



အနေဖြင့် မိမိလေ့လာသင်ယူလိုသောအကြောင်းအရာကို စမ်းစစ်ရှာဖွေခြင်း၊ စတုတ္ထအဆင့်အနေဖြင့် ကျောင်းသားဗီဇာလျှောက်ထားခြင်း၊ နောက်ဆုံးအဆင့်အနေဖြင့် ပြည်ပသို့ ထွက်ခွာရန် ပြင်ဆင်ခြင်းတို့ကို ဆောင်ရွက်သင့်ကြောင်း အကြံပြုခဲ့သည်။

မြန်မာကျောင်းသားများ နိုင်ငံရပ်ခြားတွင် ပညာသင်ယူရန် သွားရောက်လျက်ရှိရာ အမေရိကန်နိုင်ငံသည်လည်း အပါအဝင်ဖြစ်ပြီး ကျောင်းသား ပြည်ဝင်ခွင့်ဗီဇာရရှိရေးမှာမူ ကျောင်းသားအများစုအတွက် အဟန့်အတားတစ်ခုဖြစ်လျက်ရှိကြောင်း သိရသည်။

## နိုင်ငံတကာရှိ ပညာရေးဆိုင်ရာအဖွဲ့အစည်းများနှင့် ချိတ်ဆက်လိုသူများကို ဝန်ဆောင်မှုပေးမည်


နေလင်းထွန်း

ရန်ကုန်၊ ဩဂုတ် - ၁၀

ပုဂ္ဂလိကစာမေးပွဲစစ်ဆေးသည့်ဌာန တည်ထောင်နိုင်ရန်နှင့် ပြည်ပနိုင်ငံများရှိ ပညာရေးအဖွဲ့အစည်းများနှင့်ချိတ်ဆက်ကာ ကျောင်းတည်ထောင်ဖွင့်လှစ်လိုသူများအတွက် ဝန်ဆောင်မှုဆောင်ရွက်ရန် Education Bank of Myanmar ကို ဖွဲ့စည်းလိုက်ကြောင်းသိရ သည်။

နိုင်ငံတကာရှိတက္ကသိုလ်၊ ကောလိပ်များမှ ပညာရေး ရင်းနှီးမြှုပ်နှံလိုသောအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ရန် ပြည်တွင်းရှိပညာရေးလုပ်ငန်း လုပ်ကိုင်သူများအတွက် ဝန်ဆောင်မှုပေးမည်ဖြစ်ကြောင်း အဆိုပါအဖွဲ့အစည်းမှတာဝန်ရှိသူက သတင်းထောက်များသို့ပြောသည်။

ထို့အပြင် ဗြိတိန်နိုင်ငံရှိနိုင်ငံ တကာအသိအမှတ်ပြုစာစစ်ဌာန အဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ ပုဂ္ဂလိကစာစစ်ဌာနဖွင့်လှစ်နိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ Education Bank of Myanmar ကို ဒဂုံမြို့နယ်၊ နဝဒေးလမ်းရှိအ. ထ. က(၁)ဒဂုံ ကျောင်းရှေ့တွင်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်းသိရသည်။




Vol.10, No.22 · AUGUST 18, 2011

## ADSL ဈေးလျှော့လိုက်သော်လည်း လျှောက်ထားသူအချို့ အဆင်မပြေ

ယုဇနကိုကို

**ရန်ကုန်၊ဩဂုတ်-၁၀**

မြန်နှုန်းမြင့် ADSL အင်တာနက်လိုင်းများ၏ ရောင်းဈေးများ ကို ပုဂ္ဂလိကနှင့် တစ်ပြေးညီဈေးနှုန်းများလျှော့ချပြင်ဆင်လိုက်ပြီဟု အစိုးရကတရားဝင်ကြေငြာချက်ထုတ်ပြန်လိုက်သော်လည်း လျှောက်ထားလိုသူများအနေဖြင့် ဝယ်ယူရန်လျှောက်ထားရာတွင် အခက်အခဲများနှင့်ရင်ဆိုင်နေရကြောင်း သတင်းရရှိသည်။


မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းကယခုကဲ့သို့ADSL လိုင်းများကိုပုဂ္ဂလိကနှင့်အစိုးရတစ်ပြေးညီသတ်မှတ်လိုက်သည့် ကြေညာချက်ကို ပြီးခဲ့သည့် ဇူလိုင်လဒုတိယပတ်က ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

အသုံးပြုလိုသူများမှ ပုဂ္ဂလိကကုမ္ပဏီများသို့ သွားရောက်လျှောက်ထားသည့် အခါတွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ပြောင်းလဲသတ်မှတ်လိုက်သောဈေးနှုန်းဖြင့်ဝယ်ယူခြင်းမပြုနိုင်ကြောင်း သိရသည်။

“သွားလျှောက်တာ ကုမ္ပဏီကသူတို့မသိဘူးလို့ပြောပါတယ်။ သတင်းတွေထဲမှာလည်းဆက်တိုက်ပါလာတော့ တကယ်ပဲ ဈေးကိုလျှော့ချလိုက်ပြီး လျှောက်လို့ရပြီထင်ခဲ့တာ။ အခု ကုမ္ပဏီတစ်ခုမှာ သွားလျှောက်ခဲ့တာမရခဲ့ဘူး” ဟုအဆိုပါအင်တာနက်လိုင်းကိုပုဂ္ဂလိကုမ္ပဏီတစ်ခုတွင် သွားရောက်လျှောက်ထားခဲ့သည့် အမျိုးသမီးတစ်ဦးက ၎င်း၏အတွေ့အကြုံကိုပြောပြသည်။

အစိုးရသတ်မှတ်ဈေးနှုန်းဖြစ်သည့်ကျပ်ခုနှစ်သိန်းဝန်းကျင်ဖြင့်အဆိုပါအင်တာနက်လိုင်းများကို အသုံးပြုနိုင်ရန်အတွက် သွားရောက်လျှောက်ထားခဲ့သည့်နောက်ထပ်လျှောက်ထားလိုသူအမျိုးသားတစ်ဦးကလည်း“ကျွန်တော်တို့က အေဒီအက်စ်အယ်လ်တွေ ခုနှစ်သိန်းဖြစ်သွားပြီဆိုလို့ သွားလျှောက်တာမှာသွားလျှောက်တဲ့ကုမ္ပဏီက သူတို့ဆီမှာ မရဘူးလို့ပြောတယ်။ အဲဒါနဲ့ ဆက်သွယ်ရေးရုံးကိုဖုန်းဆက်ကြည့်တော့ သူတို့ကတော့ရပါတယ်။ ပြန်လျှောက်ကြည့်ပါလို့ပြောတယ်။ သတင်းတွေကလည်း သေချာထုတ်ပြန်ထားတယ်ဆိုတာ သိပါတယ်” ဟု ပြောသည်။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ အဆိုပါကိစ္စနှင့်ပတ်သက်သည့် အဓိကတာဝန်ရှိသူတစ်ဦးကမူ “ အစိုးရက ပုဂ္ဂလိကနဲ့ ဈေးနှုန်းတွေ တစ်ပြေးညီဖြစ်အောင်လို့ ပြင်ပေးလိုက်တာပဲ။တရားဝင်လည်းအသိပေးကြေငြာထားတယ်။ တကယ်လို့ ကုမ္ပဏီတွေမှာလျှောက်လို့မရဖြစ်နေရင်ဆက်သွယ်ရေးရုံးကသက်ဆိုင်တဲ့ဌာနကို ဆက်သွယ်စုံစမ်းနိုင်ပါတယ်” ဟုဆိုသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် မြန်နှုန်းမြင့် ADSL လိုင်းများကိုပုဂ္ဂလိကနှင့် အစိုးရတစ်ပြေးညီဈေးနှုန်းများသတ်မှတ်လိုက်သဖြင့် လက်ရှိဝယ်ယူနိုင်နေသည့်ဈေးနှုန်းများမှာ ကနဦးတပ်ဆင်ခ ကျပ်ခြောက်သိန်းနှင့် မိုဒမ်းတပ်ဆင်ခအပါအဝင် ကျပ်ခုနစ်သိန်းဖြစ်သည် ဟုသိရသည်။



## စီဒီအမ်အေသုံး အင်တာနက်လိုင်းများ ညပိုင်းတွင် ပြတ်တောက်မှုများဖြစ်ပေါ်

နေလင်းအောင်

**ရန်ကုန်၊ ဩဂုတ် - ၈**

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ဝန်ဆောင်မှုပေးလျက်ရှိသည့် စီဒီအမ်အေ ၈၀၀ မဂ္ဂါဟာ့ဇ်သုံး အင်တာနက်စနစ်များမှာ ယခုရက်ပိုင်းအတွင်း ညအချိန်များ၌ မိနစ်ပိုင်းအလိုက်ပြတ်တောက်မှုများ ဆက်တိုက်ဖြစ်ပွားလျက်ရှိကြောင်း သုံးစွဲနေသူများထံမှ သိရသည်။

ယင်းသို့ ပြတ်တောက်မှုဖြစ်နေသည့်အတွက် နေ့ခင်းပိုင်းသုံးစွဲရန်အဆင်မပြေ၍ ညအချိန်စောင့်ဆိုင်းသုံးစွဲနေသူများပါ အခက်ကြုံလျက်ရှိကြောင်းသိရသည်။

“တစ်ပတ်လောက်ရှိပြီ ပြတ်နေတာ။ ဘယ်လိုမှကို သည်းခံသုံးလို့မရတော့ဘူး။ ကျွန်တော်က အလုပ်လုပ်ဖို့ချိတ်ထားတာ။ အခုအခြေအနေအတိုင်းဆို မသုံးဘဲနေတော့မလို့”ဟု ဝက်ဘ်ဆိုက် Moderator တစ်ဦးကပြောသည်။

အဆိုပါ စီဒီအမ်အေပြတ်တောက်မှုမှာ ယခုရက်ပိုင်းအတွင်း ညအချိန်များတွင် ငါးမိနစ်ခြားတစ်ကြိမ်ပြတ်တောက်နေခြင်းဖြစ်ကြောင်း နေ့စဉ်စောင့်ကြည့်သုံးစွဲ နေသူတစ်ဦးကပြောသည်။

စာ(၂၄)သို့

## လျှပ်စစ်စွမ်းအင်မလိုဘဲ သုံးနိုင်သည့် E-Paper တိုင်ပေ တီထွင်

**တိုင်ပေ၊ ဩဂုတ် - ၉**

တိုင်ပေသိပ္ပံပညာရှင်တစ်စုသည် လျှပ်စစ်စွမ်းအင် မသုံးစွဲဘဲ အကြိမ်ကြိမ်ပြန်လည် အသုံးပြုနိုင်ကာပတ်ဝန်းကျင် ထိခိုက်မှုမရှိစေသည့် အီလက်ထရွန်နစ်စက္ကူ e-paper တစ်မျိုးကို တီထွင်လိုက်ကြောင်း သိရသည်။ အဆိုပါ e-paper ကို i2R e-paper ဟုခေါ်ထားပြီး လက်ရှိဈေးကွက်တွင် အသုံးပြုနေသော အီးဘွတ်ခ်နည်းပညာနှင့် မတူကြောင်း သိရသည်။

ယင်း e-paper သည် နောက်ခံအလင်းမလိုအပ်၍ လျှပ်စစ်စွမ်းအင်သုံးစွဲရန်လည်း မရှိဘဲ သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်ကြောင်းဆိုသည်။ တိုင်ပေရှိ စက်မှုနည်းပညာသုတေသနအင်စတီကျူဒ်မှ ပညာရှင်ဖရန့်စီကလည်း “ဒီ e-paper ဟာပုံရိပ်တွေကို ကွေးညွှတ်လွယ်တဲ့ မျက်နှာပြင် တစ်ခုပေါ်မှာ သိုလှောင်ဖို့၊ လွှဲပြောင်းဖို့ အပူချိန်တစ်ခုပဲ



လိုအပ်ပါတယ်” ဟုဆိုသည်။ ၎င်းကယခုနည်းပညာသစ်ကို ဒစ်ဂျစ်တယ်စာအုပ်များ၊ အီလက်ထရွန်နစ်ဘုတ်ပြားများတွင် အသုံးပြုနိုင်မည်ဖြစ်ကာ စာရွက်ပေါ်၌ အကြိမ် ၂၆၀ ခန့်အကြိမ်ကြိမ်ရေး၊ ဖျက် အသုံးပြုနိုင်ကြောင်း ဆိုသည်။

တိုင်ပေသုတေသနအင်စတီကျူဒ်သည် ထိုနည်းပညာကို တိုင်ပေကုမ္ပဏီတစ်ခုသို့လွှဲပြောင်းပေးထားပြီး လာမည့် ၂နှစ်အတွင်း ကမ္ဘာ့ဈေးကွက်သို့ e-paper များ တင်ပို့ရောင်းချရန် ရည်မှန်းထားသည်။

*—Ref: AFP*






# နိုင်ငံခြားသားများအား ဖုန်းငှားရမ်းသည့် စပေါ်ငွေ ထက်ဝက်လျှော့ချ

ယုဇနကိုကို

**ရန်ကုန်၊ဩဂုတ်-၁၀**

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင်နိုင်ငံခြားသားဧည့်သည်များအတွက် မိုဘိုင်းဖုန်းငှားရမ်းသည့် ဝန်ဆောင်မှုတွင် ကြိုတင်စပေါ်ငွေပမာဏကို ထက်ဝက်အထိလျှော့ချလိုက်ပြီဖြစ်ကြောင်း သတင်းရရှိသည်။

ထိုကဲ့သို့ လေဆိပ်အတွင်း မိုဘိုင်းဖုန်းငှားရမ်းသည့်ဝန်ဆောင်မှုတွင် စပေါ်ငွေတင်ခြင်းကို ကြိုတင်လျှော့ချထားလိုက်ရခြင်းမှာ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ သတ်မှတ်ချက်အရဟုသိရသည်။

ထို့အတွက် ယခုလဒုတိယပတ်မှစတင်ပြီး ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင်းမိုဘိုင်းဖုန်းများငှားရမ်းသည့် ဝန်ဆောင်မှုကို ယခင်ပေးဆောင်ရသည့် အမေရိကန် ဒေါ်လာတစ်ရာအစား ယင်းပမာဏ၏ထက်ဝက်ဖြစ်သော ကန်ဒေါ်လာ ငါးဆယ်သာ ပေးဆောင်ရတော့မည်ဖြစ်သည်။

အဆိုပါ ဝန်ဆောင်မှုကို မြန်မာ့ဆက်သွယ်ရေးနှင့် Blue Ocean Co.,Ltd ၊ ရတနာပုံတယ်လီပို့ကုဏီတို့က ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်သည်။ ကုမ္ပဏီဘက်မှ ဆက်သွယ်ရေးလုပ်ငန်းသို့ ဆင်းမ်ကတ်တစ်ကတ်စာအတွက် ငွေကျပ်တစ်သိန်းကြိုတင်ပေးသွင်းထားရသည်။ ထို့အတွက် ကုမ္ပဏီအနေဖြင့် ငှားရမ်းသုံးစွဲသူဘက်မှလည်း ပြန်လည်ပြီးကြိုတင်စပေါ်ငွေ ကန်ဒေါ်လာတစ်ရာကို တောင်းရမ်းခံရခြင်းဖြစ်ကြောင်းသိရသည်။

“အခုလက်ရှိဒေါ်လာပေါက်ဈေးနဲ့ဆိုရင် ဒေါ်လာတစ်ရာက ခုနှစ်သောင်းငါးထောင် ကျပ်ဝန်းကျင်လောက်ပဲရှိတော့တယ်။ အဲ့ဒီတော့ ကုမ္ပဏီအနေနဲ့ အစိုးရကိုစပေါ်ပေးတဲ့အခါမှာလက်ရှိ ဒေါ်လာပေါက်ဈေးနဲ့ဆို နှစ်သောင်းခွဲကျော်စိုက်ရပါတယ်။ အခု ဆက်သွယ်ရေးက ဆင်းမ်ကတ်ပျောက်ဆုံးတာဖြစ်ဖြစ် ပျက်စီးတာဖြစ်ဖြစ် ပြန်လည်ပေးသွင်းရမယ့်ပမာဏကို မြန်မာငွေ ငါးသောင်းကျပ်သတ်မှတ်လိုက်တဲ့အတွက် ကျွန်တော်တို့ကလည်း လေဆိပ်မှာငှားရမ်းတဲ့ပမာဏကို ထက်ဝက်အထိလျှော့ချလိုက်တာပါ” ဟု အဆိုပါကုမ္ပဏီဘက်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

စတင်ဝန်ဆောင်မှုပေးစဉ် အချိန်ကမူ ဆင်းမ်ကတ်အတွက် ကြိုတင်စပေါ်ငွေ ကန်ဒေါ်လာတစ်ရာနှင့် ဖုန်းအိမ်အတွက် ငှားရမ်းခ ဒေါ်လာတစ်ရာဖြင့် စုစုပေါင်း ကြိုတင်ငွေကန်ဒေါ်လာနှစ်ရာပေးဆောင်ရန်သတ်မှတ်ထားခဲ့ကြသည်။ ထိုပမာဏသည် ငှားရမ်းလိုသူဧည့်သည်များအတွက် များပြားလှသည့်အတွက် ယင်းဝန်ဆောင်မှုမှာလည်း ထိရောက်မှုများစွာမရှိခဲ့ကြောင်း စုံစမ်းသိရှိရသည်။

ဆင်းမ်ကတ်အတွက် စပေါ်ငွေ ကန်ဒေါ်လာ ငါးဆယ်နှင့် တစ်ရက်အသုံးပြုခများကို ပေးသွင်းရုံဖြင့် မည်သည့်ဖုန်းအမျိုးအစားကိုမဆို ငှားရမ်းသုံးစွဲနိုင်သည့် ယင်းဝန်ဆောင်မှုကို ရန်ကုန်အပြင် မန္တလေးနှင့် ညောင်ဦးလေဆိပ်များတွင်ပါ ထပ်မံတိုးချဲ့သွားမည်ဖြစ်ကြောင်းသိရသည်။




## ICT Mobile Plan ၏ ဒုတိယငါးနှစ်စီမံကိန်းတွင် ကျေးလက်နေသူများ ဖုန်းအသုံးပြုနိုင်ရေး ထည့်သွင်းဆောင်ရွက်မည်

ယုဇနကိုကို

**ရန်ကုန်၊ဩဂုတ်-၁၀**

ကိုရီးယားနှင့် မြန်မာနှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်နေကြသည့်ICT Master Plan ၏ ဒုတိယအကြိမ်မြောက် ငါးနှစ်စီမံကိန်းတွင် ပြည်တွင်းရှိကျေးလက်နေပြည်သူများ မိုဘိုင်းဖုန်းအသုံးပြုနိုင်ရေးကို ထည့်သွင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း အစိုးရတာဝန်ရှိသူတစ်ဦး၏ပြောကြားချက်အရသိရသည်။

Electronic Telecommunications Research Institute (ETRI) အမည်ရကိုရီးယားနိုင်ငံ၏ အဖွဲ့အစည်းနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်နေသည့် ICT Master Plan ဒုတိယအကြိမ်မြောက်အစီအစဉ်တွင် ကျေးလက်နေပြည်သူများအကြား မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ယခုလက်ရှိအခြေအနေနှင့် မတူသည့် အနေအထားတစ်ခုသို့ ရောက်ရှိလာအောင်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အတွက် လာမည့် ၂၀၁၅ ခုနှစ်တွင် နိုင်ငံလူဦးရေသန်းခြောက်ဆယ်၏ ထက်ဝက်နီးပါးခန့်သည် မိုဘိုင်းဖုန်းကိုတွင်ကျယ်စွာအသုံးပြုလာနိုင်မည်ဟု ခန့်မှန်းထားကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများထံမှသိရသည်။

မြန်မာအစိုးရအနေဖြင့် ICT Master Plan ပထမနှစ်စီမံကိန်းကို ကိုရီးယားနိုင်ငံ၏ အခြားအဖွဲ့အစည်းတစ်ခုဖြစ်သည့် Korea Information Society Development Institute (KISDI) နှင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ထိုပထမအကြိမ်ငါးနှစ်စီမံကိန်းတွင် e-Government ဝန်ဆောင်မှုနှင့် ရတနာပုံဆိုက်ဘာစီးတီးတို့ကို အကောင်အထည်ဖော်တည်ဆောက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ပထအကြိမ်ငါးနှစ်စီမံကိန်းမှာ ၂၀၀၅ခုနှစ်မှ ၂၀၁၀ ခုနှစ်အထိဖြစ်ခဲ့သည်။ ပထအအကြိမ်ငါးနှစ်စီမံကိန်းတွင် ကဏ္ဍရှစ်ခုခွဲခြားပြီး ဆောင်ရွက်ခဲ့ကြောင်းနှင့် မကြာသေးမီကမှ လက်မှတ်ရေးထိုးလိုက်သည့် ဒုတိယအကြိမ် ငါးနှစ်စီမံကိန်းတွင်မူ ကဏ္ဍကြီးငါးခုဖြင့် ခွဲခြားပြုလုပ်မည်ဖြစ်ကြောင်း အဆိုပါလုပ်ငန်းမှသတင်းရရှိသည်။

အဆိုပါကဏ္ဍကြီးငါးခုတွင် အိုင်စီတီနှင့် ပတ်သတ်ဆက်နွယ်နေသည့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်လာမှု၊ လုပ်ငန်းများတိုးတက်လာမှု၊ အီလက်ထရွန်နစ်ပညာရေးကို အကောင်အထည်ဖော်လာနိုင်မှုတို့ပါဝင်လာမည်ဖြစ်ကြောင်းသတင်းရရှိသည်။

စာ(၂၃) - စီဒီအမ်အေသုံး အင်တာနက်လိုင်းများ ညပိုင်းတွင် ပြတ်တောက်မှုများဖြစ်ပေါ် မှ

ယခုနှစ် နှစ်ဆန်းပိုင်းက စတင်သုံးစွဲခွင့်ပေးခဲ့သည့်စီဒီအမ်အေအင်တာနက်စနစ်များသည် စတင်ချထားပေးစဉ်က 3 Mbs အထိ ရရှိခဲ့သော်လည်း နောက်ပိုင်းတွင် သုံးစွဲသူများပြားလာခြင်းကြောင့် ပမာဏလျော့နည်းလာခဲ့ခြင်းဖြစ်သည်။ စီဒီအမ်အေ ၈၀၀ မဂ္ဂါဟာဇ်များနည်းတူ ဂျီအက်စ်အမ်အင်တာနက်များမှာလည်း အလားတူပင်ဖြစ်နေကြောင်း ဂျီအက်စ်အမ်ဖုန်းသုံးစွဲနေသူများကပြောသည်။

# မြန်မာနိုင်ငံနှင့် GSM စနစ်

ရွှေနှယ်

## GSM ၏အဓိပ္ပါယ်

GSM ၏ အဓိပ္ပါယ်မှာ Global System for Mobile Communication သို့မဟုတ် Group Special Mobile ဖြစ်ပါသည်။

## GSM စနစ်စတင်ပေါ်ပေါက်လာပုံ၊အသုံးပြုသည့်နိုင်ငံနှင့်စံနှုန်းများ

GSM စနစ်၏ စံညွှန်းကို ဥရောပ စံညွှန်းရေးဆွဲရေးအဖွဲ့ CEPT (Conference European Postal and Telecommunication) က ၁၉၈၈ ခုနှစ်တွင် ပထမဦးဆုံး ရေးဆွဲခဲ့ပါသည်။ ၁၉၉၀ ခုနှစ်မှစ၍ ကမ္ဘာတစ်ဝန်း၌ 850 MHz, 900MHz, 1800MHz, 1900MHz စသည့် လှိုင်းနှုန်းခွင်လေးမျိုးဖြင့် တွင်တွင်ကျယ်ကျယ် အသုံးပြုလာခဲ့ကြသည်။

မြန်မာနိုင်ငံ၌ လက်ရှိအသုံးပြုနေသည့် GSM စနစ်သည် 900MHz လှိုင်းနှုန်းခွင်ကို အသုံးပြုထားပါသည်။

## GSM ၏ ကမ္ဘာ့ဈေးကွက်ဝေစု

GSM စနစ်သည် ကမ္ဘာ့မိုဘိုင်းဈေးကွက်ဝေစု၏ ၈၁ ရာခိုင်နှုန်းကို ရယူထားပါသည်။ Wireless Intelligence မှ ထုတ်ပြန်သော စာရင်းများအရ GSM နည်းပညာအခြေပြု၍ မိုဘိုင်းသုံးစွဲမှုမှာ ကမ္ဘာပေါ်တွင် ၈၁ ရာခိုင်နှုန်းရှိပြီး သုံးစွဲသူ လေးဘီလီယံခန့်ရှိပါသည်။

GSM အဖွဲ့အစည်းကြီးမှ ကြီးမှူးသော အဆိုပါ သုတေသနအဖွဲ့က ၂၀၁၀ ခုနှစ်တွင် မိုဘိုင်းဖုန်း သုံးစွဲသူ ငါးဘီလီယံကျော်ရှိမည်ဟု ခန့်မှန်းခဲ့ပါသည်။ ကမ္ဘာကြီးကို မိုဘိုင်းဖုန်းဖြင့် ဆက်သွယ်ခြင်းသည် လူတစ်ဦး(သို့မဟုတ်) ကလေးတစ်ဦးကို ကိုယ်ပိုင်ကွန်ပျူတာ တစ်လုံးပေး၍ ဆက်သွယ်ခြင်းထက် ပိုမိုလွယ်ကူစေမည်ဖြစ်ပါသည်။

GSM စနစ်စံသတ်မှတ်ချက်သည် ကမ္ဘာပေါ်ရှိမိုဘိုင်းဖုန်းစနစ်များတွင် အကျော်ကြားဆုံး စနစ်တစ်ရပ်ဖြစ်ပါသည်။ GSM အဖွဲ့အစည်းမှ ကမ္ဘာပေါ်တွင် နိုင်ငံပေါင်း ၂၁၂ နိုင်ငံကျော်က GSM စနစ်ကို သုံးစွဲနေကြပြီး ဖြစ်သည့်အတွက် အခြားမိုဘိုင်းစနစ်များထက် သုံးစွဲနိုင်မှု ဧရိယာ အဆမတန်ကျယ်ပြန့်ခြင်းသည် အကြီးမားဆုံးအားသာချက်ဖြစ်ပါသည်။

## GSM စနစ်မှ တတိယမျိုးဆက်၊ စတုတ္ထမျိုးဆက်သို့ ကူးပြောင်းပုံအဆင့်ဆင့်

ဆက်သွယ်ရေးနည်းပညာများသည် သုံးစွဲသူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် လျင်မြန်စွာ တိုးတက်ပြောင်းလဲလာပါသည်။ ထိုအပြောင်းအလဲများအနက် မိုဘိုင်းဆက်သွယ်ရေးနည်းပညာ၏ အပြောင်းအလဲမှာ ပိုမိုမြန်ဆန်ပါသည်။ ထိုကဲ့သို့ မိုဘိုင်းဖုန်း၏ နည်းပညာပြောင်းလဲတိုးတက်မှုကို မျိုးဆက်စနစ်များ (Generations)ဖြင့် သတ်မှတ်ပါသည်။ ထိုမျိုးဆက်စနစ်များမှာ ပထမမျိုးဆက် (First Generation)၊ ဒုတိယမျိုးဆက် (Second Generation)၊ တတိယမျိုးဆက် (Third Generation)၊ စတုတ္ထမျိုးဆက်(Fourth Generation)၊ ပဉ္စမမျိုးဆက် (Fifth Generation)စသည်ဖြင့် ခေါ်ဆိုပါသည်။

အဆိုပါမျိုးဆက်များပြောင်းလဲရာတွင် သုံးစွဲသည့် နည်းပညာအခြေခံများမှာ မတူညီကြပါ။ ယင်းသို့ပြောင်းလဲမှုအတွက် 3GPP(3rd Generation Partnership Project) နှင့် 3 GPP2(3rd Generation Partnership Project 2) တို့၏ နည်းပညာလမ်းကြောင်းစနစ်များဖြင့် လုပ်ဆောင်ကြပါသည်။

ယင်းတွင် GSM အခြေပြုမိုဘိုင်းနည်းပညာကို မျိုးဆက်စနစ်များဖြင့် ပြောင်းလဲသုံးစွဲရာတွင် 3GPP (3rd Generation Partnership Project)၌ ချမှတ်ထားသည့် အတိုင်းလိုက်နာရပါသည်။ 3GPP သည် မိုဘိုင်းသုံးစွဲမှုတွင် GSM, UMTS (Universal Mobile Telephone System) နှင့် LTE (Long Term Evolution) စနစ်များဆီသို့ အဆင့်ဆင့်ကူးပြောင်းပြီး မြင့်မားသော မိုဘိုင်းမျိုးဆက်စနစ်များသို့ တက်လှမ်းသွားမည်ဖြစ်ပါသည်။

ကမ္ဘာပေါ်တွင် GSM/UMTS သုံးစွဲသော နိုင်ငံပေါင်း ၂၁၈ နိုင်ငံနှင့် လုပ်ငန်းဆောင်ရွက်နေသော အော်ပရေတာ အရေအတွက်မှာ ၈၀၀ ကျော်ခန့်ရှိပါသည်။

GSM သုံးစွဲမှု တိုးတက်နှုန်းမှာ တစ်လလျှင် သန်း ၄၀ နှုန်းမျှ ရှိပါသည်။ ယခုအခါ GSM လိုင်းအင်အား ၄,၉၇၀ သန်းအထိ ရှိနေပါသည်။ GSM စနစ်သည် ၂၀၁၀ ခုနှစ်လွန်ကာလများအထိ GSM နှင့် EDGE စနစ်ကို အသုံးပြုပြီး ရိုးရိုးအသံ (Voice)နှင့် အချက်အလက် (Data)အသုံးပြုမှုကို ဆက်လက်သုံးစွဲနေဦးမည်သာ ဖြစ်ပါသည်။

GSM အော်ပရေတာများ အနေဖြင့် မြန်နှုန်းမြင့် အင်တာနက် အသုံးပြုနိုင်သော EDGE စနစ်ကို တိုးချဲ့အသုံးပြုလိုပါက လက်ရှိ GSM/GPRS စနစ်အသုံးပြုသော ကွန်ရက်တွင် မူလစက်ကိရိယာများအား အစားထိုးတပ်ဆင်စရာ များများစားစား မလိုအပ်ဘဲ အပျော့ထည်များ အဆင့်မြှင့် (Software upgrade) ရုံဖြင့် လက်ရှိ အသံနှင့်အချက်အလက် သုံးစွဲမှုများသို့ အင်တာနက်ဝန်ဆောင်မှုကို ထပ်မံတိုးချဲ့နိုင်ပါသည်။

ထို့ကြောင့် ဖောက်သည်အသစ်များ ရှာဖွေနေရန်မလိုဘဲ မူလ GSM သုံးစွဲသူများကို ဆက်လက်ဝန်ဆောင်မှုပေးနိုင်သည့်စနစ်ဖြစ်ပါသည်။ GSM စနစ်သည် စီးပွားရေး အလျင်အမြန် တိုးတက်စေရန်အတွက် စီးပွားရေးလုပ်ငန်းအသစ် တစ်ခုကဲ့သို့ ဥပဒေစည်းမျဉ်းများကို ထပ်မံလိုက်နာခြင်းမရှိပါ။

နိုင်ငံတစ်နိုင်ငံ၏ နယ်နိမိတ်ချင်း ဆက်စပ်လျက်ရှိသော နိုင်ငံများအတွက်မူ GSM စနစ်သည် အသုံးပြုရာတွင် ပိုမိုတွင်ကျယ်မှု ရှိပါသည်။

GSM စနစ် ထွန်းကားပေါ်ပေါက်ခဲ့သော ဥရောပနိုင်ငံများတွင်လည်း တစ်နိုင်ငံနှင့် တစ်နိုင်ငံ အလွယ်တကူ ဖြတ်သန်းသွားလာနိုင်ခြင်းအတွက် GSM စနစ်သည် ပိုမိုကောင်းမွန်ပါသည်။ မြန်မာနိုင်ငံသည်လည်း အိမ်နီးချင်း ပတ်ဝန်းကျင်နိုင်ငံများ (တရုတ်၊ ထိုင်း၊ အိန္ဒိယ) သို့ အလွယ်တကူ ဝင်/ထွက်သွားလာနိုင်ကြသောကြောင့် GSM စနစ်၏ အားသာချက်များကို ကျိုးရှိစွာအသုံးချနိုင်ပါသည်။

GSM စနစ်တွင် Coverage Area ခေါ် သုံးစွဲနိုင်မှုနေရာ အကျယ်အဝန်းသည် အဓိကကျပါသည်။ ထို့ကြောင့် တစ်ကမ္ဘာလုံး မည်သည့်ဒေသများသို့သွားရောက်လျှင်ဖြစ်စေ မိမိကိုယ်ပိုင်ဖုန်းအား စနစ် ပြောင်းလဲစရာမလိုဘဲ သုံးစွဲနိုင်ရန် (International Roaming Aggrement) များကို နိုင်ငံတကာနှင့် စာချုပ်ချုပ်ဆိုထားရန် လိုပါသည်။

GSM စနစ်သည် သုံးစွဲသူများက မိမိကြိုက်နှစ်သက်ရာ အော်ပရေတာများကိုပြောင်းလဲသုံးစွဲနိုင်ကြသော်လည်း CDMA စနစ်တွင်မူ သုံးစွဲသူများ၏ မိုဘိုင်းဖုန်းများ Handset အား အော်ပရေတာမှ Lock လုပ်ပြီး ထိန်းချုပ်ထားမှုကြောင့် မိမိကြိုက်နှစ်သက်သော အော်ပရေတာ အသစ်များသို့ ပြောင်းလဲအသုံးပြုရန် ရွေးချယ်ပိုင်ခွင့် မရှိပါ။

မိုဘိုင်းဖုန်းတစ်လုံးအား အသုံးပြုတော့မည်ဆိုပါက မည်သည့်နေရာဒေသတွင် အသုံးပြု၍ ရနိုင်မည်ဆိုသောအချက်ကိုထည့်သွင်းစဉ်းစားရပါမည်။ မိမိရောက်ရှိသော ဒေသများတွင် မိုဘိုင်းဖုန်းဝန်ဆောင်မှုပေးနိုင်မည့် စနစ်ကို သုံးစွဲသူက ရွေးချယ်ရပါမည်။

ကမ္ဘာ့နိုင်ငံ အများစုတွင် သုံးစွဲသောကြောင့် GSM စနစ်အား သုံးစွဲခြင်းဖြင့် နိုင်ငံအတော်တော်များများ၌ အသုံးပြုနိုင်ပါသည်။ ထို့ကြောင့် နိုင်ငံတကာလေဆိပ်များတွင် International Roaming အတွက်ဝန်ဆောင်မှုပေးနေကြပါသည်။

GSM စနစ် တိုးတက်မြင့်မားလာစေရေးအတွက် GSMA (GSM Association) ခေါ် နိုင်ငံတကာ အဖွဲ့အစည်းတစ်ခုကို ၁၉၈၇ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပါသည်။ ဤအဖွဲ့သည် GSM စနစ်၏ တိုးတက်ဖြစ်ပေါ်မှုများ၊ ကမ္ဘာပေါ်ရှိ ဝိုင်ယာလက်နည်းစနစ်ဖြစ်ထွန်းမှုများကို သုံးသပ်လျက်ရှိပါသည်။ ဗြိတိန်နိုင်ငံ လန်ဒန်မြို့တွင် အဖွဲ့ကို အခြေစိုက်ပြီး နှစ်စဉ် Mobile World Congress နှင့် Mobile Asia Congress များကို ကျင်းပပေးလျက်ရှိပါသည်။ GSMA တွင် အဖွဲ့ဝင်နိုင်ငံပေါင်း ၂၁၉ နိုင်ငံ၊ မိုဘိုင်းအော်ပရေတာ ၈၀၀၊ ကုမ္ပဏီပေါင်း ၂၀၀ ကျော် ပါဝင်ပါသည်။ ယင်းအဖွဲ့၌ Mobile Ecosystem အတွက် စက်ပစ္စည်း ထုတ်လုပ်သူများ၊ အင်တာနက် ကုမ္ပဏီများ၊ သတင်းဌာနများနှင့် ဖျော်ဖြေရေးလုပ်ငန်းများ ပါဝင်ကြပါသည်။

ကမ္ဘာပေါ်တွင် GSM စနစ်သုံးစွဲသူ သန်းတစ်ထောင်ပြည့်ရန် အချိန် ၁၂ နှစ်ကြာခဲ့သော်လည်း သုံးစွဲသူသန်းနှစ်ထောင်ပြည့်ရန်အတွက်မူ နောက်ထပ် ၂ နှစ်ခွဲသာ စောင့်ခဲ့ရကြောင်း သိရပါသည်။ ကမ္ဘာ GSM ဖုန်းအသုံးပြုမှုမှာ တစ်စက္ကန့်လျှင် ၁၈ လုံးမျှ၊ တစ်မိနစ်လျှင် အလုံး ၁၀၀၀ နှုန်း တိုးတက်နေပါသည်။

တရုတ်ပြည်၌ GSM ဖုန်းသုံးစွဲသူ သန်း ၈၅၉၊ အိန္ဒိယ၌ ၅၄၈ ဒသမ ၃၂ သန်း၊ ဗီယက်နမ်၌ ၁၅၄ သန်းစီ ရှိကြပါသည်။ အိန္ဒိယနိုင်ငံ၌ အရောင်းရဆုံးပစ္စည်းမှာ မိုဘိုင်းဖုန်းဖြစ်ပြီး ဒုတိယအရောင်းရဆုံး ပစ္စည်းမှာ စက်ဘီးဖြစ်ပါသည်။

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် GSM မိုဘိုင်း ဖုန်းများကို တိုးချဲ့တပ်ဆင်နိုင်ရန်အတွက်ဆက်သွယ်ရေးကွန်ရက်များ တည်ဆောက်ရန် ငါးနှစ်စီမံကိန်း ချမှတ်ဆောင်ရွက်နေပါသည်။

စီမံကိန်းကာလ ငါးနှစ် အတွင်း မိုဘိုင်းဖုန်းအရေအတွက် စုစုပေါင်းသန်း ၃၀ ချထားပေးမည်ဖြစ်ပါသည်။ စီမံကိန်းပထမနှစ်တွင် ဖုန်းအလုံးရေ လေးသန်း၊ ဒုတိယနှစ်တွင် ဖုန်းအလုံးရေ ငါးသန်း၊ တတိယနှစ်တွင် ဖုန်းအလုံးရေ ခြောက်သန်း၊ စတုတ္ထနှစ်တွင် ဖုန်းအလုံးရေ ခုနစ်သန်းနှင့် ပဉ္စမနှစ်တွင် ဖုန်းအလုံးရေ ရှစ်သန်း ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

စီမံကိန်း အချိန်မီပြီးမြောက်အောင်မြင်နိုင်ရေးအတွက် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနအနေဖြင့် ပုဂ္ဂလိကကုမ္ပဏီများနှင့်ပါ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ GSM ကွန်ရက်များ တည်ဆောက်တပ်ဆင်ရေးအတွက် လိုအပ်သည့် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဘာသာရပ်များကိုမြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ကြေးနန်းဆက်သွယ်ရေးနှင့် စာတိုက်သင်တန်းကျောင်းတွင် မိုဘိုင်းဆက်သွယ်မှု ကွန်ရက်စနစ် တည်ဆောက်ရေးနှင့် တပ်ဆင်ရေး အခြေခံသင်တန်း နှစ်ကြိမ်ဖွင့်လှစ်ကာ စာတွေ့၊ လက်တွေ့သင်ကြားပို့ချခဲ့ပါသည်။

သင်တန်းများသို့မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ရတနာပုံတယ်လီပို့နှင့်ပြင်ပ ပုဂ္ဂလိက ကုမ္ပဏီ ၁၈ ခုမှ သင်တန်းသား စုစုပေါင်း ၂၁၆ ဦးတက်ရောက်ခဲ့ကြပါသည်။

GSM မိုဘိုင်း တယ်လီဖုန်းတိုးချဲ့တပ်ဆင်ရေး စီမံကိန်း၏ ပထမနှစ်၌ လိုင်းလေးသန်း တိုးချဲ့တပ်ဆင်နိုင်ရန်အတွက် ၂၇-၇-၂၀၁၁ ရက်တွင် လုပ်ငန်း စတင်ခဲ့ပါသည်။

စီမံကိန်းပြီးစီးပါက မြန်မာနိုင်ငံ၏ တယ်လီဖုန်း သိပ်သည်းဆမှာ ၅၀ ဒသမ ၆ ရာခိုင်နှုန်းအထိ တိုးတက်လာမည်ဖြစ်ရာ မြန်မာနိုင်ငံ လူဦးရေ တစ်ဝက်ကျော်ခန့် မိုဘိုင်းဖုန်း သုံးစွဲလာနိုင်မည်ဖြစ်ပါသည်။

ထိုသို့ GSM မိုဘိုင်း စနစ်တိုးချဲ့တပ်ဆင်ခြင်းဖြင့် မြန်မာနိုင်ငံသားအားလုံး ဈေးနှုန်းချိုသာစွာဖြင့် မိုဘိုင်းဖုန်း သုံးစွဲလာနိုင်မည်ဖြစ်ပါသည်။

သို့ဖြစ်ရာ အကျိုးဆက်အနေဖြင့် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးနှင့် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးတို့တွင် မိုဘိုင်းဖုန်းအား ထိရောက်စွာ အသုံးပြုလာနိုင်မည်ဖြစ်ပြီး ပြည်သူများ၏ လူမှုစီးပွားရေးလုပ်ငန်း တိုးတက်လာကာ နိုင်ငံတော်၏ ခေတ်မီဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းကို များစွာ အကျိုးပြုနိုင်မည်ဖြစ်ပါသည်။ ။

---

**ဂျီအက်စ်အမ်မိုဘိုင်းတယ်လီဖုန်းတိုးချဲ့တပ်ဆင်ရေး စီမံကိန်းတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိသောကုမ္ပဏီများ**

**(က) ကုမ္ပဏီအုပ်စု (A) နှင့် (B)**

၁။ **အုပ်စုခေါင်းဆောင်ကုမ္ပဏီများ**
- (ကက) ရတနာပုံတယ်လီပို့ကုမ္ပဏီလီမိတက်
- (ခခ) **Asia Mega Link Co.,Ltd**
- (ဂဂ) **Fortune International Co.,Ltd**
- (ဃဃ) တာမိုးညဲချမ်းသာထွန်းဝေသာကုမ္ပဏီလီမိတက်

၂။ **ပါဝင်ပူးပေါင်းသည့် ကုမ္ပဏီများ**
- (ကက) **Applied Technologies International Co., Ltd**
- (ခခ) **Advanced Info-com Solutions**
- (ဂဂ) **Cyber Net Tech**
- (ဃဃ) **Family Communication Group**
- (ငင) မြန်မာပိတောက်ကုမ္ပဏီလီမိတက်
- (စစ) **Kinetic Myanmar Tech Co., Ltd**
- (ဆဆ) **Gateway Group of Company**
- (ဇဇ) **Alpha Channel**
- (ဈဈ) **Energy and Communication Co., Ltd**

**(ခ) ကုမ္ပဏီအုပ်စု (C) နှင့် (D)**

၁။ **အုပ်စုခေါင်းဆောင်ကုမ္ပဏီများ**
- (ကက) **Elite Tech Co., Ltd**
- (ခခ) ရွှေသံလွင်
- (ဂဂ) **IGE Co., Ltd**

၂။ **ပါဝင်ပူးပေါင်းသည့် ကုမ္ပဏီများ**
- (ကက) **Red Link Co., Ltd**
- (ခခ) **Global Net Co., Ltd**
- (ဂဂ) **Zaw and Zaw**
- (ဃဃ) ရောရွှေဝါ

7 DAY NEWS JOURNAL
Vol.10, No.22 • AUGUST 18, 2011

# ဗိုလ်ချုပ်အောင်ဆန်းသာ သိခဲ့ပါလျှင် . . .

ချမ်းငြိမ်း



(၁)

ယနေ့အချိန်တွင် စာအုပ် အရောင်းဆိုင်တစ်ဆိုင်ဝင်လိုက်ပါက ဗိုလ်ချုပ်အောင်ဆန်းနှင့်သက်ဆိုင်သော စာအုပ်များ အစီအရီနေရာချထားရောင်းချနေခြင်းကို မြင်ရပေမည်။

အောင်သန်း၏ အောင်ဆန်း၊ ငါတို့ဗိုလ်ချုပ်ဘာတွေလုပ်ခဲ့သလဲ၊ စာရေးဆရာကိုအောင်ဆန်း၊ ဗိုလ်ချုပ်အောင်ဆန်းနှင့် အမျိုးသားရေးဝါဒ၊ ဗိုလ်ချုပ်အောင်ဆန်း အဆိုအမိန့်များ၊ ဗိုလ်ချုပ်ပြောတဲ့ စကားဟောတဲ့တရား၊အောင်ဆန်းဇာနည်၊ မြန်မာ့အောင်ဆန်း စသဖြင့်စသဖြင့် . . . ဗိုလ်ချုပ်စာအုပ်များ စီတန်းနေရာပေးကာ စာအုပ်ဆိုင်များတွင် ရောင်းချနေခြင်းကို မြင်ရပေလိမ့်မည်။

ဤသည်မှာ

အကြောင်းရှိပါ၏။

တစ်ချိန်တစ်ခါက ထုတ်ဝေရန် ဆိုင်ရာသို့တင်ပြထားသော်လည်း အခြေအနေအကြောင်းကြောင်းကြောင့် ထုတ်ခွင့်မရသေးသော စာအုပ်များသည် ခေတ်ကာလအချိုးအကွေ့တစ်ခုတွင် ထုတ်ဝေခွင့်ရခြင်းကြောင့် ဆက်တိုက်ပေါ်ထွက်လာသလို မူဝါဒအပြောင်းအလဲအရ ဗိုလ်ချုပ်နှင့်သက်ဆိုင်သည့် စာအုပ်အသစ်များကိုလည်းဆိုင်ရာက ဖွင့်ပေးလိုက်ရာ တစ်ပြိုင်နက်တည်း လိုလို ထွက်လာကြခြင်းဖြစ်ပါသည်။ ထို့ . . ထိုစာအုပ်များထဲတွင် အလေးနက်ထား ဖတ်အပ်သောစာအုပ်ကောင်းအချို့ပါရှိသော်လည်း အချို့သောစာအုပ်များတွင်ကား အကြောင်းအရာဟောင်း၊ အဖြစ်အပျက်ဟောင်း ဆိုရလျှင် သမိုင်းဝင်စာအုပ်များထဲမှဟိုတစ်စသည် တစ်စကောက်နုတ်၍ ခပ်တည်တည်ကိုယ့်အမည်တပ်ကာထုတ်ရဲသော စာအုပ်များကိုလည်းမြင်တွေ့ရပါသည်။

မည်သို့ဆိုစေ . . အမျိုးသားခေါင်းဆောင်ကြီးဗိုလ်ချုပ်အောင်ဆန်းအကြောင်းရေးထားသော စာအုပ်များကိုယခုလို တစ်နေရာတည်း စုစုစည်းစည်း မြင်တွေ့ရခြင်းမှာ အမှန်တကယ်ဝမ်းမြောက်ဝမ်းသာဖြစ်ရပါသည်။

(၂)

ဗိုလ်ချုပ်အောင်ဆန်းစာအုပ်များ အများအပြားထွက်လာသလို မီဒီယာ ပုံရိပ်များတွင်လည်း အနှံ့အပြားမြင်တွေ့လာရသည်။ အထူးသဖြင့် ပုံနှိပ်မီဒီယာ စာနယ်ဇင်းများတွင် ဗိုလ်ချုပ်ဓာတ်ပုံများ ထည့်သွင်းဖော်ပြလာကြသည်။

ဂျာနယ်အချို့တွင် ဝေဝေဆာဆာပါလာ၏။ မည်မျှကောင်းလေစွ။ အတွေ့အမြင်နည်းခဲ့သော ဗိုလ်ချုပ်အောင်ဆန်း၏ ရှားပါးပုံအချို့ အများပြည်သူကြည့်ခွင့်ရ၏။ အထူးသဖြင့် မြို့ကြီးပြကြီးနှင့်ဝေးသော၊ခေါင်သောအရပ်ဒေသများသို့ပါ ပျံ့နှံ့ရောက်ရှိသွား၍ နယ်ကလူများ အမှတ်တရဖြင့် တရိုတသေ သိမ်းဆည်းကြ၏။ ဤအထိကား ကောင်းပါသည်။ သို့သော် . . . အချို့သော စာနယ်ဇင်းများတွင်ကား လိုအပ်သည်ထက် ပို၍လှုပ်ရှားလာကြသည်။ ထိုအခါ အမျိုးသားခေါင်းဆောင်ကြီး၏ ပုံရိပ်ကို ထိပါးလာသည်။ ပြီးခဲ့သည့် အာဇာနည်နေ့ဝန်းကျင်က ထွက်ရှိခဲ့သော ဂျာနယ်အချို့တွင် ထိုဖြစ်ရပ်ကိုမြင်တွေ့လိုက်ရသည်။

ဂျာနယ်မျက်နှာဖုံး အချို့တွင် သရုပ်ဆောင်မော်ဒယ်မိန်းကလေးများနှင့် ဗိုလ်ချုပ်၏ပုံတစ်ပြေးတည်းပါလာသည်။ ခေတ်ရှေ့ပြေးဝတ်ဆင်ထားသော မော်ဒယ်မိန်းကလေးနှင့် ဗိုလ်ချုပ်၏ တည်ကြည်လေးနက်သော ဓာတ်ပုံမှာ အများပြည်သူမြင်ကွင်း၌ ပေါ်လွင်ထင်ရှားနေပါသည်။ စိတ်ထဲညစ်ညူးသွားလေသည်။ ဗိုလ်ချုပ်အောင်ဆန်းပုံပါလျှင် စာစောင်ရောင်းကောင်းပြီအထင်နှင့် လုပ်လာကြပြီလော။

(၃)

တကယ်တော့ ကွယ်လွန်သူ ဗိုလ်ချုပ်အောင်ဆန်း၏ ပုံရိပ်ကို မည်သူကမျှမြှင့်တင်ပေးစရာမလို။ ထို့အတူ နှိမ့်ချ၍လည်းမရ။ ဗိုလ်ချုပ်အောင်ဆန်း၏ နဂိုရှိရင်းစွဲ ဂုဏ်ဒြပ်သည်မည်သူ့ဖျက်ဆီးဆီး မြှင့်တင်တင်အရေးပါသည်မဟုတ်။ ဗိုလ်ချုပ်အောင်ဆန်းသည်မြန်မာနိုင်ငံ၏ တစ်ဦးတည်းသော အမျိုးသားခေါင်းဆောင်၊ထိုခေါင်းဆောင်သည်လူ့ပြည်တွင် ၃၂ နှစ်မျှသာ နေထိုင်သွားပါသည်။

ထို ၃၂ နှစ်အတွင်း အောင်ဆန်းသည် သီပေါဘုရင် လက်ထက်ကဆုံးရှုံးသွားသော မြန်မာ့ လွတ်လပ်ရေးကို အရပြန်ယူပေးရန်အမြဲတစေ နေ့နေ့ညည တွေးတောကြံဆနေတတ်သူ။ ဗြိတိသျှတို့ကို မြန်မာ့မြေပေါ်မှ မောင်းထုတ်ခဲ့သလို ဂျပ်သွေးစုတ် ကျွန်လုပ်ရန် ထပ်မံကြိုးစားသော ဖက်ဆစ်တို့အား မြန်မာ့ဦးစွန်းမှ နေ၍ ရွှပ်ရွှပ်ချွံချွံတော်လှန်ခဲ့သူ၊ ယုံကြည်ရာကိုသာတစ်စိုက်မတ်မတ် လုပ်ကိုင်ခဲ့ပြီး လွတ်လပ်ရေး အရယူပေးပြီးလျှင် အာဏာမယူဘဲ နိုင်ငံရေးကထွက်ပြီး အေးအေးလူလူစာရေးနေချင်သည့် သူ၊ ထိုသို့သော ပုဂ္ဂိုလ်မျိုး၏ အခန်းကဏ္ဍသည် မြန်မာနိုင်ငံတွင်သာမက ကမ္ဘာ့ရာဇဝင်တွင်ပါတခမ်းတနားမော်ကွန်းရေးထိုးခဲ့ပြီးဖြစ်ပါသည်။

> တကယ်တော့ ကွယ်လွန်သူ ဗိုလ်ချုပ်အောင်ဆန်း၏ ပုံရိပ်ကို မည်သူကမျှမြှင့်တင်ပေးစရာမလို၊ ထို့အတူ နှိမ့်ချ၍လည်းမရ၊ ဗိုလ်ချုပ်အောင်ဆန်း၏ နဂိုရှိရင်းစွဲ ဂုဏ်ဒြပ်သည် မည်သူဖျက်ဆီးဆီး မြှင့်တင်တင်အရေးပါသည်မဟုတ်၊ ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာနိုင်ငံ၏ တစ်ဦးတည်းသော အမျိုးသားခေါင်းဆောင်၊ ထိုခေါင်းဆောင်သည် လူ့ပြည်တွင် ၃၂ နှစ်မျှသာ နေထိုင်သွားပါသည်။

မိမိအိမ်တွင်ဗိုလ်ချုပ်အောင်ဆန်း၏ဓာတ်ပုံ နံရံ၌ ချိတ်ဆွဲမထားပါ။ ထို့အတူ ဗိုလ်ချုပ်နှင့်ပတ်သက်သော သိသာထင်ရှားစေသည့် အရာတစ်ခုမှလည်းမရှိပါ။ သို့သော် ဗိုလ်ချုပ်ကို လေးစားတန်ဖိုးထား၍ ဗိုလ်ချုပ်သည် ရင်ထဲ၌သာ ထာဝရကိန်းဝပ်နေပါသည်။

ဗိုလ်ချုပ်အောင်ဆန်း၏ စွန့်လွှတ် အနစ်နာခံမှု၊ လွတ်လပ်ရေးအတွက် အသက်စွန့်တာဝန်ထမ်းဆောင်ခဲ့မှု၊ ဗိုလ်ချုပ်ပြောခဲ့သောစကားနှင့် နမူနာယူစရာကိုယ်ကျိုးစွန့်ပြယုဂ်များသာ အစဉ်ထာဝရ ကိန်းအောင်းနေပါ၏။ မိမိလိုစိတ်ဓာတ်မျိုး မြန်မာပြည်ကြီးမှာ ပြည်သူသိန်းသောင်းမက ၌ ရှိကြပါလိမ့်မည်။

မာန်မာန ထောင်လွှားမှုမရှိသော၊ထင်ပေါ်ကျော်ကြားလိုစိတ်ကင်းမဲ့သော ဗိုလ်ချုပ်၏ ပင်ကိုစရိုက်ကို မိခင်ကြီးဒေါ်စုနှင့်ပူးတွဲရိုက်ကူးထားသည့် ဓာတ်ပုံ၌ မြင်တွေ့နိုင်ပါသည်။ လွတ်လပ်ရေးကြိုးပမ်းမှုအဖြစ် နယ်လှည့် စည်းရုံးဟောပြောရင်း ဇာတိနတ်မောက်မြို့သို့ရောက်ခဲ့စဉ် ရိုက်ကူးခဲ့သော အဆိုပါဓာတ်ပုံ၌ ဗိုလ်ချုပ်အောင်ဆန်းသည် ဗမာ့တပ်မတော်၏ အမြင့်မားဆုံးသောစစ်ဝတ်စုံကိုဝတ်ဆင်ထားသော်လည်း ၎င်း၏ ပင်ကိုအရိုးခံဂုဏ်နှင့်ပင်ပန်းနွမ်းနယ်နေပုံမှာ အထင်အရှား မြင်တွေ့နိုင်ပါသည်။ ပုံကိုကြည့်ရင်း တစိမ့်စိမ့်စိတ်မကောင်းဖြစ်ရပါ၏။ ယခုမှ ထိုသို့သော ဓာတ်ပုံများဖြင့် အချို့သောနေရာများ၌ ဗိုလ်ချုပ်ကို တလွဲပြုမူရက်သည်ဟု စိတ်မကောင်းစွာခံစားရပါသည်။

(၄)

ချေ-ဂွေဗားရားဟုဆိုလျှင် အာဂျင်တီးနားနိုင်ငံဖွား ကျူးဘားတော်လှန်ရေးခေါင်းဆောင်တစ်ဦး မှန်းသိကြပါမည်။ ချေသည် ကျူးဘားနိုင်ငံ တော်လှန်ရေးသာမက ကမ္ဘာ့တော်လှန်ရေး လှုပ်ရှားမှုများ၏ပုံရိပ်လည်းဖြစ်၏။ ကျူးဘားနိုင်ငံ လွတ်မြောက်ပြီးသော်လည်း ချေသည် အငြိမ်မနေ၊ တော်လှန်ရေးစစ်ပွဲများ ဆက်လက်ဆင်နွှဲရင်း တောင်အမေရိကတိုက်ဘိုလီးဗီးယားနိုင်ငံ တောတွင်း၌ ကျဆုံးခဲ့ရရှာသည်။

သူ့ကို ကျူးဘားမှာသာမက ကမ္ဘာ့နိုင်ငံ အသီးသီး၌ ချစ်ကြသည်။ တန်ဖိုးထားလေးစားကြသည်။ သို့ရာတွင် ကျူးဘားနိုင်ငံ၌ကြုံတွေ့နေရသောအခြေအနေပေါ် ချေ-ဂွေဗားရား၏ မြေးဖြစ်သူက ယခုကဲ့သို့ ပြောပါသည်။

"တကယ်တော့ ကျူးဘားမှာက ကျွန်တော့်အဘိုးရဲ့ ရုပ်ပုံကို ရောင်းစားနေကြတာ။ ကျွန်တော်အော့နှလုံးအနာဆုံးကတော့ ကျွန်တော့်အဘိုးရဲ့ ရုပ်ပုံကိုဘာမဟုတ်တဲ့ လေးငါးဒေါ်လာနဲ့ ကမ္ဘာလှည့်ခရီးသည်တွေဆီ ရောင်းစားနေကြတာပဲ"

ထိုချေ-ဂွေဗားရား၏ မြေးအိမ်မှာ သူ့အဘိုးဓာတ်ပုံ ကြီးကြီးမားမားမရှိပါ။ မြေး၏မိခင် ချေ-ဂွေဗားရား၏ သမီးဖြစ်သူ ဟီလ်ဒါ၏အိပ်ရာနံဘေး၌သာ ဖခင် ချေ-ဂွေဗားရား၏ အဖြူအမည်းပုံလေးကို ထောင်ထားကြောင်း မကြာသေးမီက ဆောင်းပါးတစ်ပုဒ်၌ ဖတ်ခဲ့ဖူးပါသည်။

(၅)

"အင်းစိန်ကို့ အင်းစိန်ကို"

အော်ခေါ်နေသော အမှတ်လေးဆယ့်ငါးလိုင်းကားပေါ် တက်လိုက်သည်။ ဆူးလေမြို့တော်ခန်းမဘေး ဂိတ်စထွက်သည်မို့ နေရာရသော်လည်း ကားကတော်တော်နှင့်မထွက်၊ ထိုင်ခုံတွေ ပြည့်သွားသည်။ မတ်တပ်တွေများလာသည်။ ဝီစီမှုတ်သံမကြားရသေး၊ အပြင်ဘက်မှာ မှောင်တော့မည်။ ဗေဒင်ဟောစာတမ်းရောင်းနေကျ၊ ခရီးသွားလမ်းညွှန်စာအုပ်ရောင်းနေကျ၊ မင်းသမီးမင်းသားတို့၏ နောက်ဆုံးအတွင်းရေးကို ဖော်ပြသောဂျာနယ် ရောင်းနေကျကောင်လေး ကားပေါ်တက်လာသည်။

"ဗိုလ်ချုပ်စာအုပ်တွေရမယ်၊ ဗိုလ်ချုပ်အောင်ဆန်းအကြောင်း တစ်အုပ်ငါးရာ . .
ငါးရာတည်းပါ"

ရုတ်တရက်မျက်နှာကို ဖြတ်ရိုက်လိုက်သလို ခံစားရသည်။ ကားပေါ်ကလူတွေတုတ်တုတ်မျှမလှုပ်ကြ။ ကောင်လေးက ဆက်အော်သည်။ မည်သူမျှမဝယ်ကြ၊ထိုအခိုက် ဝီစီသံကြားရပြီး ကောင်လေးလည်း ကားပေါ်မှဆင်းသွားသည်။ ကားစက်နှိုးသံ ကြားရသည်။ ကားပြူတင်းဝမှကြည့်လိုက်တော့ ညနေခင်းသည် ရုတ်ခြည်း မှောင်မည်းသွားလေသည် . . ။

ဗိုလ်ချုပ်သည်
ရောင်းကုန်မဟုတ်ပါ။

**(၃. ၈. ၂၀၁၁ သို့ အမှတ်တရ)**

7DAY NEWS JOURNAL

# Current Affairs

Vol.10, No.22 • AUGUST 18, 2011

## ကုန်သွယ်ခွန်ထပ်ပံ လျှော့ချလိုက်ခြင်းကြောင့် ပဲဈေးများ ဆက်တိုက်မြင့်တက်



**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဩဂုတ်-၁၃**

ပြည်ပပို့ကုန်ပစ္စည်းများပေါ်တွင်ကုန်သွယ်ခွန်ငါးရာခိုင်နှုန်းထပ်မံလျှော့ချလိုက်သောကြောင့် ပဲဈေးကွက်၌ အရောင်းအဝယ်နှင့် ပဲဈေးနှုန်းများဆက်လက်မြင့်တက်လာကြောင်း သိရသည်။

“ပို့ကုန်သမားတွေရဲ့ကုန်သွယ်ခွန်ထပ်လျှော့လိုက်တော့ပြည်တွင်းအရောင်းအဝယ် တက်သွားတယ်။ ဒါကြောင့် ဈေးနှုန်းလည်း ဒီရက်ပိုင်းတက်လာတယ်” ဟု ပဲကုန်သည်တစ်ဦးကပြောသည်။

ယခု ဩဂုတ် ၁၃ ရက်တွင် ဘုရင့်နောင်ကုန်စည်ဒိုင်၌ အရောင်းအဝယ်ပြုလုပ်နေသော ပဲဈေးနှုန်းများမှာ မတ်ပဲ RC တစ်တန်လျှင် ၅၆၀,၀၀၀ကျပ်၊ AQRC မတ်ပဲမှာ တစ်တန် ၆၂၀,၀၀၀ကျပ်၊ ပဲစင်းငုံတစ်တန်လျှင် ၄၀၈၀၀၀ ကျပ်နှင့် ပဲတီစိမ်းမှာ အချိန် ၆၀ ဝင်တစ်အိတ် လျှင် ၆၂၇၀၀ ကျပ်ရှိသည်။ ပဲဈေးနှုန်းများသည် ယခုရက်ပိုင်းတွင် တစ်တန်လျှင်ကျပ် ၂၀၀၀၀ ဝန်းကျင်ထိ ဈေးနှုန်းမြင့်မှုများရှိခဲ့ကြောင်း သိရသည်။

သို့သော် ယခုရက်ပိုင်းတွင် အဓိက ပဲဝယ်လက်ဖြစ်သော အိန္ဒိယနိုင်ငံဘက်၌ ပွဲတော်ကာလဖြစ်နေခြင်းကြောင့် ဝယ်လိုအားမရှိကြောင်း သိရသည်။

“အိန္ဒိယကလည်း ဝယ်လက်မရှိတော့ ဒီရက်ပိုင်း FOB သင်္ဘောတင်ဈေးဘက်ကတော့ ဝယ်လက်မရှိဘူး။ ပြည်တွင်းကုန်သည်အချင်းချင်းအရောင်းအဝယ်ကောင်းတယ်”ဟု ပဲကုန်သည်တစ်ဦးကပြောသည်။

ထို့အပြင် နယ်ဒေသတော်တော်များများမှလည်း မိုးရွာသွန်းခြင်းနှင့် ရေကြီးခြင်းများကြောင့် ပဲကိုထုတ်ရောင်းမှုများနေကြောင်း ပဲကုန်သည်များကပြောသည်။

## စာ – ၈၊ စီးပွားရေးလုပ်ငန်းရှင် ဦးလှမောင်ရွှေနှင့် တွေ့ဆုံခြင်း မှ

အဲဒါကတော့ပြည်ပနိုင်ငံတချို့က လုပ်ငန်းရှင် သို့မဟုတ် သူတို့နဲ့ ဆက်နွယ်တဲ့လူတွေရဲ့ ဒေါ်လာတွေ ပြည်တွင်းကို စီးဝင်လာပြီး သူတို့က အဲဒါတွေကို ဘဏ်တွေမှာထားတဲ့အတွက်လို့ ထင်ကြတယ်။ တခြားနိုင်ငံတွေမှာတော့ ဗဟိုဘဏ်က ငွေကြေးဆိုင်ရာကိစ္စတွေကို သီးခြားလုပ်တယ်။ သူတို့က အမြဲစောင့်ကြည့်နေတယ်။ ငွေကြေးနဲ့ပတ်သက်တဲ့ ညွှန်းကိန်းတွေကို သူတို့ကကြည့်ပြီး ဘဏ်အတိုးနှုန်းကို နှိမ့်လိုက်မြှင့်လိုက်လုပ်လေ့ရှိတယ်။ ကျွန်တော်တို့ဆီမှာတော့ နှစ်အတန်ကြာ ဘဏ်အတိုးနှုန်းကို အသေထားတော့ ဒါကိုလည်း ဘဏ်အတိုးနှုန်းကိုလက်ရှိအခြေအနေနဲ့ သင့်လျော်အောင် ပြုပြင်ဖို့လိုတယ်။

**ဒေါ်လာနဲ့ ပို့ကုန်ရငွေတန်ဖိုးကျဆင်းတဲ့ဂယက်တွေ၊ ငွေဈေးမတည်ငြိမ်တဲ့ အခြေအနေတွေကြောင့် ဘယ်လုပ်ငန်းတွေက အဆိုးဆုံး ထိခိုက်ခံစားနေရတာပါလဲ။**

ဒေါ်လာနဲ့ပို့ကုန်ရငွေတန်ဖိုးကျတဲ့အတွက် ခံစားရတာကတော့ အားလုံးပဲ။ ဆန်စပါးကဏ္ဍမှာဆို ပို့ကုန်ရငွေတန်ဖိုးကျရင် ဆန်ဈေးကျမယ်။ ဆန်ဈေးကျရင် လယ်သမားတွေဝင်ငွေလျော့မယ်ဆိုတော့ လူဦးရေအများကြီးနဲ့ ဆက်စပ်နေတာ။ ပဲလည်း ဒီလိုပဲ။ တခြားပို့ကုန်တွေမှာလည်းအဲလိုပဲ။ တစ်ဖက်မှာကျတော့ပြည်တွင်းမှာရှိတဲ့ ကုန်ဈေးနှုန်းတို့၊ တခြားစရိတ်တွေက ကျမသွားဘဲနဲ့ ပိုတောင်မှ တက်လာတယ်။ တစ်ဖက်မှာ မြန်မာငွေမာတာရှိနေသလို တစ်ဖက်မှာလည်း ငွေဖောင်းပွနေတယ်လို့ တွက်ယူလို့ရတယ်။ တစ်ဖက်က ငွေမာလို့ ပို့ကုန်ရငွေတန်ဖိုးကျရင် မြန်မာငွေနည်းလာတယ်။ သူတို့နဲ့ ဆက်စပ်ပြီး ဝယ်နိုင်စွမ်းအားတွေ လျော့သွားတယ်။ တစ်ဖက်မှာလည်း ခြံမြေတွေ၊ မော်တော်ကားတွေ၊ စားသောက်ကုန်တွေ၊ အထွေထွေ ကုန်စည်တွေ အဲဒါတွေက တန်ဖိုးကျတာ မတွေ့တဲ့အတွက် ငွေဖောင်းပွနေတယ်လို့ ပြောရမယ်။ ဒါ့ကြောင့်လုပ်ငန်းရှင်တွေအနေနဲ့ လတ်တလောအလုပ်လုပ်နိုင်အောင် ဒေါ်လာကို ၉၅၀ နဲ့ ၁,၀၀၀ (ကျပ်) ကြားလောက်မှာ တည်ငြိမ်အောင် ဆောင်ရွက်ပေးနိုင်ရင် အားလုံးကတော့ ကျေးဇူးတင်မှာပဲ။ မဟုတ်လို့ရှိရင်တော့ လုပ်သာကိုင်သာ မရှိဘဲ အခက်အခဲတွေရှိလာတော့မယ်။ ဒီလိုဖြစ်လာရင် တခြားနိုင်ငံတွေမှာ ဗဟိုဘဏ်တွေကနေပြီးတော့ဒေါ်လာကို ထွက်ဝယ်ပေးပြီး ကိုယ့်ငွေရှိသင့်တာထက် ပိုမာတာကို ပြေလည်အောင် လုပ်ပေးလေ့ရှိကြတယ်။ ဒီလိုလုပ်ပေးဖို့အတွက်လည်း တည်ဆဲဥပဒေအရမတားဆီးထားဘူး။ ဒါ့ကြောင့်ဗဟိုဘဏ်က ငွေတန်ဖိုးအတက်၊ အကျကိုကြည့်ပြီး အချိန်ကိုက်ဆောင်ရွက်ပေးဖို့ လိုတယ်လို့ ရှုမြင်တယ်။ ဒါမျိုးလုပ်ဖို့လည်း မျှော်လင့်တယ်။

**အစိုးရကလည်း ပြုပြင်ပြောင်းလဲမှုတချို့ လုပ်နေတဲ့ကြားက ဒီအခြေအနေကို ကြုံနေရတယ်ဆိုတော့ တကယ်လိုနေတဲ့ ပြုပြင်ပြောင်းလဲမှုက ဘာတွေလို့ မြင်ပါသလဲ။**

အစိုးရသစ်က ပြုပြင်ပြောင်းလဲမှုတချို့လုပ်နေပါတယ်။ ဆက်လည်း လုပ်မယ်လို့ ကျွန်တော်တို့အနေနဲ့ ယုံကြည်တယ်။ ဒါပေမဲ့ အချိန်မီပြုပြင်ပြောင်းလဲမှုတွေလုပ်နိုင်မှလည်း အားလုံးအတွက် အကျိုးရှိတယ်။ အခုတော့ ဈေးကွက်ထဲက အများစုကတော့ နောက်ကျနေပြီလို့တောင်ထင်နေကြတယ်။

**၂၀၀၃ခုနှစ်ကချမှတ်ခဲ့တဲ့ဆန်စပါးမူဝါဒသစ် အခု ပြန်လည်ပြုပြင်ဖို့ ပြုလုပ်နေပြီလို့ သိရပါတယ်။ ဒီမူဝါဒသစ်ချမှတ်ဖို့ လယ်ယာစိုက်ပျိုးရေးကဏ္ဍအတွက် ဘယ်လောက်အရေးကြီးပါသလဲ။**

၂၀၀၃ ခုနှစ်မှာ ချခဲ့တဲ့ဆန်စပါးမူဝါဒကတော့ ပုဂ္ဂလိကကဏ္ဍက ဆန်စပါး ပြည်ပတင်ပို့ခွင့်ပြုတာကို စခဲ့တယ်။ အခုချိန်မှာ ပြောင်းလဲလာတဲ့စနစ်နဲ့ အခင်းအကျင်းသစ်ပေါ်မှာ ဆန်စပါးမူဝါဒသစ်ကို လက်ရှိအစိုးရသစ်ရဲ့လယ်/ဆည်ဝန်ကြီးဌာနနဲ့ အခြားဆက်စပ်နေတဲ့ဝန်ကြီးဌာနတွေကလည်း မူဝါဒသစ်ပြန်လည်ချမှတ်ဖို့ ပြင်ဆင်နေတာကြားရတယ်။ ဒါကိုလည်းကြိုဆိုပါတယ်။ အဲဒီ့မူဝါဒသစ် ချမှတ်တာက လယ်ယာစိုက်ပျိုးရေးကဏ္ဍတစ်ခုတည်းအတွက်တင်မဟုတ်ဘူး။ တစ်နိုင်ငံလုံးရဲ့ State Building (နိုင်ငံတည်ဆောက်ရေး) တစ်ခုလုံးအတွက်လည်း အရမ်းအရေးကြီးတယ်။ ပုဂ္ဂလိကကဏ္ဍဘက်ကလည်း မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းဆိုရင် အဲဒီ့အတွက် ပွင့်လင်းမြင်သာမှုရှိရှိနဲ့ အများစုရဲ့ ဆန္ဒနဲ့ အလုပ်ရုံဆွေးနွေးပွဲတွေလုပ်ပြီးတော့ အချက်အလက်တွေ၊ လိုအပ်ချက်တွေ၊ အကြံပြုချက်တွေ စုဆောင်းပြီးတော့ မူဝါဒသစ်မှာ ပုဂ္ဂလိကကဏ္ဍရဲ့လိုအပ်ချက်တွေကိုညှိနှိုင်းလို့ရမယ်လို့ ယုံကြည်တယ်။

**ခရီးသွားလုပ်ငန်းတိုးတက်အောင် ပြုလုပ်မယ်ဆိုတဲ့အချိန်မှာ ဒေါ်လာတန်ဖိုး အခုလို ကျဆင်းနေတာက ခရီးသွားကဏ္ဍအပေါ် ဘယ်လောက်အထိရိုက်ခတ်စေပါသလဲ။ ဒီကာလကို အကောင်းဆုံးကျော်ဖြတ်နိုင်ဖို့ နည်းလမ်းနဲ့အကြံဉာဏ်တွေရှိရင် သိချင်ပါတယ်။**

ခရီးသွားကဏ္ဍကလည်း အိမ်နီးနားချင်းနိုင်ငံတွေနဲ့ ပြိုင်ဆိုင်နေရတဲ့အချိန်မှာ ကျွန်တော်တို့ငွေတန်ဖိုး အလျင်အမြန်တက်တော့ ဒေါ်လာတန်ဖိုးကျပြီး၊ ဒေါ်လာနဲ့သုံးတဲ့အခါမှာ ပိုဈေးကြီးသလိုဖြစ်လာတယ်။ ဒေသတွင်းနိုင်ငံတွေနဲ့ပြိုင်တဲ့နေရာမှာ ခရီးစဉ်ရေးဆွဲတော့ ကျွန်တော်တို့က ဈေးကြီးတဲ့နိုင်ငံတစ်ခုလို့ အားလုံးကပြောနေကြပြီ။ ကျွန်တော်တို့ ငွေတန်ဖိုးလျှော့ထားရင် ခရီးသွားတွေအတွက် လာရတာ တန်တယ်။ ဒါ့ကြောင့် စီးပွားရေးတစ်ခုလုံးမှာ ငွေအလွန်မာလာတာကို ဘယ်သူမှမကြိုက်ဘူး။ အလုပ်လုပ်နိုင်တဲ့ဈေးနှုန်းကိုပဲ အားလုံးကဖြစ်စေချင်တယ်။ အဲလို အလုပ်လုပ်နိုင်မှ ယှဉ်ပြိုင်နိုင်မှ တစ်ဦးချင်းရဲ့ ဝယ်ယူနိုင်စွမ်းတွေတက်လာမယ်။ တိုင်းပြည်ရဲ့ ဂျီဒီပီ တက်လာမယ်။ ဒါမှ တစ်မျိုးသားလုံး ကောင်းတဲ့ဘက်ကိုရောက်လာမယ်လို့ ကျွန်တော်တော့ ယုံတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့အိမ်နီးချင်း ထိုင်းနိုင်ငံမှာ ကျွန်တော်တို့ တစ်ဒေါ်လာ ၁,၂၀၀ ရှိတုန်းကလည်း သူတို့က တစ်ဒေါ်လာ ဘတ် ၃၀ပဲ။ ကျွန်တော်တို့၁,၀၀၀ဖြစ်တုန်းကလည်း ဘတ် ၃၀ ဝန်းကျင်မှာပဲ တွေ့ရတယ်။ အခု ၈၀၀ ဖြစ်တော့လည်း ဘတ် ၃၀ ဝန်းကျင်မှာပဲ တွေ့ရတယ်။အခုတက်လာတဲ့ယင်လက်ခ်ဦးဆောင်တဲ့ အစိုးရက ယှဉ်ပြိုင်နိုင်စွမ်း ပိုမြင့်အောင်သူတို့ငွေကို တစ်ဒေါ်လာ ဘတ်၃၀ ကနေပြီးတော့၃၅ ဘတ်ကိုချဖို့လည်း ပြောနေတာကြားနေ၊ တွေ့နေရတယ်။ ဆိုလိုတာကတော့ ကိုယ့်ငွေ လိုတာထက် ပိုမာလာတာက လုပ်ငန်းရှင်တွေအလုပ်မလုပ်နိုင်ဘူး။ ကျွန်တော်တို့အတွက် တကယ်အခက်အခဲဖြစ်တယ်။

**အစိုးရအတွက် ဘက်ပေါင်းစုံမှာဖြေရှင်းလုပ်ကိုင်ရမယ့် အခက်အခဲတွေ ဒီနေ့ကာလလောက်များတဲ့အခြေအနေကို အရင် ကြုံဖူးတယ်လို့ ထင်ပါသလား။ အစိုးရဆီက ဘယ်လိုပြုပြင်ပြောင်းလဲမှုတွေကို မျှော်လင့်ပါသလဲ။**

စနစ်တစ်ခုကနေ တစ်ခုကို ပြောင်းတဲ့အခါမှာတော့ အခက်အခဲတွေက ကမ္ဘာ့နိုင်ငံတိုင်းမှာ ရှိကြတာပဲ။ အဲဒီ့ရှိတဲ့ အခက်အခဲကို အားလုံးနဲ့ ယုံကြည်မှုတည်ဆောက်ပြီးတော့ ပွင့်လင်းမြင်သာမှုရှိရှိနဲ့ အပြန်အလှန်ညှိနှိုင်းဆောင်ရွက်ရင်တော့ အခက်အခဲတချို့လျော့သွားမယ်လို့ ထင်မိတယ်။ ဒါပေမဲ့ အဲဒါက အချိန်မီဆောင်ရွက်ဖို့တော့လိုတယ်။

**ဒီအခြေအနေမှာ မကြာခင်ကျင်းပတော့မယ့် လွှတ်တော်က ဘယ်လိုရလဒ်မျိုးတွေ မျှော်လင့်ပါသလဲ။**

လွှတ်တော်ဘက်ကတော့ အတွေ့အကြုံ အနည်းငယ်ရှိလာတဲ့အတွက် ရေးရာကော်မတီတွေ ကဏ္ဍအလိုက်ဖွဲ့စည်းဆောင်ရွက်မယ့် ကော်မတီတွေက ပြည်သူလူထုအကျိုးရှိမယ့် ဥပဒေသစ်တွေပေါ်ထွက်လာဖို့၊ပြည်သူတွေအကျိုးမရှိတဲ့ဥပဒေဟောင်းတချို့ဖျက်သိမ်းလိမ့်မယ်လို့ မျှော်လင့်တယ်။ အထူးသဖြင့် စီးပွားရေးလုပ်ငန်းတွေ ဆောင်ရွက်နိုင်မယ့် ဒေါ်လာငွေတရားဝင်ကိုင်ဆောင်ခွင့်တို့၊ အခွန်နဲ့ပတ်သက်ပြီးတော့ ခေတ်ကာလနဲ့ကိုက်ညီတဲ့ ဥပဒေကို လွှတ်တော်ဘက်က ပြင်ဆင်ပြဋ္ဌာန်းပေးတာမျိုးတို့ ဒါမျိုးတွေကို ကျွန်တော်တို့ဘက်က မျှော်လင့်တယ်။ အနည်းဆုံးတော့ ကော်မတီတွေ၊ ကော်မရှင်တွေက Hearing (ကြားနာခြင်း)လုပ်နိုင်တဲ့အဆင့်၊ထိုက်သင့်တဲ့ Check & Balance (အပြန်အလှန်ထိန်းကျောင်းနိုင်တဲ့စနစ်) ရတာကို ဒီတစ်ခေါက်မှာ မြင်လိုပါတယ်။ Executive (အုပ်ချုပ်ရေးအာဏာပိုင်)တွေဘက်က လုပ်မပေးနိုင်သေးတာတချို့ကို Legislation (ဥပဒေပြုရေးအာဏာပိုင်)ဘက်က လုပ်ပေးလို့ရနိုင်တဲ့အတွက် အဲဒီတချို့ကို ဒီလွှတ်တော်မှာ လုပ်ပေးစေလိုပါတယ်။ တကယ်ဆောင်ရွက်နိုင်မဆောင်ရွက်နိုင်ကို စောင့်ကြည့်ရမှာပေါ့။

**ဖိတ်ကြားမှုကြောင့် ဟားဗတ်တက္ကသိုလ်စီးပွားရေးပညာရှင်အဖွဲ့လာပြီး မြန်မာ့စီးပွားရေးအခြေအနေကို စစ်တမ်းကောက်စိစစ်သုံးသပ်ပြီး ပြုပြင်သင့်တဲ့အကြံပြုချက်တွေ ရေးသားပေးသွားတယ်လို့သိရပါတယ်။ သူတို့အကြံပြုချက်တွေကို အကျဉ်းချုပ်ပြောပြပေးပါလား။**

ဟားဗတ်က စီးပွားရေးပညာရှင်တွေအနေနဲ့ လာပြီး စစ်တမ်းကောက်၊ အကြံပေးသွားတာကတော့ ငွေကြေးလဲလှယ်နှုန်းကို တစ်ခုတည်း ထားသင့်တယ်။ လတ်တလော ဒေါ်လာငွေတန်ဖိုးကျနေတာကို တစ်နည်းမဟုတ်တစ်နည်းနဲ့ နဂိုတန်ဖိုးနီးပါးဖြစ်အောင် ပြုလုပ်ပေးသင့်တယ်၊ ဒီလိုမဟုတ်ရင် ကျွန်တော်တို့ငွေတွေ ကျုံ့သွားပြီးတော့ စီးပွားရေးကဏ္ဍတစ်ခုလုံးတုံ့ဆိုင်းသွားနိုင်တယ်လို့ အကြံပြုသွားတယ်၊ ပညာရှင်တွေ အကြံပြုတာက ဖွံ့ဖြိုးတိုးတက်နေတဲ့ အာရှနိုင်ငံတွေအကုန်လုံးမှာ သူတို့ရဲ့ငွေတန်ဖိုးကိုရှိသင့်တာထက် ချပြီး လုပ်ခဲ့ကြတာ။ ဒါကို ၁၉၄၅ ဂျပန်ကနေပြီးတော့ စင်ကာပူအထိ အခုနောက်ဆုံး ဗီယက်နမ်အထိ ဒီတိုင်းလုပ်ကိုင်ကျင့်သုံးနေတာတွေ့ရတယ်လို့ဆိုတယ်။ ဒါပေမဲ့ ကျွန်တော်တို့နိုင်ငံမှာဖြစ်နေတာကတော့ ပြောင်းပြန်ဖြစ်နေတယ်လို့ခံစားရတယ်။

**ကမ္ဘာ့စီးပွားရေးအကျပ်အတည်းကြုံခဲ့ရတဲ့ ၂၀၀၈ ခုနှစ်နောက်ပိုင်းမှာလည်း ပြည်တွင်း စီးပွားရေးလုပ်ငန်းအများစု လုပ်ငန်းတွေနှေးကွေးသွားတာကို ကြုံခဲ့ရဖူးပါတယ်။ အခု ကြုံနေရတဲ့အခြေအနေနဲ့ အဲဒီတုန်းက ကြုံခဲ့ရတဲ့အခြေအနေ နှိုင်းယှဉ်ရင် ဘယ်ဟာက ပိုဆိုးပါသလဲ။**

၂၀၀၂ခုနှစ်ပြည်တွင်းမှာ ဘဏ်အကျပ်အတည်းဖြစ်တော့ စီးပွားရေးလုပ်ငန်းတွေ တုံ့ဆိုင်းသွားဖူးတယ်။ နောက် ၂၀၀၈ ကမ္ဘာ့စီးပွားရေးအကျပ်အတည်းမှာလည်း အခက်အခဲဖြစ်ခဲ့တယ်။ ဒါပေမဲ့ အခု ၂၀၁၁ မှာ ဖြစ်နေတာက ကျွန်တော်တို့အတွက် ပိုပြီးတော့ အခက်ကြုံနေရတယ်။ ၂၀၀၂ တုန်းကလည်း ကာလတိုမှာပြီးခဲ့တယ်။ ၂၀၀၈ မှာလည်း ထိခိုက်မှုတော့ရှိတယ်။ ဒါပေမဲ့ ကျွန်တော်တို့မျှော်လင့်သလောက် မဆိုးခဲ့ဘူး။ အခု ၂၀၁၁ ကတော့ ကျွန်တော့်အနေနဲ့တော့ အရင်နှစ်ခုထက်တောင် ပိုပြီး စိုးရိမ်နေမိတယ်။ဒါ့ကြောင့် Stake Holder (ပါဝင်ပတ်သက်သူ) အားလုံးကလည်း အခြေအနေမှန်ကိုသိပြီး ဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်ပေးမယ်ဆိုရင်တော့ အထိအခိုက်နည်းမယ်လို့ထင်တယ်။ ဒါမှလည်း တိုင်းပြည်တည်ဆောက်ရေးကို သွားနိုင်မှာ။ ဒီလိုမဟုတ်ရင် ပြဿနာ တစ်ခုပြီးတစ်ခု ရှင်းနေရတာနဲ့ပဲ တိုင်းပြည်ဖွံ့ဖြိုးရေးကို မလုပ်နိုင်ဘဲ အချိန်ကုန်သွားမယ်။ ကျွန်တော်တို့မှာ အချိန်နည်းနေပြီ။ ၂၀၁၅ ဆိုရင် AFTA (အာဆီယံလွတ်လပ်သော ကုန်သွယ်မှုနယ်မြေတည်ထောင်ခြင်း) လာတော့မယ်။ ကျွန်တော့်အနေနဲ့တော့ စိတ်ပူတယ်။

**အခုလို ဖြေကြားပေးတာ ကျေးဇူးတင်ပါတယ်။**

7 DAY NEWS JOURNAL
Vol.10, No.22 · AUGUST 18, 2011

### မျက်နှာဖုံး – ဥရောပခရီးသွားကုမ္ပဏီအချို့မြန်မာခရီးစဉ်ရောင်းချမှုရပ်ဆိုင်း မှ

"ဒီအခြေအနေက ခရီးသွား ကုမ္ပဏီတွေ အိတ်စိုက်နိုင်တာထက်လွန်သွားပြီ၊ မရတော့ဘူး" ဟု မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ အထွေထွေအတွင်းရေးမှူး ဒေါက်တာအောင်မြတ်ကျော်က ဆိုသည်။

ထိုကဲ့သို့သော အခြေအနေမျိုးတွင် မြန်မာနိုင်ငံရှိ ခရီးသွားကုမ္ပဏီများက ဇန်နဝါရီ၊ ဖေဖော်ဝါရီနှင့် မတ်လများအတွက် ရောင်းချထားသောခရီးစဉ်ဈေးနှုန်းများ ပြန်လည်ပြင်ဆင်ရန် ကြိုးစားလာသော်လည်း ဥရောပရှိကုမ္ပဏီများမှာ ဧည့်သည်များအားရောင်းပြီးသားဖြစ်နေ၍ ဈေးပြင်၍မရဘဲ ရောင်းပြီးသားဈေးဖြင့် လက်ခံရမည့်အခြေအနေဖြစ်လာခဲ့သည်။

ခရီးသွားကုမ္ပဏီများအနေဖြင့် ဥရောပနိုင်ငံများမှ ကမ္ဘာလှည့်ခရီးသွားများ ရောင်းချရာတွင် တစ်နှစ်(သို့မဟုတ်)ခြောက်လ အနည်းဆုံး ကြိုတင်ရောင်းချကြပြီး အာရှမှ ခရီးသွားကုမ္ပဏီများအား သုံးလ အနည်းဆုံးကြိုတင်ရောင်းချကြသည်။

ဈေးတက်လာသော ပြည်တွင်းလေယာဉ်လက်မှတ်ခ၊ လေဆိပ်ခွန်၊ ကားငှားရမ်းခ၊ ဇုန်ဝင်ကြေး ငွေလဲနှုန်းကျသွားခြင်းနှင့် ရန်ကုန်၊ ပုဂံ၊ မန္တလေးရှိဟိုတယ်ခများ ဈေးတက်သွားခြင်းကြောင့် အားလုံးပေါင်းလိုက်ပါက ခရီးသည်တစ်ဦးလျှင် ဒေါ်လာ ၁၀၀ခန့်ပိုမိုကုန်ကျနေပြီဖြစ်ကြောင်း မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း ဒုဥက္ကဋ္ဌ ဦးသက်လွင်တိုးက တွက်ပြသည်။

လာမည့် ခရီးသွားရာသီတွင် လာရောက်မည့် ဧည့်သည်အားတစ်ဒေါ်လာလျှင် ၉၀၀ ကျပ်ဖြင့် တွက်ချက်ရောင်းချထားသော်လည်း ယခုရက်ပိုင်းမှစ၍ တစ်ဒေါ်လာ ၇၅၀ ကျပ်သာရှိတော့သည်။

"အရင်ကဒေါ်လာတစ်ထောင်နဲ့ရောင်းတဲ့ခရီးစဉ်က အခု၁၅၀၀ ဖြစ်နေပြီ၊ ဒေသတွင်းမှာ ကျွန်တော်တို့ဈေးကြီးလာပြီ။ ဒါကြောင့် ကျွန်တော် ပြင်သစ်ဧည့်သည်တွေဆို လှည့်မကြည့်တော့ဘူး" ဟု Tour Mandalay ခရီးသွားကုမ္ပဏီဥက္ကဋ္ဌဦးခင်ဇော်ကဆိုသည်။

ထိုကဲ့သို့သော အခြေအနေမျိုးရှိနေသဖြင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းက ပြည်တွင်းလေကြောင်းလိုင်းများနှင့် ဩဂုတ် ၉ ရက်က ညှိနှိုင်းခဲ့ပြီး အခြားသော ဟိုတယ်နှင့် ပို့ဆောင်ရေးအဖွဲ့များနှင့်လည်း ညှိနှိုင်းရန် ရှိကြောင်း သိရသည်။ မြန်မာနိုင်ငံသို့ လာရောက်သော ဧည့်သည်များထဲတွင် ဥရောပရှိဧည့်သည်များမှာ ဒုတိယအများဆုံးဖြစ်ပြီး ငွေကြေး အများဆုံး သုံးစွဲသော ဧည့်သည်များဖြစ်ကာ ယခင်နှစ်က နှစ်သိန်းနီးပါးလာရောက်ခဲ့သည်။

# နှစ်စဉ်ရေကြီးသော်လည်းယာယီစခန်းနေရာချထားမှုကမပြေလည်နိုင်သေး

**အောင်သူရ၊ ပြည်သိမ်း**

တီအီးအလဲဗင်းကုန်ကားနောက်ခန်းကို အပြာရောင် တာပေါ်လင်စဖြင့် ဆင်ခြေလျှောမိုးထားသည်။

ဆင်ခြေလျှောမိုးထားခြင်းကြောင့် အမြင့်ဆုံးနေရာက လူတစ်ထိုင်လွတ်ရုံသာ အမြင့်ရှိပြီး ထိုနေရာတွင် လူနှစ်ဦးနေ့လယ်စာ စားနေကြသည်။

"အပျော်လာတာမှ မဟုတ်တာ။ ရသလို အိပ်ရတာပေါ့"ဟု အကျီချွတ်ဖြင့် ထမင်းစားနေသူ ကိုမောင်ဝင်းကဆိုသည်။


ဓာတ်ပုံ – အောင်သူရ

**ကားပျက်တွင် အဖီထိုးကာ ခေတ္တခိုလှုံနေသော ရေဘေးဒုက္ခသည်မိသားစုတစ်စု**

"ရေစတက်တဲ့နေ့ကစပြီး ဒီကို ရွှေ့လာတာ။ ကျောင်းပေါ်မှာလည်း လူတွေပြည့်နေတော့ နေရာမရလို့ ကားပေါ်မှာ နေရတာ။ ငါးရက်ရှိသွားပြီ" ဟု ကားဘေးတွင် ရပ်နေသောကိုမောင်ဝင်းမိခင်ဒေါ်လှငွေကပြောသည်။

ကိုမောင်ဝင်းတို့ မိသားစုခြောက်ယောက်မှာ ပဲခူးမြို့ ကျွန်းသာယာနယ်မြေ ၁၅ တွင် နေထိုင်ပြီး ရေစတက်သည့်နေ့က အနီးရှိ ဘုန်းကြီးကျောင်း ကယ်ဆယ်ရေးစခန်းသို့ သွားခဲ့သော်လည်း နေစရာမရှိသဖြင့် မိနစ် ၂၀ ခန့်လာရသောယခုနေထိုင်သည့်အနောက်ရွှေနံ့သာဘုန်းကြီးကျောင်းသို့လာခဲ့ကြခြင်းဖြစ်သည်။

"စရောက်တဲ့နေ့က နေစရာမရှိလို့ ဆင့်ထိုးပြီး တစ်ရက်နေရတယ်။ ဘုန်းကြီးတွေက လုပ်ပေးပါတယ်" ဟု ရွှေနံ့သာဘုန်းကြီးကျောင်းတွင်နေထိုင်သူတစ်ဦးက ပြောသည်။

"ကျောင်းပေါ်မှာ ထားစရာမရှိလို့ လူ ၃၀၀ ကျော်ကို ဗိမာန်ကို ပို့ပေးဖို့ စီစဉ်တယ်။ ဒါပေမဲ့ သူတို့က မလိုက်ဘူးဆိုတော့ စကြႋလမ်းပေါ်မှာ ထားရတယ်" ဟု ဆရာတော်ဦးဘဒ္ဒန္တကေသလ္လက မိန့်လေသည်။

ရွှေနံ့သာကျောင်းတွင် ရေဘေးသင့် အိမ်ထောင်စု ၅၀၀ ကျော် လူဦးရေ ၂၈၀၀ လာရောက်နေထိုင်ကြပြီး ယခုတစ်ကြိမ် ရေကြီးမှု၌ ရေဘေးသင့်သူ စုစုပေါင်း ၁၄၀၀၀ကျော်ရှိကာ ကယ်ဆယ်ရေးစခန်း ၂၂ခု ဖွင့်လှစ်ထားသည်ဟုလည်း သက်ဆိုင်ရာက ထုတ်ပြန်သောသတင်းများအရ သိရသည်။

ထိုကဲ့သို့ ဖြစ်ရသည်မှာ ဩဂုတ်လ ၁၀ရက်နေ့က ရောက်ရှိခဲ့သော ပဲခူးမြစ်၏ ရေမှတ်မှာ ၄၇ နှစ်အတွင်း အမြင့်ဆုံးဖြစ်ခဲ့ပြီး ၉၅၉ စင်တီမီတာသို့ ရောက်ရှိခဲ့ခြင်းကြောင့်ဖြစ်သည်။

ထို့အပြင် ယခုနှစ်တွင်မူ ထူးထူးခြားခြား အခြားသော နှစ်များနဲ့မတူဘဲ သက်ဆိုင်ရာတိုင်းဒေသကြီး အစိုးရက ဆန်အိတ် ၄၀၊ စည်ပင်ဝန်ကြီးက ဆန်အိတ် ၂၀ နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဆန်အိတ်



၂၀ နှင့် ပုဂ္ဂလိက အလှူရှင်များက လည်း လှူဒါန်းကြသည်။ ထို့ကြောင့် ကယ်ဆယ်ရေးစခန်းတွင် နောက်ထပ် သုံးရက်ခန့် နေရမည်ဖြစ်သော်လည်း သူတို့အဖို့စားစရာအတွက် ပူစရာမရှိပေ။

ထို့ကြောင့် ယခုတစ်ကြိမ် ရေဘေးတွင် စားရေးနှင့် ကျန်းမာရေးအတွက် မပူပင်ရကြောင်း ဒုက္ခသည်များက ဆိုသည်။

ရေကျ၍ကိုယ့်အိမ်ကိုယ်ပြန်သွားချိန်တွင် တစ်အိမ်လုံး မြုပ်သွားခြင်းကို ကြုံတွေ့ရသူများနှင့် အချို့ကြမ်းခင်းပျက်စီးသွားသူများမှာ ပြန်ပြင်ကြရမည်ဖြစ်သည်။ နှစ်စဉ်ရေကြီးနေကျဖြစ်၍ သူတို့တွင် အတွေ့အကြုံရှိနေကြသော်လည်း ယခုနှစ်တွင် စံချိန်တင်ရေကြီးခဲ့သဖြင့် ယခင်နှစ်များထက် အပျက်အစီးများခဲ့ကြသည်ဟု ဒေသခံများကဆိုသည်။

ပဲခူးမြို့၏ တည်နေရာအနေအထားအရ မိုးများချိန်နှင့် မြစ်ရေတက်ချိန်တို့တွင် ရေကြီးလေ့ရှိသည်။

ယခုနှစ်တွင်လည်း တစ်ပတ်အတွင်း မိုးရေချိန် ၇ လက်မကျော် ရွာသွန်းခဲ့သဖြင့် ပဲခူးရိုးမမှ ဆင်းလာသော ရေများကြောင့်ရေကြီးခဲ့ခြင်းဖြစ်သည်ဟု မိုးလေဝသပညာရှင်ကဆိုသည်။

"သေချာတာက ဘုန်းကြီးကျောင်းရောက်ရင် ထမင်းမငတ်ဘူးလေ" ဘုန်းကြီးကျောင်းအားရွေးချယ်ရခြင်းနှင့်ပတ်သက်၍ ရေဘေးဒုက္ခသည်တစ်ဦးကဆိုသည်။

"ရေဘေးသင့်ပြီဆိုတာနဲ့ ဘုန်းကြီးတို့က အရင်ဆုံးလှူတာပဲ"ဟု ဆရာတော်ဦးကိတ္တိကမိန့်သည်။ စခန်း ၂၂ ခုထဲတွင် ဘုန်းတော်ကြီးကျောင်းထက်ဝက်နီးပါးရှိပြီး ဒုက္ခသည် အများဆုံးနေထိုင်ကြသည်။

ရေဘေးဒုက္ခသည် အများစုမှာ ရေတက်လာပါက နီးစပ်ရာဘုန်းကြီးကျောင်းများသို့သာ အလျင်အမြန် ပြောင်းရွှေ့နေထိုင်ကြကြောင်း ပဲခူးဒေသခံတစ်ဦးက ပြောသည်။

လူအများစုနေထိုင်သော ရွှေနံ့သာဘုန်းကြီးကျောင်းတွင် ဒုက္ခသည်များ နေထိုင်နိုင်ရန် ဓမ္မရုံကြီးအရ ဆောက်လုပ်လျက်ရှိသည်။ ထိုဓမ္မာရုံကြီးတည်ဆောက်ပြီးပါက ယခု ထက်ပိုမိုလက်ခံနိုင်ပေမည်။ နှစ်စဉ် ရေကြီးနေကျဖြစ်၍ ရေကြီးလျှင် ဘုန်းကြီးကျောင်းများကိုသာ အဓိကဆက်လက်အားကိုးနေရပေဦးမည်။ ။

# ယာဉ်လိုင်စင်သက်တမ်း တိုးမြှင့်ရာတွင် သတ်မှတ်ချက်အချို့ ဖြေလျှော့

**ရန်ကုန်၊ ဩဂုတ်-၁၁**

ယာဉ်လိုင်စင်သက်တမ်းတိုးခြင်းနှင့်ပတ်သက်၍ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနက သတ်မှတ်ချက်အချို့ဖြေလျှော့ပေးလိုက်သည့်အတွက် ယခုထက်ပို၍ ကုန်ကျစရိတ်သက်သာ မြန်ဆန်လာကြောင်းသတင်းရရှိသည်။

ယခင်က မော်တော်ယာဉ်သက်တမ်းတိုးရာတွင် အမည်ပေါက်ပိုင်ရှင်၏ မှတ်ပုံတင်၊ သန်းခေါင်စာရင်းမူရင်းတို့တင်ပြမှသာ သက်တမ်းတိုးခွင့်ရခဲ့ရာမှ ယခု ယင်းအချက်ကို ပယ်ဖျက်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။

"ဒီလပိုင်းလောက်ကစပြီး လုပ်ပေးနေတာပါ။ အရင်က တစ်ပတ်လောက်ကနေ အခုနေ့ချင်းပြီး လုပ်လို့ရအောင် စီစဉ်ထားတယ်" ဟု တောင်ဒဂုံမြို့နယ်ရှိ လိုင်စင်ရုံးမှဝန်ထမ်းတစ်ဦးကပြောသည်။

ယင်းဖြေလျှော့မှုနှင့်ပတ်သက်၍ ယာဉ်လွှဲပြောင်းဝယ်ယူထားသူတစ်ဦးက "အရင်က အဲဒီအမည်ပေါက်ပိုင်ရှင်ရဲ့ မှတ်ပုံတင်ရဖို့ ပိုင်ရှင်ကိုပိုက်ဆံပေးရတယ်။ ပြီးရင် တချို့က နယ်ပြောင်းတာပြောင်းနဲ့ဆိုတော့ပိုင်ရှင်နဲ့မတွေ့မချင်း လိုက်ရှာရတာ အခုလိုဆိုတော်တော်လေး အဆင်ပြေသွားတယ်"ဟု ပြောသည်။

လက်ရှိတွင် လိုင်စင်သက်တမ်းတိုးခြင်းအတွက် ကုန်ကျငွေ ကျပ်သောင်းဂဏန်းခန့်သာရှိသော ယာဉ်အာမခံ ပရီမီယံကြေးပေးသွင်းရန်အတွက် အာမခံရုံး၏ ဌာနခွဲများကို ကညနရုံးများတွင်ထားရှိပါက ပိုမိုအဆင်ပြေမည်ဖြစ်ကြောင်းလိုင်စင်ပြန်လည်လျှောက်ထားသူတစ်ဦးကအကြံပြုပြောကြားသည်။

# အောက်တိုဘာလအတွင်း ဘင်္ဂလားပင်လယ်အော်တွင် မုန်တိုင်းသုံးလုံးဖြစ်ပေါ်နိုင်

**အောင်သူရ**

**ရန်ကုန်၊ ဩဂုတ် - ၈**

**မိုးနှောင်းကာလဖြစ်သော အောက်တိုဘာလတွင် ဘင်္ဂလားပင်လယ်အော်အတွင်း မုန်တိုင်းသုံးလုံးဖြစ်ပေါ်နိုင်ကြောင်း မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်ကပြောသည်။**

"သေချာတာပြောရရင် အောက်တိုဘာလက တော်တော်လေးကြောက်စရာကောင်းပါတယ်" ဟုဦးထွန်းလွင်က ခန့်မှန်းပြောဆိုသည်။

ဘင်္ဂလားပင်လယ်အော်တွင် မုန်တိုင်းများ ဖြစ်ပေါ်တိုင်း မြန်မာနိုင်ငံသို့ ဝင်ရောက်လေ့မရှိသော်လည်း ထိုဒေသတွင် မုန်တိုင်းဖြစ်ပေါ်ပါက မြန်မာနိုင်ငံ၌ မိုးရွာသွန်းလေ့ရှိသည်။ သို့သော် ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်သော မိုးကြိုနှင့်မိုးနှောင်းကာလဖြစ်သည့် မုန်တိုင်းများမှာ မြန်မာနိုင်ငံသို့ ဝင်ရောက်လေ့ရှိပြီး မိုးနှောင်းကာလတွင် ဖြစ်ပေါ်သော မုန်တိုင်းများ၏ ၄၉ ရာခိုင်နှုန်းမှာ မြန်မာနိုင်ငံသို့ဝင်ရောက်လေ့ရှိသည်။ တစ်နှစ်လျှင် ဘင်္ဂလားပင်လယ်အော်တွင် မုန်တိုင်းလေးလုံး မှခြောက်လုံးဖြစ်ပေါ်လေ့ရှိပြီး ယခုနှစ်အခြေအနေအရ စက်တင်ဘာလကုန်အထိ ဘင်္ဂလားပင်လယ်အော် မုန်တိုင်းတစ်လုံးမှဖြစ်ပေါ်နိုင်ခြေမရှိသေးပေ။

ပြီးခဲ့သည့်နှစ် မိုးကြိုကာလဖြစ်သော မေလက မုန်တိုင်းတစ်လုံးဖြစ်ပေါ်ခဲ့ပြီး ကျန်မိုးတွင်း ကာလတွင်တစ်လုံးမှမဖြစ်ပေါ်ဘဲ အောက်တိုဘာလ၌ သုံးလုံးဖြစ်ပေါ်ကာ ဂီရိမုန်တိုင်း မြန်မာနိုင်ငံသို့ဝင်ရောက်ခဲ့သည်။

"နိုဝင်ဘာဖြစ်ရင် စပါးရော၊ ပဲရော သတိထားရမယ့်အခြေအနေပဲ"ဟု တောင်သူကြီးတစ်ဦးကဆိုသည်။




7 DAY NEWS JOURNAL
Vol.10, No.22 • AUGUST 18, 2011

# စာ(၃၁) မိန်းမလျာတို့ဆုတောင်းမှ

တို့နဲ့ နေချင်လို့ပါလို့ဆိုပြီးပြောပြမှထွက်လာတယ်”လို့ အမေမိုးကပြောပြတယ်။

မိန်းမလျာကို ကောင်လေးက ပစ်သွားတာ မဆန်းပါဘူး။ ဘာလို့လဲဆိုတော့ မိန်းမလျာဘဝဆိုတာ ထောက်ခံစာနဲ့တူတယ်လို့ ပြောလာသူက မော်လမြိုင်မြို့ကလာတဲ့နတ်ကတော်စံစံပါ။ “အစ်ကို့ကိုမေးမယ်၊ မှတ်ပုံတင်နဲ့ ထောက်ခံစာ ဘယ်ဟာ အရေးကြီးလဲ၊ မှတ်ပုံတင်က အရေးကြီးတယ်လို့ပဲ အစ်ကိုကဖြေမှာပဲလေ။ မှတ်ပုံတင်မရခင်စပ်ကြားမှာပဲ မှတ်ပုံတင်ပြုလုပ်ဆဲ ထောက်ခံစာက အရေးပါတာကိုး။ မှတ်ပုံတင်ရရင် ထောက်ခံစာက ဘယ်လိုလုပ်လို့တော့မလဲလေ။ မိန်းမလျာတွေအတွက်တော့ ယောကျ်ားကပစ်ခံရတာ မဆန်းတော့ပါဘူး”လို့ ပြောပြတယ်။

“ကျွန်တော် ဘွဲ့ရပြီးပါပြီ။ ကျွန်တော်ကိုယ့်ဘဝကို အကောင်းဆုံး တည်ဆောက်နေပါတယ်။ မိန်းမလျာမို့ သူတစ်ပါး အထင်သေးခံရတာကိုလုံးဝမဖြစ်ရအောင် ကြိုးစားတယ်။ မိတ်ကပ်လိမ်းတယ်။ ပန်းအလှပြင်တယ်။ ဆယ့်နှစ်ရာသီပတ်လုံး အလုပ်နဲ့ လက်မပြတ်အောင်လုပ်တယ်။ ရလာတဲ့ငွေနဲ့ မိသားစု တင့်တင့်တယ်တယ်ထားတယ်။ ညီတွေညီမတွေ ပညာတတ်အောင်လုပ်ပေးတယ်။ နောက်ပြီး လှူရေးတန်းရေးမှာ သူများ တစ်ထောင်လှူရင် ကိုယ်နှစ်ထောင်လှူနိုင်အောင် ကြိုးစားတယ်။ ဒီဘဝလို အဖြစ်ဆိုးမျိုး နောက်ဘယ်တော့မှ မဖြစ်ချင်တော့ဘူး”လို့ ဆက်လက်ရင်ဖွင့်ပါတယ်။

မိန်းမလျာတစ်ယောက်ရဲ့ ဘဝက အရမ်းဆိုးလွန်းလို့ ဘာကိုစပြောရမှန်းတောင် မသိဘူးလို့ ပြောရင်း မဲ့ပြုံး ပြုံးလာသူက ကိုမောင်မြင့်ပါ။ အများကတော့ သူ့ကို အမြင့်လို့ခေါ်ကြတယ်။ သူက မိတ်ကပ်ပြင်တယ်။ သူ့ဘဝမှာ အကြိမ်အခါခါ အသုံးချခံလိုက်ရပြီး တစ်ကြိမ်ကတော့ တော်တော်ဆိုးဆိုးရွားရွားကြီးကို အသုံးချခံလိုက်ရတယ်လို့ပြောပြတယ်။

“ကိုယ်နဲ့ ပတ်သက်နေတဲ့ ကောင်လေးတစ်ယောက်ကကိုယ်ဆင်ပေး ထားတဲ့လက်ဝတ်လက်စားတွေရော ဖုန်းရော ငွေသိန်းနှစ်ဆယ်ကျော်ရော ယူပြီး ရှောင်ထွက်သွားတယ်။ ကိုယ့်လုပ်ငန်းလေး အောင်မြင်ခါနီးအချိန်မှာ လုံးဝကို ခါးပြတ်သွားတာ။ မနည်းရုန်းကန်လိုက်ရတယ်။ ခုလို အခြေအနေဖြစ်ဖို့ကို ကိုယ့်ကိုယ်ကိုယ်အားပေးရင်း အလုပ်တွေပို ကြိုးစားရင်း နာမည်တစ်လုံး ပြန်ရအောင် တော်တော်လေးကို လုပ်ယူလိုက်ရတယ်။ ခုတော့ ကိုယ့်ဝင်ငွေအားလုံးသည် မိဘနဲ့ ညီအစ်ကိုမောင်နှမတွေအတွက်ပဲ။ ကျန်တာဘာမှကိုမစဉ်းစားရဲတော့ဘူး” လို့ ယောကျ်ားတွေကို ကြောက်သွားတဲ့ အမြင့်ကပြောပါတယ်။

မိန်းမလျာတွေဟာ မိဘနဲ့ မိသားစုအပေါ် အလွန်ပဲ တွယ်တာလှပြီး လုပ်ကိုင်ကျွေးမွေးချင်စိတ်ရှိကြတယ်လို့ ဆိုကြပါတယ်။ ဒါပေမဲ့ မလိမ္မာတဲ့ မိန်းမလျာတွေလည်း ရှိကြပါတယ်တဲ့။ နောက်ပြီး မိန်းမလျာတွေဟာ ပုံမှန်လူတွေထက် နှစ်ဆပိုကြိုးစားရပါတယ်။ သူတစ်ပါးအထင်သေးခံ၊ အလှောင်ခံဘဝကနေ ဘဝတစ်ခုရဖို့ကြိုးစားရတာ တော်ရုံစိတ်ဓာတ်နဲ့တော့ မဖြစ်ပါဘူး။ ပြီးတော့ သူတို့တတွေနဲ့ စကားပြောရရင် ရယ်ရတယ်လို့ ပြောကြတယ်။ ဒါလည်း မှန်တာပါပဲ။ ကိုယ့်အားနည်းချက်ကြီးကို မေ့ထားဖို့ဆိုတာ ပျော်ပျော်နေမှသာ နေလို့ထိုင်လို့ရမှာဆိုတော့ပျော်ပျော်နေရင်းရယ်စရာစကားတွေ ပြောတတ်လာကြတာပါတဲ့လေ။ ဒါပေမယ့်လည်း ပျော်ရုံပဲပျော်ပြီး မိမိဘဝပါးမသွားအောင်တော့ နေထိုင်သင့်တယ်လို့ အသက်အရွယ်ရနေတဲ့ မိန်းမလျာကြီးတွေက အတွေ့အကြုံတွေအရ အငယ်တွေကိုသြဝါဒခြွေပါတယ်။

“ခုခေတ် နောက်ပေါက် မိန်းမလျာလေးတွေ အနေအထိုင်ဆင်ခြင်ဖို့၊ အပျော်အပါးမမက်ဖို့ ကြုံတိုင်းပြောဖြစ်ပါတယ်။ ဒါပေမဲ့ ကိုယ့်ကွယ်ရာမှာ ဘယ်လိုနေမလဲဆိုတာ ဘယ်သိနိုင်မလဲ။ ကျန်းမာရေးအသိလေးနဲ့ နေဖို့ကတော့ အမြဲမှာပါတယ်။ မိမိကံအကျိုးပေးကို လက်ခံဖို့၊ နောက်ထပ် ထပ်မမှားဖို့ အမြဲပြောဖြစ်ပါတယ်”ဟု အသက် ၆၈ နှစ်အရွယ် နတ်ကတော်မိန်းမလျာဆိတ်ဆိတ်ကပြောပြတယ်။

“ကိုယ်နဲ့ ပတ်သက်ခဲ့ရတဲ့ ယောကျ်ားတွေက ကိုယ့်အပေါ် ကောင်းတာတွေက နည်းနည်း၊ ဆိုးတာကများများပါ။ ယောကျ်ားချင်းတူတာတောင်မှ သူထိုးတာခံရ၊ နှိပ်စက်တာခံရနဲ့ဘဝကငရဲကျသလိုပါပဲ။ ဒါကြောင့် ခုတော့ နေတတ်အောင်နေတယ်၊ မိုးကုတ်ဆရာတော်ဘုရားကြီး ဝိပဿနာတရားခွေတွေနာတယ်။ တရားထိုင်တယ်။ ကိုယ့်ဘဝက ခုတော့ ဘုရားတရားကြောင့် တော်တော်လေးကို အေးချမ်းနေပါပြီ”လို့ မိန်းမလျာကြီးတစ်ယောက်က သံဝေဂသံအပြည့်နဲ့ပြောပါတယ်။

မိန်းမလျာအားလုံးကို နောက်ဘဝ ယောကျ်ားဖြစ်ချင်သလား၊ မိန်းမဖြစ်ချင်သလား၊ ဒါမှမဟုတ် ဒီမိန်းမလျာဘဝပဲ ထပ်ဖြစ်ချင်လားလို့ မေးတော့ မိန်းမလျာဘဝဟာ လိုချင်လို့ရခဲ့တာ မဟုတ်ကြောင်း၊ ကံ ကံ၏အကျိုးကို လုံးဝယုံကြည်ကြောင်း၊ နောက်ဘဝ ယောကျ်ားစစ်စစ်သာဖြစ်ပါရစေလို့ အမြဲဆုတောင်းကြောင်း ဆိုကြပါတယ်။

သူတို့ပြောသမျှ မှတ်တမ်းတင်နေတဲ့ အသံဖမ်းစက်ခလုတ်ကိုပိတ်လိုက်တော့ မိန်းမလျာတွေအားလုံးရဲ့မျက်နှာမှာ အပြုံးလေးတွေတွေ့ရတယ်။ သူတို့ရင်ထဲက စကားတွေ စိတ်လွတ်ကိုယ်လွတ် ပြောပြလိုက်ရတဲ့အတွက် သူတို့ရင်တွေအနည်းငယ် ပေါ့သွားပုံရပါတယ်။

နောင်ဘဝဆိုတာ ရှိခဲ့ရင် သူတို့အားလုံး ဆုတောင်းကြသလို ယောကျ်ားစင်စစ်တွေဖြစ်ပါစေလို့ပဲ ဆုတောင်းနေမိပါတယ်။

TRADEMARK CAUTION

REGIO

PROGUARD

ECOCARAT

SATIS

18 August 2011

7 DAY NEWS JOURNAL
Vol.10, No.22 • AUGUST 18, 2011

# မနက်ဖြန် ခပ်သိမ်းတို့၌စိမ်းလန်းကြစေသော်ဗျာ

မောင်သာချို



(တစ်)

၂၀၁၁ ခုနှစ်၏ မိုးရွာသောနေ့တစ်နေ့၌ international school ကလေးတစ်ခုက ဖိတ်ကြားလာသဖြင့် ကျွန်တော်အရောက်သွားခဲ့ပါသည်။ သစ်ပင်အရုပ်ကလေးတွေ တော်တော်များများပါသော စိမ်းစိမ်းစိုစိုဖိတ်စာကလေးထဲ၌ မိဘများရှင့်ဟု အစချီကာ သစ်ပင်စိုက်ပျိုးရေးနေ့ အခမ်းအနားကျင်းပလိုပါသဖြင့်တို့၊ ကလေးများနှင့်အတူ ပါဝင်ဆင်နွှဲပေးပါရန်တို့ဟူသော စာသားများကို Planting Day ဟူသည့် ဖိတ်စာထဲ၌ ဖတ်ရပါသည်။

ထိုနေ့က သုံးလေးငါးနှစ်အရွယ် ကလေးငယ်တို့၏ သရုပ်ဖော်တင်ဆက်မှု ကလေးများက ချစ်ဖို့ကောင်းပါသည်။ သစ်ပင်အဖြစ် သရုပ်ဆောင်သူက သရုပ်ဆောင်၊ ပုဆိန်ကိုယ်စီဖြင့် သစ်ခုတ်သမားအသွင်ကပြသူက ကပြနှင့်သူတို့၏ ဇာတ်ခုံကလေးကို မိဘများနှင့်အတူ ငေးမောကြည့်ရှုခဲ့ရပါသည်။ နောက်တော့လက်တွေ့ သစ်ပင်စိုက်ပွဲ။ သစ်ပင်ပေါက်စကလေးတွေကို မြေကြီးထဲမှာ စိုက်၊ ရေလောင်း။

သည်ကျောင်း၏ လျာထားချက်က သစ်ပင်တစ်သိန်း စိုက်ပျိုးရန် ဦးတည်ထားသည်ဟုဆိုပါသည်။ နှစ်စဉ် နှစ်စဉ် စည်ပင်သာယာက ခွင့်ပြုသတ်မှတ်ပေးသော နေရာများ၌ အတန်အသင့်အရွယ်ရောက်သောကျောင်းသား၊ ကျောင်းသူကလေးများနှင့် သစ်ပင်စိုက်ပျိုး၍နေခဲ့သည်မှာ သုံးလေးနှစ်ပင်ရှိခဲ့ပြီ။ သူတို့၏ ပညာရေးထဲ၌ သဘာဝပတ်ဝန်းကျင်ကို ချစ်စိတ်၊ ထိန်းသိမ်းစောင့်ရှောက်လိုစိတ်တို့ကိုထည့်သွင်းထားသည်ဟု နားလည်ရပါသည်။

(နှစ်)

သစ်ပင်စိုက်ခြင်းဖြင့် ကမ္ဘာကျော်သော အမျိုးသမီးတစ်ယောက်ရှိပါသည်။ မာထိုင်း။ Miss Wangri Maathai တဲ့။ ကင်ညာ နိုင်ငံသူ။ သူက ကမ္ဘာလှည့်ပြီး သစ်ပင်စိုက်ခဲ့ရာ အပင်ပေါင်း သုံးသန်း။ သည့်အတွက် ၂၀၀၄ ခုနှစ်မှာငြိမ်းချမ်းရေးနိုဗယ်ဆု သူ့ကို ချီးမြှင့်လိုက်ပါသည်။

နောက်တစ်ယောက်က ရုပ်ရှင်မင်းသား ဘရက်ပစ်(Brad Pitt)။ သူက ဟိမဝန္တာတောင်တန်းကို ဘူတန်(Bhutan)နိုင်ငံအနီးတွင် ရွေးချယ်လိုက်ပြီး အနာဂတ်သစ်တောများ(Future Forests) ကုမ္ပဏီနှင့် ပူးပေါင်းကာ ဒေါ်လာ ၁၀၀၀၀ ထည့်ဝင်လျက် စိုက်ပျိုးခဲ့ခြင်းဖြစ်ပါသည်။

သစ်ပင်စိုက်ရာ၌ မင်းသား လီယိုနာဒို ဒီကာပရီရို(Leonardo Dicaprio)ကလည်း တစ်တပ်တစ်အား ပါဝင်သူဖြစ်ပါသည်။ သူကတော့ ဂျာမနီနိုင်ငံအနီးကလိုက်ပဖ် သစ်တောနေရာကို ရွေးပြီးစိုက်ပါသည်။ကျွန်တော်တို့ဆီမှာကတော့ ဦးငွေဆိုသည့် မန္တလေးက ဆိုက်ကားဆရာကြီးက သစ်ပင်ချစ်သူကြီးဖြစ်ပါသည်။ သမီး ခုနစ်ယောက်၏ဖခင် တောင်ကြခတ်ဝင်းနေသည့် ဆိုက်ကား ဆရာကြီးက မြန်မာနှစ် ၁၂၇၆ ၌ မွေးသူဖြစ်ရာသူ့အသက် ၃၈ နှစ်အရွယ် ၁၃၁၄ ခုနှစ်မှစကာ မန္တလေးမြို့ ၃၅ ၊ အေ-လမ်း၊ ရွှေကျီးမြင် ဘုရားလမ်း၊ ကျုံးဘေး၊ ရွှေတချောင်းတစ်လျှောက်တို့၌ ညောင်၊ ကုက္ကို၊ စိန်ပန်းစသည့် အပင်များကို ဆိုက်ကားနင်းရင်း အလျဉ်းသင့်သလို စိုက်ပျိုးသွားခဲ့သူဖြစ်ပါသည်။ အသက် ၇၀ ကျော်သည်အထိ အပင်ပေါင်း ၅၀၀ တဲ့။ ဆေးနီသုတ်ထားသည့်သံပြားပေါ်မှာ ဆေးပြာနှင့် ရေးထားသည်က သစ်ပင်ဒကာကြီးဦးငွေတဲ့။ အပင်တိုင်း အပင်တိုင်းမှာ။

သစ်ပင်တွေ သစ်ပင်တွေ။ စိုက်ခဲ့ကြ စိုက်နေကြပုံများ။

(သုံး)

ကမ္ဘာပေါ်၌မော်တော်ကားတို့၊ မော်တော်ဆိုင်ကယ်တို့၊ လေယာဉ်ပျံတို့၊ ရေခဲသေတ္တာတို့၊ လေအေးပေးစက်တို့၊ စက်ရုံ အလုပ်ရုံအမျိုးမျိုး အထွေထွေတို့က စက္ကန့်မလပ် ထုတ်လွှတ်နေသည့် ကာဗွန်ဒိုင်အောက်ဆိုက်($CO_2$)ဓာတ်ငွေ့တွေက လူ့ရပ်ဝန်းကျင်ကို လွှမ်းခြုံလျက်ရှိနေပါသည်။ သည်ကာဗွန်ဒိုင်အောက်ဆိုက်က ကမ္ဘာကို အပူကြီးစေပါသည်။ ကမ္ဘာပူခြင်း၏နောက်ဆက်တွဲဝေဒနာများကတော့ တစ်ပုံတစ်ပင်ကြီး။ ဝင်ရိုးစွန်းရေခဲပြင်တို့ အရည်ပျော်တာ၊ ရေကြီးရေလျှံတာ၊ မုန်တိုင်းတိုက်တာ၊ မိုးခေါင်တာ၊ ရာသီပျက်တာ၊ သီးနှံအထွက်နှုန်းကျဆင်းတာ၊ ရောဂါဘယထူပြောတာစသည်ဖြင့်။

သည် ကာဗွန်ဒိုင်အောက်ဆိုက်ကို စုပ်ယူမည့်အရာနှစ်ခုက ပင်လယ်သမုဒ္ဒရာနှင့် သစ်ပင်များ။ သို့သော် ထုတ်လွှတ်သမျှ $CO_2$ ကို သူတို့ကုန်စင်အောင် မစုပ်ယူနိုင်ပါလေတော့။ ၂၀၀၁ ခုနှစ် စာရင်းဇယားများအရပင် ကမ္ဘာပေါ်၌ $CO_2$ ဘီလျံ ၇ တန်ထွက်ရှိပြီး ဘီလျံ ၃ တန်ကိုသာ စုပ်ယူနိုင်ဟုဆိုပေရာ နှစ်စဉ် ဘီလျံ ၄ တန်တိုး၍ နေပါပြီ။ သည်အတွက် သစ်ပင်တွေများများ စိုက်ဖို့လိုပါသည်။

သစ်တောဝန်ကြီးဌာနက ထုတ်ပြန်သည့် စာရင်းဇယားများအရ ၁၉၇၅ မှ ၁၉၈၉ အထိ ၁၄ နှစ်အတွင်းတွင် သစ်တောဧရိယာ ၁၁,၈၂၉ စတုရန်းမိုင် ဆုံးရှုံးခဲ့ကြောင်း၊ ၁၉၉၀ မှ ၂၀၀၅ အထိ ၁၅ နှစ်အတွင်းတွင် နှစ်စဉ် စတုရန်းမိုင် ၁,၈၀၀ မှ ၁,၉၉၆ စတုရန်းမိုင်ဆုံးရှုံးခဲ့ကြောင်း၊ ၁၉၉၀ ပြည့်နှစ်နောက်ပိုင်း ကမ္ဘာပေါ်ရှိ သစ်တောပြုန်းတီးမှု အများဆုံး ၁၀ နိုင်ငံ၌ မြန်မာနိုင်ငံပါဝင်ကြောင်း စာရင်းဇယားများထုတ်ပြန်ထားခဲ့ရာ ကြောက်မက်ဖွယ်ရာ ရောဂါမှတ်တမ်းပင်ဖြစ်ပါသည်။

စာရေးဆရာကိုတာ၏ ကျေးဇူးဖြင့် အမေရိကန် ဒု-သမ္မတဟောင်း အယ်လ်ဂိုး(Albert Amold Gore)ရေးသည့် စိတ်ပျက်ဖွယ် အမှန်တရား(An inconvenient Truth)ဆိုသော စာအုပ်ထူကြီးကို ခဏမြည်းစမ်းခွင့်ရခဲ့ပါသည်။ ယင်းကိုပင် ရုပ်ရှင်အဖြစ် ပြန်လည်ရိုက်ကူးထားသည့် ဒီဗီဒီ အခွေကလေးတစ်ချပ်ကို မုံရွာမြို့သို့ရောက်သွားခိုက် ကဗျာဆရာမင်းဆွေနှစ်ထံမှ လက်ဆောင်ရဖူးပါသည်။ ကမ္ဘာပျက်ပုံကို သွေးပျက်ဖွယ်မှတ်တမ်းတင်ထားသည့် အထောက်အထားများ။ သည်ကမ္ဘာပျက်ကို ပြုပြင်ဖို့ အခုတော့ သစ်ပင်စိုက်ကြပါပြီ။

သစ်ပင်တွေက ကျွန်တော်တို့၏ ဘဝများစွာနှင့်နေရာတိုင်းမှာ ဆက်စပ်လျက်ရှိပါသည်။ မြတ်ဗုဒ္ဓပွင့်တော်မူရာမဟာဗောဓိညောင်ပင်ရှိရာဆီသို့ရေသွန်းမင်္ဂလာသွားရောက်ပြုနေကြခြင်းမှာ ကိုးကွယ်ယုံကြည်မှုနှင့် သက်ဆိုင်ပါသည်။ တက္ကသိုလ်ဘုန်းနိုင်၏ 'သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည်ခိုင်' ဝတ္ထုထဲက မောင်နှင့်ခိုင်တို့၏ စွယ်တော်ရွက်ကလေးမျိုးကို စာအုပ်ကြားထဲမှာ ညှပ်ထားမိတာက ချစ်ခြင်းမေတ္တာနှင့် သက်ဆိုင်ပါသည်။ နာဂစ်မုန်တိုင်းကြီးတိုက်ခတ်ပြီးစက ရန်ကုန်တက္ကသိုလ်ထဲ အပြေးဝင်ရောက်သွားကာ သစ်ပုပ်ပင်ကြီးရှိသေးရဲ့လားဟု သွားကြည့်ပုံက ရာဇဝင်သမိုင်းစိတ်နှင့် သက်ဆိုင်ပါသည်။ ထနောင်းပင်ကလေးကိုမြင်၍ အညာမြေကို သတိရသွားပုံက ဇာတိကိုခုံမင်မှုနှင့် သက်ဆိုင်ပါသည်။ ခြုံငုံ၍ပြောရလျှင် သစ်ပင်သည် ကျွန်တော်တို့၏ဘဝ။ ကျွန်တော်တို့၏ဝေဒနာ။ ကျွန်တော်တို့၏ မျှော်လင့်ချက်။ အခု International School လို စာသင်ကျောင်းတွေကအစ သစ်ပင်ချစ်စိတ်ကို ပျိုးထောင်ပေးနေခဲ့ပါလေပြီ။ ခပ်သိမ်းသော မနက်ဖြန်တို့စိမ်းလန်းရန် အလို့ငှာ တစ်ထောင့်တစ်နေရာက ပါဝင်သူများအားလုံးကို ကမ္ဘာမြေကိုယ်စားကျေးဇူးစကားဆိုလိုက်ရပါသည်။ ။

---




တောင်ပြုံးရွာလေးရဲ့ နတ်နန်းကြီးဘေးမှာ နတ်ကတော်တွေရဲ့ နတ်တဲတန်းလေးတွေ အစီအရီဆောက်ထားကြတယ်။ အဲဒီ့ တဲတန်းလေးတွေပေါ်မှာတော့ နတ်ကတော်မိန်းမလျာတွေ ကိုယ့်အစုနဲ့ကိုယ် ထိုင်ရင်းစကားစမြည် ပြောလိုက်၊ဖြတ်သွားဖြတ်လာ ကောင်လေးတွေကို လှမ်းစလိုက်၊ သဘောကျတာ တစ်ခုခုတွေ့ရင်မိန်းမလျာတစ်ယောက်နဲ့ တစ်ယောက် လက်ဝါးချင်း 'ဖြောင်း'ဆို ရိုက်လိုက်နဲ့ ရယ်ကာမောကာ ပျော်ရွှင်နေကြတယ်။

"အဲဒီလိုပျော်ဖို့ရွှင်ဖို့အတွက်ရော ကိုယ့်ရဲ့ ကိုးကွယ်ယုံကြည်မှုအရပါ နှစ်တိုင်း တောင်ပြုံးကို အရောက်လာခဲ့တာ နှစ်ပေါင်းနှစ်ဆယ်ကျော်ပြီ"လို့ နတ်ကတော်မိန်းမလျာမိသောင်းကပြောတယ်။ နတ်ကတော်မိန်းမလျာတွေဟာ တောင်ပြုံးပွဲတော်ကိုလာရတာ အရမ်းပျော်ကြတယ်လို့ မိသောင်းကဆိုတယ်။

ဘာလို့ ပျော်ကြတာလဲလို့ မေးတော့ မိန်းမလျာတွေက လူ့အသိုင်းအဝိုင်းကြားထဲမှာ တသီးတခြားဖြစ်နေလေ့ရှိတယ်၊ လူတွေက မိန်းမလျာတွေဟာ ရွံ့စရာကြီးလှောင်စရာလူကြီးလို့ပဲ မြင်ကြတယ်လေ။ ဒါကြောင့် ဘဝတူမိန်းမလျာတွေ ဒီတောင်ပြုံးပွဲမှာ ဆုံကြတယ်။ တစ်ယောက်နဲ့ တစ်ယောက် စဟယ်နောက်ဟယ်နဲ့ ကိုယ့်ဘဝ သူ့ဘဝ အားပေးရင်း ပျော်ကြရတယ်လို့ပြောပါတယ်။

မိသောင်းက စကားပြောရင်း ဆေးပြင်းလိပ်တစ်လိပ်ကို ကောက်ပြီး ပါးစပ်မှာတပ်ကာ မီးညှိလိုက်တယ်။ ဆေးပြင်းလိပ်ကို တစ်ချက်ဖွာလိုက်ရင်း မိသောင်းက စကားကိုဆက်တယ်။ "ကျွန်တော် ကံ,ကံ၏အကျိုးကို အရမ်းကိုယုံကြည်တယ်။ ဒီဘဝကို ရလာတာ အရင်ဘဝက ကာမေသုမိစ္ဆာစာရကံကျူးလွန်ခဲ့လို့ဒီဘဝရောက်ရတယ်လို့ထင်တယ်။ ဒါကြောင့် ဒီဝဋ်ကြွေးကို ဒီဘဝနဲ့ပဲ ကျေစေချင်တယ်။ နောက်ဘဝ အပါမခံချင်တော့ဘူး"လို့ဆိုတယ်။

ခပ်ငယ်ငယ်အရွယ်တုန်းကတော့ ဖြစ်သင့်ဖြစ်ထိုက်တာ မစဉ်းစားဘဲ ကိုယ့်ကို ပစ်သွားတဲ့ ကောင်လေးနောက်ကို ဓားတစ်ချောင်းယူပြီးလည်း လိုက်ခဲ့ဖူးတယ်။ ကိုယ်နဲ့တွဲနေတဲ့ကောင်လေးက မိန်းကလေးနဲ့ဖြစ်နေလို့ သူတို့နှစ်ယောက် ချိန်းတွေ့တဲ့နေရာကိုလိုက်ပြီး ဆဲနည်းမျိုးစုံဆဲကာ အရှက်လည်း ခွဲခဲ့ဖူးတယ်လို့ မိသောင်းကပြောတယ်။

မိန်းမလျာတန်မဲ့ အရက်ပုလင်းခါးကြားထိုးကာ အရပ်တကာလျှောက်သွားပြီး အသည်းကွဲတာကို မေ့ဖို့ ကြိုးစားခဲ့ဖူးတယ်လို့ ပြောပြရင်း မိသောင်း မျက်ရည်ဝဲနေတယ်။

"အဲဒါတွေ ဖြစ်ခဲ့တုန်းကဆို ကိုယ့်ရင်ဘတ်ကို မီးစကြီးနဲ့ထိုးနေသလိုကို အရမ်းပူလောင်ခဲ့တာ၊ အဲဒီအချိန်တုန်းကတော့ ကိုယ်လုပ်ရပ်မှန်တယ်လို့ ထင်ခဲ့လို့ မှားခဲ့တာပေါ့။ ခုချိန်မှာတော့ အရာရာအားလုံးဟာ ကိုယ်လုပ်ခဲ့တဲ့ကံတွေ အကျိုးပေးတာပဲလို့ ယူဆပြီး ဖြေနိုင်အောင်ဖြေတယ်"လို့ ပြောပြတယ်။

ယောကျ်ားချင်း တပ်မက်နေရတဲ့ဘဝက တော်တော်ဆိုးတဲ့ ဘဝတစ်ခုပါလို့ ဘေးနားမှာ ထိုင်နေတဲ့မိန်းမလျာ အမေမိုး ခေါ် ကိုမိုးအောင်က ဝင်ပြောတယ်။ "ဘဝမှာ အဆိုးဆုံးအချိန်တွေကို ဖြတ်သန်းခဲ့ရဖူးတယ်။ ကိုယ်နဲ့ ခြောက်နှစ်ကျော်တွဲလာတဲ့ကောင်လေးက မိန်းမခိုးပြေးတဲ့ အခါရင်ဘတ်တစ်ခုလုံး ပြောင်းဆန်သွားတယ်။ ဒါနဲ့ သိသိချင်း ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိဘူး။ သူတို့ပြေးတဲ့နောက်ကို တစ်ရွာဝင်တစ်ရွာထွက်လိုက်တယ်။ သူတို့ကလည်း သူတို့ချစ်ခြင်းခွဲမယ်ထင်တာနဲ့ ပတ်ရှောင်ကြတာ။ နောက်ဆုံး ကျွန်တော်က အော်ပြောတာပေါ့။ ဟဲ့ ငထွန်းနဲ့ မိအေးရေ နင်တို့ကို ခွဲဖို့ လိုက်လာတာမဟုတ်ပါဘူးဟယ် နင်တို့ကို ပေးစားမှာပါ။

ငါ့ကို နင်တို့ ခိုင်းချင်ရာ ခိုင်း၊ နင်

စာ(၃၀) သို့



# အချိန်လွန်မှ . . .

နေလင်းအောင်

နာရီလက်လည်သံတချောက်ချောက်၊ တစ်ချက်တစ်ချက် စူးရှရှထိုးဟောင်နေတဲ့ လေလွင့်ခွေးအချို့ရဲ့ အသံတွေကြားနေရတာကလွဲပြီး တစ်အိမ်လုံးက တိတ်ဆိတ်ငြိမ်သက်နေပါတယ်။

နံနက် နာရီပြန်နှစ်ချက်တိတိရှိနေချိန်အထိ အိမ်ရှေ့ခန်းမှာ အမေရယ်၊ အစ်ကိုကြီးရယ်၊ မမရယ်၊ ကျွန်တော်ရယ်၊ တူမလေးနှစ်ယောက်အပါအဝင် မိသားစုဝင်တွေအားလုံး ကိုယ်စီကိုယ်စီ ဆိတ်ငြိမ်နှုတ်ဆိတ်နေကြတယ်။ ကျွန်တော်တို့အားလုံး ရင်တထိတ်ထိတ်နဲ့ အာရုံစူးစိုက်နေတာက အသိမဲ့ပြီး ဝိညာဉ်လွင့်မျောနေတဲ့ အဖေ့ရဲ့ခန္ဓာကိုယ်ပေါ်မှာ ရှိနေကြပါတယ်။ တစ်ခါတစ်ခါ အဖေ့နားနားကပ်ပြီး အမေနဲ့ မမတို့က ဘုရားစာတွေ ရွတ်ဖတ်ပေးရင်းနဲ့ တစ်ခါတလေမှာတော့ အမေက ကျွန်တော်တို့သားသမီးတွေ ကြားဖူးနေကျမဟုတ်တဲ့ အသုံးအနှုန်းလေးတွေနဲ့ အဖေ့ကို ခေါ်ကြည့်၊ အသံပေးကြည့်နေတယ်။ အမေ့ရဲ့ အသံတွေ တိမ်ဝင်ဖြည်းဖျော့သွားတဲ့အချိန်အထိ အဖေ့ဆီက ထူးခြားတဲ့လှုပ်ရှားမှုတွေမရှိတော့။ ဒီအခိုက်အတန့်တွေမှာ အဖေ့ရဲ့ လက်ချောင်းလေးတွေ တစ်ချက် တစ်ချက် လှုပ်ရှားလိုက်တိုင်း ပင့်သက်ရှိုက်သံတစ်ချက်၊ တစ်ချက်နဲ့ အသက်ရှူသံ ခပ်ပြင်းပြင်းပေါ်ထွက်လာတိုင်း ကျွန်တော်တို့ မိသားစုဝင်တွေအားလုံးပျာပျာသလဲနဲ့ အဖေ့ကို ခေါ်ကြည့်၊ စကားပြောကြည့်သေးတယ်။ သတိပြန်လည်နိုင်မလား၊ မျက်လုံးတွေ ဖွင့်ကြည့်လာမလားဆိုတဲ့ မျှော်လင့်ချက်တွေက ကျွန်တော်တို့အားလုံးမှာ ရှိနေခဲ့ကြတယ်။ ဒီလိုနဲ့ နံနက်ဝေလီဝေလင်းအချိန်ထိ ကျွန်တော်တို့တွေ တစ်မှေးမှ မအိပ်ရဘဲနေခဲ့ကြရပါတယ်။ အဲဒီနေ့က အဖေ ဆေးရုံက ဆင်းခွင့်ရပြီး အိမ်မှာ မြောနေတဲ့ သုံးရက်မြောက်နေ့။ အဖေအိမ်မှာသတိလစ်နေတဲ့တစ်လျှောက် သူ့ဘေးနားမှာ ကျွန်တော် ဆက်တိုက်စောင့်နေခဲ့ပေမယ့် နောက်ဆုံးထွက်သက် မိနစ်ပိုင်းလေးအတွင်းကိုတော့ ကျွန်တော် ရှိနေခွင့်မရခဲ့ဘူး။

အဲဒီနေ့ နံနက် အဖေမဆုံးခင်မှာ လုပ်လေ့လုပ်ထမရှိဘဲ နံနက်စောစော ဘုရားဝတ်ပြုပြီး၊ ခိုစာထွက်ကျွေးနေတဲ့ အချိန်လေးမှာပဲ အဖေဆုံးပါးသွားခဲ့တယ်။ အဖေ့ရဲ့ နောက်ဆုံးထွက်သက်မှာ ညင်ညင်သာသာနဲ့ပဲ ကျွန်တော်တို့မိသားစုတွေကိုနှုတ်ဆက်ထွက်ခွာသွားခဲ့တယ်။

■ ■ ■

အခု အဖေ ကွယ်လွန်ပြီး နှစ်လနီးပါးအချိန်အတွင်း ကျွန်တော်တို့တွေနေလို့ထိုင်လို့အသားမကျသေးဘူး။ မိုးလင်းကနေ မိုးချုပ်အထိကြည့်လေရာ၊ မြင်လေရာ၊ ကြားလေရာ၊ စဉ်းစားမိလေရာတိုင်းက အဖေနဲ့ပတ်သက်တဲ့ အကြောင်းအရာတွေချည်းပဲဖြစ်နေတယ်။ ဒီလိုအခါမျိုးမှ ကျွန်တော်တို့နဲ့ပတ်သက်တဲ့ အသိုင်းအဝိုင်း၊ ဆွေမျိုးတွေမှာ မိသားစုဝင်တစ်ဦးဦး ကွယ်လွန်ပြီးချိန်မှာ ကျန်တဲ့သူတွေဘယ်လိုဖြတ်ကျော်ရတယ်ဆိုတဲ့ခံစားချက်ကို ပိုပြီးတော့ကိုယ်ချင်းစာခံစားတတ်လာတယ်။

ဆုံးပြီးခါစ တစ်လလောက်အထိ နေ့တိုင်းနီးပါး အမေ့မျက်နှာပေါ်မှာ မျက်ရည်တွေတွေ့နေခဲ့ရတယ်။ တစ်ခါတလေမှာ နှစ်သိမ့်ပေးမိပေမယ့် တစ်ခါတလေကျတော့လည်း မသိသလိုဘဲ နေပေးရပါတယ်။ အိမ်မှာရှိနေတဲ့ အချိန်တွေမှာ အဖေခေါင်းမှီထိုင်လေ့ရှိတဲ့ နံရံပေါ်က အဖေ့ချွေးကွက်လေးတွေကအစ အဖေရှိနေစဉ် သုံးခဲ့တဲ့အသုံးအဆောင်တွေ၊ တခုတ်တရနဲ့ သူသိမ်းထားခဲ့တဲ့ သူ့ရဲ့မှတ်တမ်းမှတ်ရာတွေနဲ့ တိုလီမိုလီပစ္စည်းတွေ၊ အဖေစိတ်ပါရင် နားထောင်လေ့ရှိတဲ့ သီချင်းသံတွေ ဒါတွေအားလုံးက ကျွန်တော်တို့ မိသားစုဝင်တွေကို ရင်နင့်စေတဲ့ နောက်ဆက်တွဲခံစားချက်တွေပါပဲ။

ကျွန်တော် အိမ်ထောင်ကျတာနဲ့အဖေဆုံးပါးတဲ့ဖြစ်ရပ်တွေမကလပိုင်းအတွင်း ဆက်တိုက်ဆိုသလိုဖြစ်သွားခဲ့တယ်။ ကျွန်တော့်မင်္ဂလာဆောင်ပြီးလို့လေးလလောက်ဝန်းကျင်မှာပဲ အဖေ့ အသက်ကို သေလောက်အောင် ဖြစ်စေမယ့် ရောဂါက အစပြုလာခဲ့တယ်။

အိမ်ထောင်ကျပြီးတဲ့နောက်ပိုင်း အဖေနဲ့အမေအိမ်ကို ပုံမှန်ရောက်ဖြစ်ပေမယ့် အလုပ်ရှုပ်တဲ့အချိန်တွေဆိုရင် မရောက်ဖြစ်ခဲ့ဘူး။

ကျွန်တော် အရွယ်ရောက်လာတဲ့အချိန်ကတည်းက ကျွန်တော်နဲ့ခပ်တန်းတန်းနေလေ့ရှိတဲ့ အဖေက အိမ်ထောင်ကျပြီးတော့ ကျွန်တော့်အပေါ်မှာ ပိုနွေးထွေးလာသလို ခံစားရတယ်။ မင်းနဲ့ငါဆိုတဲ့ အသုံးအနှုန်းတွေအစား ကျွန်တော်ကြားရခဲ့တဲ့ “သား” “သားငယ်” ဆိုတဲ့ အသုံးအနှုန်းတွေ၊ ဆုံးမစကားတွေ အရင်ကထက်ပိုကြားခဲ့ရတယ်။

သတိရစရာတွေ ပြန်စဉ်းစားမိရင်းနဲ့မှ နောက်ပိုင်းမှာ အဖေ့အတွက် သတိမေ့ပျက်ကွက်ခဲ့တာတွေ ပြန်တွေးမိလာရင် ကိုယ့်စိတ်ကိုယ်အကြိမ်ကြိမ် ထုထောင်းနေသလို ခံစားရလာတယ်။ အဖေနေမကောင်းတဲ့ရက်တွေမှာ သာမန်ဖျားတာ နာတာလို့ပဲထင်မိပြီး ဘယ်နေ့၊ ဘယ်ရက်၊ အလုပ်ပြန်ချိန် အိမ်ဝင်မယ်ပြောပြီးမှ သတိမေ့၊ ကတိပျက်မိတဲ့နေ့တွေကိုပြန်မစဉ်းစားရဲသလောက်ဖြစ်မိတယ်။ အဲဒီလိုရက်တွေမှာဆို မယောင်မလည်နဲ့ ဝရန်တာက ထွက်ထွက်မျှော်နေတတ်တဲ့ အဖေ့ကို မိသားစုဝင်တွေက သတိထားမိခဲ့ကြပါတယ်။

အဖေ့အတွက် ပေးဖို့ ရည်ရွယ်ထားပြီး မပေးဖြစ်ခဲ့ရတဲ့ ပစ္စည်း ပစ္စယလေးတွေပြန်တွေ့တာ၊ သူကြိုက်တတ်တဲ့ အသုံးအဆောင်ပစ္စည်းလေးတွေ ပြန်တွေ့ရင် သတိတရ မဝယ်ပေးမိခဲ့တဲ့တာတွေ၊ အဖေမှာသမျှပြောသမျှတွေကို “အင်း၊ အင်း” ထောက်၊ ခေါင်းတညိတ်ညိတ်လုပ်ပြီးမှ ဦးနှောက်ထဲ မရောက်၊ အလေးမထားဖြစ်မိတာတွေကိုတွေးတိုင်း အဖေပြောတဲ့ စကားတစ်ခွန်းဖြစ်တဲ့ “မင်းတို့တွေ၊ အဖေ သေမှ နောင်တမရနဲ့” ဆိုတဲ့ စကားတွေ နားထဲ တိုးဝင်လာတယ်။

ဒီလိုမျိုးပဲ ကျွန်တော် ပျက်ကွက်သတိမေ့ခဲ့တာတွေအပြင် စဉ်းစားမိတိုင်း အစိုးရိမ်ဆုံးကိစ္စက ကျွန်တော့်တာဝန်ရှိပြီး ဖြည့်ဆည်းသင့်ခဲ့လျက်နဲ့မဖြည့်ဆည်းပေးလိုက်ရတာတွေဘယ်လောက်များ ပျက်ကွက်သွားခဲ့ရသလဲဆိုတာပဲ။ အချို့ပျက်ကွက်မှုတွေက အဖေဆုံးမှ ပေါ်လာပေမယ့် အချို့သော အသက်အရွယ်ရမှ သိလာရမယ့် ပျက်ကွက်မှုတွေ၊ ဒီအတွက် ရလာဦးမယ့်နောင်တနဲ့ ယူကျုံးမရမှုတွေ ကျွန်တော် ဘယ်လောက်အထိ ထပ်ကြုံရဦးမယ်မသိ။

အဖေ ပြောဖူးတဲ့နောက် စကားတစ်ခုက “မင်း မိဘနေရာရောက်ရင် သိလာလိမ့်မယ်”ဆိုတဲ့ စကားပါပဲ။ အဖေမြင်ခဲ့တဲ့ အမြင်မျိုး ကျွန်တော် မမြင်နိုင်၊ မသိနိုင်ခဲ့လို့ အဖေ့အပေါ် နားလည်မှုလွဲခဲ့တာ၊ အဖေ မသိအောင် နောက်ကွယ်မှာ အပြစ်မြင်ခဲ့တာ။ အဖေ့ကို အထင်မှား၊ အမြင်မှားခဲ့တဲ့ ကိစ္စတွေအတွက် အခုအချိန်မှ တောင်းပန်ရကောင်းမှန်းသိလာတဲ့ ကျွန်တော်စိတ်ကို ကျွန်တော် ရွံမုန်းမိလာတယ်။ ဒီလိုအပြောခံခဲ့ရဖို့ ကျွန်တော်အဖေ့ကို မေးခွန်းတွေ ဘယ်လောက်များများ မေးခဲ့ပြီလဲမမှတ်မိတော့၊ ဒီလိုစကားမျိုးတွေကို မိဘတော်တော်များများ ပြောလေ့ရှိကြပါတယ်။ ကျွန်တော့်အဖွားတုန်းကလည်း ဒီလိုစကားမျိုး အမေ့အပေါ် ပြောဖူးလိမ့်မည် ထင်ပါတယ်။ ကျွန်တော်တို့ခေတ်ကာလမှာ မိဘတွေနဲ့သားသမီး တွေကြားက နားလည်မှုလွဲတာ၊ ကျွန်တော်တို့ လူငယ်တွေ လူကြီးမိဘတွေရဲ့အမြင်၊ ဆိုဆုံးမမှုတွေကို အလေးမထားပြုမူတွေ ကျွန်တော်တို့ ပတ်ဝန်းကျင်မှာ တော်တော်လေးတွေမြင်လာရပါတယ်။

အဝတ်အစား၊ အပြောအဆို အနေအထိုင်ကစလို့ ဆုံးမပဲ့ပြင်မှုတွေကို အလေးမထားတတ်တာ၊ ချစ်သူရည်စားရွေးချယ်တာကစလို့ဘဝလမ်းကြောင်းရွေးချယ်တာတွေဟာ ကျွန်တော်တို့လူငယ်တွေမှာရှိတဲ့ တစ်ယူသန်မာန်မာနတွေကလူကြီးမိဘတွေရဲ့ အမြင်တွေနဲ့ ဆန့်ကျင်နေကြတာ သဘာဝတစ်ခုလို့ ဆိုရမလားမသိ။ ခေတ်အဆက်ဆက် တွေ့နေရဆဲဖြစ်ပါတယ်။ ရပ်ကွက်ထဲက သူငယ်ချင်းတချို့ အမြဲလိုလို မူးယစ်နေတတ်ကြတာ၊ လက်ဖက်ရည်ဆိုင်၊ ဘီလီယက်နဲ့ လမ်းမတွေပေါ်မှာ အချိန်ကုန်နေတတ်ကြတာ။ တစ်ခါတလေများဒီလိုနေရာတွေအထိ လိုက်ခေါ်ပြီး အိမ်ထဲသွင်းသွင်း နေတတ်တဲ့ သူငယ်ချင်းမိဘတွေရဲ့ပူပင်စိတ်ကို ကျွန်တော်တို့လူငယ်တွေ အလေးထားဖို့ မေ့လျော့နေကြတယ်လို့ ကျွန်တော် ထင်ပါတယ်။ ကျွန်တော်လည်းတော်တော်များများ အလေးမထားခဲ့။ မှန်သည်ထင်တဲ့ကျွန်တော့် ဆုံးဖြတ်ချက်တွေအတိုင်း လိုက်နာမိခဲ့သည့် အကြိမ်တွေ တော်တော်များခဲ့ပါတယ်။

အထက်မှာဆိုခဲ့တဲ့ ကျွန်တော် မုန်းတီးနေသည်ဆိုသော စိတ်က ယခုအဖေရှိလျှင် အဖေ့ကို ကျွန်တော်အတွက် အမိန့်တစ်ခုပေးစေလိုတာက ကျွန်တော် ချက်ချင်း လိုက်နာမည်ဟူ၍ပင်။ သို့သော် . . . . ။

ကျွန်တော်တို့သားသမီးတွေ မိဘတွေအပေါ်မှာ အသက်ရှိနေစဉ် ဒီလို ဝန်ချတောင်းပန်မှုမျိုး မရှိကြတာ ဘယ်လောက်များရှိနေမလဲ ကျွန်တော်မမှန်းတတ်တော့။ အဖေမဆုံးခင်ညက သတိလစ်နေတဲ့အဖေ့နားနားကပ်ပြီးကျွန်တော် စကားတစ်ခွန်းတော့ပြောခွင့်ရခဲ့သည်။ “သားလုပ်ခဲ့တဲ့အပြစ်တွေ ခွင့်လွှတ်ပေးပါ” လို့။ အဖေကြားလား၊ မကြားလား ကျွန်တော် မသိနိုင်ခဲ့ပါဘူး။

ကျွန်တော်တို့ မိသားစုဝင်တွေအားလုံး အဖေရောဂါခံစားရစဉ်ကစလို့ အဖေ့နောက်ဆုံးအချိန်အထိ အဖေ့ကိုလိမ်ညာမိခဲ့ကြတယ်။ အဖေဖြစ်နေတဲ့ ရောဂါက ‘ကင်ဆာ’ ဆိုတာကို ဘယ်သူမှ အဖေ့ကို အသိမပေးကြဖို့ဖြစ်ပါတယ်။ တကယ်လည်း အဖေဆုံးပါးသည်အထိ အဲဒီအချက်ကို ကျွန်တော်တို့ ဖုံးဖိထားနိုင်ခဲ့ကြတယ်။သာမန်ရောဂါဟုသာ လိမ်ညာခဲ့ကြတယ်။ ဒါတွေ အားလုံးလည်း အဖေ ခွင့်လွှတ်နိုင်ပါစေလို့ . . . . ။ ။

## JOKE

### နေ့အိပ်မက်

အသက်ကြီးကြီး အမျိုးသမီးကြီးနှစ်ဦး ကားမောင်းလာနေစဉ် လမ်းဆုံတစ်ခုအရောက်တွင် မီးပွိုင့် မီးနီနေသော်လည်း ကားမောင်းနေသောအမျိုးသမီးကြီးက မီးနီကိုဖြတ်မောင်းသွားသည်။ ဘေးမှလိုက်ပါလာသော အမျိုးသမီးကြီးက ‘ကက်သီတစ်ယောက် မီးနီဖြတ် မောင်းလိုက်ပြီနဲ့တူတယ်’ ဟုစဉ်းစားနေသည်။ ထိုအချိန်မှာပင် ဒုတိယမီးပွိုင့်တစ်ခုရောက်လာသည်။ ကက်သီကလည်း မီးနီကိုဖြတ်မောင်းပြန်သည်။ မကြာမီမှာပင်နောက်ထပ်လမ်းဆုံတစ်ခုရောက်လာပြန်ရာ ကက်သီကလည်း မသိသလိုပင် ဖြတ်မောင်းသွားတော့မှ ဘေးမှ အဖွားကြီးက ထိတ်ထိတ်ပျာပျာဖြစ်သွားပြီး ကက်သီလက်မောင်းကိုဆွဲကာ “ကက်သီ မင်းမီးနီတွေ ဖြတ်မောင်းတာ သုံးကြိမ်ရှိပြီ။ ငါတို့နှစ်ယောက်စလုံးသေကုန်တော့မှာပဲ” ဟု ဆိုလိုက်ခါမှ “ဟယ် မင်ဒီ ငါကားမောင်းနေတာလား။ ငါကမင်းနဲ့ ငါရဲ့ကျောက်မျက်ရတနာတွေ လိုက်ကြည့်နေတယ်ထင်တာ” ဟု ဆိုပါတော့သည်။

### အထိမ်းအမှတ်

မိခင်တစ်ဦးနှင့် သူ၏ သားငယ်လေးတို့မင်္ဂလာဆောင်တစ်ခုသွားကြသည်။ ကလေးက မင်္ဂလာဆောင်ကိုလျှောက်ပတ်ကြည့်ရင်း “မေမေသတို့သမီးက ဘာလို့အဖြူရောင်ဝတ်စုံ ဝတ်ထားတာလဲဟင်” ဟုမေးရာ “အော် . . သတို့သမီးလေးက သူ့ဘဝမှာ အပျော်ဆုံး အထိမ်းအမှတ်နဲ့ အဖြူရောင်လေးဝတ်ထားတာပေါ့ သားရယ်” ဟု အမေက သူ့သားအား ပြောပြပါသည်။

ထိုအခါ ကလေးငယ်က “ဒါဆိုမေမေ သတို့သားကျတော့ ဘာလို့အနက်ရောင်ဝတ်စုံဝတ်ထားရတာလဲ” ဟုမေးပါလေ၏။

**အယ်ဒီတာချုပ်**- သောင်းစုငြိမ်း။ **အမှုဆောင်အယ်ဒီတာများ**- အားမာန်၊ ငြိမ်းငြိမ်းနိုင်။ **စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်းအယ်ဒီတာ** - စောစည်သူမိုး၊ **သတင်းအယ်ဒီတာများ**- အေးမြကျော်၊ နေလင်းအောင်၊ သီဟ၊ မေဝင်းမွန်။
**အကြီးတန်းသတင်းထောက်**- မြတ်စုမွန်၊ ဇာဇာနို၊ ယုဇနကိုကို။ **နိုင်ငံတကာသတင်းဘာသာပြန်**- ရဲမင်း၊ ကျော်မျိုးဦး။ **စာပြင်အယ်ဒီတာ**- လှထွဋ်ဦး။ **သတင်းထောက်များ**- သဇင်ထွေး၊ ဝေယံမြတ်ဦး၊ ဒဲနစ်အောင်အောင်၊ကျော်သီဟ၊ အိဖြူလွင်၊ အိဖြူမွန်၊ ဝတ်ရည်အောင်၊ သိမ့်သိမ့်စိုး၊ ဉက္ကာကိုကို၊ အောင်သူရ၊ နေလင်းထွန်း၊ ဗိုလ်ဗိုလ်ဝင်း၊ ပြည့်သိမ်း၊ သန်းငွေ၊ အေးသူစံ။ **နေပြည်တော်သတင်းထောက်**- ထူးသန့်။ **မန္တလေးသတင်းထောက်များ**- စိုင်းသာအောင်၊ မင်းဒင်၊ ညီညီဇော်။ **နယ်သတင်းထောက်များ**- မျိုးမင်းဦး၊ စောရန်နိုင်၊ ဆန်းညွန့်(ရေနံချောင်း)၊ မောင်ကံ ။ **စာမျက်နှာဖွဲ့စည်းမှု**- ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက်။ **ကွန်ပျူတာစာစီ**- စန်းစန်း၊ နွယ်မွန်ဖြိုး၊ မေဇင်သိန်းဇော်၊ ဘုန်းမြင့်ဟန်။ **သရုပ်ဖော်**- စိုးသော်တာ။
**ဓာတ်ပုံသတင်းထောက်**- အောင်အောင်၊ ဂျေမောင်မောင်(အမရပူရ)။ **ပြင်ပဆက်သွယ်ရေး**- သက်ပိုင်ငွေ။ **လိုဂိုဒီဇိုင်း**- ကျောက်ဆည်။ **ဘဏ္ဍာရေး**- ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး။ **ကြော်ငြာတာဝန်ခံ**- မိုးပပ၊ လင်းလင်းဦး။
**ထုတ်ဝေသူ**- ဦးမျိုးလှိုင်အောင်။ **ပုံနှိပ်စက်**- သုဝဏ္ဏသီရိပုံနှိပ်တိုက်။ **ဖလင်**- Sunn Colour Separation. **စောင်ရေ**- ၁,၀၀၀။ **ရောင်းဈေး**- ၄၅၀ကျပ်။

7Day News ဂျာနယ်တိုက် - လပြည့်ဝန်းပလာဇာ(၁၀ ထပ်)၊ အမှတ် ၃၇၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်။ ဖုန်း- ၇၂၁ ၅၇၇၊ ၂၄၃ ၅၄၂၊ ၃၈၄၅၅၉၊ ၀၉ ၅၁၇၃၂၅၅
Fax : 243 542, E-mail : 7daynews@mail4u.com.mm, orbit@myanmar.com.mm ၊

Business 7DAY NEWS JOURNAL

Vol.10, No.22 • AUGUST 18, 2011

## အိန္ဒိယကုမ္ပဏီတစ်ခုနှင့် ရေအားလျှပ်စစ်စီမံကိန်း နှစ်ခုဆောင်ရွက်မည်

**မေဝင်းမွန်**

**ရန်ကုန်၊ ဩဂုတ် - ၁၀**

မြန်မာနိုင်ငံသည် အိန္ဒိယကုမ္ပဏီတစ်ခုနှင့်ရေအားလျှပ်စစ်စီမံကိန်း နှစ်ခုကိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အိန္ဒိယသတင်းအေဂျင်စီတစ်ခုတွင်ဖော်ပြထားသည်။

အိန္ဒိယရေအားလျှပ်စစ်ကုမ္ပဏီ NHPC နှင့်အမေရိကန်ဒေါ်လာ ၃ ဒသမ ၃ ဘီလီယံတန်ဖိုးရှိ ရေအားလျှပ်စစ်စီမံကိန်းကို ချင်းတွင်းမြစ်တွင် ဆောင်ရွက်မည်ဖြစ်သည်ဟု ယခုပထမပတ်အတွင်းက အဆိုပါကုမ္ပဏီမှတာဝန်ရှိသူကဆိုသည်။

ထမံသီနှင့်ရွှေစာရေး ရေအားလျှပ်စစ်စီမံကိန်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပြီး ထမံသီစီမံကိန်းမှ လျှပ်စစ် ၁,၂၀၀ မဂ္ဂါဝပ်နှင့် ရွှေစာရေးစီမံကိန်းမှလျှပ်စစ် ၆၆၀ မဂ္ဂါဝပ်ထုတ်ပေးရန်ဆောင်ရွက်မည်ဖြစ်သည်။

NHPC ကုမ္ပဏီသည်ရေအားလျှပ်စစ်ဖွံ့ဖြိုးမှုကို ကမ္ဘာ့နိုင်ငံအနှံ့ ချဲ့ထွင်နိုင်ရန်ဆောင်ရွက်လျက်ရှိပြီး မြန်မာ၊ ဘူတန်နှင့် တာဂျစ်စတန်နိုင်ငံတို့တွင် ဆောင်ရွက်လျက်ရှိသည်။ လက်ရှိတွင် မြန်မာနိုင်ငံတွင် ဆောင်ရွက်သကဲ့သို့ ဘူတန်နိုင်ငံနှင့်လည်း ရေအားလျှပ်စစ်စီမံကိန်းနှစ်ခုဆောင်ရွက်သွားရန်ရှိသည်ဟု NHPC ကုမ္ပဏီမှတာဝန်ရှိသူကဆိုသည်။ *Ref:seenews.com*



## မှန်းထားသည်ထက်ပင် ရွှေဈေး စံချိန်တင်မြင့်တက်

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဩဂုတ်-၁၁**

ကမ္ဘာ့ရွှေဈေးနှုန်းများ စံချိန်တင်မြင့်တက်နေ၍ ပြည်တွင်းရွှေဈေးမှာ နှစ်ဆန်းပိုင်းက ရွှေကုန်သည်များ ခန့်မှန်းထားသည်ထက်ပင် စံချိန်တင်မြင့်တက်နေကြောင်း လုပ်သက်ရင့်ရွှေလုပ်ငန်းရှင်များက ပြောသည်။

"ကမ္ဘာ့ရွှေဈေးက တစ်အောင်စကို ကန်ဒေါ်လာ ၁,၈၀၀ ကျော်လာပြီ။ ဒီဈေးက ဘယ်သူမှ မမှန်းထားတဲ့ဈေးဖြစ်နေတယ်။ မှန်းထားတာထက် အများကြီးပိုနေပြီ" ဟု လုပ်သက်ရင့်ရွှေလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ယခုရက်ပိုင်းတွင် ကမ္ဘာ့ရွှေဈေးနှုန်းမှာ တစ်အောင်စလျှင်ကန်ဒေါ်လာ၁,၇၅၀ အထက်တွင်ရှိနေပြီး ယနေ့ဩဂုတ် ၁၁ ရက်၌ ဒေါ်လာ ၁,၈၀၀ ကျော်ထိ မြင့်တက်လာခဲ့သည်။

ထို့ကြောင့် ပြည်တွင်းရွှေဈေးနှုန်းများမှာလည်း အခေါက်ရွှေတစ်ကျပ်သားလျှင်၆၉၃,၀၀၀ ကျပ်ထိ မြင့်တက်နေသည်။

"ရွှေဈေးက မနေ့က ၆၉၀,၀၀၀ ကျပ်ကျော်နေပြီ။ အဲဒါ ကမ္ဘာ့ရွှေဈေးက ၁၇၅၀ ဒေါ်လာပဲရှိတယ်။ ဒီနေ့ကမ္ဘာ့ရွှေဈေး ၁,၈၀၀ ဒေါ်လာကျော်နေပြီဆိုတော့ ခုနစ်သိန်းကျော်နဲ့ ဒီနေ့ဖွင့်မယ်"ဟု အပိုင်းဈေးကွက် အရောင်းအဝယ်ပြုလုပ်သူကုန်သည်တစ်ဦးကပြောသည်။

ထို့ကြောင့် ရွှေဆိုင်များ၏ အရောင်းအဝယ်ဈေးကွက် ၉၀ ရာခိုင်နှုန်းမှာ ပြန်ရောင်းသည့်ဈေးကွက်ဖြစ်နေကြောင်း ရွှေဆိုင်လုပ်ငန်းရှင်များက ပြောသည်။

သို့သော် ရန်ကုန်တိုင်းရွှေလုပ်ငန်းရှင်များအသင်းရုံးတွင် ပြုလုပ်သော အရောင်းအဝယ်၌ ဝယ်လိုအား ကောင်းနေကြောင်း သိရသည်။

"အခုက ဈေးတက်ပေမယ့်မန္တလေးဘက်က ဝယ်လိုအားကောင်းတော့ အပိုင်းဈေးကွက်မှာ အရောင်းအဝယ်တော်တော်ကောင်းတယ်" ဟု ရွှေကုန်သည်တစ်ဦးက ပြောသည်။

## ပြည်တွင်းငွေလဲနှုန်း

| | | |
|---|---|---|
| ၁ ဒေါ်လာ(အမေရိကန်) | ၇၆၀ | ကျပ် |
| ၁ အက်ဖ်အီးစီ | ၆၉၅ | ကျပ် |
| ၁ ဒေါ်လာ(စင်ကာပူ) | ၆၂၇ | ကျပ် |
| ၁ ဘတ်(ထိုင်း) | ၂၅ | ကျပ် |
| ၁ ယွမ်(တရုတ်) | ၁၁၈ | ကျပ် |
| ၁ ယူနစ်(ပို့ကုန်ရငွေ) | ၇၉၂ | ကျပ် |

၂၀၁၁ ဩဂုတ် ၁၃ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။

မှတ်ချက်။ ။ပို့ကုန်ရငွေဈေးနှုန်းသည် ဩဂုတ် ၁၂ ရက်ဈေးဖြစ်သည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၁၄၃ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၀၁၇ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၇၆. ၆၇ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၃၈၉၂ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၄၅. ၃၉ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၁၁၈ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၀၇၈. ၉၀ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၂. ၉၉၉ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၂၉. ၉၀ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၈,၅၄၅. ၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၀,၈၁၀. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၀. ၉၈၆၈ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၁. ၂၀၂၁ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၀. ၉၆၅၅ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ ဒေါ်လာ | ၂၉. ၆၇၂၉ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၃. ၆၇၂၉ | ဒါရမ် | (UAE) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | ၁ အောင်စ | ၁၇၄၂. ၆၀၀ |
| ရေနံစိမ်း | စည် | ၁၀၈. ၀၃၀ |
| ငွေ | ၁ အောင်စ | ၃၉. ၁၁၄ |
| ကြေးနီ | ပေါင် | ၄၀၃. ၃၅၀ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၄. ၀၆၀ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။

၂၀၁၁ ဩဂုတ် ၁၃ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။

## ငွေသွင်းငွေထုတ်စက်များနှင့် ဘဏ်လုပ်ငန်းသုံးကတ်များထုတ်လုပ်သည့် အမေရိကန်ကုမ္ပဏီနှစ်ခု မြန်မာနိုင်ငံတွင် ဈေးကွက်ချဲ့ထွင်

**နေလင်းထွန်း**

**ရန်ကုန်၊ ဩဂုတ် - ၁၀**

ဘဏ်လုပ်ငန်းဆိုင်ရာ ငွေသွင်း၊ ငွေထုတ်ပြုလုပ်နိုင်သော စက်ပစ္စည်းများနှင့် ခရက်ဒစ်ကတ်၊ အကြွေးဝယ်ကတ်၊ အေတီအမ်ကတ်၊ ဝန်ထမ်းကတ်စသည့် ကတ်များထုတ်လုပ်နေသည့် အမေရိကန်နိုင်ငံရှိ ကုမ္ပဏီနှစ်ခုသည် ပြည်တွင်းရှိဘဏ်လုပ်ငန်းများအတွက် ၎င်းတို့၏ စက်ပစ္စည်းများကိုလာရောက်မိတ်ဆက်၍ ဈေးကွက်ချဲ့ထွင်ခဲ့သည်။

အမေရိကန်နိုင်ငံမှ Data Card Group နှင့် NCR ကုမ္ပဏီတို့သည် ပြည်တွင်းရှိ အစိုးရနှင့် ပုဂ္ဂလိကဘဏ်လုပ်ငန်းများအတွက် နိုင်ငံတကာတွင် ကျင့်သုံးဆောင်ရွက်နေကြသည့် ဘဏ်လုပ်ငန်းသုံး စက်ပစ္စည်းများအကြောင်း အလုပ်ရုံဆွေးနွေးပွဲအား ချက်ထရီယမ်ဟိုတယ်၌ ကျင်းပခဲ့ခြင်းဖြစ်သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ငွေသွင်း၊ ငွေထုတ်ပြုလုပ်နိုင်သော စက်ပစ္စည်းများနှင့်ခရက်ဒစ်ကတ်၊ အကြွေးဝယ်ကတ်၊ အေတီအမ်ကတ်၊လက်ဆောင်ကတ်၊ဝန်ထမ်းကတ်စသည့်ကတ်အမျိုးမျိုး ထုတ်လုပ်ရောင်းချနေသောနိုင်ငံတကာ ကုမ္ပဏီအချို့က လာရောက်၍၎င်းတို့၏ စက်ပစ္စည်းများအကြောင်း ရှင်းလင်းပြောကြားခဲ့ကြသည်။

ထို့ပြင် နိုင်ငံတကာတွင် ဆောင်ရွက်နေကြသည့် ဘဏ်လုပ်ငန်းသုံး ငွေသွင်း၊ ငွေထုတ်ပြုလုပ်နိုင်သောစက်ပစ္စည်းများအသုံးပြုနေကြခြင်းနှင့် နည်းပညာများအကြောင်း တာဝန်ရှိသူအချို့က ရှင်းလင်းကြသည်။



7DAY NEWS JOURNAL
Vol.10, No.22 • AUGUST 18, 2011

# စားအုန်းဆီထုတ်စျေး ပြင်ပပေါက်စျေးထက်မြင့်နေ၍ ကိုယ်စားလှယ်များ အရှုံးပေါ်

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဩဂုတ်-၁၁**

စားအုန်းဆီ ကိုယ်စားလှယ်များကို ရောင်းချသော စျေးမှာ ပြင်ပပေါက်စျေးထက်မြင့်နေ၍ ဆီကိုယ်စားလှယ်များ အရှုံးပေါ်နေရကြောင်းသိရသည်။

ပြင်ပစျေးကွက်တွင် ရောင်းချသော စားအုန်းဆီစျေးနှုန်းမှာ တစ်ပိဿာလျှင် ၁၇၂၀ ကျပ်သာရှိသော်လည်း ဆီကိုယ်စားလှယ်များကို ရောင်းချသော ဆီစျေးနှုန်းတစ်ပိဿာလျှင် ၁၇၅၀ ကျပ်ရှိ သည်။

"ဝယ်ချင်ဝယ် မဝယ်ချင်နေဆိုတဲ့ အပြင်စျေးက နိမ့်နေပြီး မယူမနေရဆိုတဲ့ ကိုယ်စားလှယ်စျေးက မြင့်နေတော့ ကိုယ်စားလှယ်တွေ အရှုံးပေါ်နေတယ်" ဟု စားအုန်းဆီကိုယ်စားလှယ်တစ်ဦးကပြောသည်။

ယခုကဲ့သို့ ဆီကိုယ်စားလှယ်များအား ရောင်းချသော စျေးနှုန်းသည် အပြင်စျေးထက်မြင့်နေသည်မှာ ယခုတစ်ကြိမ်အပါအဝင် လေးကြိမ်ရှိနေပြီဖြစ်ကြောင်း သိရသည်။

သို့သော် ရန်ကုန်ဆိပ်ကမ်းအရောက် စားအုန်းဆီစျေးနှုန်း မှာ တစ်ပိဿာလျှင် ၁၆၅၀ ကျပ်သာရှိသည်။ ထို့ကြောင့် စားအုန်းဆီတင်သွင်းခွင့်ရထားသော လုပ်ငန်းရှင်များမှာ တစ်ခေါက်လျှင် ဆီတန်ချိန် ၃၀၀၀ တင်သွင်းခွင့်ရ၍ ကျပ်သိန်း ၃၀၀၀ ကျော်ထိ အမြတ်ရှိနေကြောင်း သိရသည်။

ထို့ကြောင့် ပြင်ပတွင်ရောင်းချသော စားအုန်းဆီစျေးနှုန်းချပေးပါက ကိုယ်စားလှယ်များကို ရောင်းချသော ဆီစျေးနှုန်းကိုလည်းချပေးသင့်ကြောင်း စားအုန်းဆီကိုယ်စားလှယ်များကပြောသည်။






## အီးယူနိုင်ငံအချို့သို့ တင်ပို့နေသော ရေငန်ငါးနှင့် ပတ်သက်ပြီး ပညာရှင်တစ်ဦး လာရောက်စစ်ဆေး

**သန်းဌေး**

**ရန်ကုန်၊ ဩဂုတ် - ၉**

ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ (အီးယူ)သို့ မြန်မာနိုင်ငံမှ တင်ပို့နေသော ရေငန်ငါးများ၊ ငါးလုပ်ငန်းဦးစီးဌာနမှ ထုတ်ပေးသည့် တရားဝင်ငါးဖမ်းဆီးခြင်း အသိအမှတ်ပြု လက်မှတ်များနှင့် ပတ်သက်၍ ပြည်ပပညာရှင်တစ်ဦးက ၁၂ ရက်ကြာ လာရောက်စစ်ဆေးသွားခဲ့ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ အဆင့်မြင့်အရာရှိကြီးတစ်ဦးက ထုတ်ဖော်ပြောကြားသည်။

"မြန်မာနိုင်ငံက တင်ပို့နေတဲ့ ရေငန်ငါးနဲ့ပတ်သက်ပြီး အန္တရာယ်ဖြစ်နိုင်မှု ရှိမရှိ၊ မှန်မမှန်ကို အကဲဖြတ်သွားပါတယ်"ဟုဂင်းက ပြောကြားသည်။

အီးယူမှ သတ်မှတ်ချက်များသည် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(FAO)၏ ဆောင်ရွက်မှုအစီအမံအတိုင်း ဆုံးဖြတ်ပေးခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

မြန်မာ့ရေထွက်ကုန်များအား အီးယူ ၂၇ နိုင်ငံအနက် ခုနစ်နိုင်ငံသို့သာ နိုင်ငံအချင်းချင်း သဘောတူညီချက်အရ ၂၀၀၆ ခုနှစ်မှ စတင်၍ တင်ပို့ခဲ့သည်။

ထိုသို့ တင်ပို့နိုင်ရန် အီးယူ အသိအမှတ်ပြု ပညာရှင်များက သင်တန်းပေးခြင်း၊ စစ်ဆေးခြင်းနှင့် အသိအမှတ်ပြုခြင်းများ ပြုလုပ်ခဲ့သည်။

ထို့ကြောင့် အအေးခန်းစက်ရုံ ၁၃ ရုံမှ ထွက်ရှိသော ရေထွက်ကုန်များအား အီးယူနိုင်ငံများသို့ တရားဝင် တင်ပို့နိုင်နေပြီး ၂၀၀၉-၂၀၁၀ ဘဏ္ဍာနှစ်အတွင်း မက်ထရစ်တန်ချိန် ၅,၅၈၇ ဒသမ ၄၄၉ တင်ပို့ကာ အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၁၀၂ သန်းရရှိခဲ့ကြောင်း သတင်းရရှိသည်။

အီးယူ ၂၇ နိုင်ငံအနက် မြန်မာ့ရေထွက်ကုန်များ တင်ပို့နေရသော ခုနစ်နိုင်ငံမှာ တင်ပို့ရမှုပမာဏအလိုက် ဗြိတိန်၊ ဘယ်လ်ဂျီယံ၊ ဆွီဒင်၊ ဂျာမနီ၊ ဆွစ်ဇာလန်၊ နယ်သာလန်နှင့် အီတလီနိုင်ငံတို့ဖြစ်ကြသည်။

## ရွှေသန့်စင်သည့် တားမြစ်ဓာတုပစ္စည်းကို တ တ်နိုင်ငံမှ တင်သွင်းနေ

**ဟိန်းထက်**

**ရန်ကုန်၊ ဩဂုတ် - ၃**

ပေါက်ကွဲမှုပြင်းထန်စေနိုင်သော 'ဆိုဒီယမ်ဆိုင်ယာနိုဒ်'ဓာတုပစ္စည်းများအား ရွှေသန့်စင်ရန်အတွက် ပြည်တွင်းမှ ရွှေတူးဖော်ရေးလုပ်ငန်းရှင်များသည် အိမ်နီးချင်းနိုင်ငံမှ မှာယူအသုံးပြုနေရကြောင်း ကချင်ပြည်နယ်ရှိ ရွှေတူးဖော်ရေးလုပ်ကိုင်နေသော လုပ်ငန်းရှင်တစ်ဦးကပြောကြားသည်။


ပြီးခဲ့သည့် ဇူလိုင်လကုန်ပိုင်းမှ စတင်စစ်ဆေးခဲ့သော ယင်း 'ဆိုဒီယမ်ဆိုင်ယာနိုဒ်'အား ရန်ကုန်မြို့တွင်းရှိ ရောင်းချသောဆိုင်များကို စစ်ဆေးဖမ်းဆီးခဲ့ပြီး၊ ယင်းဓာတုပစ္စည်းများမှာ ပေါက်ကွဲပျက်စီးမှုပြင်းထန်နိုင်သော ဗုံးများပြုလုပ်ရာတွင် ဓာတုပစ္စည်းတစ်ခုအဖြစ် ထည့်သွင်းအသုံးပြုကြောင်း သိရှိရသည်။

"ရန်ကုန်မှာ 'ဆိုဒီယမ်ဆိုင်ယာနိုဒ်'ကို ဝယ်ယူလို့မရတော့လို့ တရုတ်နယ်စပ် လွယ်ကျယ်၊ ရွှေလီဘက်ကနေဝယ်သုံးနေရတယ်" ဟု ကချင်ပြည်နယ်တွင် ရွှေတူးဖော်နေသူ လုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

ယင်း'ဆိုဒီယမ်ဆိုင်ယာနိုဒ်' မှာ တရုတ်ပစ္စည်းနှင့်ကိုရီးယားပစ္စည်းဟူ၍ နှစ်မျိုးရှိပြီး ကိုရီးယားနိုင်ငံထုတ်ပစ္စည်းမှာပို၍ပေါက်ကွဲအားပြင်းထန်ကြောင်းနှင့် ဆိုဒီယမ်ဆိုင်ယာနိုဒ်တစ်အိတ်လျှင် ၃၁ ပိဿာအထိထည့်သွင်းရောင်းချကြောင်း သိရသည်။

# 7DAY BOOK REVIEW




## လူရယ်လို့ ဖြစ်လာလျှင်

(ခင်မောင်အေး-နှလုံး)

နှလုံးနှင့်ခွဲစိတ်ဆရာဝန်ကြီး ဒေါက်တာခင်မောင်အေး၏ဘဝ အတွေ့အကြုံများအပေါ် အခြေပြုကာ ဒဿနဆန်သည့် ဆောင်းပါးစုစည်းမှုစာအုပ်ဖြစ်သည်။ စာအုပ်တွင်ဆောင်းပါးပုဒ်ရေ၅၀ ပါဝင်ပြီးဘဝဆိုတာခဏလေးပါ၊ မှတ်မိသလောက် ငယ်စဉ် ဘဝ၊ အလုပ်သင်ဘဝ၊ပြည်ပ ပညာတော်သင်ကာလ၊ အထက် လူကြီးဆိုသည်မှာ၊ကြုံတင်ပြင်ဆင်တတ်တဲ့ အလေ့အကျင့်၊စိတ်အလို အရမ်းလိုက်သူများ၊ စိတ်ဓာတ်မကျဖို့ လိုတယ်၊ ရထိုက်မှရတဲ့အမွေ၊ ခါးသီးတဲ့အတွေ့အကြုံများ၊ လူငယ်များသိသင့်သည်မှာ၊ လူ့ဘဝရဲ့ နောက်ဆုံးအချိန်များစသည်ဖြင့် စာအားဖြင့် ပေါ့ပါးသော်လည်း ဘဝအတွေ့အကြုံနှင့်ယှဉ်သည့် အတွေးအမြင်ပါသောဆောင်းပါးများဖြစ်၍ ဖတ်ရသည်မှာ ပေါ့ပါးသွက်လက်၍နေသည်။ အထူးသဖြင့် ယခုစာအုပ်သည် လူငယ်၊ လူရွယ်များ ဖတ်သင့်ပြီး မည်သည့်နေရာတွင်မဆို ဘက်နှစ်ဖက်မျှတအောင်တွေးခေါ် လုပ်နိုင်စွမ်းနှင့် ဆုံးဖြတ်နိုင်စွမ်းရှိအောင် တွန်းအားပေးသည့် စာအုပ်ဟုလည်း ဆိုနိုင်ပါသည်။

"စာရေးဆရာတော်တော်များများသည် မိမိဘဝဇာတ်ကြောင်းကို အခြေခံပြီးရေးသည့်အခါ အတ္တဇဟိုပြုရောင်ပြန်ဟပ်သည့် သဘောတွေပါတတ်ပြီးအမှတ်မထင်ဖြစ်စေဖော့ရေး၊ ဖျောက်ရေး၊ မြှင့်ရေး၊ လွှင့်ရေးတာမျိုးတွေရှိတတ်ပဲ့။ ဆရာကြီးမှာ ကြွားဝါလိုဝေဖန်မှုကင်းလိုသော သဘောများ စိုးစဉ်မျှမရှိ၊ သူ့အကြောင်းကို မလွဲမသွေဖော်ပြရမည့်အချက်တွေကလွဲလို့ပါးပါးလေးသာ ဖော်ပြပြီးကျန်သည့်အကြောင်းအရာနှင့်လူပုဂ္ဂိုလ်တွေကိုသာ အဓိက ရေးသားဖော်ပြသွားပါသည်" ဟု မကွယ်လွန်မီ ရေးသားခဲ့သော မိုးဟိန်း(သာဂျာနယ်ကျော်)၏ အမှာတွင် ဖော်ပြပါရှိသည်။ လာဘ်မိုးစွေစာပေမှ တန်ဖိုး ၂,၇၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

## သက်ရှိရာဇဝင်

(ဒေါက်တာမောင်မောင်)

နှစ်ပေါင်း ၅၀ ကျော်မှ ဒုတိယအကြိမ် ပြန်လည်ထွက်ရှိလာသည့် ရှားပါးစာအုပ်တစ်အုပ်ဖြစ်သည်။ စာရေးသူဒေါက်တာမောင်မောင်သည်စစ်သား၊နိုင်ငံရေးသမား၊ ကျောင်းဆရာ၊ သတင်းစာဆရာ၊ ဥပဒေပညာရှင်၊ နိုင်ငံတော်တရားသူကြီးချုပ်၊ နိုင်ငံတော်သမ္မတတစ်ဦးဖြစ်ခဲ့ပြီး ယခု စာအုပ်ကို အသက်သုံးဆယ်ဝန်းကျင် ၁၉၅၄-၅၅ ခုနှစ်များက မြန်မာ့သမိုင်းဝင်ပုဂ္ဂိုလ်များနှင့် ကိုယ်တိုင်တွေ့ဆုံမှတ်တမ်းတင်ခဲ့သော သမိုင်းမှတ်တမ်းစာအုပ်ဖြစ်ပါသည်။

စာအုပ်တွင် မြန်မာနိုင်ငံရေး၌ ထင်ရှားခဲ့သော လူပုဂ္ဂိုလ်များ ဖြစ်ကြသည့် တရားဝန်ကြီးချုပ် ဦးသိမ်းမောင်၊ ကာကွယ်ရေးစစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး နေဝင်း၊ စက်မှုလက်မှုဝန်ကြီးဦးကျော်ငြိမ်း၊ ကာကွယ်ရေးနှင့် သတ္တုတွင်းဝန်ကြီး ဦးဗဆွေ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဗိုလ်မှူးအောင်၊ ပြည်ထဲရေးဝန်ကြီး ဗိုလ်ခင်မောင်ကလေး၊ ပြန်ကြားရေးဝန်ကြီးဦးထွန်းဝင်း၊ ပြည်သူ့လုပ်ငန်းဝန်ကြီး သခင်ချစ်မောင်၊ ပညာရေးဝန်ကြီး ဦးသန်းအောင်တို့၏ အတ္ထုပ္ပတ္တိများကို စာရေးသူ ဒေါက်တာမောင်မောင်က ရင်းထိတွေ့ဆက်ဆံခဲ့မှုများနှင့် ပေါင်းစပ်ကာ စာဖတ်သူ၏ အမြင်လွှာထဲ ကွက်ကွက်ကွင်းကွင်း ပေါ်လွင်ထင်ရှားအောင် ရေးဟန်တစ်မျိုးဖြင့် ရေးသားထားသည်။ ထိုရေးဟန်မျိုးကို ဦးကျော်ငြိမ်း၏အတ္ထုပ္ပတ္တိ၌ "သူသည် စာရေးဆရာတစ်ယောက် တက္ကသိုလ်ပါမောက္ခတစ်ယောက်နှင့် သာတူနေသည်။ ဘာနှင့်ပဲတူတူ သူ၏အညာသား မှုမပျက်ဘဲကော်ဖီကို ပန်းကန်လုံးမှ ပန်းကန်ပြားထဲသို့ လောင်းငှဲ့ထည့်ပြီးမှ သောက်သည့်အကျင့်ကို ကျွန်တော်မြင်၍မှတ်မိလိုက်သည်" ဟူ၍ ဖတ်ရှုရမည်ဖြစ်ပါသည်။ ယူနတီစာအုပ်တိုက်မှ တန်ဖိုး ၁၈၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

# Knowledge


## စွမ်းအားဖြည့် ဝတ်စုံ

အလေးချိန် ၉၀ ကီလိုဂရမ်ကို လူပေါင်းများစွာကိုယ်စား အားစိုက်ထုတ်ရခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း စိုးစဉ်းမျှမရှိပါဘဲနှင့် သယ်ဆောင်နိုင်တော့မည်ဖြစ်သည်။ Utah တက္ကသိုလ်မှပါမောက္ခစတီဗင်ဂျက်ကော့ဆန်နှင့်အင်ဂျင်နီယာများအဖွဲ့သည် ထူးခြားအံ့သြဖွယ်ကောင်းလောက်အောင် ခံနိုင်ရည်နှင့်စွမ်းအားထုတ်ပေးနိုင်သည့် XOS (Exoskeleton) ကို တီထွင်နိုင်ခဲ့ခြင်းဖြစ်သည်။

စက္ကန့်တိုင်းတွင် အာရုံခံကိရိယာငယ်က နောက်ကျော၌ပါရှိသည့် ကွန်ပျူတာသို့ အချက်အလက်များဆက်တိုက်ပေးပို့နေမည်ဖြစ်ပြီး၊ XOS ကိုဝတ်ဆင်ထားသူ၏ လှုပ်ရှားမှုတိုင်းကို အာရုံခံမိစေကာ နဂိုရှိရင်းစွဲအင်အားထက်စွမ်းအား ၁၇ ဆကျော်အသုံးပြုနိုင်ရန် ကူညီဆောင်ရွက်ပေးမည်ဖြစ်သည်။ XOS ကိုသုတေသနပြုရန်အတွက် စစ်တပ်မှအကုန်ကျခံဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး လတ်တလောတွင်စစ်သားများအသုံးပြုရန် ရည်ရွယ်ထားသော်လည်း နောက်ပိုင်းတွင်မီးသတ်သမားများ၊ ကိုယ်အင်္ဂါ ချို့ယွင်းသူများပါ အသုံးပြုနိုင်ရန် လုပ်ဆောင်သွားမည်ဟုဆိုသည်။ —*Source:Reader's Digest*

# တစ်ပတ်တာဟောကိန်းကြမ္မာ

ဩဂုတ် ၁၇ မှ ၂၃ ရက် အထိ



### တနင်္ဂနွေနေ့မွေးသောသူများ

မြုပ်နေသော ငွေများပြန်ပေါ်မည်။ စတင်ဆောင်ရွက်သည့်ကိစ္စမှန်သမျှ ထူးခြားစွာအောင်မြင်ခြင်းသို့ ဦးတည်ရောက်ရှိလာမည်။ လုပ်ငန်းတိုးချဲ့ပြုလုပ်ရန် အခါကောင်းဖြစ်သည်။ ငွေကြေးတွင် အဝင်ကောင်းသလောက် အထွက်ကြမ်းမည်။ အခါတိုင်းထက် ငွေဝင်မည်။ သို့သော် ငွေပျောက်တတ်သည်။ ငွေချေးငှားပါက ပြန်တောင်းမရ။ ဆုံးတတ်သည်။




### တနင်္လာနေ့မွေးသောသူများ

စီမံကိန်းချပြီးလုပ်သော ကိစ္စများရှောင်ပါ။ သူတစ်ပါးအားကိုးအားထားပြီး မလုပ်သင့်၊ အထင်မှားမှုများဖြေရှင်းရမည်။ လူယုံဒုက္ခပေးတတ်သည်။ ငွေကြေးလက်ပြောင်းလက်လွှဲ သတိပြုပါ။ ငွေမြှုပ်နှံမှု အကြီးစားကိုရှောင်ပါ။ အတိုက်အခံနှင့် ယှဉ်ပြီးလုပ်ရတတ်သည်။ စာရွက်စာတမ်းကိစ္စ၊ ငွေကြေးကိစ္စများ သတိနှင့်အပေးအယူပြုပါ။ လုပ်ငန်းကိစ္စများကို သတိနှင့်ဆောင်ရွက်ပါ။




### အင်္ဂါနေ့မွေးသောသူများ

သူတစ်ပါးအတွက် စေတနာသန့်သန့်နှင့် ကူညီရင်း အထင်လွဲခံရမှု ကြုံမည်။ ရန်ကြားမှ တိုးတက်မှု ရှာဖွေရမည်။ အများနှင့်တွဲ၍ လုပ်သောကိစ္စတွင် သစ္စာမဲ့သူတစ်ဦးကြောင့် ဆုံးရှုံးမည့်ငွေ၊ အခွင့်အရေးများပြန်လည်ရရှိမည်။ ငွေကြေးလက်ပြောင်းလက်လွှဲ အာမခံခြင်း သတိနှင့်ဆောင်ရွက်ပါ။ ချဲ့ထွင်ပြီးလုပ်သောလုပ်ငန်းများမှ အကျိုးထူးများစွာရမည်။



### ဗုဒ္ဓဟူးနေ့မွေးသောသူများ

စိတ်ရှုပ်စရာများ ကြုံမည်။ အခက်အခဲများ ဖြေရှင်းရမည်။ ပစ္စည်းပျောက်တတ်သည်။ အကောင်းဖြစ်မည်ဟု မျှော်လင့်ရည်စူးလိုက်သော ကိစ္စမှ ဆိုးခြင်းဘက်သို့ ဦးတည်မည်။ လုပ်ကိုင်သမျှ ကြံစည်သမျှ အောင်မြင်မည်။ အလွန်စိတ်ရှုပ်နေရမည်။ ပြဿနာအခက်အခဲနှင့် ပူးတွဲလုပ်ကိုင်ရကိန်းကြုံမည်။ ထိုသို့ကြုံပြီးမှ အဆင်ပြေချောမွေ့မည်။ လုပ်ငန်းအတွင်း ကူညီမည့်သူပေါ် ပေါက်မည်။



### (ရာဟု)ဗုဒ္ဓဟူးညနေပိုင်းမွေးသောသူများ

စိတ်ကူးစီစဉ်ပြီး လုပ်သည်ထက် ရုတ်ချည်းဆုံးဖြတ်ပြီးလုပ်က အကျိုးပေးမည်။ ဦးတည်ချက်လမ်းကြောင်းများ ပြောင်းလဲပြီး ဆောင်ရွက်၍ အထူးအောင်မြင်မည်။ စကားမတည်သူအား ယုံစားမိ၍ စိတ်သောကရောက်တတ်သည်။ လုပ်ငန်းတွင် ကိုယ်တိုင်လုပ်လေ အောင်မြင်ထွန်းပေါက်လေဖြစ်မည်။ စွန့်စားပြီး လမ်းသစ်ထွင်၍ လုပ်ကိုင်ခြင်းမှ အကျိုးအမြတ်ကောင်းစွာ ရရှိမည်။



### ကြာသပတေးနေ့မွေးသောသူများ

အတူတွဲလုပ်သူများနှင့် လမ်းခွဲရမည်။ ရန်အပြိုင်များကြားမှ တိုးတက်မည်။ ခက်ခဲသောပြဿနာများ ဖြေရှင်းနိုင်မည်။ သူတစ်ပါးအား ယုံစားပြီးလုပ်မိသည့် ကိစ္စများမှ စိတ်အနှောင့်အယှက်များဖြစ်တတ်သည်။ အပြိုင်အဆိုင် မနာလိုဝန်တိုမှုများကြားမှ ဆောင်ရွက်လိုက်သည့် ကိစ္စများမှ အထူးအောင်မြင်မည်။ လုပ်ငန်းက စီးပွားကံအထူးပွင့်မည်။



### သောကြာနေ့မွေးသောသူများ

လုပ်ငန်းခွင်အတွင်း မိမိဂုဏ်သတင်း နာမည်ကျော်ကြားမည်။ မိမိ၏ စေတနာအပေါ် အလေးမထားသောသူများနှင့် ကြုံတွေ့ရမည်။ အလုပ်ပို၊ ကိစ္စပိုများကြုံမည်။ သူတစ်ပါးကြောင့် မိမိတွင် ပြဿနာဖြစ်တတ်သည်။ လုပ်ငန်းနှင့်ပတ်သက်သည့်ကိစ္စများကို ဆောင်ရွက်ရန် အကျိုးရှိမည်။ လုပ်ငန်းတိုးတက်မည်။ အလုပ်ကံအကျိုးပေးမည်။ စိတ်ကူးနှင့်လက်တွေ့ တစ်ထပ်တည်းကျနေမည်။



### စနေနေ့မွေးသောသူများ

ခက်ခဲသော ပြဿနာရပ်များကို မိတ်ဆွေကောင်းများက ကူညီဖြေရှင်းပေးမည့်သူပေါ်မည်။ စာရွက်စာတမ်း၊ ငွေကြေးအတွက် စကားများရတတ်သည်။ မူလစီမံထားသည့်အတိုင်းလုပ်က အခက်ကြုံပြီး ရုတ်ခြည်းဆုံးဖြတ်ပြီး ဆောင်ရွက်သည်များမှ အောင်မြင်မှုရရှိမည်။ ငွေမမြဲ။ ငွေကြေးနှင့်ပတ်သက်ပြီး မကြာခဏ စကားများရမည်။ စုဆောင်းရန်ကြံလေ ငွေထွက်လေဖြစ်မည်။

# မော်လမြိုင်မြို့နယ်၊ ပညာရေးမိသားစု ဓမ္မစကြာရွတ်ဆိုပူဇော်ပွဲနှင့် ပြိုင်ပွဲဆုချီးမြှင့်ပွဲကျင်းပ

မိုင်ခရိုစကုပ်

**မော်လမြိုင်၊ဩဂုတ် - ၁၃**

မော်လမြိုင်မြို့နယ် ပညာရေးမိသားစု၏ စတုတ္ထအကြိမ်၊ အမျိုးသမီးဓမ္မစကြာရွတ်ဆိုပူဇော်ပွဲပြိုင်ပွဲဆုချီးမြှင့်ခြင်း အခမ်းအနားကို ကျိုက္ခမီလမ်းရှိ ဆန်တခုံး ဓမ္မာရုံတွင်ပြုလုပ်ကျင်းပခဲ့ကြောင်း သိရသည်။ ဝတ်ရွတ်ပြိုင်ပွဲသို့ မော်လမြိုင်မြို့နယ်အတွင်းရှိ စာသင်ကျောင်း ၂၈ ကျောင်းမှ ဝတ်ရွတ်အသင်းများ ပြိုင်ပွဲဝင်ဝတ်ရွတ်အသင်း ၁၀ သင်း၊ စုစုပေါင်း ဝတ်အသင်း ၃၈ သင်းမှ ဓမ္မစကြာပူဇော်ပြိုင်ပွဲဝင်ခဲ့ကြရာ ပထမဆုရအထက်(၃)၊ ဒုတိယဆုရ စမ်းကြီးအလက၊ တတိယဆုရ အထက(၁၀)ဝတ်အသင်းတို့အား အလှူရှင်ဦးခင်ဝင်းက ဂုဏ်ပြုဆုငွေများပေးအပ်ချီးမြှင့်ခဲ့ပြီး နှစ်သိမ့်ဆုရဝတ်အဖွဲ့ ၇ ဖွဲ့တို့အား ပြိုင်ပွဲကျင်းပရေးကော်မတီဝင်များမှ ဆုများအသီးသီးချီးမြှင့်ပေးခဲ့ကြသည်။

အခမ်းအနားတွင် ပထမဆုငွေကျပ် သုံးသိန်း၊ ဒုတိယဆုငွေကျပ် နှစ်သိန်း၊ တတိယဆုငွေကျပ်တစ်သိန်းခွဲနှင့် နှစ်သိမ့်ဆုတစ်ဆုလျှင်ငွေကျပ် ငါးသောင်းကျပ်စီ၊ ဝတ်ရွတ်အဖွဲ့တစ်ဖွဲ့လျှင်ငွေကျပ် ၁၂၅၀၀၀ အသီးသီး ချီးမြှင့်ပေးခဲ့ပြီး စုစုပေါင်း ကုန်ကျငွေသိန်းတစ်ရာကျော်အား မော်လမြိုင်မြို့ ဈေးကြိုရပ်ကွက်၊ ကျိုက္ခမီလမ်း အမှတ် ၁၁၃ နေ ဦးခင်သိန်း၊ ဒေါ်နှင်းကြည်တို့၏သား ဦးခင်ဝင်း၊ ညွှန်ကြားရေးမှူး(ငြိမ်း) အမှတ်(၂) စက်မှုဝန်ကြီးဌာန မိသားစုက ပေးအပ်လှူဒါန်းခဲ့သည်။ တော်သလင်းလဆန်း ၉ ရက်မှ လပြည့်နေ့အထိ မော်လမြိုင်မြို့နယ် ကျောင်းပေါင်းစုံ အမျိုးသားအသံမစဲပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပြိုင်ပွဲနှင့် သီတင်းကျွတ်လဆန်း ၉ ရက်မှ လပြည့်နေအထိ မွန်ပြည်နယ် ၁၀ မြို့နယ် အမျိုးသမီး ဓမ္မစကြာဝတ်ရွတ်ပြိုင်ပွဲကို ပြုလုပ်ကျင်းပပေးရန် စီစဉ်ထားကြောင်း သိရသည်။

7DAY NEWS JOURNAL
Vol.10, No.22 • AUGUST 18, 2011



# ရွှေမှော်ရုံ မြိုင်တောလယ်၌

ကြည်နေဝင်းမင်း





**အိုကလာဒေသ။**
**ကမ္ဘောဒီးယားနိုင်ငံ။**

ပြင်းပြသောမွန်းတည့်နေကို အန်တုရင်း ရိုင်ကွတ်သည်ကမ္ဘောဒီးယားနိုင်ငံ အစွန်အဖျား 'ရွှေတောအုပ်'ဟုလူသိများသည့်လက်ယက်တွင်း ရွှေမှော်မှ ကျောက်တုံး အိတ်တစ်အိတ်ကို ပခုံးပေါ်ထမ်းရင်း ဖြည်းဖြည်းချင်းထွက်လာသည်။

ရိုင်ကွက်သည် ကမ္ဘောဒီးယားနိုင်ငံ အရှေ့မြောက်ပိုင်း မွန်ဒူကီရီခရိုင်ဒေသ လူသူအရောက်အပေါက်နည်းရာ အိုကလာရွာ၌ အဝါရောင်အဖိုးတန် သတ္တုကိုလာရောက်ရှာဖွေသူ ရာပေါင်းများစွာထဲမှ တစ်ယောက်ဖြစ်သည်။ မွန်ဒူကီရီခရိုင်သို့လည်း နိုင်ငံခြားသတ္တုရှာဖွေရေးကုမ္ပဏီကြီးများ ရောက်လာတော့မည်ဟု သတင်းထွက်နေပါသည်။

ကံကောင်းသောနေ့တွင် အသက် ၂၉ နှစ်ရွယ် ရိုင်ကွတ် တစ်ယောက်ကန်ဒေါ်လာ ၁၂ ဒေါ်လာခွဲခန့် ဝင်ငွေရနိုင်ပါသည်။ နိုင်ငံ၏ လူဦးရေသုံးပုံတစ်ပုံသည် တစ်နေ့တစ်ဒေါ်လာအောက်ဖြင့် ရှင်သန်နေသော နိုင်ငံတွင် 'မဆိုး' ဟုဆိုရမည်ဖြစ်သည်။

လုပ်ရသည့် အလုပ်မှာ အန္တရာယ်များသည်။ ခက်ခဲသည်။ ထို့အပြင် လုံးဝတရားမဝင်ပါ။ ကမ္ဘောဒီးယားနိုင်ငံတွင် နိုင်ငံသားထောင်ပေါင်းများစွာ ရွှေတူးကြပါသည်။ ယင်းကို အစိုးရကလည်း ဆယ်စုနှစ်ပေါင်းများစွာ မသိလိုက်မသိဘာသာ သည်းခံနေခဲ့ပါသည်။

သို့သော် ရွှေတူးဖော်ရေးကုမ္ပဏီကြီးများ ရောက်ရှိလာပြီး ဒေါ်လာသန်းပေါင်းများစွာ ရင်းနှီးမြှုပ်နှံ လုပ်ကိုင်လာကြလျှင် ထိုအရာများပြောင်းလဲကုန်ပါတော့မည်။ တရားမဝင်ရွှေရှာဖွေသူများအတွက်လည်း နေရာရှိတော့မည် မဟုတ်ပါ။

"ငါတို့ နောက်ထပ်သိပ်ကြာကြာတူးရလိမ့် မယ် လို့ တော့ မထင် ပါဘူး" ဟုပေကျံနေသော ကျောက်တုံးများတွင် ရွှေစရွှေနလေးများပါလိုပါငြား ဆန်ခါချရင်း ရိုင်ကွက်က ပြောပြသည်။ "ဒီဧရိယာကို ကုမ္ပဏီတစ်ခုက ဝယ်လိုက်ပြီလို့ ငါတို့ကို ပြောထားတယ်။ ငါတို့ကိုတွင်းနက်နက်တူးခွင့်မပေးတော့ဘူး" ဟုရိုင်ကပြောသည်။

ကမ္ဘောဒီးယားနိုင်ငံတွင် ရွှေကြော ၁၉ ခုရှိသည်ဟု လူသိများပြီးယင်းကြောင့်ပင် ဩစတြေးလျ၊ တရုတ်၊ တောင်ကိုရီးယားနှင့် ဗီယက်နမ်နိုင်ငံတို့မှ ကုမ္ပဏီကြီးများ၏ စိတ်ဝင်စားမှုရရှိခဲ့သည်။ အလုံးအရင်းဖြင့် ရွှေထုတ်ယူခြင်းမှာ ငါးနှစ်ခန့်ကြာမြင့်ဦးမည်ဟု ရွှေလုပ်ငန်းကျွမ်းကျင်သူများက ပြောကြားကြပြီး ရွှေပမာဏမည်မျှရှိနိုင်သည်ကိုလည်း အတိအကျ မသိကြသေးပေ။

အလားအလာကောင်းသောတွေ့ရှိမှုဟု ကြွေးကြော်ရင်း ယမန်နှစ်အတွင်း ဩစတြေးလျ သတ္တုတူးဖော်ရေးကုမ္ပဏီ OZ Minerals ကမွန်ဒူကီရီခရိုင်တွင် ၆၀၅,၀၀၀ အောင်စ ရွှေကြောတစ်ခုတွေ့ရှိသည်ဟု ကြေညာခဲ့သည်။ သို့သော် နောက်ထပ်တူးဖော်မှုများမှာ စိတ်ပျက်စရာကောင်းခဲ့ကြောင်း မကြာသေးမီကရင်းကုမ္ပဏီက ပြောကြားပါသည်။

သို့သော်ငြားလည်း သတ္တုတူးဖော်ရေးလုပ်ငန်းသည် လာမည့်အနာဂတ်ကာလတွင်ကမ္ဘောဒီးယားစီးပွားရေးအား အဓိကပံ့ပိုးပေးမည့် လုပ်ငန်းဖြစ်လာနိုင်ကြောင်း ကမ္ဘောဒီးယား သတ္တုတူးဖော်ရေးနှင့်ရှာဖွေရေးကုမ္ပဏီများအစည်းအရုံးဥက္ကဋ္ဌ ရစ်ချက်စတန်ဂျာက ပြောပါသည်။

တရားမဝင်တူးဖော်နေသည့်အိုကလာမိုင်းမှာပရေးမက်စ်ဒေသတွင်တည်ရှိပါသည်။ ဘာသာပြန်လိုက်ပါက 'ရွှေတောအုပ်' ဟုအဓိပ္ပာယ်ရပြီး မွန်ဒူကီရီခရိုင်မြို့တော်ဆင်မိုနိုရွန်မှ ငါးနာရီကြာခရီးကြမ်းကားမောင်းရသည့်နေရာဖြစ်သည်။ ရွှေတူးဖော်ရေးအတွက်အကြီးအကျယ် ရှင်းလင်းထားရာနေရာမှာ သစ်ပင်များကင်းမဲ့နေပြီး ရွှေတူးဖော်သူများနေထိုင်သည့် ဝါကျင့်ကျင့် ကုန်းပြောင်ပြောင်နေရာလေးမှာခနော်ခနဲ့တဲငယ်များ၊ အမှိုက်ပုံများ၊ ရေကန်ငယ်များဖြင့် ပြည့်နေကာ တောင်ထူထပ်ရာ စိမ်းစိမ်းစိုစိုပတ်ဝန်းကျင်နှင့် ဖီလာဆန့်ကျင်နေသည်။ သို့သော် ရွှေရှာရန် ၁၉၈၁ ခုနှစ်ကပင်မိသားစုနှင့်အတူပြောင်းရွှေ့လာခဲ့သူ ရိုင်ကွတ်တို့အတွက်မူ ယင်းမှာ ၎င်းတို့နေအိမ်ဖြစ်သည်။

ဤတောထဲတွင် ရွှေရှာဖွေရန်အစိုးရကတရုတ်ကုမ္ပဏီတစ်ခုအား ခွင့်ပြုထားပြီဖြစ်ရာ ကုမ္ပဏီက 'အိုကလာ' မိုင်း၏ ဘေးကပ်လျက်မှာပင် ရွှေရှာဖွေရေးလုပ်ငန်းများစတင်နေပြီဖြစ်သည်။ 'အိုကလာမိုင်း' မှာလည်း ၎င်းကုမ္ပဏီ၏ လုပ်ပိုင်ခွင့်ဧရိယာအတွင်းပါဝင်ပါသည်။ ကုမ္ပဏီ၏နာမည်ကိုအစောင့်အကြပ်တစ်ဦးက ပြောပြသော်လည်း ကုမ္ပဏီ၏ အခြားအကြောင်းအရာများ၊ ခွင့်ပြုထားသည့် သဘောတူညီချက်အကြောင်းများကို လူသိရှင်ကြား ထုတ်ပြန်မထားပေ။ ယင်းမှာ ကမ္ဘောဒီးယားနိုင်ငံ သတ္တုတူးဖော်ရေးလုပ်ငန်းတွင်ဖြစ်ပေါ်နေသည့် ပွင့်လင်းမြင်သာမှု အားနည်းခြင်းကိုပြသနေသည်ဟု ဝေဖန်သူများက ဆိုပါသည်။

နိုင်ငံတကာ ဈေးကွက်များတွင် ရွှေဈေးနှုန်းများ စံချိန်တင်မြင့်တက်နေပါသည်။ (ယခုနောက်ဆုံးပေါက်ဈေးမှာ တစ်အောင်စဒေါ်လာ ၁၇၀၀ ကျော်ဖြစ်သည်) မရေရာသော စီးပွားရေးအခြေအနေနှင့် ငွေကြေးဖောင်းပွမှုမြင့်မားနေချိန်တွင် ရင်းနှီးမြှုပ်နှံသူများ 'ရွှေ' ကိုသာခိုလှုံရာအဖြစ်သတ်မှတ်ဝယ်ယူကြ၍ဖြစ်သည်။

'ရွှေ' တောအုပ်မှ တရားမဝင်ရွှေတူးသူအများစုမှာ ၎င်းတို့တူးဖော်ရရှိသည့် ရွှေစရွှေနလေးများကို ဒေသခံကုန်သည်များထံ သို့ရောင်းချရင်းတစ်လလျှင် ဒေါ်လာ သုံးလေးရာ ဝင်ငွေရရှိနေကြရာရွှေဈေးတက်လာ၍ ၎င်းတို့ဝင်ငွေအနည်းငယ် တိုးလာခဲ့သည်။

"အခုအချိန်မှာရွှေဈေးတက်နေလို့ ငါတို့ခံသာနေတာပါ" ဟု ထိုးစိုက်နေသည့်ကျောက်တူးစက်ငယ်၏ ဆူညံသံကို ဖုံးလွှမ်းအောင် အသံမြှင့်ရင်း အသက် ၅၁ နှစ်အရွယ် ဆွန်ဆိုခွန်က ပြောလိုက်သည်။ သို့သော် တရားမဝင်ရွှေတူးဖော်ရာမြို့တွင် နေထိုင်ရသည်မှာ မလွယ်ကူပါ။ "ဒီနေရာကအရမ်းကို ညစ်ပတ်တယ်။ ငါတို့ရဲ့ကျန်းမာရေးအတွက် စိတ်ပူရတယ်။ လူအများကြီးပဲ နေထိုင်မကောင်းဖြစ်ကြတယ်" ဟုဆွန်ဆိုခွန်က ဆက်ပြောပါသည်။

ရွှေတူးဖော်ရေး လုပ်ငန်းအဆင့်ဆင့်တွင် မာကျူရီ ပြဒါးနှင့် ဆိုင်ရင်နိုဒ်ကဲ့သို့ အန္တရာယ်ရှိသောဒြပ်ပစ္စည်းများ၊ အများအပြားအသုံးပြုကြပြီး ယင်းဒြပ်ပစ္စည်းများမှာ ကျန်းမာရေးအန္တရာယ်ကြီးမားကြောင်း ကမ္ဘောဒီးယားနိုင်ငံရှိကုလသမဂ္ဂဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် အကြံပေး ဂလင်းကင်ဒေါ်လ်ကပြောပါသည်။

ယင်းဓာတုဗေဒ ပစ္စည်းများမှာ ခေါင်းမူး၊ ခေါင်းကိုက်ခြင်းမှသည် အာရုံကြောစနစ် ပျက်စီးသည်အထိဖြစ်နိုင်ကြောင်း ကျွမ်းကျင်သူများက ဆိုပါသည်။ ရွှေတူးဖော်ရာတွင်လည်း ဘေးကင်းလုံခြုံရေး အစီအမံများ နည်းပါးပြီး မိုင်းများဖောက်ခွဲမှု၊ ရွှေတွင်းများပြိုကျမှု၊ လိုဏ်ခေါင်းများပြိုကျမှုကြောင့်လည်း အိုကလာမိုင်းများတွင်လူပေါင်းများစွာအသက်ဆုံးရှုံးခဲ့သည်။

"တစ်ပိုင်တစ်နိုင် ရွှေတူးတယ်ဆိုတာ အန္တရာယ်များတဲ့ အလုပ်ပါ" ဟူ၍ မစ္စတာကင်ဒေါ်လ်ကဆိုရင်း တစ်ဆက်တည်းမှာပင် လူအများအပြားမှာ ဆင်းရဲမွဲတေမှုကြောင့် တရားမဝင်ရွှေတူးဖော်ရေးလုပ်ငန်းတွင် ဝင်ရောက်လုပ်ကိုင်ကြခြင်းဖြစ်ကြောင်း ပြောပါသည်။ ယခုအခါ ရွှေတူးလုပ်သားများ၏ ကံကြမ္မာမှာ အစိုးရအပေါ်တွင် မူတည်နေကြောင်း၊ သို့သော်လိုအပ်သည့် ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများ မှန်မှန်ကန်ကန် ချမှတ်နိုင်ပါက စီးပွားဖြစ်တူးဖော်သည့်ကုမ္ပဏီကြီးများနှင့်တစ်ပိုင်တစ်နိုင် ရွှေတူးသူများ အတူတကွ ယှဉ်တွဲလုပ်ကိုင်နိုင်ကြောင်း မစ္စတာကင်ဒေါ်လ်ကဆိုသည်။

မွန်ဒူကီရီဒေသရှိ သတ္တုတူးဖော်ရေးနှင့် စွမ်းအင်ဌာနရုံး အကြီးအကဲ ခွန်ပီဆစ်ကမူ နောက်ပိုင်းတွင် 'ရွှေတောအုပ်' မှ တရားမဝင် ရွှေတူးသူများ ၎င်းတို့၏ လုပ်ငန်းများ ရပ်ဆိုင်းရမည်ဖြစ်ကြောင်းပြောသည်။ ဖယ်ရှားရမည့် အချိန်ရောက်လာပါက ၎င်းတို့အနေဖြင့်မည်သည့်နေရာတွင်မှရွှေတူးခွင့်ရှိမည်မဟုတ်ကြောင်း ခွန်ပီဆစ်က ပြောရင်း "ကုမ္ပဏီမှာအလုပ်ဝင်လုပ်ရင်လုပ်၊ ဒါမှမဟုတ် သူတို့ အလုပ်ပြောင်းလုပ်ပေါ့" ဟု၎င်းကဆိုပါသည်။

*—Ref: AFP*



7DAY NEWS JOURNAL
Vol.10, No.22 · AUGUST 18, 2011






## ရွှေဈေး စံချိန်တင်ဈေး ရောက်ရှိပြီး ရေနံဈေးနှုန်းကျလာ

**လန်ဒန်၊ ဩဂုတ် - ၉**

အမေရိကန်ဒေါ်လာ၏ ယုံကြည်စိတ်ချရမှုကို အကောင်းဆုံးအဆင့် AAA မှလျှော့ချခံရပြီးနောက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအပေါ် စိုးရိမ်လာသော ရင်းနှီးမြှုပ်နှံသူများက ရေနံနှင့်စားနပ်ရိက္ခာ ရှယ်ယာများအား လက်လွှတ်၍ ရွှေကို တိုးကာဝယ်ယူလာခဲ့ရာ ရွှေဈေးနှုန်းများစံချိန်တင်မြင့်တက်လာခဲ့သည်။

ကမ္ဘာ့ရွှေဈေးသည် ပထမဦးဆုံးအကြိမ်အဖြစ် တစ်အောင်စလျှင် ကန်ဒေါ်လာ ၁၇၀၀ ကျော်လွန်လာခဲ့သည်။ ရေနံဈေးနှုန်းမှာ သက်ရောက်ခံရဆုံးဖြစ်ပြီး တန်ဖိုး ၄ ရာခိုင်နှုန်းတိုးလာသည်။

အမေရိကန်နှင့် ဥရောပတွင် ကြုံတွေ့နေရသည့် ကြွေးမြီအကျပ်အတည်းအပေါ် စိုးရိမ်နေမှုများကြောင့်လည်း အခြားစက်မှုလုပ်ငန်းသုံး သတ္တုများနှင့် စိုက်ပျိုးရေးထုတ်ကုန်တန်ဖိုးများလည်း ကျဆင်းလာသည်။ ဈေးကွက်တွင် ၎င်းကုန်ကြမ်းပစ္စည်းများလိုအပ်ချက်လျော့နည်းလာမည်ဟု ယူဆလာကြခြင်း ဖြစ်သည်။

စပိန်နှင့် အီတလီဘွန်းဈေးကွက်များတွင်ဝင်ရောက်ကိုင်တွယ်ရန် ဥရောပဗဟိုဘဏ်က ပြင်ဆင်နေမှုနှင့် ဈေးကွက်များတည်ငြိမ်ရေး ဆောင်ရွက်မည်ဟု စက်မှုနိုင်ငံကြီးများအုပ်စု ဂျီ-၂၀ ၏ အာမခံပြောကြားမှုများရှိခဲ့ပြီးနောက် ဈေးကွက်များ အနည်းငယ်တည်ငြိမ်လာသော်လည်း ကုန်စည်ဈေးနှုန်းများ ဆက်လက်ကျဆင်းဖွယ်ရှိကြောင်း သိရသည်။

"ရေတိုမှာတော့ ရင်းနှီးမြှုပ်နှံသူတွေက အရမ်းကို သတိထားနေကြပါလိမ့်မယ်" ဟု Landon & Capital ကုန်ပစ္စည်းရှယ်ယာများရောင်းဝယ်ရေးမန်နေဂျာ မိုရီလာဂီနာက ပြောကြားသည်။

—*Ref: Reuters*

## အီကိုလိုင်းဘက်တီးရီးယား သုတေသနအတွက် အီးယူက ယူရို ၂ ဒသမ ၂ သန်း မြှုပ်နှံ

**ဘရပ်ဆဲလ်၊ ဩဂုတ် - ၁၀**

ဥရောပသမဂ္ဂအီးယူသည် မကြာမီက ဥရောပတစ်ဝန်းတွင် ပျံ့နှံ့ခဲ့သည့် အီကိုလိုင်းဘက်တီးရီးယားနှင့်ပတ်သက်၍ သုတေသနပြုလုပ်ရန် ယူရို ၂ ဒသမ ၂ သန်း ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အီကိုလိုင်းဗိုင်းရပ်စ်ကြောင့် ဥရောပတွင် ၅၁ ဦးသေဆုံးခဲ့ရပြီး လူပေါင်း ၄,၀၀၀ မှာရောဂါခံစားခဲ့ရသည်။ ထို့ကြောင့် ဥရောပသမဂ္ဂသည် အဖွဲ့ဝင်နိုင်ငံများ၏ ဟင်းသီးဟင်းရွက်ပို့ကုန်များအပေါ် ထိခိုက်စေခဲ့သော ဘက်တီးရီးယားကို နှိမ်နင်းရန်သုတေသနရန်ပုံငွေချမှတ်ခဲ့ခြင်းဖြစ်သည်။

ဥရောပသမဂ္ဂမှ နှစ်စဉ်ဟင်းသီးဟင်းရွက် ယူရိုသန်း ၆၀၀ ဖိုးခန့်တင်သွင်းသော ရုရှားနိုင်ငံသည် ပြီးခဲ့သော ဇွန် ၂ ရက်က အီးယူဟင်းသီးဟင်းရွက်များကိုပိတ်ပင်ခဲ့ရာ စီးပွားရေးထိခိုက်ခဲ့ရသည်။ ထို့ကြောင့် ဥရောပသမဂ္ဂသည် ဟင်းရွက်ထုတ်လုပ်သူများအားလျော်ကြေး ယူရို ၂၂၇ သန်း ပေးရန် ကတိပြုပေးခဲ့သည်။

—*Ref: AFP*



# Commodity Watch

7 DAY NEWS JOURNAL
Vol.10, No.22 · AUGUST 18, 2011

## Computer

| CPU | |
|---|---|
| Intel P4 Dual Core 3.2 (E 5800) Processor | 57,400 |
| Intel P4 Dual Core 2.93 (E 7500) (775)Processor | 85,000 |
| Intel P4 Core 2 Quad 2.5 GHz (Q8300) (775) Processor | 121,400 |
| Intel P4 Core i3 3.1 GHz (1155,2400) Processor | 143,800 |
| Intel P4 Core i7 3.4 Ghz (1155,2600) Processor | 226,500 |
| **Motherboard** | |
| MSI P41M-P33/P23 (775) Motherboard | 46,700 |
| MSI H55M-E32 (1156) Motherboard | 67,300 |
| ASUS P8H67 (B3)(1155) Motherboard | 102,500 |
| ASUS P8H61-MLE(B3)(1155) Motherboard | 68,800 |
| ASUS P8H61-MLE/USB3 (1155) Motherboard | 75,000 |
| Gigabyte P674A-UD3 (B3)(1155) Motherboard | 133,800 |
| Gigabyte PG41MT-S2P (775) Motherboard | 4,7400 |
| Gigabyte P41-ES3G (775) Motherboard | 66,000 |
| Gigabyte H55M-S2V (1156) Motherboard | 76,500 |
| **Memory** | |
| 1 GB DDR (400) Kingston Memory | 36,700 |
| 1 GB DDR2 (800) Kingston Memory | 13,800 |
| 2 GB DDR3 (1333) Kingston Memory | 13,000 |
| 4 GB DDR3 (1333) Kingston Memory | 20,700 |
| **Memory Stick** | |
| Memory Stick Apacer 4 GB | 6,000 |
| Memory Stick Adata 4 GB | 6,000 |
| Memory Stick HP 4 GB | 7,000 |
| Memory Stick HP 8 GB | 11,000 |
| Memory Stick Sony 4 GB | 8,000 |
| Memory Stick Sony 8 GB | 13,500 |
| Memory Stick Imation 16 GB | 21,000 |
| **UPS** | |
| Star (650 VA) UPS Led | 28,300 |
| Star (650 VA) UPS Lcd Display | 29,800 |
| Power Pro (650 VA) | 33,000 |
| Power Pro (1.2 KVA) | 62,000 |
| Power Tree (1250 VA) | 62,000 |
| **DVD Writer** | |
| HP DVD Writer (SATA) | 23,700 |
| ASUS DVD Writer (SATA) | 23,700 |
| Liteon DVD Writer (SATA) | 25,200 |
| **အိတ်ဆောင်တီဗီငှကအဘိတန်** | 160,000 |

Technoland ဆိုင်မှ ဩဂုတ်(၁၃) ရက်က ကောက်ယူထားသောဈေးနှုန်းဖြစ်သည်။

## Note Book

| Acer | |
|---|---|
| Intel Core i7 2.70Ghz 4GB DDR3, 750GB HDD,14.0″ | 966,000 |
| Intel Atom 1.66 Ghz 1GB DDR3, 320GB HDD,10.1″ | 229,425 |
| **Asus** | |
| Intel Atom 1.66 Ghz 1GB DDR2, 160GB HDD,10.2″ | 225,000 |
| **Apple** | |
| Intel Core i5 2.3 Ghz 4GB DDR3, 320GB HDD,13.3″ | 1,086,000 |
| **Hp** | |
| Intel Core i3 2.10 Ghz 4GB DDR3,500GB HDD,15.6″ | 515,000 |
| **Sony** | |
| Intel Core i5 2.30 Ghz 4GB DDR3,500GB HDD,14.0″ | 1,038,000 |
| **MSI** | |
| Intel Core i3 2.4 Ghz 2GB DDR3, 500GB HDD,14.0″ | 478,000 |

## အီလက်ထရွန်နစ်ပစ္စည်းဈေးနှုန်းများ

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| **TV** | | |
| SamSung(LCD) | 22-350 | 195,000 |
| LG(LCD) | 22LH15R | 195,000 |
| Sony (LCD) | 22BH300 | 250,000 |
| Toshiba | LZE 21-28 | 120,000 |
| Daewoo | DTU2131NZF | 145,000 |
| | DTU2132NZF | 145,000 |
| **DVD** | | |
| EVD (coeco) | 8082 | 26,000 |
| EVD(sukura) | DVK75 | 30,000 |
| LG | DV276 | 35,000 |
| Toshiba | DV380 | 30,000 |
| Daewoo | 1400S | 49,000 |
| HQ | HDMI999 | 59,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RA20F17 | 185,000 |
| Sanyo | SR811 | 499,000 |
| Hitachi | 19AGV7 | 280,000 |
| Panasonic | NR.BT222 | 285,000 |
| **Washing** | | |
| Daewoo | DW900C | 179,000 |
| | DW172C | 199,000 |
| Daewoo | DWF200KR | 320,000 |

မှတ်ချက်– အထက်ပါဈေးနှုန်းများမှာ ဩဂုတ် (၁၃) ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့် OK မြန်မာဆိုင်တို့မှကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ(ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၄၉၀၀ |
| ဘိလပ်မြေ(ယိုးဒယား INSee) | တစ်အိတ် | ၄၈၀၀ |
| ဘိလပ်မြေ(မြင်းခေါင်းတံဆိပ်) | တစ်အိတ် | ၄၂၀၀ |
| ဘိလပ်မြေ(ကျောက်ဆူးတံဆိပ်) | တစ်အိတ် | ၄၈၅၀ |
| အုတ်(ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၉၉ |
| အုတ်(ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၉၀ |
| အုတ်(၈ ပေါက်အုတ်) | တစ်လုံး | ၉၀ |
| အုတ်(၁၀ ပေါက်အုတ်) | တစ်လုံး | ၁၅၀ |
| သဲ(အကြမ်း) | တစ်ကျင်း | ၆,၅၀၀ |
| သဲ(အနု) | တစ်ကျင်း | ၅၀၀၀ |
| ကျောက် | တစ်ကျင်း | ၄၈,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၇၈၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၉၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.34mm) | ၁ ပေ | ၁,၀၂၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၁,၀၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.42mm) | ၁ ပေ | ၁,၂၈၀ |
| Posco ကြယ်စိမ်း(6/7/8 ပေ) | ၁ ပေနှုန်း | ၅၂၅ |
| Posco ကြယ်စိမ်း(9/10 ပေ) | ၁ ပေနှုန်း | ၅၃၀ |
| Posco ကြယ်စိမ်း(11/12 ပေ) | ၁ ပေနှုန်း | ၅၃၅ |
| ရိုးရိုးသွပ်မိုးပြား(ဆင်နီ 6/7/8/9/10/11/12) | ၁ ပေ | ၅၃၅ |
| ရိုးရိုးသွပ်မိုးပြား(ဆင် 6/7/8) | ၁ ပေနှုန်း | ၃၉၀ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၀၀၀ |

အထက်ပါဈေးနှုန်းများမှာ ဩဂုတ်(၁၃) ရက်တွင် ကောက်ယူထားသောဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။

## စားဖိုဆောင်သုံးသီးနှံဈေးနှုန်းများ

| အမည် | အရေအတွက် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ခရမ်းချဉ်သီး(အင်းသီး) | ၁ သေတ္တာ | ၄,၅၀၀-၅,၀၀၀ |
| ပန်းဂေါ်ဖီ | ၁ ထုပ် | ၅၀၀-၆၀၀ |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၄၀၀-၅၀၀ |
| မုန်လာဥနီ | ၁ ပိဿာ | ၁,၂၀၀- ၁,၅၀၀ |
| ဘိုစားပဲသီး | ၁ ပိဿာ | ၁၂၀၀-၁,၅၀၀ |
| ခရမ်းသီး | ၁ လုံး | ၄၀-၁၀၀ |
| ရွှေပဲသီး | ၁ ပိဿာ | ၅,၀၀၀ |
| မုန်ညင်းဖြူထုပ် | ၁ ပိဿာ | ၁,၂၀၀-၁,၅၀၀ |
| ငရုတ်သီး(ပီနံ) | ၁ ပိဿာ | ၁,၅၀၀ |
| ငရုတ်ရှည် | ၁ ပိဿာ | ၄,၃၀၀ |
| ငရုတ်ပွ | ၁ ပိဿာ | ၁,၂၀၀-၁,၅၀၀ |

ဈေးနှုန်းများမှာ သီရိမင်္ဂလာဈေးမှ ဩဂုတ် (၁၃) ရက်က ကောက်ယူထားသောလက်ကားဈေးနှုန်းများဖြစ်သည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁,၀၀၀-၁,၈၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၀၀၀-၁,၃၀၀ |
| ဆန်(ဧယာ) | တစ်ပြည် | ၆၀၀-၁,၀၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၃,၈၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၁,၉၀၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၄,၃၀၀ |
| ဆား | တစ်ထုပ် | ၁၂၀-၁၅၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၆၀၀-၈၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၁၈၀၀-၂,၀၀၀ |
| သကြား | တစ်ပိဿာ | ၁,၅၀၀-၁,၆၀၀ |
| မန်ကျည်းမှည့် | တစ်ပိဿာ | ၃,၀၀၀-၃,၂၀၀ |
| အာလူး | တစ်ပိဿာ | ၆၀၀ |
| နို့ဆီ | တစ်ဘူး | ၅၅၀-၇၅၀ |
| နို့စိမ်း | တစ်ဘူး | ၆၅၀-၇၀၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၁၀၀-၁၂၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၂၀၀-၁,၃၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၅,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၆,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၅,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၅,၀၀၀ |

## ငါး၊ ပုစွန် ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးရံ့ | ၁ ပိဿာ | ၂,၅၀၀-၄,၈၀၀ |
| ငါးခူ | ၁ ပိဿာ | ၂,၅၀၀-၅,၀၀၀ |
| ငါးကျည်း | ၁ ပိဿာ | ၂,၅၀၀-၅,၅၀၀ |
| ငါးပြေမ | ၁ ပိဿာ | ၂,၀၀၀-၅,၀၀၀ |
| ငါးပနော် | ၁ ပိဿာ | ၁,၈၀၀-၂,၇၀၀ |
| ငါးရှဉ့် | ၁ ပိဿာ | ၂,၅၀၀-၄,၂၀၀ |
| ငါးမြစ်ချင်း | ၁ ပိဿာ | ၁,၃၀၀-၁,၉၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၀၀၀-၃,၂၀၀ |
| ငါးခေါင်းပွ | ၁ ပိဿာ | ၁,၃၀၀-၂,၄၀၀ |
| ငါးသလောက် | ၁ ပိဿာ | ၄,၅၀၀-၃၆,၀၀၀ |
| ငါးတန် | ၁ ပိဿာ | ၁,၄၀၀-၂,၆၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၂,၈၀၀-၄,၂၀၀ |
| ကကတစ် | ၁ ပိဿာ | ၂,၅၀၀-၆,၅၀၀ |
| ကသဘောင်း | ၁ ပိဿာ | ၂,၅၀၀-၅,၈၀၀ |
| ငါးဘတ်၊ ငါးကြောင်း | ၁ ပိဿာ | ၂,၅၀၀-၈,၅၀၀ |
| ငါးပုဏ္ဏား | ၁ ပိဿာ | ၂,၀၀၀-၅,၀၀၀ |
| ပုစွန်ကြော့ | ၁ ပိဿာ | ၁,၈၀၀-၂,၇၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၂,၅၀၀-၃,၅၀၀ |
| ပုစွန်(ဆတ်သေး) | ၁ ပိဿာ | ၈,၀၀၀-၁၂,၀၀၀ |
| ပုစွန်(ဆတ်ကြီး) | ၁ ပိဿာ | ၈,၀၀၀-၁၂,၀၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | ၁ ပိဿာ | ၁၆,၀၀၀-၂၈,၀၀၀ |
| ငါးမျိုးစုံ | ၁ ပိဿာ | ၁,၀၀၀-၂,၅၀၀ |
| တီလားဗီးယား | ၁ ပိဿာ | ၁,၂၀၀-၁,၆၀၀ |

ဩဂုတ်(၁၃)ရက်ကကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှကောက်ယူထားသောလက်ကားဈေးနှုန်းများဖြစ်သည်။

## ကားမျိုးစုံဈေးနှုန်းများ


| ယာဉ်အမျိုးအစား | မော်ဒယ် | အက္ခရာ | ဈေးနှုန်း(ကျပ်သိန်း) |
|---|---|---|---|
| စူပါဆလွန်း | ၈၆/၈၇ | လ/အ/သ | ၁၆၀ |
| စူဇူကီး ဝက်ဂွန် R+ | - | ၁၀/၂၀ | ၂၇၀ |
| တောင်းအေ့ ပစ်ကပ် (ပဇင်းခေါင်း) | ၂၀၀၀ | ဂ၈/၈၈ | ၂၂၀ |
| စူဇူကီး R-(2Way) | - | ၂၀ | ၁၅၅ |
| တိုယိုတာ(လီမိတက်) | ၈၈ | လ/သ | ၂၃၀ |
| တိုယိုတာ(ဖင်ကောက်) | ၉၂ | ၉က | ၄၀၀ |
| မတ်ခ်တူး(ခွာတ်ဆီ) | ၉၉ | ၄ဂ | ၇၇၅ |
| ဆပ်ဖ် | ၉၇ | ၄ဂ/၅ဂ | ၁၃၀၀ |
| ပါဂျဲရို | ၉၇ | ၅ဂ | ၁,၀၂၀ |

ဩဂုတ်(၁၃) ရက်က ရန်ကုန်မြို့ရှိ ကားပွဲစားတန်းများတွင်ဖြစ်ပေါ်နေသော မော်တော်ယာဉ်ဈေးနှုန်းများဖြစ်ပါသည်။ ယခုရက်ပိုင်းဈေးနှုန်းများ အပြောင်းအလဲရှိနိုင်သည်။

## ပုဂ္ဂလိက စက်သုံးဆီ ဆိုင်များမှ ဈေးနှုန်းများ

| | Aug (6) | Aug (7) | Aug (8) | Aug (9) | Aug (10) | Aug (11) | Aug (12) |
|---|---|---|---|---|---|---|---|
| ဓာတ်ဆီ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ |
| ဒီဇယ် | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၀၀ |
| Octane | ၃,၆၀၀ | ၃,၆၀၀ | ၃,၆၀၀ | ၃,၆၀၀ | ၃,၆၀၀ | ၃,၆၀၀ | ၃,၆၀၀ |
| Premier ဒီဇယ် | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ |

7DAY NEWS JOURNAL
Vol.10, No.22 • AUGUST 18, 2011




# Free Classified

## အခမဲ့ ကြော်ငြာကဏ္ဍ

### ခရုအိမ်
အဆင့်မြင့်ခန်းဆီးလိုက်ကာနှင့် ကူရှင်အမျိုးမျိုး ချုပ်လုပ်ခြင်းလုပ်ငန်း။ တိုက်-A, G-5, Pearl Condo, ကမ္ဘာအေး ဘုရားလမ်းနှင့် ဆရာစံလမ်းထောင့်။ **PH: 557448 Ext (856),**

**09-8034582, 09-73037776**

### ငှားလိုသည်
တက္ကစီ၊ စီအင်န်ဂျီ၊ ခေတ်ဆီ၊ ဒီဇယ် လပြတ်ငှားလိုသည်။

**ဖုန်း- ၀၉-၇၃၀၈၇၆၈၇**

### အိမ်ရောင်းရန်ရှိသည်
ယုဇနရပ်ကွက်၊ အနောက်လမ်း (ဒုတိယလမ်း)၊ ရပ်ကွက်ကြီး (၅)၊ နာရီစင်အနီး၊ပြင်ဦးလွင်မြို့။ နှစ်ထပ်အိမ်၊ ၅၀×၇၈ ပေ၊ ရေမီးစုံ၊ ဂရန်ပါ။ (ပွဲစားမလို)

**ဖုန်း- ၀၉-၂၀၄၅၁၀၃**

### ကားရောင်းမည်
ကုန်တင်ကားရောင်းရန်ရှိသည်။ Nissan ထရပ်အမျိုးအစား၊ ၄က/. . . ။ ကုန်- ၁၈၀၀ Kg, ယာဉ်- ၂၀၀၀ Kg

**ဖုန်း- ၀၉-၈၅၂၀၁၇၈**

### Ka Day Aung Service
Air-Con နှင့် ရေခဲသေတ္တာများကို အသစ်ကဲ့သို့ စွမ်းရည်ပြည့်ဝစွာ အသုံးပြုနိုင်ရန်ဆေးကြောတပ်ဆင်ပြုပြင် ရောင်းဝယ်သည်။

**ဖုန်း- ၀၉-၄၃၀၅၇၀၈၉**

### ရောင်းရန်ရှိသည်
Toshiba Window Type

အဲကွန်း 1 HP 120000 ၊ အဲကွန်း 1.5 HP 150000 ၊

ဖုန်း-၀၁ ၂၄၆၁၅၀

### ရောင်းမည်
ကျောက်မြောင်း၊ ကျားကွက်သစ်လမ်း၊ မြေညီ၊ ထပ်ခိုးပြည့်ပါ၊ ပေ(၁၅×၆၀)၊ ကျပ်သိန်း(၁,၂၅၀)၊ ညှိနှိုင်း။

ဖုန်း-၀၉ ၇၃၁၆၆၀၆၄

### တိရစ္ဆာန်ဆေးကုခန်း
ခွေး၊ ကြောင်၊ အရေပြားရောဂါနှင့်ပြင်းထန်သောကူးစက်ရောဂါများအတွက် ဆေးကုသက် ၂၅ နှစ်ရှိသော ဆရာဝန်ကိုယ်တိုင်ကုပေးပါသည်။

ဖုန်း-၀၉ ၇၃၀၃၄၀၈၁

### ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်
မြောက်ဒဂုံ(၄၂)ရပ်၊ ကားလမ်းမကြီး၊ မြေ ၄၀-၆၀၊ ပျဉ်ထောင်သွပ်မိုး၊ သံဆန်ခါခြံခတ်ပြီး၊ မီးပါ၊ လူနေရန်အသင့်၊ မြေပိုပေ ၂၀။ ညှိနှိုင်းဈေး ကျပ် သိန်း-၃၂၀ ။

ဖုန်း-၀၉ ၄၃၀၈၃၇၈၁

### ငှားရန်ရှိသည်
ဘာသာစကားပြောသင်တန်းခန်းမ(အချိန်ပိုင်း)ငှားရန်ရှိသည်။ ဦးထွန်းလင်းခြံလမ်း၊ လှည်းတန်း။

ဖုန်း-၀၉ ၅၄၁၅၁၂၂၊ ၆၈၂၂၀၃

### ဆရာမင်းသုန္ဒြ(မန်းတက္ကသိုလ်)
ကွန်ပျူတာဖြင့် အမည်ပေးခြင်း၊ ဟောစာတမ်းရေးသားခြင်းများ ဆောင်ရွက်ပေးပါသည်။

ဖုန်း-၃၇၅၈၄၅၊ ၂၉၆၁၈၄

### သင်ကြားသည်
တက္ကသိုလ်ဝင်တန်း ဘာသာစုံ၊ အိမ်ဝိုင်းသီးသန့်ကိုဝါရင့်Ph.Dဘွဲ့ရဆရာ၊ ဆရာမများကိုယ်တိုင် အထူးသင်ကြားပေးပါသည်။

ဖုန်း-၀၉ ၄၉၃၃၆၀၄၈

### ခြံနှင့် အိမ်ရောင်းမည်
ရခိုင်ပြည်နယ်၊ သံတွဲမြို့၊ ဘိုကုန်းအတက် နေရာကောင်း၊ တိုက်ခံအိမ်ပေ(၄၀×၅၀)နှင့်ခြံ ပေ(၉၀×၁၂၀)ရောင်းမည်။ ဖုန်း-၀၉ ၈၀ ၂၄၅၅၀

### အိမ်အရောက်သင်ကြားပေးသည်
၅တန်းမှ၁၀တန်းထိအမှတ်ပေးစည်းမျဉ်းနှင့်အညီနားလည်လွယ်ကူသောနည်းသစ်များနှင့် သင်ကြားပေးပါသည်။ ဆရာဘိုဘိုလွင်

ဖုန်း-၀၉ ၇၃၀၈၃၂၄၆

### ဝန်ဆောင်မှု
အဝေးပြေးကားလက်မှတ်များကိုဖုန်းဆက်ရုံဖြင့် ရန်ကုန်မြို့တွင်း အခမဲ့အိမ်အရောက်ပို့ဆောင်ပေးပါသည်။ Natural Grace Travels & Tours Co., Ltd. ဖုန်း-၀၉၇၃၁၁၂၀၇၅

### ရောင်းရန်ရှိသည်
ADSL Bagan/MPT, WiMax Bagan, Broadband Bagan, IP Star MPT

ဖုန်း-၀၉ ၅၁ ၂၉၇၃၂

### Vinyl အမြန်
စတုရန်းပေ ၁၀၀ နှင့်အထက် ၁ ပေပတ်လည် ၁၅၀ ကျပ်၊ Channel ခေတ်ပုံနှင့် Vinyl များ ထုတ်ပေးသည်။

**ဖုန်း-၀၉ ၅၁၃၁၉၃၄**

### သင်ကြားပေးသည်
Grade 11 များအတွက်မွေးခွန်းဟောင်းများအား အိမ်အရောက်ပို့ချသင်ကြားပေးပါသည်။

ဖုန်း-၀၉ ၇၃၀၄၇၀၁၅

### စေတနာရှင်များအလိုရှိသည်
သွေးကင်ဆာနှင့် သွေးလွန်တုပ်ကွေးကလေးငယ်များအတွက် Fresh သွေးအလှူရှင်များ လိုအပ်နေပါသည်။

ဖုန်း-၀၉ ၇၃၀၃၉၅၉၁

### ကားရောင်းမည်
Toyota Celsior 1998-1999 model, အနက်ရောင်၊ Original TV၊ ကားအလွန်ကောင်း၊ ကီလိုနည်း၊ ၂ဂ/. . . ။

ဖုန်း-၀၉ ၇၃၀၃၆၇၁၉

### ရောင်းမည်
သမိုင်းဘူတာရုံလမ်းမပေါ်၊ ပေ(၂၅×၆၅)၊ 3RC, 9BR, Ph:, PW, ဂရန်အမည်ပေါက်၊ သိန်း(၁၇၀၀) ညှိနှိုင်း။

ဖုန်း-၀၉ ၄၉၂၅၇၂၉၂

### အမြန်ရောင်းမည်
အမှတ်(၃၉၇)(၃၉၈)၊ ယမုံနာ(၁)လမ်း၊ ၂ရပ်ကွက်၊ သဘော်ာကျင်း၊ ဒေါပုံ၊ ပေ(၂၅×၅၀)၊ ၂ကွက်၊ မြေ+အိမ်ရောင်းမည်။

ဖုန်း-၀၉ ၇၃၀၄၇၄၅၉

### လှိုင်ရွှေဟသ်ာကွန်ဒို
အဆင့်မြင့်မြင့်နှင့် သီးသန့်နေထိုင်ချင်သူများအတွက် အင်းယားကန်၏ အလှရှုခင်းများခံစားနိုင်မည့် 2150 sqft 9F, 1MBR, 2BR, အကြမ်းထည်၊ရောင်းမည်။ ညှိနှိုင်းဈေးဖြင့်။

ဖုန်း-၀၉ ၄၉၂၅၇၂၉၂

### နေ့မောင်းကားအလိုရှိသည်
CNG Taxi အိမ်ပေး(သို့) နေ့မောင်းကားအလိုရှိသည်။ ကားပိုင်ရှင်ကိုယ်တိုင်ဆက်သွယ်ပေးပါ။

ဖုန်း-၂၉၉၉၇၂၊ ၀၉ ၅၁၇၃၆၈၅

### အိမ်ရောင်းမည်
အမှတ်(၁၀၁၄-ခ)၊ အောင်စစ်သည်လမ်း၊ ည/၁၁- ရပ်၊ ရွှေပြည်သာမြို့၊ ပေ(၆၀×၂၀)၊ အိပ်ခန်း ၃ ခန်းပါ၊ ၂ ထပ်တိုက်၊ ရေမီးစုံ၊ ရောင်းဈေး ကျပ်သိန်း(၁၅၀)၊ ဒေါ်သီတာထွန်း

ဖုန်း-၀၉ ၇၃၀၀၈၈၆၈

### သင်တန်း
ILBC

(Primary, Secondary, GCE) ဝိုင်း လက်ခံနေပါပြီ။

ဖုန်း-၀၉ ၅၀၅၁၀၅၆

### စန္ဒရား၊ အော်ဂင်သင်ကြားသည်
International Notes ဖြင့် ဖတ်တတ်၊ တီးတတ်အောင် သင်ကြားပေးသည်။ Private School ကျောင်းသား/သူများ၊ နိုင်ငံခြား သွားမည့်သူများအတွက် Special Course ရှိသည်။

ဖုန်း-၀၉ ၇၃၁၁၀၃၃၉

### ငှားလိုသည်
တာမွေ၊ မင်္ဂလာတောင်ညွန့်မြို့နယ်နှင့် ကျောက်မြောင်းမင်းသုခ အကျိုးဆောင်မှ အတွင်းနှစ်ချုပ် စပေါ်တို့နှင့်ငှားရမ်းလိုသည့် အိမ်ပိုင်ရှင်များ ဆက်သွယ်ရန်။

ဖုန်း-၂၉၉၅၇၀

### ခြံရောင်းမည်
ပေ(၅၅×၂၂၀)၊ အနီးစခန်း ဘူတာအနီး၊ မန္တလေးနှင့် ပြင်ဦးလွင်အကြား။ ညှိနှိုင်းဈေးဖြင့်။

ဖုန်း-၅၇၁၆၇၈၊ ၀၉-၅၄၁၃၂၄၅

### ရောင်းမည်
သန်လျင်မြို့၊ ရှေးဟောင်းအိမ်အိုကြီးနှင့်ခြံရောင်းမည်။ ဘိုးဘွားပိုင်၊ ဂရန် (၇၀×၁၆၀)၊မြို့မဈေးနှင့်မျက်နှာချင်းဆိုင်၊ ပေ(၈၀×၅၀)

ဖုန်း-၀၅၆ ၂၁၃၂၄

### AKS Service
Air con(Branded) မျိုးစုံလဲလှယ်တပ်ဆင်ပေးသည်။ အဟောင်းဈေးကောင်းပေးဝယ်သည်။

ဖုန်း-၅၄ ၂၀၇၈၊ ၀၉ ၅၄၁၈၁၄၄

### ငှားမည်
အမျိုးသမီးသီးသန့်၊ တိုက်သစ်၊ ရေမီးပြည့်စုံ၊ တစ်လ(၁၅၀၀၀)ကျပ်၊ ဒေါင့်ခန်း၊ လေကောင်းလေသန့်ရမည်။ အမှတ်(၂၃)၊ ၆လွှာ-ဘီ၊ ယုဇနလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း- ၂၉၇၂၃၀၊ ၀၉ ၄၃၀၉၄၃၀၆

### ရောင်းရန်ရှိသည်
Panasonic MD-10000 Video Camera (Used) ပစ္စည်းအစုံပါ။ ဈေးနှုန်း ၈၀၀,၀၀၀ ကျပ်။

ဖုန်း-၀၉၅၁၃၁၉၃၄

### Training Center
Medium English Language Training, Writing, Speaking, 4 skills, IELTS.

**Ph:09 5105470**

### ATM Computer
i-Office, DTP, Design, Photoshop, Internet, A+ သင်တန်းများကို သင်ကြားပေးပါသည်။

ဖုန်း-၅၆၅၇၈၂

### ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်
အမှတ်(၁၇၆)၊ မေခလမ်း၊ ဝေဘာဂီ(၄) ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ RC ၂ထပ်တိုက်။

# Article

7 DAY NEWS JOURNAL
Vol.10, No.22 • AUGUST 18, 2011

TRADEMARK CAUTION

Bifesta

## စာ-၁၀၊ ပြစ်ဒဏ်ကျကလေးငယ်များ ခေတခိုလှုံရာ မှ

၁၉၇၃ ခုမှာ ယခုလက်ရှိတည်နေရာ ငှက်အော်စမ်းကျေးရွာ၊ ဒေလဆာ မိဘမဲ့ဂေဟာ အဆောက်အအုံကို ပြောင်းရွှေ့ခဲ့ပြီးငှက်အော်စမ်းလူငယ်သင်တန်းကျောင်းအဖြစ် ဖွင့်လှစ်ခဲ့ပါတယ်။ လက်ရှိငှက်အော်စမ်းလူငယ်သင်တန်းကျောင်းမှာ ကလေး ထိန်းသိမ်းပြုပြင်စောင့်ရှောက်ခံနေရတဲ့ကလေးငယ်စုစုပေါင်း ၄၅၃ ဦးရှိပြီး ပြစ်ဒဏ်ကျခံနေရသူ ၂၀၅ဦးနှင့်လေလွင့်ကလေး(စည်ပင်ပို့ကလေး) ၂၄၈ ဦးရှိတယ်လို့ ကျောင်းအုပ်ကြီးကပြောပါတယ်။ ဆယ်ကျော်သက်လူငယ်မှုခင်းကျူးလွန်သူတွေထဲက ထက်ဝက်ခန့်ဟာ ခိုးဝှက်သူတွေဖြစ်ပြီး ဒုတိယအများဆုံးမှာ လိင်မှုဆိုင်ရာ ကျူးလွန်သည့် ပြစ်မှုများဖြစ်၍ ကျန်အမှုတွေမှာ ပြင်းထန်စွာနာကျင်စေမှု၊ လူသေမှု၊ မှုးယစ်မှုနှင့် မီးလောင်မှုများဖြစ်တယ်လို့ သိရပါတယ်။

“ခိုးမှုနဲ့ရောက်လာတာကတော့ အများဆုံးပဲ။ ဒါပေမဲ့ ဘယ်ကလေးကမှ ခိုးမှုနဲ့အသက်မွေးဝမ်းကျောင်းပြုနေသူတွေ မဟုတ်ပါဘူး။ လက်ရှိကြုံတွေ့နေရတဲ့ စားဝတ်နေရေးအခက်အခဲကို ဖြေရှင်းဖို့ ကြိုးစားရင်းဖြစ်ကြရတာ။ စားစရာမရှိရင် ခိုးတယ်။ ဒါပေမဲ့ ခိုးမှုမြောက်တယ်ဆိုတဲ့ပြစ်မှုမြောက်ခြင်း၊ မမြောက်ခြင်းကို သူတို့မသိကြဘူး”လို့ငှက်အော်စမ်းလူငယ်သင်တန်းကျောင်းက ဒုတိယကျောင်းအုပ်ဦးသန်းအောင်က ပြောပါတယ်။

“ခိုးတတ်တဲ့ သူခိုးကြီးတွေသာဆိုရင် ကျွန်တော့်အိမ်မှာရှိတဲ့ ပစ္စည်းတွေကုန်ရောပေါ့။ အိမ်မှာနာရီရှိတယ်။ သေတ္တာထဲမှာ ပိုက်ဆံအိတ်ရှိတယ်။ သူတို့သိကြတယ်။ အခုဘာမှမပျောက်ဘူး”လို့ဆရာဦးသန်းအောင်က ဆက်ပြောပါတယ်။ ငှက်အော်စမ်းလူငယ်သင်တန်းကျောင်းကမြန်မာတစ်နိုင်ငံလုံးမှာရှိတဲ့ ပြစ်ဒဏ်ကျခံနေရသူနှင့် လေလွင့်ကလေးများဖြစ်တဲ့ဆယ်ကျော်သက် ယောကျ်ားလေး များ ထိန်းသိမ်းထားရှိရာ တစ်ခု တည်းသော ကျောင်းဖြစ်ပြီး မိန်းကလေးများထားရှိတဲ့ အမျိုးသမီး ထိန်းသိမ်းစောင့်ရှောက်ရေးကျောင်းလည်းရှိတယ်လို့ ကျောင်းအုပ်ကြီးက ရှင်းပြပါတယ်။

“လေလွင့် ကလေးတွေ ကို ဒီကျောင်းကိုပို့တာ သုံးနှစ်လောက်ပဲရှိသေးတယ်။ ဒီနှစ်ဇူလိုင်လကုန်အထိ ဒီသင်တန်းကျောင်းက လွှတ်ပေးခဲ့တာ စုစုပေါင်း ၆၉ ယောက်ရှိခဲ့ပြီ။ ဒီကျောင်းက ထွက်ပြေးတဲ့ကလေးတွေလည်း ရှိတယ်။ ဒါပေမဲ့ ပြန်မိတာများပါတယ်”လို့ လက်ရှိကျောင်းအုပ်ကြီးက ပြောပါတယ်။

ဒါ့အပြင်တရားရုံးကပြစ်ဒဏ်ချမှတ်ခံရတဲ့ ကလေးသူငယ်တစ်ဦးကို ပြစ်ဒဏ်အနည်းအများအလိုက် ဝန်ခံချက်ဖြင့်မိဘထံပြန်အပ်သောကလေး၊ ကလေးသူငယ်ကြီးကြပ်သူရဲ့ကြီးကြပ်မှု အောက်မှာ အနည်းဆုံးသုံးနှစ်နေရသော ကလေးတွေရှိသလို သင်တန်းကျောင်းပို့တဲ့ကလေးနဲ့ ထောင်ပို့သောကလေးဆိုတာမျိုးလည်း ရှိတယ်လို့သိရပါတယ်။

“ထောင်ပို့တဲ့ ကလေးတွေဆိုတာကသေဒဏ်၊တစ်သက်တစ်ကျွန်းလို ပြစ်မှုကြီးမားတဲ့ ကလေးမျိုး၊ မိဘဆရာသမားတွေက လုံးဝပြုပြင်ထိန်းသိမ်းလို့မရတဲ့ကလေးမျိုးကိုပြောတာ”လို့ကျောင်းအုပ်ကြီးဦးလွင်ဦးကပြောပါတယ်။ ပြစ်ဒဏ်ကျခံရပြီး ငှက်အော်စမ်းလူငယ်သင်တန်းကျောင်းမှ ထိန်းသိမ်းပြုပြင်ခြင်းခံနေရတဲ့ကလေးတစ်ဦးဦးက ကလေးသူငယ်ဥပဒေအရအကျင့်စာရိတ္တ ကောင်းမွန်စွာ တစ်နှစ်နေခဲ့ပြီဖြစ်တဲ့ အကြောင်း ကျောင်းစည်းကမ်းထိန်းသိမ်းရေးအဖွဲ့က ထောက်ခံပေးမယ်ဆိုရင် မိဘလည်းရှိမယ်ဆိုရင် တရားရုံးကိုပြင်ဆင်မိန့်ပြန်လျှောက်လို့ရတယ်လို့ကျောင်းအုပ်ကြီးရဲ့ ပြောပြချက်အရ သိရပါတယ်။

ဒီသင်တန်းကျောင်းကို ပြစ်မှုတစ်ခုနဲ့ရောက်လာတဲ့ မောင်သူရကတော့ ဒီကိုမရောက်ခင်မှာ ဘုန်းကြီးကျောင်းသားလေးတစ်ယောက်ဖြစ်ခဲ့ပါတယ်လို့သူကပြောပြပါတယ်။မနက်စောစော အရုဏ်ဆွမ်း ထချက်ရင်း အနီးအနားမှာရှိတဲ့ ထင်းပုံကို မီးစွဲရာက ဘုန်းတော်ကြီး ကျောင်းတစ်ခုလုံးမီးလောင်ခဲ့တဲ့ နောက်မှာ တရားရုံးကတစ်ဆင့် ဒီသင်တန်းကျောင်းကို ရောက်လာခဲ့ပါတယ်တဲ့။

ရွာက ဘုန်းတော်ကြီးကျောင်းမှာ ကိုးနှစ်အရွယ် ညီဝမ်းကွဲလေး တစ်ယောက်နဲ့အတူ ဘုန်းကြီးကျောင်းသားအဖြစ် နေထိုင်ရင်း မီးလောင်မှုဖြစ်တော့ညီလေးကိုပါ ဆုံးရှုံးခဲ့ရတယ်လို့မောင်သူရက မြေပြင်ကိုစိုက်ကြည့်ရင်းစကားဆိုပါတယ်။

“ကျွန်တော် ဆွမ်းချိုင့်ဆေးနေတုန်းမီးလောင်တော့ညီလေးကဘုရားခန်းမှာ အိပ်ပျော်နေတာ။ သူထွက်ပေါက်မသိလို့သေသွားတာပါ။ ထွက်ပေါက်သိရင် လွတ်ပါတယ်။ အခု အဖေနဲ့အမေကိုအောက်မေ့တယ်” လို့သူကပြောပြပါတယ်။ စံပြငါးဈေးအနီးကျင်လည်ရင်း ပလုံ(ပလတ်စတစ်ကဲ့သို့စွန့်ပစ်ပစ္စည်းများ)ကောက်တာက မောင်စိုးစိုးအတွက် တစ်နေ့ကို ၂၀၀၀ ကျပ်ကနေ ၃၀၀၀ ကျပ်လောက်အထိ နေ့စဉ်ဝင်တဲ့ဝင်ငွေတစ်ခုပါပဲ။

အမေ့အိမ်ကထွက်ပြေးလာတဲ့နောက်မှာ ငါးရောင်းတဲ့အမေ့ကို စံပြငါးဈေးမှာ ခဏခဏတွေ့ ပေမယ့် အမေမမြင်အောင် ရှောင်ပြေးခဲ့ဖူးတဲ့ မောင်စိုးစိုးက “အဲဒီပိုက်ဆံကိုဘယ်သူ့ကိုမှ မပေးဘူး။ ကိုယ့်ဘာသာကိုယ်ကုန်အောင်သုံးပစ်လိုက်တယ်။ နောက်ပိုင်း အဲဒီမှာတွေ့တဲ့ သူငယ်ချင်း တွေနဲ့ပေါင်းပြီး ကော်ရှူတယ်။ ပြီးတော့ မူးပြီးလုပ်ချင်ရာလျှောက်လုပ်တယ်။ ထမင်းကိုနီးရာဘုန်းကြီးကျောင်းတွေမှာ သွားတောင်းစားတယ်”လို့ လွန်ခဲ့တဲ့ ငါးနှစ်ကျော်က သူ့အတွေ့အကြုံကိုပြန်လည်ပြောပြပါတယ်။

ငှက်အော်စမ်းလူငယ်သင်တန်းကျောင်းအဖြစ် ပြောင်းလဲသတ်မှတ်ပြီးနောက်ပိုင်းကနေ ခုချိန်ထိ နှစ် ၄၀ ကာလအတွင်း ဒီကျောင်းကို ကလေးလူငယ်စုစုပေါင်း ၉၅၉၃ ဦးရောက်ရှိထိန်းသိမ်းပြုပြင်စောင့်ရှောက်ခံပြီးခဲ့ပြီးလို့လည်း စာရင်းဇယားတွေအရသိရပါတယ်။ စံပြငါးဈေးကနေ ဟံသာဝတီဝင်းထဲကိုရောက်ပြီး အဲဒီကနေတစ်ဆင့် ကမ္ဘာအေးသင်တန်း ကျောင်းမှာ ၂ နှစ်နေခဲ့စဉ်တုန်း က အိမ်ပြန်ရင် ရိုက်လိမ့်မယ်လို့ တွက်ထားတဲ့ သူ့အမေပြန်လာခေါ်တဲ့နေ့ကို မောင်စိုးစိုး မှတ်မိနေပါသေးတယ်။

“အဲဒီနေ့က ထောက်ခံစာ အပြည့်မပါလို့ပြန်သွားယူပြီးတဲ့ နောက်ပိုင်း အမေပြန်မလာခင်မှာပဲ ကျွန်တော်ဒီကို ရောက်လာခဲ့တာ။ ကျွန်တော့်မှာ မွေးစာရင်းမရှိဘူး။ အိမ်ထောင်စုစာရင်းကလည်း အမေ့မှာ ၈၈ တုန်းကပဲ ပျောက်နေတာတဲ့”လို့ မောင်စိုးစိုးက ပြောပါတယ်။

စံပြငါးဈေးက ငါးသယ်တဲ့ကားပေါ်မှာ တက်အိပ်ပျော်နေရင်း စည်ပင်ရဲလာခေါ်လို့ ကမ္ဘာအေးလူငယ်သင်တန်းကျောင်းကတစ်ဆင့် ဒီကျောင်းကိုရောက်လာတဲ့ သူက “အမေကို သတိရတာပေါ့။ ဒါပေမဲ့ အဆောင်ကဆရာမကသဘောကောင်းတယ်။ ဒီမှာနေရင်း စာတတ်အောင်သင်သွားဖို့ပြောတယ်။ ဒီမှာ ၁၈ နှစ်ပြည့်ပေမယ့် ၁၀ တန်း အောင်တဲ့အထိ နေလို့ရတယ်ဆိုတော့ ဆက်နေဦးမယ်လို့ရည်ရွယ်ထားတယ်။ ပြီးမှ အမေ့ကိုရှာပြီး အတူတူပြန်နေမယ်” လို့ သူ့ရည်မှန်းချက်လေးကိုပြောရင်း ပြုံးနေပါတယ်။

ကလေးသူငယ်ဥပဒေပုဒ်မ(၃၄)အရ ပြစ်မှုကျူးလွန်ထားခြင်းမရှိတဲ့ လမ်းပေါ်နေလေလွင့် ကလေးငယ်တွေကို မိဘတွေက မှတ်ပုံတင်၊ သန်းခေါင်စာရင်း၊ မွေးစာရင်း၊ မိဘဖြစ်ကြောင်း ခိုင်လုံတဲ့အထောက်အထားနဲ့အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရဲစခန်းထောက်ခံချက်တင်ပြနိုင်မယ်ဆိုရင် ကလေးကိုပြန်လည်မွေးနိုင်တယ်လို့ ကျောင်းအုပ်ကြီးက ဆိုပါတယ်။ ဒါ့အပြင် ကလေးသူငယ်ဥပဒေပုဒ်မ(၃၄)အရ အန္တရာယ် ကျရောက်လွယ်တဲ့ ကလေးအဖြစ် နိုင်ငံတော်က ထိန်းသိမ်းစောင့်ရှောက်ခြင်းခံနေရတဲ့ကလေးတွေကတော့အသက် ၁၈နှစ်ပြည့်တဲ့အထိသင်တန်းကျောင်းမှာပဲ နေထိုင်သွားရမှာဖြစ်တယ်လို့သူကဆက်ပြောပါတယ်။

“ပုဒ်မ (၃၄)အရ သက် ၁၈ နှစ်ပြည့်တဲ့ ထိန်းသိမ်းစောင့်ရှောက်ထားမယ့်ကလေးက ၂၃ ဦးပဲ ရှိပါတယ်။ ကျန်တဲ့စည်ပင်ပို့ကလေးတွေကတော့ မိဘပြန်လာခေါ်ဖို့ စောင့်နေတဲ့ ကလေးတွေပါ။ ကလေးမိဘတွေကိုပြန်လည် ရှာဖွေပေးတာမျိုး လုပ်နေတာလည်းရှိပါတယ်” လို့ ကျောင်းအုပ်ကြီးဦးလွင်ဦးက ဆက်ရှင်းပြပါတယ်။

ငှက်အော်စမ်းလူငယ်သင်တန်းကျောင်းကိုရောက်နေတာ ကိုးနှစ်ဝန်းကျင်ရှိပြီဖြစ်တဲ့ ဆယ်ကျော်သက်အရွယ်မောင်ထိုက်ထိုက်ကတော့ မောင်စိုးစိုးလို အိမ်ပြေးလေးတစ်ယောက် မဟုတ်ခဲ့ပါဘူး။ သစ်သီးနဲ့ ဟင်းသီးဟင်းရွက်မျိုးစုံရောင်းတဲ့ သီရိမင်္ဂလာဈေးကို အမေနဲ့အတူ ညပိုင်းဈေးလာဝယ်ရင်းလေလွင့်ကလေးတစ်ယောက်ကို ဖမ်းခေါ်သလိုပဲ ဂုတ်ကကိုင်ဆွဲပြီး အဖမ်းခံခဲ့ရတာပါလို့ သူကပြောပြပါတယ်။ သူ့ကို ပထမဆုံး ခေါ်သွားတဲ့ နေရာကတော့ ဟံသာဝတီဝင်းဖြစ်ပြီး အဲဒီကိုရောက်သွားတဲ့ အချိန်မှာ သူ့ထက် အရင်ရောက် နေတဲ့ကလေး အယောက် ၂၀ လောက်က စောင့်ကြိုနေတာကို သူမြင်ခဲ့ရပါတယ်တဲ့။ “ဟံသာဝတီဝင်းထဲမှာဆိုရင် အိမ်သာက အိပ်တဲ့နေရာနဲ့နီးတော့နံတယ်။ ထမင်းကိုလည်း ငါးလက်မ၊ ကိုးလက်မအရွယ်ပလတ်စတစ်အိတ်နဲ့ ထည့်ကျွေးတယ်။ ကန်စွန်းရွက်နဲ့ ထမင်းပဲစားရတယ်”လို့လွန်ခဲ့တဲ့ ကိုးနှစ်ဝန်းကျင်က အခြေအနေကို ထပ်ပြောပြပါတယ်။ ဒီသင်တန်းကျောင်းကို မရောက်ခင် ကမ္ဘာအေးသင်တန်းကျောင်းမှာ သူ့အမေတစ်ခေါက် လာတွေ့တဲ့နေ့ကိုလည်း သူမမေ့သေးပါဘူးတဲ့။

“အရက်ကြောင့် အဖေသေသွားပြီးဆိုတာ အမေပြောပြလို့ သိခဲ့ရတယ်။ ဒီကပြန်သွားရင် အမေအရင်နေရာမှာရှိမယ်။ မရှိဘူးဆို တာ ကျွန်တော်မသိဘူး” လို့ မောင်ထိုက်ထိုက်က နှုတ်ခမ်းကို မဖွင့်တဖွင့်နဲ့ ခပ်တည်တည်ကလေး ဆိုပါတယ်။

ခိုးမှု၊ လူယက်မှု၊ လူသေမှု၊ မီးလောင်မှု၊ အဓမ္မပြုကျင့်မှုစတဲ့ မှုခင်းအသီးသီးကို ကျူးလွန်သူတွေလို့စွပ်စွဲခံရပြီး ပြစ်ဒဏ်ကျခံနေရတဲ့ ကလေးတွေနဲ့အတူ ပြစ်မှုမကျူးလွန်ဘဲ လေလွင့်ကလေးတွေအဖြစ် ရောက်ရှိလာကြသူတွေကိုသင်တန်းကျောင်းတစ်ခုထဲမှာ အတူတကွ ထိန်းသိမ်းထားခြင်းကို ပြုပြင်နိုင်မယ်ဆိုရင် အလွန်ကောင်းမွန်မယ်လို့စေတနာ့ဝန်ထမ်းလူမှုရေးလုပ်သားတစ်ဦးဖြစ်တဲ့မသန္တာက ပြောပါတယ်။ တောင်းစားတဲ့ ကလေးတွေ၊ ပလုံကောက်တဲ့ကလေးတွေက မူလက မခိုးတတ်ပေမယ့် သင်တန်းကျောင်းရောက်သွားမှ ခိုးမှုကလေးတွေဆီက ပညာရပြီး ခိုးတတ်သွားတာရှိတယ်လို့လည်း လူမှုပညာဘွဲ့လွန်ဒီပလိုမာသင်တန်းတက်ရောက်စဉ်က သုတေသနစာတမ်းတင်နိုင်ရန် ငှက်အော်စမ်း လူငယ်သင်တန်းကျောင်းကို အသေးစိတ်သွားရောက်လေ့လာခဲ့ဖူးတဲ့သူမကပြောပါတယ်။

အဲဒီအကြောင်းနဲ့ပတ်သက်ပြီး ငှက်အော်စမ်းလူငယ်သင်တန်းကျောင်းမှ ကျောင်းအုပ်ကြီး ဦးလွင်ဦးကလည်း “ကျောင်းသီးခြားစီ ထားနိုင်ရင်တော့ပိုကောင်းတာပေါ့” လို့ မှတ်ချက်ပြုပါတယ်။ ဒါ့အပြင်နိုင်ငံတကာ အင်န်ဂျီအိုတစ်ခုမှာ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းကိုလုပ်ကိုင်နေတဲ့ ကိုမြင့်မောင်မောင်ကတော့ အခြားသူတွေနဲ့မတူတဲ့ အမြင်တစ်မျိုးရှိနေပြန်ပါတယ်။

“ကလေးနှစ်မျိုးလုံးကို တစ်ကျောင်းတည်းအတူထားပြီးအဆောင်ခွဲထားမယ်ဆိုရင် ပြစ်မှု ကျူးလွန်တဲ့ကလေးတွေအတွက် သူတို့ကို ခွဲခြားဆက်ဆံခံရသလိုဖြစ်စေတယ်”လို့သူကပြောပါတယ်။ ငှက်အော်စမ်းလူငယ်သင်တန်းကျောင်းမှာ မှုခင်းကျူးလွန်သူကလေးဆိုပါက အသက် ၁၁ နှစ်မှ၁၆နှစ်အတွင်း၊လေလွင့်ကလေးဆိုပါက အသက် ၆ နှစ်မှ ၁၆ နှစ်အတွင်းကလေးသူငယ်များရှိတယ်လို့သိရပါတယ်။ လက်ရှိအချိန်မှာပြစ်မှုကလေးနှင့် မူလတန်းကလေး နှစ်မျိုးလုံးပါဝင်တဲ့မူလတန်းကလေး၁၁၆ဦး၊အလယ်တန်း ၁၃ဦး၊ အထက်တန်း ၂ဦး၊ ဆံသသင်တန်းတက်ရောက်နေသူ ၁၀ဦး၊စက်ချုပ်သင်တန်းတက်ရောက်နေသူ ၁၈ ဦးနှင့် မှန်ပန်းချီသင်တန်းတက်ရောက်နေသူ ၁၀ ဦးရှိကြပါတယ်။ ငှက်အော်စမ်းလူငယ်သင်တန်းကျောင်းမှာရှိတဲ့ ကလေးတွေအတွက် စားသောက်စရိတ်အဖြစ် နိုင်ငံတော်က ကုန်ကျတဲ့ငွေပမာဏကတော့ကလေးတစ်ဦးကို တစ်ရက်မှာ စားစရိတ်အဖြစ် ၄၃၂ ကျပ် ၁၀ ပြားနှုန်းဖြစ်ပြီး၊ တစ်လတာကာလအတွင်း ကျောင်းအတွက် သုံးစွဲငွေမှာ နိုင်ငံတော်မှငွေကျပ်သိန်း၆၀ဖြစ်ကာ အလှူရှင်များက လှူဒါန်းငွေက ကျပ်သုံးသိန်းခွဲဝန်းကျင်သုံးစွဲရတယ်လို့ ကျောင်းအုပ်ကြီးထံက သိရပါတယ်။

“ကျွန်တော်တို့က စားစရိတ်ပဲတာဝန်ယူပေးနိုင်ပြီး ကလေးတွေရဲ့ တစ်ကိုယ်ရေ သန့်ရှင်းရေးအတွက်သုံးစွဲဖို့ ဘတ်ဂျက်မလုံလောက်တဲ့အတွက် သွားတိုက်ဆေး၊ သနပ်ခါး၊ ဆပ်ပြာစတဲ့ ပစ္စည်းတွေကို အလှူရှင်တွေရဲ့ အကူအညီနဲ့ သုံးစွဲရပါတယ်” လို့ ကျောင်းအုပ်ကြီးဦးလွင်ဦးက ပြောပါတယ်။ အချို့ကလေးတွေက ပြစ်မှုကျူးလွန်သူအဖြစ် အမိန့်ချမှတ်ခံရပေမယ့် လူကြီးတွေရဲ့ အသုံးချတာကို ခံခဲ့ကြရတာဖြစ်တယ်လို့ ကမ္ဘာ့ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့မှာ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး စီမံချက်အရာရှိအဖြစ် ငါးနှစ်ကြာလုပ်ကိုင်ခဲ့ပြီး လက်ရှိအချိန်မှာလည်း ကလေးသူငယ်နှင့် ပတ်သက်မှုတွေကို လေ့လာနေဆဲဖြစ်တဲ့ ဒေါ်ဥမ္မာတင်ကဆိုပါတယ်။

“ကလေးချင်း အတူတူထားရင် ကူးစက်မှာကတော့ သေချာပါတယ်။ ဒါပေမဲ့ပြစ်မှုကလေးကြောင့်အန္တရာယ်ပိုများတယ်လို့တော့ ပြောလို့မရဘူး။ ဆိုးသွမ်းလို့ပြစ်မှုကျူးလွန်တာမျိုး မဟုတ်ဘဲ ခါးသီးတဲ့ဘဝကြားမှာ ကျင်လည်နေကြရတဲ့အချိန်မှာ အခြေအနေပေးတဲ့အတိုင်း ကျူးလွန်မိလိုက်တာရှိတယ်” လို့ သူမက ဆက်လက်ပြောပါတယ်။ ကလေးတွေကို ထိန်းသိမ်းစောင့်ရှောက်ပြုပြင်တဲ့နေရာမှာ စိတ်ပိုင်းဆိုင်ရာ ပံ့ပိုးမှုကိုလည်း ပြုလုပ်ပေးဖို့ရမှာဖြစ်ပြီး လိုအပ်မယ်ဆိုရင် စိတ်ကုဆရာဝန်နဲ့တိုင်ပင်ပြသဖို့ လိုအပ်တယ်လို့ဒေါ်ဥမ္မာတင်ကပြောပါတယ်။ “ကလေးတွေကို ထမင်းကျွေးထားရုံ၊ပညာသင်ပေးရုံနဲ့မလုံလောက်ဘူး။ လူမှုပတ်ဝန်းကျင်နဲ့ ပြန်လည်ပေါင်းစည်းပေးတဲ့အထိ သင်တန်းကျောင်းက ပြင်ဆင်ပေးရမယ်။ ကလေးတွေကို သင်တန်းကျောင်းပို့တယ်ဆိုတာကိုနောက်ဆုံးကုထုံးအနေနဲ့ လုပ်ရမယ်လို့ ကုလသမဂ္ဂသဘောတူညီချက်ထဲမှာပါတယ်” လို့ သူမက ဆက်လက်ရှင်းပြပါတယ်။

လမ်းပေါ်နေ လေလွင့်ကလေးအဖြစ် ကမ္ဘာအေးသင်တန်းကျောင်းနဲ့ ငှက်အော်စမ်း လူငယ်သင်တန်းကျောင်းကို ရောက်လာခဲ့တာ ကိုးနှစ်ဝန်းကျင်ရှိခဲ့ပြီးဖြစ်တဲ့ မောင်ထိုက်ထိုက်က အခုအချိန်မှာ ကလေး၅၈ယောက်ကို အုပ်ထိန်းရတဲ့ ခေါင်းဆောင်တစ်ယောက်ဖြစ်နေပါပြီ။

သူ့အတွက်ဒီသင်တန်းကျောင်းကိုရောက်စမှာ အရင်ရောက်နှင့်နေတဲ့စီနီယာသင်တန်း သားတွေရဲ့ ဗိုလ်ကျမှုကိုခံခဲ့ရဖူးပေမယ့် လက်ရှိခေါင်းဆောင်ဖြစ်နေချိန်မှာတော့ သူကညှာတာသူ တစ်ယောက်ဖြစ်ချင်တယ်လို့ ဆိုပါတယ်။ “ထမင်းစားချိန်မှာ အသားဟင်းစားရရင် သူ့ပန်းကန်ထဲကို တစ်တုံးထည့်ပေးခဲ့ရတယ်။ မပေးရင်အဆောင်ပြန်ရောက်ရင် သူကရိုက်တယ်။ အဲဒီတုန်းက သူ့ကိုပြန်ခံထိုးချင်စိတ်ရှိခဲ့တယ်။ ဒါပေမဲ့ သူက အကောင်ကြီးတယ်။ အဲဒီတုန်းက ဆရာကြီးနဲ့တိုက်ရိုက်စကားပြောခွင့်မရှိခဲ့လို့ မတိုင်ဖြစ်ခဲ့ဘူး”

“အခုတော့ကျွန်တော်ငယ်သားတွေကို အတတ်နိုင်ဆုံး လျှော့ပေးတယ်။ ရိုက်တာမျိုးမလုပ်ဘူး။ ပါးစပ်နဲ့ပဲ ပြောတယ်။ အနိုင်ကျင့်တာ ခံခဲ့ရဖူးတော့ ကလေးတွေကို အနိုင်မကျင့်ချင်ဘူး။ ကိုယ့်လိုမဖြစ်စေချင်ပါဘူး” လို့ အသက် ၁၅ နှစ်ရှိပြီဖြစ်တဲ့ မောင်ထိုက်ထိုက်ကပြောပါတယ်။ “ကျွန်တော်ကတော့ ကြီးလာရင်ဘောလုံးသမားဖြစ်ချင်တယ်။ ၁၈နှစ်ပြည့်လို့ ဒီကသွားရရင် အားကစားသိပ္ပံကို သွားမယ်” လို့ သူ့မျှော်လင့်ချက်အိပ်မက်ကို ဆုပ်ကိုင်ထားတဲ့ မောင်ထိုက်ထိုက်ကလည်း သူ့လက်ဖဝါးအချင်းချင်းပွတ်သပ်ရင်း ပြောပါတယ်။

***(ဆောင်းပါးပါ ကလေးငယ်များ၏ အမည်ကို ပြောင်းလဲသုံးစွဲထားပါသည်။)***

TRADEMARK CAUTION
Shineway Pharmaceutical Co., Ltd ...
SHINEWAY
Reg: 4/5497/2001
Reg: 4/5376/2005
U Myint Lwin, Advocate,
LL.B, DBL

Environment
7 DAY NEWS JOURNAL
Vol.10, No.22 • AUGUST 18, 2011

# ငါးဖမ်းဆီးရရှိမှု နည်းလာသောကြောင့် သယံဇာတထိန်းသိမ်းရေး တိုးမြှင့်ဆောင်ရွက်မည်



**သဇင်ထွေး**

**ရန်ကုန်၊ ဩဂုတ်- ၉**

လွန်ခဲ့သောနှစ် ၃၀ အထက်မြန်မာ့ပင်လယ်ပြင်တွင် ငါးအထိအမိနည်းလာခြင်းကြောင့် လုပ်ငန်းရှင်များက ငါးဦးစီးမှထုတ်ပြန်သောငါးသယံဇာတထိန်းသိမ်းရေးများကိုလိုက်နာရန် လိုအပ်ကြောင်း ငါး လုပ်ငန်းဦးစီးဌာနတာဝန်ရှိသူတစ်ဦးကပြောသည်။

“နိုင်ငံတော်ရဲ့ရေသယံဇာတတွေကိုထိန်းသိမ်းဖို့နဲ့ စဉ်ဆက်မပြတ်ဖမ်းဆီးနိုင်ဖို့အတွက် အမြဲဆောင်ရွက်ပါတယ်။ သယံဇာတကိုထိခိုက်နိုင်တဲ့ ငါးဖမ်းကိရိယာတွေကိုလည်း လိုအပ်တာထက်ပိုမသုံးဖို့နဲ့ငါးသားပေါက်တွေပေါက်ဖွားနိုင်တဲ့လတွေကို မဖမ်းဆီးဖို့၊ ပိုက်ကွက် အရွယ်စားတွေကိုလည်း သက်မှတ်ထားတယ်။ ဒီလိုညွှန်ကြားချက်တွေကိုရေလုပ်ငန်းရှင်တွေလိုက်နာဖို့လိုအပ်တယ်။ ပြည်သူလူထုတွေလည်းပါဝင်လာဖို့လိုပါတယ်”ဟု အထက်ပါတာဝန်ရှိသူကပြောကြားသည်။

ရေပြင်သယံဇာတများ မပျက်စီးမပြုန်းတီးစေရန် ဇူလိုင် ၁ ရက်မှ ၄ ရက်ထိ ပင်လယ်ပြင်သယံဇာတပြုန်းတီးမှုကာကွယ်ရေး စာတမ်းကို ပညာရှင်များက ဖတ်ကြားခဲ့ကာ အဆိုပါစာတမ်းများထဲမှသယံဇာတမပြုန်းတီးရေးအတွက်လုပ်သင့်သောအချက်များကိုဆောင်ရွက်သွားရန်ရှိကြောင်း သိရသည်။

ဘုံကျောင်းငါးဖမ်းပိုက်နှင့် ဖမ်းဆီးခြင်းကြောင့် ပင်လယ်ပြင်ငါးသယံဇာတများလျော့ပါးလာသည့်အတွက် ငါးသားပေါက်များအများဆုံးပေါက်ပွားသောဧပြီ၊ ဇွန်၊ ဇူလိုင်လများတွင်ဖမ်းဆီးခြင်း မပြုရန် တားမြစ်ခဲ့ရသော်လည်း ယခုအခါလိုအပ်ချက်အရ နှစ်လခွဲလျှော့ချ၍ တားမြစ်နေကြောင်း သိရသည်။

ယင်းကဲ့သို့တားမြစ်ခဲ့သော်လည်းမလိုက်နာသောရေလုပ်ငန်းရှင်များလည်းရှိကြောင်း သိရသည်။

“ဒီလိုတွေတားမြစ်တားတာတောင် ခိုးပြီးလုပ်နေတဲ့ လူတွေလည်းရှိတယ်။ မြန်မာနိုင်ငံမှာ အဆိုးဆုံးအနေအထားတော့ မဟုတ်သေးပါဘူး။ တချို့သောနိုင်ငံတွေမှာ ဆုတ်ယုတ်နေပါပြီ” ဟု အထက်ပါပုဂ္ဂိုလ်က ထပ်လောင်းပြောကြားသည်။



# မြန်မာ့သစ်တောများမှ ကာဗွန်စုပ်ယူမှုတန်ချိန် ၁၄၂ သန်းခန့်ရှိဟုဆို

**အိဖြူမွန်**

**ရန်ကုန်၊ ဩဂုတ် - ၁**

ရာသီဥတုပြောင်းလဲမှုဆိုင်ရာကွန်ဗင်းရှင်းအတွက် ရေးဆွဲတင်ပြခဲ့သော ၂၀၀၀ ပြည့်နှစ်ကို အခြေခံခဲ့သည့် မြန်မာနိုင်ငံ၏ ကနဦး အမျိုးသား အစီရင်ခံစာအရ သစ်တောကဏ္ဍမှ ကာဗွန်စုပ်ယူထိန်းသိမ်းထားမှုသည် တန်ချိန် ၁၄၂ သန်းခန့်ရှိကြောင်း မြန်မာနိုင်ငံသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းကပြောကြားသည်။ မဲခေါင်ဒေသခွဲပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးများ၏ တတိယအကြိမ်အစည်းအဝေးတွင်မြန်မာနိုင်ငံကထုတ်လွှတ်နေသောကာဗွန်ဒိုင်အောက်ဆိုက် (မှန်လုံအိမ်ဓာတ်ငွေ့)စုပ်ယူမှုနှင့်ပတ်သက်၍ ယင်းပမာဏရှိကြောင်းဩဂုတ်လ ၂ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြထားသည်။

ကနဦး အစီရင်ခံစာသည် ၂၀၀၀ပြည့်နှစ်ကို အခြေခံ၍ ရေးသားထားခြင်းဖြစ်သည်။ ယင်းအစီရင်ခံစာအရ မြန်မာနိုင်ငံမှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုသည် တန်ချိန် ၇၄ သန်းရှိပြီး သစ်တောကဏ္ဍစုပ်ယူမှုမှာ တန်ချိန် ၁၄၂ သန်းရှိသောကြောင့် မြန်မာနိုင်ငံသည်ကာဗွန်စုပ်ယူမှုအားကောင်းသောနိုင်ငံဖြစ်ကြောင်းယင်းပုဂ္ဂိုလ်ကပြောကြားသည်။

သဘာဝသစ်တောဖုံးလွှမ်းမှုသည်၂၀၁၀ပြည့်နှစ်က FAO စာရင်းကောက်ယူချက်အရ ဟက်တာ ၃၁ သန်းကျော်ပိုင်ဆိုင်သည်။ တစ်ဟက်တာလျှင် ဧက ၂ ဒသမ ၄၇ ရှိ၍ တွက်ချက်ပါက ဧကပေါင်း ၇၆ ဒသမ ၅၇ သန်းကျော်ရှိသည်။ သက်တမ်းရင့် သဘာဝ၏ ကာဗွန်စုပ်ယူမှုသည် တစ်ဟက်တာလျှင် ၁၂၅ တန်ရှိသည်။

မြန်မာနိုင်ငံတွင် ပေါက်ရောက်သော သစ်တောအမျိုးအစားခြောက်မျိုးရှိပြီး ရွက်ပြတ်ရောနှောအများဆုံးပေါက်ရောက်ပြီး ကာဗွန်စုပ်ယူမှုသည် သစ်တောတစ်ဟက်တာလျှင် ကာဗွန်တန် ၄၀၀ ကျော်စုပ်ယူနိုင်ကြောင်းသိရသည်။

# အမြစ်ရှည်သော အပင်များ ကာဗွန်ကို ပိုမိုစုပ်ယူနိုင်ဟုဆို

**ဝါရှင်တန်၊**

**ဩဂုတ် - ၁၀**

မြေကြီးထဲတွင် တစ်မီတာခန့် အမြစ်အရှည်ရှိသော စိုက်ပျိုးသီးနှံများစိုက်ပျိုးခြင်းသည်လေထုထဲမှ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ကို ပိုမိုလျော့ပါးသွားစေနိုင်ကြောင်း မန်ချက်စတာတက္ကသိုလ်မှ သိပ္ပံပညာရှင်တစ်ဦးက ပြောကြားသည်။

အမြစ်ရှည်သော သီးနှံပင်များသည် ကာဗွန်ကို ပိုမိုစုပ်ယူသလိုမိုးခေါင်ရေရှားမှုဒဏ်ကိုလည်း ပိုမိုခံနိုင်ရည်ရှိကြောင်း ပါမောက္ခ ဒေါက်ကလပ်ဘဲလ်က ပြောသည်။

အဏုဇီဝသိပ္ပံပညာပါမောက္ခနှင့် ဇီဝနည်းပညာနှင့် ဇီဝဗေဒသိပ္ပံသုတေသန ကောင်စီ၏ အကြီးအကဲလည်း ဖြစ်သူ ပါမောက္ခ ဒေါက်ကလပ်သည် အမြစ်ရှည်သော သီးနှံပင်များ၏ ကာဗွန်စုပ်ယူနိုင်မှု တွက်ချက်ပုံကို ဖော်ထုတ်ခဲ့သည်။

ရှည်လျားသော အမြစ်၏ ပမာဏနှင့် မြေကြီးထဲတွင် နက်ရှိုင်းစွာစိုက်ဝင်နေမှုနှင့်အတူ ပို၍ သက်တမ်းရှည်မှုကြောင့် ၎င်းသီးနှံပင်များသည် သာမန်အပင်များထက်လေထုထဲမှ ကာဗွန်ပမာဏကိုနှစ်ဆစုပ်ယူနိုင်သည်ဟုပါမောက္ခက ပြောကြားသည်။

ယင်းသို့ အမြစ်ရှည်သော သီးနှံပင် အမျိုးအစားအများအပြားရှိသော်လည်း စိုက်ပျိုးထုတ်လုပ်မှုနည်းနေကြောင်း၊ ယင်းသီးနှံပင်များကိုသာ တိုးချဲ့စိုက်ပျိုးနိုင်ပါက ရာသီဥတုပြောင်းလဲမှုကြောင့်ဖြစ်ပေါ်သည့် မိုးခေါင်ရေရှားမှု၊ ရေကြီးခြင်းနှင့် အခြား စိန်ခေါ်မှုများကို ခံနိုင်ရည်ရှိစေရန် အထောက်အကူဖြစ်နိုင်ကြောင်း Annals of Botany ဂျာနယ်တွင်အဆိုပါပါမောက္ခကရေးသားထားသည်။

—Ref: UPI

**Environment Cartoon**








# Tourism

7DAY NEWS JOURNAL

Vol.10, No.22 • AUGUST 18, 2011


# ပုဂ္ဂလိကပြောင်းလဲပြီးနောက်ပိုင်းရခိုင်ပြည်နယ်မြို့နယ်အချို့တွင် သင်္ဘောဆိုက်ရောက်ခြင်းမရှိတော့

မြတ်စုမွန်

**ရန်ကုန်၊ဩဂုတ်-၁၃**

ရခိုင်ပြည်နယ်ရှိမြို့နယ်များသို့ကျွန်းပတ်ပြေးဆွဲပေးသည့် ပြည်တွင်းရေကြောင်းသင်္ဘောခရီးစဉ်များ ရပ်ဆိုင်းကာ ပုဂ္ဂလိကလုပ်ငန်းရှင်များအားလုပ်ကိုင်ခွင့်ပေးခဲ့သည့် နောက်ပိုင်းအချို့မြို့နယ်များသို့ သင်္ဘောဆိုက်ရောက်ခြင်းမရှိတော့သည့်အတွက် ရမ်းဗြဲမြို့နယ် အတွင်းမှ ဒေသခံများအခက်ကြုံနေရကြောင်း သတင်းရရှိသည်။

"အရင်အစိုးရသင်္ဘောဆွဲတုန်းက တောင်ကုတ်ကနေရမ်းဗြဲကို ငွေငါးရာပဲကုန်တယ်။အခုအစိုးရသင်္ဘောမဆွဲတော့ ရှပ်ပြေးကိုစီးရတဲ့အတွက် ငွေငါးထောင်ကျပ်ကုန်တယ်။ကားနဲ့သွားမယ်ဆိုရင် ကားခက ခုနစ်ထောင်ကျပ် ရှိတယ်။ ပုဂ္ဂလိကသင်္ဘောတွေကလည်းမဝင်တော့ သွားရလာရတာကုန်ကျစရိတ်တွေများတော့မတတ်နိုင်တဲ့လူတွေအတွက် အခက်အခဲတွေ့နေရတယ်' ဟု တောင်ကုတ်မြို့မှ ရမ်းဗြဲမြို့သို့ဆက်သွယ်သွားလာလျက်ရှိသည့်ဒေသခံတစ်ဦးကပြောသည်။

'မလိခရှပ်ပြေးစီးရင်ချောင်းဝမှာရပ်ပေးတော့ အဲဒီကနေမြို့ကို စက်လှေပြန်စီးရသေးတယ်' ဟုၾင်းကဆက်လက်ပြောသည်။ အစိုးရ၏ပြည်တွင်းရေကြောင်း ခရီးစဉ်များသည်နှစ်စဉ်ကျပ်သန်း ခြောက်ထောင်အဆုံးရှုံးခံပြေးဆွဲ ပေးခဲ့ရာမှလွန်ခဲ့သည့်နှစ်လခန့်မှ စတင်ကာပုဂ္ဂလိကလုပ်ငန်းရှင်များ ထံလုပ်ငန်းချထားပေးခဲ့ခြင်းဖြစ် ကြောင်းဒေသခံလုပ်ငန်းရှင်တစ်ဦး ကပြောသည်။



*ရခိုင်ပြည်နယ်မြောက်ပိုင်းမှ ရှုခင်းတစ်နေရာ*

တောင်ကုတ်မြို့မှ စစ်တွေသို့သွားလာရာလမ်းတစ်လျှောက်ရှိမြို့များသို့ ကျွန်းပတ် ခရီးစဉ်သင်္ဘောများပြေးဆွဲပေးလျက်ရှိသည့် ပုဂ္ဂလိက လုပ်ငန်းရှင် ဦးကျော်တောင်က ရမ်းဗြဲမြို့ သင်္ဘောပြေးဆွဲမှုကို ရပ်နားခြင်းမှာ ခရီးသည်နှင့်ကုန်စည်ရရှိမှုမရှိခြင်းကြောင့်ဖြစ်ကြောင်း ရှင်းပြသည်။

"ခရီးသည်က နှစ်ဦး သုံးဦး တောင်ပုံမှန်မရဘူး။သုံးယောက်လောက်ပုံမှန်ရရင်တောင်သင်္ဘောလေးတွေစီစဉ်ပေးနိုင်ပါတယ်။သင်္ဘောကြီးကတော့မကိုက်လို့မဝင်ပေးနိုင်ဘူး။ရမ်းဗြဲကိုသင်္ဘောဝင်ဖို့အတွက် ၄ နာရီလောက် မောင်းရတယ်" ဟု တောင်ကုတ်မြို့မှ စစ်တွေမြို့သို့ အောင်တံခွန်သင်္ဘောများဖြင့်ပြေးဆွဲပေးလျက်ရှိသည့် ပုဂ္ဂလိကလုပ်ငန်းရှင် ဦးကျော်တောင်က ပြောသည်။ 'စစ်တွေ၊ ကျောက်ဖြူကပါလာတဲ့ရာနဲ့ချီတဲ့ခရီးသည်တွေကို တောင်ကုတ်ကတစ်ဆင့် ရန်ကုန်သွားမယ့်ကားအမီမောင်းပေးရတာဆိုတော့ကားမမီရင် ခရီးသည်တွေ ငြိငြင်တာခံရတယ်' ဟု ၎င်းက ဆက်လက်ပြောသည်။

ရခိုင်ပြည်နယ်သည် ဒေသတွင်းသွားလာဆက်သွယ်ရန် ရေလမ်းခရီးစဉ်ကိုအဓိကအသုံးပြုရပြီး လက်ရှိတွင် ရခိုင်ပြည်နယ်၏ ရေလမ်း၊ကုန်းလမ်းဆုံရပ်မြို့ဖြစ်သည့် တောင်ကုတ်မြို့မှ ပေါက်တော၊မြေပုံ၊မာန်အောင်၊မင်းပြား၊ ကျောက်ဖြူ၊ စစ်တွေ စသည့်မြို့များသို့ ပုဂ္ဂလိက သင်္ဘောလိုင်းများကပုံမှန်ပြေးဆွဲလျက်ရှိကြောင်း သိရသည်။ ထို့ပြင် အချို့မြို့နယ်များသို့ တောင်ကုတ်မြို့မှတစ်ဆင့် ကုန်းလမ်းဖြင့်ဆက်သွယ်သွားလာနိုင်နေပြီဖြစ်ရာ ကုန်ပစ္စည်းများကိုသင်္ဘောဖြင့် သယ်ယူပို့ဆောင်မှုလျော့နည်းသွားကြောင်းလည်းဦးကျော်တောင်ကပြောသည်။

## ပုသိမ်- ချောင်းသာလမ်းအား ပြန်လည်ပြုပြင်မည်

အောင်သူရ

**ရန်ကုန်၊ ဩဂုတ်-၁၃**

ပုသိမ်မြို့မှ ချောင်းသာကမ်းခြေသို့သွားသောလမ်းအား ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ချောင်းသာဇုန်ဟိုတယ်လုပ်ငန်းရှင်အသင်းတို့ပူးပေါင်း၍ပြုပြင်မည်ဖြစ်ကြောင်း ချောင်းသာဇုန်ဟိုတယ်လုပ်ငန်းရှင်အသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ဆောက်လုပ်ရေးက ကျပ်သိန်းနှစ်ထောင်နဲ့ဇုန်က သိန်းသုံးထောင်ထည့်ပြီးပြင်တာပါ"ဟု ချောင်းသာဇုန်ဟိုတယ်လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူက ဆိုသည်။ လမ်းပျက်နေသော သားပေါင်လမ်းခွဲမှ ၂၇ မိုင် ၇ ဖာလုံရှည်သော ချောင်းသာကမ်းခြေ၏ လမ်းပိုင်းအား ယခုအခါ စတင်ကျောက်ခင်းနေပြီး ဒီဇင်ဘာလ နောက်ဆုံးထားပြီးစီးရန်စီစဉ်ထားကြောင်း သိရသည်။

"ပထမအဆင့်အပေါက်ဖာမယ်။ပြီးရင်အနိမ့်အမြင့်ညှိမယ်။ ပြီးရင် ၁၂ ပေကျယ်တဲ့ ကတ္တရာလမ်းခင်းမှာပါ" ဟု ချောင်းသာဟိုတယ်ဇုန်ဘဏ္ဍာရေးမှူးဦးကျော်ဟိုးက ဆိုသည်။







7DAY NEWS JOURNAL
Vol.10, No.22 • AUGUST 18, 2011





















7DAY NEWS JOURNAL
Vol.10, No.22 • AUGUST 18, 2011

# ကမ္ဘောဒီးယားသို့ ချေးငွေအသစ်ထုတ်ပေးမည် မဟုတ်ဟုဆို

**ဖနွမ်းပင်၊ ဩဂုတ် - ၉**

ကမ္ဘာ့ဘဏ်သည် ကမ္ဘောဒီးယားအစိုးရက မြို့တော်ဖနွမ်းပင်ရှိရေကန် တစ်ခုအနီး နေထိုင်သူပြည်သူများကို အတင်းအကျပ်ပြောင်းရွှေ့စေခဲ့သည့်ကိစ္စဖြေရှင်းမပြီးမချင်း နောက်ထပ်ချေးငွေအသစ်များ ထုတ်ချေးသွားမည် မဟုတ်ဟု ကြေညာထားကြောင်းသိရသည်။ အဆိုပါကိစ္စမှာ ကမ္ဘောဒီးယားအာဏာရပါတီမှ နိုင်ငံရေးသမားတစ်ဦး ဦးဆောင်သည့်ပုဂ္ဂလိကကုမ္ပဏီက မြို့လယ်ရေကန်အနီးနေထိုင်သော မိသားစုပေါင်း ၄,၀၀၀ ခန့်ကို အတင်းအကျပ်ရွှေ့ပြောင်းစေကာ ဆောက်လုပ်ရေးစီမံကိန်းတစ်ခု အကောင်အထည်ဖော်နေခြင်းဖြစ်သည်။

ကမ္ဘာ့ဘဏ်၏ ကမ္ဘောဒီးယားဆိုင်ရာ ဒါရိုက်တာအန်းနတ်ဒစ်ဆန်ကလည်း "ဘိုအန်ကတ်ရေကန်မှာ နေထိုင်တဲ့လူတွေနဲ့ ပတ်သက်လို့ သဘောတူညီမှုတစ်ခုမရမချင်းကမ္ဘောဒီးယားကို ချေးငွေအသစ် ချထားပေးမှာမဟုတ်ပါဘူး" ဟု ပြောသည်။ အဆိုပါရေကန်အနီး နေထိုင်သော မိသားစုများသည် ကန်အတွင်းသို့ မြေဖို့ကာ ဆောက်လုပ်ရေးလုပ်ငန်းများ လုပ်ကိုင်ခြင်းကြောင်း ရေလျှံမှုများဖြစ်ပေါ်ခဲ့ပြီး နေအိမ်များပြောင်းရွှေ့ခဲ့ရသည်။

သို့သော် အိမ်ထောင်စုများအတွက် ထိုက်သင့်သည့် လျော်ကြေးမရသေး၍ အစိုးရနှင့်ညှိနှိုင်းမှုဆက်လက်လုပ်ဆောင်နေကြောင်း မြို့တော်တာဝန်ရှိသူများက ပြောသည်။ ကမ္ဘာ့ဘဏ်သည် ၂၀၁၀ ဒီဇင်ဘာလက ကမ္ဘောဒီးယားသို့ ချေးငွေ နောက်ဆုံးထုတ်ပေးထားပြီး လက်ရှိတွင်လည်း နိုင်ငံတွင်း၌စီမံကိန်း ၂၀ တွင် ကန်ဒေါ်လာသန်း ၄၀၀ အကုန်အကျခံလုပ်ဆောင်ပေးနေကြောင်း သိရသည်။

*—Ref: AFP*






# ဖိလစ်ပိုင်သမ္မတဟောင်း မားကို့စ်၏ ရုပ်ကလပ်ကို ဇာတိမြို့တွင် မြှုပ်နှံခွင့်ပြု

**မနီလာ၊ ဩဂုတ် - ၉**

ကွယ်လွန်သူ ဖိလစ်ပိုင်သမ္မတဟောင်းဖာဒီနန်မားကို့စ်၏ ကြွင်းကျန်ရစ်သော ရုပ်ကလပ်အစိတ်အပိုင်းများကို ၎င်း၏ ဇာတိမြို့တွင် ပြန်လည်မြှုပ်နှံခွင့်ပေးရန် မားကို့စ်မိသားစုနှင့် သဘောတူလိုက်ပြီဖြစ်ကြောင်း ဖိလစ်ပိုင်ဒုသမ္မတ ဂျီဂျိုမာဘင်နေက ပြောကြားလိုက်သည်။ သို့သော် ဒုသမ္မတဘင်နေက အစိုးရသည် မားကို့စ်၏ ရုပ်အလောင်းအား ပြန်လည်သင်္ဂြိုဟ်မြှုပ်နှံရာတွင် ဂုဏ်ပြုစစ်အခမ်းအနားဖြင့် မြှုပ်နှံရေးကိစ္စကို ဆွေးနွေးနေဆဲဖြစ်ကြောင်းဆိုသည်။

ဒုသမ္မတဘင်နေက "မားကို့စ်မိသားစုဟာ သမ္မတဟောင်းရဲ့ ရုပ်ကလပ်အကြွင်းအကျန်တွေကို သူ့ဇာတိမြို့အီလိုကော့စ်မှာ မြှုပ်နှံဖို့ အဆိုပြုထားတာ အစိုးရကလက်ခံခဲ့ပါတယ်။ ဒါပေမဲ့ သူ့ကို ဂုဏ်ပြုစစ်ရေးပြအခမ်းအနားနဲ့ သင်္ဂြိုဟ်မလားဆိုတာတော့ ဆွေးနွေးနေဆဲဖြစ်ပြီး ဆုံးဖြတ်ချက်ကိုမကြာမီ ထုတ်ပြန်သွားမှာပါ" ဟုသတင်းစာရှင်းလင်းပွဲ၌ ပြောသည်။ သမ္မတမားကို့စ်သည် ဖိလစ်ပိုင်နိုင်ငံကို နှစ် ၂၀ ကြာအုပ်စိုးပြီးနောက် ၁၉၈၆ တွင် ရာထူးမှဖြုတ်ချခံရကာ အမေရိကန်သို့ထွက်ပြေးခဲ့ပြီး ၁၉၈၉ ခုနှစ်တွင် ကွယ်လွန်ခဲ့သည်။

*—Ref: Xinhua*

# ဒေလီနိုင်ငံတကာ လေဆိပ် ငါးနာရီကြာ မီးပျက်မှု အိန္ဒိယစုံစမ်းမည်

**နယူးဒေလီ၊ ဩဂုတ် - ၁၀**



အိန္ဒိယအာဏာပိုင်များသည် ဒေလီမြို့တော်ရှိ အင်ဒီရာဂန္ဒီနိုင်ငံတကာလေဆိပ်တွင် ငါးနာရီကြာ လျှပ်စစ်မီးပြတ်တောက်ခဲ့မှုဖြစ်စဉ်ကို စုံစမ်းစစ်ဆေးသွားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

ဩဂုတ် ၇ ရက်(တနင်္ဂနွေနေ့)က ထိုလေဆိပ်ရှိ ထွက်ပေါက်အမှတ်(၃)တွင် ငါးနာရီကြာမီးပျက်မှုကြောင့် ပြည်တွင်းနှင့် နိုင်ငံတကာလေကြောင်း ခရီးစဉ် ၄၀ ကျော်ခန့်အားရပ်ဆိုင်းခဲ့ရသည်။ အဆိုပါထွက်ပေါက်တွင် တနင်္ဂနွေနေ့က မီးပျက်စဉ် အရေးပေါ်မီးပေးနိုင်မည့် မီးစက်များမှာလည်းအလုပ်မလုပ်၍ ငါးနာရီကျော်ကြာ မီးပျက်ခဲ့ရခြင်းဖြစ်သည်။

အိန္ဒိယလေကြောင်းဝန်ကြီး ဗာယာလာရာဗိကလည်း "ဒေလီလေဆိပ်မှာ မီးပျက်ခဲ့မှုကို ကော်မတီဖွဲ့ပြီး စုံစမ်းသွားမှာပါ" ဟုပြောသည်။ ဒေသခံသတင်းစာများ၏အဆိုအရ လေဆိပ်တွင်း မီးပျက်စဉ်အိတ်စ်ရေးဓာတ်မှန်စက်များ၊ စစ်ဆေးရေးကောင်တာများ၊ ခရီးဆောင်အိတ်သယ်ပို့ရာ စနစ်များအားလုံးကို ရပ်ဆိုင်းခဲ့ရပြီး လေယာဉ်ပေါ်မှ ခရီးသည်များမှာလည်း ဓာတ်မီးများဖြင့်လေဆိပ်တွင်းသို့ ဝင်ခဲ့ရကြောင်း သိရသည်။

*—Ref: Asianone*

7 DAY NEWS JOURNAL
Vol.10, No.22 • AUGUST 18, 2011



## နောက်ကျောဖုံး - ရေတပ်နှင့် တင့်ကားများတိုက်ခိုက်မှုကြောင့် ဆီးရီးယားဆိပ်ကမ်းမြို့တွင် လူ ၂၆ ဦး သေဆုံး မှ

ယင်းအခြေအနေမှာအုံကြွမှုများ စတင်ဖြစ်ပေါ်ချိန်မှစ၍ အပြင်းထန်ဆုံး တိုက်ခိုက်မှုဖြစ်ကြောင်း၊ ပြတင်းပေါက်မှ ခေါင်းပြူကြည့်သူများပင် ပစ်ခတ်ခံရနိုင်ကြောင်း ၎င်းမျက်မြင်သက်သေက ရိုက်တာသတင်းဌာနအား ပြောကြားသည်။

ညနေခင်း ရာမာဒန်ဝတ်ပြုဆုတောင်းပွဲများအပြီး၌ လာတာကီယာမြို့နေရာ အများအပြားတွင် အာဆတ်အား ဖယ်ရှားရေးနေ့စဉ် တောင်းဆိုသည့် လူထုချီတက်ပွဲများသို့ တက်ရောက်သူပေါင်း နှစ်သောင်းခန့်ရှိကြောင်း တက္ကသိုလ်ကျောင်းသားဟု ဆိုသူ မျက်မြင်သက်သေတစ်ဦးက ပြောသည်။

လာတာကီယာမြို့တွင် သေဆုံးခဲ့သည့် အရပ်သား ၂၆ ဦး၏ အမည်စာရင်းကိုရရှိထားကြောင်း ဆီးရီးယားအတိုက်အခံတစ်ဦးဖြစ်သူ အမ်မာအယ်လ်ကူရာဘီ ဦးဆောင်သည့် ဆီးရီးယားအမျိုးသားလူ့အခွင့်အရေးအဖွဲ့ကပြောကြားသည်။

ထိုအတောအတွင်း မတ်လက စတင်ဖြစ်ပေါ်ခဲ့သည့် ကန့်ကွက်ဆန္ဒပြမှုများအပေါ် ဆီးရီးယား စစ်ဘက်က နှိမ်နင်းခဲ့မှုကြောင့် အရပ်သားနှစ်ထောင်နီးပါး သေဆုံးခဲ့သည်ဟု ကုလသမဂ္ဂနိုင်ငံရေးဌာန ဒုတိယအကြီးအကဲ အော်စကာဖာနန်ဒက်စ်တာရန်ကိုက ပြောကြားသည်။

အဖွဲ့ဝင် ၅၇ နိုင်ငံပါဝင်သော အစ္စလာမ်မစ်ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(OIC)ကလည်း ဆီးရီးယားနိုင်ငံ၌ ဆန္ဒပြသူများအပေါ် စစ်ဘက်၏အရေးယူမှုများကို ချက်ချင်းရပ်တန့်ရန် တောင်းဆိုလိုက်သည်။ အမေရိကန်သမ္မတ ဘားရက်အိုဘားမားနှင့် ဆော်ဒီအာရေးဗီးယားဘုရင် အဗ္ဗဒူလာတို့ကလည်း စစ်ဘက်တိုက်ခိုက်မှုများ ရပ်တန့်ရန် ထပ်မံပြောကြားခဲ့ကြောင်းသိရသည်။ —*Ref: Reuters*

## နောက်ကျောဖုံး - ပျက်စီးနေသော လူ့အဖွဲ့အစည်းကို ပြန်လည်ပြုပြင်မည်ဟု ဗြိတိန်ဝန်ကြီးချုပ်ပြောကြား မှ



ကန့်ကွက်မှုများဖြစ်ပေါ်စဉ် အီတလီနိုင်ငံ အပန်းဖြေခရီးမှ စောစီးစွာပြန်လာခဲ့ပြီး အရေးပေါ်ပါလီမန်အစည်းအဝေးများ ခေါ်ယူခဲ့သူ ဗြိတိန်ဝန်ကြီးချုပ်သည် ကန့်ကွက်ဆန္ဒပြမှုများအပေါ် ပြည်သူလူထု၏ ဒေါသထွက်နေမှုကို အသုံးချရန်ကြိုးပမ်းလျက်ရှိသည်။

"ဒါဟာ ကျွန်တော်တို့နိုင်ငံကို နှိုးဆော်ပေးလိုက်တာပါပဲ။ နှစ်ပေါင်းများစွာ ဖြစ်ပွားနေတဲ့ လူမှုရေးပြဿနာတွေဟာ ကျွန်တော်တို့မျက်စိရှေ့မှာပဲ ပေါက်ကွဲသွားတာပါ"ဟု ဩဂုတ်လ ၁၅ ရက်နေ့ မိန့်ခွန်းတွင် ဗြိတိန်ဝန်ကြီးချုပ်က ထည့်သွင်းပြောကြားမည်ဖြစ်သည်။

"လူတွေက လမ်းပေါ်က ဒုစရိုက်သမားတွေကို ပြတ်ပြတ်သားသား ရင်ဆိုင်တာ အလိုရှိပါတယ်။ ဒီဒုစရိုက်ပြဿနာတွေကိုင်တွယ်ဖြေရှင်းတာကို အလိုရှိကြပါတယ်။ လုံခြုံရေးအရ ပြန်လည်တွန်းလှန်မှုနဲ့အတူ လူမှုရေးအရ ပြန်လည်တွန်းလှန်မှုလည်းရှိရပါမယ်"ဟု ၎င်းပြောကြားမည့် မိန့်ခွန်း၏ ကောက်နုတ်ချက်များအရ သိရသည်။

ဒေးဗစ်ကင်မရွန်းအတွက် ပေးဆပ်ရမှုမှာမြင့်မားနိုင်ပါသည်။ ဆိုင်များဖျက်ဆီးခံရခြင်း၊ မီးရှို့မှုများနှင့် လူငါးဦးသေဆုံးခဲ့သည့် ဥပဒေမဲ့မှုမျိုး ထပ်မံဖြစ်ပေါ်လာပါက ၎င်း၏အစိုးရအပေါ် ပြည်သူလူထု၏ ယုံကြည်မှုလျော့ပါးလာမည်ဖြစ်ကြောင်း ရိုက်တာသတင်းတွင်ဖော်ပြသည်။ ကျောင်းများတွင် စည်းကမ်းမဲ့မှုနှင့် မိသားစုပြိုကွဲခြင်း စသည့် လူမှုရေးပြဿနာများအကြောင်းများကိုလည်း ဗြိတိန်ဝန်ကြီးချုပ်က ပြောကြားဖွယ်ရှိကြောင်းသိရသည်။ —*Ref: Reuters*

# Leader's Profile

## တရုတ်အင်တာနက် ရှာဖွေရေးကုမ္ပဏီ "Baidu" ဥက္ကဋ္ဌနှင့် ပူးတွဲတည်ထောင်သူ

# လီယန်ဟောင်

ရဲမင်း



ရောဘင်လီဟု လူသိများသည့် လီယန်ဟောင်သည်တရုတ်စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်ပြီး တရုတ်နိုင်ငံတွင် လူကြိုက်အများဆုံး အင်တာနက် ရှာဖွေရေးအင်ဂျင်"Baidu"ကိုပူးတွဲတည်ထောင်သူနှင့်ဥက္ကဋ္ဌဖြစ်သည်။

လီအား ၁၉၆၈ ခုနှစ် နိုဝင်ဘာလ ၁၇ ရက်တွင် တရုတ်နိုင်ငံမြောက်ပိုင်း ရှန်ဆီပြည်နယ်၊ ယန်ကွမ်းဒေသ၌ မွေးဖွားခဲ့သည်။ မိဘနှစ်ဦးစလုံးမှာ စက်ရုံအလုပ်သမားများဖြစ်ပြီး မွေးချင်း ငါးဦးအနက် စတုတ္ထမြောက်နှင့် တစ်ဦးတည်းသော သားဖြစ်သည်။

ယန်ကွမ်းအထက်တန်းကျောင်းဝင်ခွင့်စာမေးပွဲတွင် ဒုတိယအမှတ်အများဆုံးဖြင့်ဝင်ရောက်ခဲ့သော လီသည် "ငါတို့မိသားစုမှာနောက်ဖေးတံခါးမရှိဘူး။ ရှေ့လျှောက်မင်းအလုပ်ကောင်းကောင်းလိုချင်ရင် ကြိုးကြိုးစားစားစာသင်၊ ကောလိပ်ရောက်အောင်လုပ်" ဆိုသော မိခင်၏ ပြောစကားကိုလည်း အမြဲတမ်းအမှတ်ရနေခဲ့သည်။

လီသည် အထက်တန်းကျောင်းသားဘဝမှာပင် ကွန်ပျူတာအချိန်အား အလွန်စိတ်ဝင်စားပြီးရန်ကွမ်းမြို့ ကွန်ပျူတာ ပရိုဂရမ် ရေးဆွဲပြိုင်ပွဲပေါင်းများစွာတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ လီ သည်အမျိုးသား အဆင့်မြင့်ပညာရေးဝင်ခွင့် စာမေးပွဲတွင်လည်း ရန်ကွမ်းမြို့မှ အထူးချွန်ဆုံးကျောင်းသား ဖြစ်ခဲ့ပြီး ပီကင်းတက္ကသိုလ်သို့တက်ရောက်ခွင့်ရရှိခဲ့သည်။

၁၉၉၁ ခုနှစ်တွင် ပီကင်းတက္ကသိုလ်မှ ဘီအက်စ်စီဘွဲ့ရရှိခဲ့သည်။ ရော်ဘင်လီသည် ယာယီအလုပ်တစ်ခုဝင်လုပ်ရင်း ဘွဲ့လွန်မာစတာဆက်တက်ရန်အတွက် အမေရိကန်နိုင်ငံရှိ ပညာတော်သင်ဆုများကို လျှောက်ထားခဲ့သည်။ နယူးယောက်တက္ကသိုလ်က ၎င်းအား လက်ခံခဲ့ပြီးနောက် ရော်ဘင်လီသည် ၁၉၉၄ ခုနှစ်တွင်ကွန်ပျူတာသိပ္ပံဖြင့် မာစတာဘွဲ့ရရှိခဲ့သည်။

ဒေါက်တာဘွဲ့ ဆက်တက်ခွင့်ရရှိခဲ့သော်လည်း လက်လွှတ်ခဲ့သော လီသည် နည်းပညာဝန်ဆောင်မှုကုမ္ပဏီ IDD Information တွင် ဝင်ရောက်အလုပ်လုပ်ကိုင်ခဲ့ပြီး The Wall Street ဂျာနယ်အွန်လိုင်းဗားရှင်းအတွက် ဆော့ဖ်ဝဲ အစီအစဉ်တစ်ခုရေးဆွဲပေးခဲ့သည်။ ယင်းအမေရိကန်ကုမ္ပဏီတွင် အလုပ်လုပ်နေရင်းမှပင် လီသည် ရှာဖွေရေးအင်ဂျင်များ အလုပ်လုပ်ပုံကို စိတ်ဝင်စားခဲ့ပြီး ဝက်ဘ်ဆိုက်များတစ်ခုနှင့် တစ်ခု ချိတ်ဆက်ထားပုံကို စနစ်တကျရှိရန် နည်းလမ်းတစ်ခုကိုလည်း ဖော်ထုတ်ခဲ့သည်။

လီ၏ ကျွမ်းကျင်မှုကြောင့် ဆီလီကွန်တောင်ကြား၌ အင်တာနက် ရှာဖွေရေးအင်ဂျင် လုပ်ငန်းစတင်ထူထောင်နေသည့် Infoseek ကုမ္ပဏီက လီအား ရှာဖွေရေးအင်ဂျင်ဖန်တီးရေးဌာန အကြီးအကဲအဖြစ် ၁၉၉၇ ခုနှစ်တွင် ခန့်အပ်ခဲ့သည်။

သို့သော် ရော်ဘင်လီသည် ၂ နှစ်သာ လုပ်ကိုင်ခဲ့ပြီး အလုပ်မှ နုတ်ထွက်ကာ ၎င်း၏ သူငယ်ချင်း အဲရစ်ဆူ (ဆူယောင်) နှင့်အတူ တရုတ်နိုင်ငံသို့ပြန်လာခဲ့ပြီး ၂၀၀၀ ပြည့်နှစ်တွင် Baidu ကုမ္ပဏီအား စတင်ထူထောင်ခဲ့သည်။ လီက ကုမ္ပဏီဘုတ်အဖွဲ့၏ ဥက္ကဋ္ဌအဖြစ် တာဝန်ယူပြီး ဇီဝဓာတုပညာရှင် အဲရစ်ဆူက ကုမ္ပဏီ၏ အမှုဆောင် အရာရှိချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

၂၀၀၄ ခုနှစ်တွင် ကုမ္ပဏီ၏ ဖွဲ့စည်းပုံကိုပြန်လည်ပြင်ဆင်ခဲ့ရာ အဲရစ်ဆူမှာ ၎င်း၏ လုပ်ပိုင်ခွင့်များ လျော့နည်းသွားခဲ့ခြင်းအတွက်ကုမ္ပဏီမှ နုတ်ထွက်ခဲ့သည်။ ရော်ဘင်လီက အမှုဆောင်အရာရှိချုပ်တာဝန်ကိုပါ ရယူခဲ့ပြီး တစ်နှစ်အကြာတွင် အများပြည်သူသို့ ရှယ်ယာများ ထုတ်ရောင်းကာ အမေရိကန်စတော့ရှယ်ယာဈေးကွက် NASDAQ သို့ပါဝင်ရောက်နိုင်ခဲ့သည်။ NASDAQ -100 Index တွင်ပါဝင်လာသည့် ပထမဦးဆုံး တရုတ်ကုမ္ပဏီဖြစ်သည်။

ရော်ဘင်လီ (ခေါ်) လီယန်ဟောင်သည် ဇနီးသည် ဒေါ်မင်မားနှင့် သမီးတစ်ဦး ထွန်းကားခဲ့သည်။ —*Ref: Wikipedia*

## နောက်ကျောဖုံး - တရုတ်စစ်ဘက်အကြီးအကဲ အစရေးနိုင်ငံသို့ ပထမဆုံးအကြိမ် သွားရောက်လည်ပတ် မှ



အစ္စရေးနှင့် တရုတ်နိုင်ငံတို့သည် လွန်ခဲ့သောဆယ်စုနှစ်နှစ်ခုခန့်မှစ၍ ဆက်ဆံရေးထူထောင်ခဲ့သော်လည်း အာရှမှ အင်အားကြီးနိုင်ငံသို့ အစ္စရေးနိုင်ငံက လက်နက်များ ရောင်းချရေးကို အမေရိကန်က မလိုလားခဲ့ခြင်းက နှစ်ဖက်ဆက်ဆံရေးအပေါ် အရိပ်ထိုးကျနေခဲ့သည်။

အီရန်နျူကလီးယားအစီအစဉ်အား နိုင်ငံတကာမှ ပိတ်ဆို့တားဆီးမှုများကို ထောက်ခံရန် ဘေဂျင်းက စိတ်အားမထက်သန်ခြင်းအတွက်လည်း အစ္စရေးနိုင်ငံအဖို့ စိတ်အေးလက်အေး မရှိခဲ့ပေ။

အစ္စရေးနိုင်ငံအား ဝိုင်းရံနေသော အာရပ်နိုင်ငံများတွင် ဖြစ်ပေါ်ခဲ့သည့် မတည်မငြိမ်မှုများကြောင့် အစ္စရေးနိုင်ငံနှင့်ဆက်ဆံရာတွင် တရုတ်နိုင်ငံ၏ စိတ်ဝင်စားမှုပြန်လည်မြင့်တက်လာခြင်း ဖြစ်ကြောင်း အစ္စရေးတတ်သိပညာရှင်များအဖွဲ့ ဂျူးပြည်သူ့ပေါ်လစီအင်စတီကျူဒ်မှ တရုတ်ရေးရာကျွမ်းကျင်သူ ဂီလာဒီယာအက်ဖတာမန်က ပြောကြားသည်။ တရုတ်နိုင်ငံသည် အစ္စရေးနှင့် ကာကွယ်ရေးသဘောတူညီမှုများ သက်တမ်းတိုးဖွယ်ရာရှိကြောင်း အစ္စရေးမှ တရုတ်ရေးရာ ကျွမ်းကျင်သူက ဆက်လက်ပြောကြားသည်။ —*Ref: Reuters*

## နောက်ကျောဖုံး - အီတလီ ခြိုးခြံချွေတာမှုအစီအစဉ်များကို အီးယူအကြီးအကဲ ကြိုဆို မှ

"အချိန်မီ အင်တိုက်အားတိုက်လုပ်တဲ့ ဘဏ္ဍာရေးဆိုင်ရာ အစီအစဉ်ကို ကျွန်တော် အပြည့်အဝထောက်ခံပါတယ်။ အခုလို အတည်ပြုလိုက်တဲ့အစီအစဉ်တွေဟာ အီတလီနိုင်ငံအတွက်သာမကဘဲ ယူရိုဇုန်တစ်ခုလုံးအတွက်ပါ အလွန်အရေးကြီးတယ်ဆိုတာကို ကျွန်တော် အလေးအနက်ဖော်ပြချင်ပါတယ်"ဟု မစ္စတာဗန်ရွန်ပေးက ၎င်း၏ ထုတ်ပြန်ချက်တွင် ဖော်ပြသည်။

—*Ref: BBC*

7DAY NEWS JOURNAL
Vol.10, No.22 • AUGUST 18, 2011

# “ ကျွန်တော်တို့ အခုကြုံနေတာ တကယ့်မုန်တိုင်း အလယ်မှာပါ

## အမေရိကန် စီးပွားရေး ပညာရှင် ကက်နက်ရော့ဂေါ့ဖ်နှင့် တွေ့ဆုံခြင်း

**ကျော်မျိုး**




ယခုအခါ အမေရိကန်ကြွေးမြီကန့်သတ်ချက် ဥပဒေကို မကြာမီကပဲ အတည်ပြုပြီးဖြစ်ပေမယ့် အမေရိကန်စီးပွားရေး နှစ်ထပ်ကွမ်းကျဆင်းပြီး စတော့ဈေးကွက်တွေ ဖရိုဖရဲဖြစ်မှာကို ပူပန်မှုတွေ ကမ္ဘာတစ်ဝန်းမှာ ရှိနေဆဲပါပဲ။ အမေရိကန်အပြင် ဥရောပမှာလည်း ဂရိ၊ ပေါ်တူဂီနဲ့ အိုင်ယာလန်တို့ဟာဘဏ္ဍာရေးအားဖြင့် သုညဖြစ်နေပြီး ကယ်ဆယ်မှုတွေလုပ်ဆောင်နေရတာ အချိန်အနည်းငယ်တောင် ကြာလာပါပြီ။ ဒါ့ကြောင့် ဂျာမန်စပိုင်းဂဲလ် မီဒီယာဟာဟားဗတ်တက္ကသိုလ်မှ စီးပွားရေးပညာရှင်ကက်နက်ရော့ဂေါ့ဖ်နဲ့တွေ့ဆုံကာ အမေရိကန်၊ ဥရောပအပါအဝင် ကမ္ဘာ့ဘဏ္ဍာရေးနဲ့ စီးပွားရေးအနေအထားတွေကို မေးမြန်းထားပါတယ်။

**အခုလို ကမ္ဘာလုံးဆိုင်ရာ စတော့ဈေးကွက်တွေမှာ ဖရိုဖရဲတွေဖြစ်နေတော့ ဒါဟာ နောက်ထပ်ဘဏ္ဍာရေးချောက်ကမ်းပါးကြီးတစ်ခုထဲကျတော့မလို ကမ္ဘာကြီးက မျက်စောင်းထိုးနေတာများလား။**

အဓိကအားဖြင့်တော့ ဈေးကွက်တွေဟာ စီးပွားရေးနာလန်ထမှုနှေးကွေးနေတဲ့ အရှိတရားနဲ့ ဟပ်မိအောင် ချိန်ညှိနေတာပါပဲ။ သိပ်မကြာခင်လောက်မှာပဲ ဘယ်လိုစီးပွားရေး စန်းထမှုမျိုးမှ မဖြစ်ဘူးဆိုတာကိုလည်း သူတို့နားလည်ထားတယ်။ ဒါပေမဲ့ သူတို့ဟာ ထပ်ခါထပ်ခါ မှားနေပါတယ်။ အကြောင်းက သူတို့ဟာ စီးပွားရေးအကျပ်အတည်းကို ရင်ဆိုင်ဖို့အတွက် စစ်ပြီးခေတ်ရဲ့ ပုံမှန်စီးပွားရေးကျဆင်းမှုဖြစ်ရပ်တွေကိုသာ နမူနာယူကိုးကားပြီး ဖြေရှင်းနေလို့ပါ။ အခုဖြစ်နေတာကတော့ ဘဏ္ဍာရေးအကျပ်အတည်းအလွန် စီးပွားရေးနာလန်ထရေး ပုံစံဖြစ်တယ်။ သိပ်ရှားပါးပြီး ကွဲပြားခြားနားလွန်းတဲ့ပုံစံဖြစ်ပါတယ်။

**လူတွေရဲ့ ဒီလိုအကျပ်အတည်းအပေါ် အမြင်မှာ နောက်ဆက်တွဲဘာအကျိုးသက်ရောက်မှုရှိမလဲ။**

လူတွေရဲ့ သဘောထားဖြစ်တဲ့ဒါဟာ “စီးပွားရေးကျဆင်းမှုကြီး” ဖြစ်တယ်။ မဟာစီးပွားရေးကျဆင်းမှု The Great Recession ဖြစ်တယ်ဆိုတဲ့ အမြင်မျိုးက ပေါ်လစီရေးရာ ဆုံးဖြတ်ချက် အမှားတွေဆီ ဦးတည်သွားစေတတ်ပါတယ်။ ဥပမာ အမေရိကန်မှာ ဖြစ်နေတာမျိုးနဲ့ ဥရောပမှာ ယုံကြည်နေကြတဲ့ စီးပွားရေးနာလန်ထမှုတော့ပြန်ဖြစ်လာနေပြီး ပေါ်လစီ ရေးဆွဲသူတွေအနေနဲ့လည်း တိုင်းပြည်ကြွေးမြီနဲ့ ပတ်သက်လို့ ခက်ခဲတဲ့ ဆုံးဖြတ်ချက်တွေကို ရှောင်နိုင်ပြီဆိုတာမျိုးပေါ့။ တကယ့်အရှိတရားမှာကတော့ ဒါဟာ စီးပွားရေးအကျပုံစံအသစ်ပါ။ “ဒုတိယအကြိမ်မဟာစီးပွားရေးကျုံ့ခြင်း” Second Great Contraction လို့ ခေါ်ရင်ပိုကောင်းပါမယ်။ ဘာကြောင့်လဲဆိုတော့ဒီကိစ္စမှာခရက်ဒစ်စနစ်တွေကို ထိန်းချုပ်တာ၊ အပိုချဲ့ထွင်ထားတဲ့ ကမ္ဘာလုံးဆိုင်ရာဘဏ္ဍာရေးအခြေအနေတွေကိုပြန်ချုံ့ပစ်တာတွေ ပါဝင်နေလို့ပါ။ လက်ရှိမှာတော့ ဒီလိုအခြေအနေကနေ ပြန်နာလန်ထဖို့ကိစ္စဟာအထူးသဖြင့် အမေရိကန်မှာဆိုရင် ဘဏ္ဍာရေးနှိုးဆွမှုအစီအစဉ်တွေပိုလိုအပ်နေတာပါ။

**အဲဒီလိုတောင်ဖြစ်နေပြီလား။ ဒါဆို လက်ရှိ အမေရိကန်မှာ အစိုးရအသုံးစရိတ်တွေ ဖြတ်တောက်ပြီး ကြွေးမြီတွေလျှော့ချဖို့ အာရုံစိုက်ငြင်းခုံနေကြတာရော။ ငွေဖောင်းပွမှုနှုန်း ပိုမြင့်လာရင် ထွက်ပေါက်ရမယ်ဆိုတဲ့သဘောလား။**

ခင်ဗျားတို့သာ ဗဟိုဘဏ်တစ်ခုရဲ့ ဘုတ်အဖွဲ့မှာ ပါနေရင် အများကြိုက်အမြင်တွေကို လက်ခံချင်၊ လုပ်ဆောင်ချင်ကြမှာပဲ။ လူတော်တော်များများကလည်း အလယ်အလတ်နှုန်းနဲ့ ငွေဖောင်းပွမှုတွေကို ထုံးစံမဟုတ်ဘူးလို့တောင်စဉ်းစားမှာပါ။ ဒါပေမဲ့ ကျွန်တော်တို့က အခုကြုံနေတာ တကယ့်မုန်တိုင်းအလယ်မှာပါ။ ကျွန်တော်ကလည်း ငွေဖောင်းပွမှုနှစ်ဆတိုးတာဒါမှမဟုတ် အလွန်အကျွံဖောင်းပွတာမျိုး ဖြစ်သင့်တယ်လို့ ပြောတာ မဟုတ်ပါဘူး။ ဒါပေမဲ့ ကျွန်တော်ယုံတာကတော့ ဗဟိုဘဏ်တွေဟာ ပုံမှန်ငွေဖောင်းပွမှုနှစ်ရာခိုင်နှုန်းထက် ပိုမြင့်တဲ့နှုန်းမျိုးနဲ့ ငွေဖောင်းပွနေတာကို တစ်နည်းနည်းနဲ့ လက်ခံသင့်ပါတယ်။ အဲဒီမှာ ကျွန်တော်ယုံတာကဘဏ္ဍာရေးအရ ငွေစီးဆင်းထည့်ဝင်ပေးမယ့် နှိုးဆွမှုအစီအစဉ်လည်းရောက်လာပါမယ်။

**အမေရိကန်ဟာလည်း ဥရောပနိုင်ငံတချို့လို နောက်ထပ်ဘဏ္ဍာရေးနှိုးဆွမှု အစီအစဉ်တစ်ခုလိုအပ်နေပါသလား။ယခင်ကသမ္မတအိုဘားမားရဲ့ အကြံပေးလုပ်ခဲ့တဲ့ လယ်ရီဆမ်းမားကတော့ စီးပွားရေးအကျပိုင်းကာလအလယ်မှာပဲ အစိုးရအသုံးစရိတ်တွေကို ပြန်ဖြတ်တောက်ရင် စီးပွားရေးတိုးတက်နှုန်းနဲ့ အလုပ်အကိုင်တွေဖြစ်ထွန်းလာမှုကို သတ်ပစ်သလိုဖြစ်မယ်လို့ ဆိုနေပါတယ်။**

လူတွေက ဘဏ္ဍာရေးနှိုးဆွမှုလုပ်ဖို့တောင်းဆိုနေတာဟာ နမူနာပုံစံအမှားတွေကို ကြည့်ပြီးပြောနေတာပါ။ သူတို့က အခုကိစ္စဟာဖြစ်နေကျ ရိုးရိုးစီးပွားရေးကျဆင်းမှုလို့ပဲ ထင်နေတယ်။ ဒါပေမဲ့ အဲဒါမဟုတ်ပါဘူး။ ပေါ်လစီရေးဆွဲသူတွေဟာ ပုဂ္ဂလိကဘဏ္ဍာရေးအခြေအနေတွေကို ရေတိုမှာကုစားဖို့လိုအပ်နေသလို ရေရှည်မှာလည်း ပြည်သူ့ကြွေးမြီပမာဏတွေကို ထိန်းချုပ်တာမလုပ်ဘဲနဲ့တော့ တည်ငြိမ်အောင် ထိန်းနိုင်တာမျိုးရှိမှာ မဟုတ်ဘူး။ ဥရောပမှာဆိုရင် အစိုးရကြွေးမြီတွေကိုယ်နှိုက်ကိုက သိသိသာသာလျှော့ချဖို့ လိုနေတာ တချို့တိုင်းပြည်တွေမှာ တွေ့ရတယ်။

**နောက်ဆုံးဖြစ်ခဲ့တဲ့ ဘဏ္ဍာရေးအကျပ်အတည်းကာလမှာ အတ္တလန်တိတ်သမုဒ္ဒရာရဲ့ နှစ်ဖက်စလုံးက (ဥရောပနဲ့အမေရိက) နိုင်ငံရေးခေါင်းဆောင်တွေက ဘာများမှားယွင်းခဲ့ပါသလဲ။**

အိုဘားမားဟာ ကြွေးမြီကန့်သတ်ချက် ဥပဒေနဲ့ ပတ်သက်လို့ စေ့စပ်အလျှော့ပေးမှုတွေအများကြီးလုပ်ခဲ့တာ ကျွန်တော်နားမလည်နိုင်ပါဘူး။ သူဟာအားလုံးကို လုပ်နိုင်ခဲ့ပြီး တီးပါတီရဲ့ စောင့်ကြည့်ခြင်းလည်း ခံခဲ့ရတယ်။ သူပြောသင့်တာက “ကျုပ်အကြမ်းဖက်သမားတွေနဲ့ မစေ့စပ်တတ်ဘူး။ တကယ်လို့ ဘဏ္ဍာရေးဈေးကွက်တွေကို ခင်ဗျားတို့ဆွဲချချင်တယ်ဆိုရင် ခင်ဗျားတို့ပဲ ခေါင်းခံပေတော့။ ကျုပ်ကတော့ တာဝန်ရှိတဲ့ အတိုင်း ပုံမှန်အတိုင်းပဲလုပ်ပါမယ်” လို့ ပြောရမှာပါ။ အဲဒီအစား သူဟာအလျှော့ပေးမှုတွေ အများကြီးလုပ်ခဲ့တယ်။ အဲဒါက သူ့ရဲ့ သမ္မတရာထူး ကိုပါ အားနည်းသွားစေခဲ့ပါတယ်။

**တရုတ်ပြည်မှာလည်း လက်ရှိမှာ စီးပွားရေးတိုးတက်မှုနှုန်း နှေးကွေးနေပါတယ်။ လာမယ့် အနာဂတ်ဘယ်အချိန်လောက်မှ ကမ္ဘာလုံးဆိုင်ရာစီးပွားရေးတိုးတက်မှု ပြန်ရလာမလဲ။**

လက်ရှိမှာတော့ ထွန်းသစ်စ စီးပွားရေး ဈေးကွက်တွေဟာ တိုးတက်နှုန်းနှေးနေပါသေးတယ်။ ဒါပေမဲ့ ပေါ်လစီရေးဆွဲသူတွေဟာ တိုးတက်မှုလေး တစ်ခုမြင်ရတိုင်း စီးပွားရေးပြန်ခုန်ထတော့မယ်လို့ တွေးတဲ့အိုင်ဒီယာမျိုးကို ခေါင်းထဲကထုတ်ထားရပါမယ်။ ကြွေးမြီပမာဏတွေ မြင့်မားနေသရွေ့ ဝုန်းခနဲတိုးတက်တာဖြစ်မှာ မဟုတ်ပါဘူး။ လာမယ့် သုံးနှစ်ကနေ ငါးနှစ်အတွင်းမှာတော့ ဖွံ့ဖြိုးပြီးနိုင်ငံအများစုမှာ ပုံမှန်စီးပွားရေးတိုးတက်မှုနှုန်း တစ်ရာခိုင်နှုန်း (သို့မဟုတ်) နှစ်ရာခိုင်နှုန်းလောက်တိုးတာ မြင်ကောင်းမြင်ရပါမယ်။ ဒါဟာ ကမ္ဘာကြီးရဲ့အဆုံးသတ်နိဂုံးမဟုတ်ပါဘူး။

*—Ref: US Economist Kenneth Rogoff, Spiegel*

## ဥရောပဗဟိုဘဏ်က အီတလီနှင့်စပိန်ငွေတိုက်စာချုပ်များကို ဝယ်ယူ

**ဖရန့်ဖတ်၊ ဩဂုတ် – ၁၀**

ဥရောပဗဟိုဘဏ်သည် အီတလီနှင့်စပိန်နိုင်ငံတို့၏ နှစ်ရှည်အာမခံစာချုပ်ဘွန်းများကို ပြင်ပဈေးကွက်တွင် ယူရိုဘီလီယံပေါင်းများစွာဖိုးဝယ်ယူ၍ ၎င်းနိုင်ငံများ၏ လတ်တလော ဘဏ္ဍာရေးအကျပ်အတည်းမှကယ်တင်လိုက်ကြောင်း အေပီသတင်းက ဖော်ပြသည်။

သို့သော် ယင်းသို့ကယ်ဆယ်လိုက်ခြင်းသည် ဥရောပ၏ ၂၁ လကြာ ဘဏ္ဍာရေးအကျပ်အတည်း၏ အခြေခံအကြောင်းအရင်းများကို မပြေလည်နိုင်သေးကြောင်း သတင်းတွင်ဆက်လက်ဖော်ပြသည်။

ယင်းနိုင်ငံများတွင် ကြွေးမြီထူထပ်နေမှုနှင့် စီးပွားရေးနှေးကွေးနေမှုအပေါ် ရင်းနှီးမြှုပ်နှံသူများက စိုးရိမ်မှုများရှိနေ၍ ဘွန်းများကို ဝယ်ယူသူနည်းပါးနေရာ အသစ်ထပ်မံရောင်းချသည့် ဘွန်းများမှာအတိုးနှုန်းများ ကြီးမြင့်နေသည်။ ဥရောပဗဟိုဘဏ်က ကြားဝင်ဝယ်ယူခဲ့၍ ၎င်းအတိုးနှုန်းများကိုအနည်းငယ်လျော့ကျလာစေခဲ့သည်။

စောစောပိုင်းတွင် ဂရိ၊ အိုင်ယာလန်နှင့် ပေါ်တူဂီနိုင်ငံများကိုလည်း ကယ်တင်ထားရသော ဥရောပဗဟိုဘဏ်သည် ဥရောပ၏အကြီးစားစီးပွားရေး နိုင်ငံများဖြစ်သော အီတလီနှင့် စပိန်သာ ကြွေးမြီပျက်ကွက်မည့်အရေးနှင့် ကြုံတွေ့ရပါက ထပ်မံကယ်တင်နိုင်မည့်အလားအလာမရှိကြောင်း သိရသည်။

ဥရောပဗဟိုဘဏ်သည် ဩဂုတ်လ ၈ ရက်တစ်ရက်တည်းမှာပင် ယူရိုငွေ နှစ်ဘီလီယံသုံး၍ ဘွန်းများဝယ်ယူခဲ့ကြောင်း ရှယ်ယာရောင်းဝယ်သူများက ပြောကြားပြီး ဥရောပဗဟိုဘဏ်သည် ဘွန်းများကို ဝယ်ယူရန် တစ်နှစ်အတွင်းဘီလီယံ ၆၀၀ အသုံးပြုခဲ့ကြောင်းပြောသည်။ စပိန်နှင့် အီတလီကြွေးမြီများကို ယူရို ၈၅၀ ဘီလီယံအထိ ဝယ်ယူရဖွယ်ရှိသည်ဟု လေ့လာသူများက ပြောသည်။

*—Ref: AP*

7 DAY NEWS JOURNAL

# Entertainment

Vol.10, No.22 · AUGUST 18, 2011



ဓာတ်ပုံ - ရဲမောင်မောင် (အမရပူရ)

## ကြည်ဖြူသျှင် ပြောပြတဲ့ ခေတ်ရေစီးကြောင်းနဲ့ စပွန်ဆာအဓိပ္ပာယ်

အေးသူစံ

**အမျိုးသမီးဒါရိုက်တာတွေ လက်ချိုးရေလို့ရတဲ့အထဲမှာ ဒါရိုက်တာကြည်ဖြူသျှင်လည်းတစ်ဦးအပါအဝင်ပါ။ အောင်မြင်တဲ့ဗီဒီယိုဇာတ်ကားများစွာကို ရိုက်ကူးနိုင်ခဲ့တဲ့အပြင် 'မိုးညအိပ်မက်မြူ' လို ရုပ်ရှင်ကားကြီးမှာ အမျိုးသားဇာတ်ဆောင်ဆုနဲ့ အမျိုးသမီးဇာတ်ပို့ ဆုတို့ကို ရရှိအောင် လမ်းညွှန်ရိုက်ကူးနိုင်ခဲ့သူတစ်ဦးလည်းဖြစ်ပါတယ်။ ငယ်ရွယ်တဲ့အမျိုးသမီးတစ်ဦး၊ အောင်မြင်တဲ့ဘဝတစ်ခုကိုတည်ဆောက်ထားနိုင်တဲ့သူမက ဒီကဏ္ဍကနေ သူမပတ်ဝန်းကျင်မှာ တွေ့ကြုံကြားသိနေရတဲ့ အကြောင်းအရာနှစ်ခုကိုဆက်စပ်ပြောပြလာပါတယ်။**

ခုခေတ်ရေစီးကြောင်းအရ အစ်မကတော့ မိန်းကလေးတွေအနေနဲ့ မိန်းကလေးတွေဘက်ကို အဓိကထားပြီးပြောချင်တယ်။ အစ်မရဲ့အလုပ်ပတ်ဝန်းကျင်မှာ အလုပ်သဘောသဘာဝအရ ယောက်ျားလေးတွေအရမ်းများတယ်။ ဒါကြောင့် ယောက်ျားတွေရဲ့စကားသံတွေကို အစ်မအရမ်းကြားရတယ်။ သူတို့တွေရဲ့ မိန်းကလေးတွေအပေါ် ထားတဲ့ သဘောထားတွေ၊ အမြင်တွေကို မသိချင်လည်း သိခဲ့ရတယ်။

အဲဒါကြောင့် မိန်းကလေးတွေအနေနဲ့ ကိုယ့်ရဲ့ကိုယ်ကျင့် သိက္ခာတရားကို ပိုပြီးထိန်းသိမ်းဖို့ ပိုစောင့်ရှောက်ဖို့လိုတယ်လို့ အစ်မတော့ထင်တယ်။ နောက်ပြီး ယောက်ျားတစ်ယောက်ကို ချစ်မိလို့ ကိုယ့်ချစ်သူအတွက် အလိုလိုက်အကြိုက်ဆောင်အကုန်လိုက်လျောပေမယ့် တကယ်တမ်းကျတော့ အဲဒီယောက်ျားလေးက ကိုယ့်နောက်ကွယ်မှာ ကိုယ့်ကိုအထင်မကြီးတတ်ဘူး။ နောက်တစ်ခုက ပေးတိုင်းလည်း မကောင်းဘူး။ ကိုယ့်ကိုယ်ကိုယ် တန်ဖိုးရှိအောင်နေမှ တန်ဖိုးထားခံရမှာ။ ကိုယ့်ကိုယ်ကိုယ်တန်ဖိုးရှိအောင်မနေရင် ယောက်ျားလေးက တန်ဖိုးထားမှာမဟုတ်ဘူး။

စာ(၄၉)သို့


## ဆယ်ကျော်သက်အကြိုက် အနုပညာ ဆုပေးပွဲတွင် Harry Potterနှင့် Vampire Diaries ဆုများ ရရှိ

**လော့စ်အိန်ဂျလိစ်၊ ဩဂုတ် - ၈**

ယခုနှစ် ၂၀၁၁အတွက် ရွေးချယ်ခဲ့သော ဆယ်ကျော်သက်အကြိုက် အနုပညာဆု The Choice Awards များ ရွေးချယ်ပွဲတွင် နောက်ဆုံးထွက် ဟယ်ရီပေါ်တာ ရုပ်ရှင် Harry Potter and The Deathly Hallows Part II နှင့် The Vampire Diaries ဇာတ်ကားတို့က ဆုအများစုကို ရရှိခဲ့ကြောင်း သိရသည်။

ပရိသတ်များ၏ ဆန္ဒမဲများဖြင့်ရွေးချယ်ပေးအပ်သည့် ယင်းဆုပေးပွဲကို လော့စ်အိန်ဂျလိစ်တွင်ဩဂုတ် ၇ ရက်က ပြုလုပ်ခဲ့သည်။ ဟယ်ရီပေါ်တာရုပ်ရှင်မှာ Choice Sci-Fi/ Fantasy ရုပ်ရှင်ဆု၊ သရုပ်ဆော် ဒင်နီယယ် ရတ်ကလစ်ဖ်နှင့် အမ်မာဝပ်ဆင်တို့မှာလည်း အမျိုးသားနှင့် အမျိုးသမီး Choice Movie Star ဆုများရခဲ့သည်။ ထို့အပြင် အမ်မာဝပ်ဆင်မှာ Choice Actress ဆုနှင့် တွမ်ဖယ်လ်တန်မှာလည်း Choice Villain ဆုများရခဲ့သည်။

Vampire Diaries ဇာတ်ကားမှာ Choice Fantasy/ Sci-Fi စီးရီးဆုခဲ့ပြီး သရုပ်ဆောင်မင်းသမီးနီနာဒိုဘရတ်နှင့် အီယန်ဆိုမာဟော်လ်ဒါတို့မှာ Fantasy/ Sci-Fi စီးရီးအမျိုးအစားဇာတ်လမ်းများမှ Choice Actor နှင့် Actress ဆုများကိုရခဲ့သည်။ ယခုနှစ်ဆုပေးပွဲတွင် ပေါ့ပ်စတား ဂျပ်စတင်ဘီဘာမှာလည်း CSI ဇာတ်ကားတွင်ပါဝင်မှုအတွက် Choice TV Villain ဆု၊ Choice Male Artist ဆုနှင့် Choice Male Hottie ဆုများရခဲ့သည်။ ၎င်း၏ ချစ်သူ ဆယ်လင်နာဂိုမက်ဇ်မှာလည်း Choice Female Hottie ဆုနှင့် Choice Comedy Actress ဆုများရခဲ့သည်။ —Ref: UPI



## စင်ကာပူ ဖော်မြူလာဝမ်း ကားပြိုင်ပွဲတွင် ရှကီရာ ဖျော်ဖြေမည်

**စင်ကာပူ၊ ဩဂုတ် - ၉**

ကိုလံဘီယာအဆိုတော် ရှကီရာသည်ယခုနှစ်အတွင်း စင်ကာပူတွင်ကျင်းပမည့် ဖော်မြူလာဝမ်း စင်ကာပူဂရင်းပရက်စ်ပြိုင်ပွဲ၌ ဖျော်ဖြေရန်ရှိနေကြောင်း ဒေသခံပြိုင်ပွဲစီစဉ်သူများကပြောသည်။ ပြီးခဲ့သော ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင်"ဝါကာ၊ဝါကာ"သီချင်းဖြင့်အောင်မြင်ခဲ့သည့်ရှကီရာသည်စင်ကာပူ၌ဖော်မြူလာဝမ်းပြိုင်ပွဲအတွက် စက်တင်ဘာ ၂၄ရက်တွင်ဖျော်ဖြေမည်ဖြစ်သည်။

စင်ကာပူဂရင်းပရစ်ပြိုင်ပွဲစီစဉ်သူများသည် မကြာမီကလည်း လင်ကင်ပါ့ခ်၊ ရှက်ဂီ၊ ရစ်ချ်အက်စ်တလေစသည့်နာမည့်ကျော်အဆိုတော်များ၊ ဂီတအဖွဲ့များကို ဖျော်ဖြေရေးအတွက် ခေါ်ယူစီစဉ်ထားကြောင်းဆိုထားသည်။ ကားပြိုင်ပွဲကျင်းပရာ ပတ်ဒန်ပြေးလမ်းအဆင့်တွင် ကြည့်ရှုသူများအတွက်စင်ကာပူဒေါ်လာ ၁၁၈ မှ ၁,၂၈၈ အထိကျသင့်မည့် လက်မှတ်များရောင်းချမည်ဖြစ်ကာ လက်မှတ်ဝယ်ယူသူများအားလုံးသည်ပြေးလမ်းရှိဇုန်(၄)တွင် ရှကီရာ၏ ဖျော်ဖြေမှုကိုပါ ကြည့်ရှုခွင့်ရမည်ဟုသိရသည်။ —Ref: Asiaone



ဓာတ်ပုံ - လမင်းနိုင်

## လက်တွဲဖော်နှင့် စေ့စပ်လိုက်သည့် မော်ဒယ်နှင့် ယောဂဆရာမ နန်းဆုကေဆွမ်

အေးသူစံ

**ရန်ကုန်၊ ဩဂုတ် ၁၃**

မော်ဒယ်နှင့်ယောဂ နည်းပြအဖြစ် နာမည်ကြီးသူ နန်းဆုကေဆွမ်သည်ဩဂုတ်လဆန်းပိုင်းက သူမ၏ ချစ်သူဖြစ်သူ ကိုရဲဝဏ္ဏအေးနှင့် စေ့စပ်ကြောင်းလမ်းလိုက်ကြောင်း သူမကပြောသည်။

"သူနဲ့ခင်မင်လာခဲ့တာ တစ်နှစ်ကျော်လောက်ရှိသွားပြီ။ ခုချိန်မှာ ဘဝချင်းလည်း ဆင်တယ်။ အတွေ့အကြုံချင်းလည်း တူညီတယ်။ ဒါကြောင့် လက်တွဲဖို့ ဆုံးဖြတ်လိုက်တာပါ။ တစ်ယောက်နဲ့တစ်ယောက် လေးစားမှုလည်းရှိတယ်။ နားလည်မှုလည်းရှိတယ်။ ဒီနှစ်ကုန်လောက် မင်္ဂလာဆောင် လုပ်ဖြစ်မှာပါ။ အရမ်းကြီး အကြီးအကျယ်ကြီးလည်းမလုပ်ပါဘူး။ သူနေတဲ့နေရာမှာလည်း တစ်ပွဲလောက်လုပ်ဖို့စဉ်းစားထားတယ်" ဟု နန်းဆုကေဆွမ်က ပြောသည်။

နန်းဆုကေဆွမ်သည် ပြည်တွင်းတွင် ယခုလက်ရှိ၌ ယောဂသင်တန်းတစ်ခုကိုဖွင့်လှစ် နည်းပြနေပြီး ယောဂလေ့ကျင့်ခန်းနှင့် ပတ်သက်သည့် စာအုပ်တစ်အုပ်ကိုလည်းရေးသားပြုစုထုတ်ဝေထားသည်။ သူမ၏ ခင်ပွန်းလောင်းမှာ အင်္ဂလန်နိုင်ငံ၊ လန်ဒန်မြို့တွင် နေထိုင်သူဖြစ်ပြီး လက်ထပ်ပြီးပါက သျှောင်နောက်ဆံထုံးပါရန် စီစဉ်ထားခြင်းရှိမရှိမေးမြန်းရာ "ကိုယ်ကလည်း ဒီဘက်မှာ အလုပ်ကရှိသေးတော့ ကလေးမယူသရွေ့ကတော့ သွားလိုက်လာလိုက်လုပ်ဖြစ်မယ်ဆုံးဖြတ်ထားတယ်။ ကလေးယူဖြစ်ရင်တော့ ဟိုမှာအခြေချဖြစ်မယ်ထင်ပါတယ်" ဟု ဖြေကြားသည်။

ဘဝတစ်သက်တာလုံးအတွက် လက်တွဲဖော်အဖြစ် ရွေးချယ်ခဲ့ခြင်းကို နန်းဆုကေဆွမ်က "တစ်ယောက်တည်းရပ်တည်နေရတဲ့အချိန်မှာ သူ့ဆီက အားပေးမှုတွေ အများကြီးရခဲ့တယ်။ အဓိကကတော့ ပွင့်လင်းရိုးသားစွာစကားပြောလို့ရတာပါပဲ။ အကြောင်းစုံတိုင်ပင်နိုင်တယ်။ စိတ်ပိုင်းဆိုင်ရာထိခိုက်အောင်လည်း တစ်ခါမှ မလုပ်ဘူး၊ မပြောဖူးဘူး။ သူရဲ့ပေးဆပ်မှုက ကိုယ့်ထက်ပိုတယ်။ ဒီအတိုင်း ထာဝရမြဲပါစေလို့ ကျွန်မဆုတောင်းပါတယ်။ သူက ရုပ်အနေနဲ့သိပ်အချောကြီးတော့မဟုတ်ပါဘူး။ ကျွန်မစိတ်အား အရမ်းငယ်နေတဲ့အချိန်မှာ အားပေးခဲ့တဲ့အတွက် သူ့ကို သတိထားခဲ့မိတာပါ"ဟု နန်းဆုကေဆွမ်က ပြောသည်။

7DAY NEWS JOURNAL
Vol.10, No.22 · AUGUST 18, 2011

# အင်္ဂလိပ်လို အယ်လ်ဘမ်ထုတ်ပြီး ကမ္ဘာ့ဖြန့်မယ့် ပရီယန်ကာချိုပရာ

မွမ်ဘိုင်း၊ ဩဂုတ် - ၈

အိန္ဒိယရုပ်ရှင်လောက ဘောလိဝုဒ်၏ ထိပ်တန်းမင်းသမီး ပရီယန်ကာချိုပရာသည် လေဒီဂါဂါသီချင်းများကို ထုတ်ဝေနေသည့် အမေရိကန်ဂီတကုမ္ပဏီ ယူနီဗာဆယ်မြူးဇစ်ဂရုပ်နှင့်တွဲကာ ပထမဆုံး ဂီတအယ်လ်ဘမ်ထုတ်ဝေရန်သဘောတူစာချုပ်ချုပ်ဆိုခဲ့ကြောင်းသိရသည်။ ယူနီဗာဆယ်နှင့် အိန္ဒိယမှ ဒေစီဟစ်ကုမ္ပဏီတို့၏ကြေညာချက်တွင် အသက် ၂၉နှစ်အရွယ်ရှိမင်းသမီးသည် အင်္ဂလိပ်ဘာသာဖြင့် သီဆိုသော ပေါ့ပ်အယ်လ်ဘမ်တစ်ချပ် ထုတ်ဝေရန် သဘောတူခဲ့ကြောင်း ဖော်ပြထားသည်။

သဘောတူညီချက်နှင့်ပတ်သက်၍ မင်းသမီးချိုပရာကလည်း "နောက်ဆုံးတော့ ကျွန်မအိပ်မက်တကယ်ဖြစ်လာတဲ့အတွက် ဝမ်းသာမိပါတယ်။ ကိုယ့်ရဲ့ဂီတအရည်အသွေးကို ကမ္ဘာ့ကိုဖြန့်ခွင့်ရမှာမို့ တကယ်စိတ်လှုပ်ရှားမိပါတယ်" ဟုပြောသည်။ ဒေစီဟစ်ကုမ္ပဏီသည် လက်ရှိတွင် အိန္ဒိယ၌လေဒီဂါဂါ၏ ဖျော်ဖြေပွဲတင် ဆက်နိုင်ရန် စီစဉ်နေပြီး ချိုပရာ၏အယ်လ်ဘမ်ကို မြောက်အမေရိကနှင့် ဗြိတိန်အပါအဝင် နိုင်ငံတကာဈေးကွက်သို့ ယူနီဗာဆယ်နှင့်တွဲဖက်ကာ ဖြန့်ချိသွားမည်ဖြစ်သည်။ ပရီယန်ကာချိုပရာသည် ယခင်ကမော်ဒယ်လ် မယ်ကမ္ဘာဘွဲ့ပိုင်ရှင်တစ်ဦးဖြစ်ခဲ့ပြီး ၂၀၀၂ မှစ၍ ဘောလိဝုဒ်သို့ဝင်ရောက်ကာ ထိပ်တန်းမင်းသမီးတစ်လက်ဖြစ်လာသည်။

—Ref: CNA










7 DAY NEWS JOURNAL
Vol.10, No.22 · AUGUST 18, 2011



# ရဲတိုက်ဖောင်ဒေးရှင်းက စပါးအုံးမြွေတစ်ကောင်ကို တိရစာန်ုသို့ ပေးပို့လှူဒါန်း

**အေးသူစံ**

**ရန်ကုန်၊ ဩဂုတ်- ၉**



ရဲတိုက်ဖောင်ဒေးရှင်းသည် အရှည် ခုနစ်ပေခွဲ၊လုံးပတ်ခြောက်လက်မရှိသော စပါးအုံးမြွေကြီး တစ်ကောင်ကို ရန်ကုန်တိရစ္ဆာန်ဥယျာဉ်သို့ ဩဂုတ်လ ၇ ရက်ညကသွားရောက်လှူဒါန်းခဲ့ကြောင်း ယင်းဖောင်ဒေးရှင်း၏ တာဝန်ရှိသူတစ်ဦးကပြောသည်။

"ဩဂုတ်လ ၇ ရက်က ၄က်အော်စမ်းကိုရဲတိုက်ဖောင်ဒေးရှင်းက အလှူသွားလုပ်တယ်။ အဲဒီမှာ နေ့လယ်စာစားပြီးချိန် လူငယ်တွေက စပါးအုံးမျိုး မြွေတစ်ကောင်ကို မိလာတယ်။မြွေကြီးကတော်တော်လေးကြီးပါတယ်။ ကြက်တစ်ကောင်ကိုလည်း သူက မျိုထားသေးတယ်။ အဲဒီမြွေကြီးကို လူငယ်တွေက ရဲတိုက်ကို လှူလိုက်တယ်။ ရဲတိုက်က ညဘက် ရန်ကုန်ကို ၇နာရီလောက် ပြန်ရောက်တော့ရောက်ရောက်ချင်းပဲ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ကိုသွားလှူလိုက်တာပါ" ဟု ရဲတိုက်ဖောင်ဒေးရှင်းမှ ဦးမျိုးဇော်အောင်(ဒါရိုက်တာရီဇော်)ကပြောသည်။

ရဲတိုက်ဖောင်ဒေးရှင်းသည် ၄က်အော်စမ်းရှိ ကျောင်းသား ၄၅၃ ဦးနှင့် ဝန်ထမ်း ၅၀၀ ကျော်တို့အား နေ့လယ်စာတစ်နပ် လှူဒါန်းခဲ့ပြီး Feel ထမင်းဆိုင်မှ အခမဲ့ချက်ပြုတ်ပေးခြင်းဖြင့် အလှူဒါနပါဝင်ခဲ့သည်။ ထို့ပြင် လူငယ်များအတွက် အင်္ကျီသစ်တစ်ထည်စီ၊ ဘောလုံး၁၀လုံး၊ ပိုးသတ်ဆပ်ပြာအခဲ ၂၅၀၊ ဂစ်တာတစ်လက်၊ အာလူးကြော်၊ ဘီစကစ်၊ တစ်ပတ်ရစ်အဝတ်အစားများ စသည့်ပစ္စည်းများကိုလည်း လှူဒါန်းခဲ့ပြီး စုစုပေါင်း ငွေကျပ်ဆယ့်နှစ်သိန်းဝန်းကျင်လှူဒါန်းခဲ့ကြောင်း သိရသည်။

"ရဲတိုက်က အဲဒီက လူငယ်တွေနဲ့လည်း စကားတွေပြောတယ်။ ကျွန်တော်တို့ခေါ်သွားတဲ့ Volunteer တွေကလည်း ကလေးတွေနဲ့ ထမင်းအတူစားတယ်။ အတူကစားပေးတယ်။ ဒီအလှူအတွက် ပြင်ပက ဝိုင်းပြီးလှူဒါန်းကြတဲ့သူတွေလည်းရှိပါတယ်" ဟု၄င်းက ဆက်လက်ပြောသည်။

## စာ-၄၇၊ ကြည်ဖြူလျှင်ပြောပြတဲ့ ခေတ်ရေစီးကြောင်းနဲ့ စပွန်ဆာအဓိပ္ပါယ် မှ

ခေတ်ရေစီးကြောင်း ဘယ်လောက်တိုးတက်တိုးတက်၊ ဘယ်လိုပြောင်းလဲပြောင်းလဲ အပျိုစင်ဆိုတဲ့ဂုဏ်သိက္ခာကိုစောင့်ထိန်းသင့်ပါတယ်။

နောက်တစ်ခုက ဒီခေတ်မှာ စပွန်ဆာဆိုတဲ့စကားကို အရမ်းသုံးကြတယ်။ ဟိုလူ့ကြည့်လည်း စပွန်ဆာ၊ ဒီလူ့ကြည့်လည်း စပွန်ဆာနဲ့ပြောဆိုနေကြတယ်။ ဒါဟာဂုဏ်ယူစရာမဟုတ်ပါဘူး။ အရမ်းရှက်စရာကောင်းပါတယ်။ ကိုယ့်ရဲ့ကိုယ်ကျင့်သိက္ခာကောင်းကောင်းနဲ့ပဲ အလုပ်လုပ်ကြစေချင်ပါတယ်။

အခုခေတ်မှာ Brand တွေ အရမ်းသုံးကြတယ်။ Brand သုံးမှ လူရာဝင်တယ်ထင်ကြတယ်။ ဟန်းဖုန်းကိုင်တာကအစ အိုင်ဖုန်းမှ ကိုင်ချင်တယ်။ ကိုယ့်ရဲ့ကိုယ်ပိုင်အလှတရားဆိုတာ Brand တွေ သုံးမှမဟုတ်ပါဘူး။ အဓိကက တော့ ကိုယ့်ရဲ့သိက္ခာ Brand ကို တည်ဆောက်ကြပါ။ ကိုယ့်ရဲ့ နာမည်Brand ကိုတည်ဆောက်ကြပါ။ ကိုယ်ပေါ်မှာရှိတဲ့အဝတ်အစား Brand က အရေးမကြီးပါဘူး။ ကိုယ့်ရဲ့ကိုယ်ကျင့်သိက္ခာ Brand က အရေးကြီးပါတယ်။ အစ်မကိုယ်တိုင်လည်း Brand မသုံးပါဘူး။ Brand ကြီးဝတ်ရမှာကိုလည်း အရမ်းနှမြောပါတယ်။ ကိုယ့်ကိုယ်ပေါ်မှာ ဝတ်လိုက်လို့ ဒီအဝတ်အစားနဲ့ ကိုယ်နဲ့လှတယ်၊ တင့်တယ်တယ်ဆိုရင် ကျေနပ်တယ်။ ဟန်းဖုန်းဆိုလည်း အိုင်ဖုန်း မသုံးဘူး။ အစ်မအတွက် လိုအပ်တဲ့ဖုန်းကိုပဲသုံးတယ်။ အိုင်ဖုန်းသုံးသင့်လို့သုံးတာတစ်မျိုးပေါ့။ မလိုအပ်ဘဲနဲ့ ကြွားဝါဖို့အတွက် ဂုဏ်တစ်ခုအဖြစ်တော့ မလုပ်စေချင်ပါဘူး။ တတ်နိုင်လို့သုံးတာသုံးပါ။ မတတ်နိုင်ဘဲနဲ့ လူအထင်ကြီးအောင်သုံးချင်တော့ ငွေလိုတဲ့အခါ စပွန်ဆာဆိုတဲ့စကားလုံးမျိုးတွေ သုံးလာရတယ်။ အဲဒါကြီးကို တော်တော်မကြိုက်ဘူး။ တကယ်တမ်းကျတော့စပွန်ဆာဆိုတဲ့ စကားလုံးက အရမ်းကောင်းတဲ့ စကားလုံးပါ။ အဘိဓာန်ထဲမှာ ကြည့်ကြည့်ရင် 'မရှိတဲ့သူတွေအတွက် ပံ့ပိုးပေးတာ'လို့ အဓိပ္ပာယ်ဖွင့်ဆိုထားပါတယ်။ လုပ်ငန်းတစ်ခုမှာဆိုရင်လည်း ထောက်ပံ့ပေးတဲ့သဘောပေါ့။ ရှိုးပွဲတစ်ပွဲကို စပွန်ဆာပေးတယ်ဆိုတာ ထောက်ပံ့ပေးတဲ့သဘော။ ကူညီပေးတဲ့သဘော။ လူတစ်ယောက်က ကိုယ့်ရဲ့အကျင့်သိက္ခာကို ရောင်းစားလိုက်ပြီးမှ ရတဲ့စပွန်ဆာကြီးကတော့ မကောင်းပါဘူး။ ဒီကဏ္ဍလေးကနေ အစ်မမိန်းကလေးတွေကို ပြောချင်တာက မိန်းကလေးတိုင်း ကိုယ့်ရဲ့အကျင့်သိက္ခာကိုထိန်းသိမ်းစေချင်တယ်။ ငွေနောက်မလိုက်စေချင်ပါဘူး။ နောက်ဆုံးကိုယ့်မှာငွေမရှိတောင် အပျိုစင်ဆိုတဲ့တန်ဖိုးလေးရှိစေချင်တယ်။ ဒါမိန်းကလေးတိုင်းကို အစ်မပြောချင်တဲ့စကားပါ။




Photo-
Htooeainthin Funs
(Facebook)

## အဆိုတော်ထူးအိမ်သင် အမှတ်တရအဖြစ် ထူးအိမ်သင်နေ့ကို ဖေ့စ်ဘွတ်ခ်တွင် ပြုလုပ်

**အေးသူစံ**

**ရန်ကုန်၊ ဩဂုတ်- ၇**

၂၀၀၄ ခုနှစ်၊ဩဂုတ် ၁၄ ရက်က ကွယ်လွန်သွားသော တေးရေး တေးဆို အဆိုတော်ထူးအိမ်သင်အတွက် သတိရတမ်းတကြသော Fan Clubများအတွက် လူမှုဆက်သွယ်ရေးကွန်ရက်တစ်ခုဖြစ်သော ဖေ့စ်ဘွတ်ခ်တွင် အမှတ်တရအနေဖြင့် 'Htoo Eain Thin Day' ထူးအိမ်သင်နေ့ စာမျက်နှာတစ်ခုကို ဩဂုတ်လဆန်းပိုင်းက ထူးအိမ်သင်ပရိသတ်တစ်ဦးက ပြုလုပ်ထားသည်။

ယင်းဖေ့စ်ဘွတ်ခ် စာမျက်နှာသို့ https://www.facebook.com/ event.php?eid=108365122594979 ဖြင့် ဝင်ရောက်ကြည့်ရှုနိုင်ပြီး ထူးအိမ်သင် ကွယ်လွန်ခဲ့သောဩဂုတ်လ ၁၄ ရက်၊ နေ့လယ် ၁၂ နာရီမှ ၂ နာရီတွင် ဖေ့စ်ဘွတ်ခ်စာမျက်နှာရှိ အထက်ပါလင့်သို့ သွားရောက်ပြီး ထူးအိမ်သင်အတွက် အမှတ်တရစာသား များကို မိမိတို့၏ ဖေ့စ်ဘွတ်ခ်ပရိုဖိုင်းတွင် ရေးသားဖော်ပြခြင်း၊ မိမိတို့ဖေ့စ်ဘွတ်ခ်အကောင့်၏ ပရိုဖိုင်းဓာတ်ပုံကို ထူးအိမ်သင် ဓာတ်ပုံတင်ထားခြင်းဖြင့် ထူးအိမ်သင်နေ့ကို ဆင်နွှဲကြရန်စီစဉ်ခဲ့ခြင်းဖြစ်သည်။ ယင်းအပြင် အဆိုပါစာမျက်နှာတွင် ဩဂုတ်လဆန်းပိုင်းမှ ယနေ့အထိ ထူးအိမ်သင် အမှတ်တရစာသားများကို ရေးသားထားကြပြီး ၄င်း၏ နာမည်ကြီးသီချင်းများဖြစ်သော 'အမေ့အိမ်'၊ 'ရာဇဝင်များရဲ့သတို့သမီး'၊ 'မြို့ပြလရောင်တမ်းချင်း' စသည့် တေးသီချင်းစာသားများကိုလည်း ရေးသားထားကြသည်။

"ဒီအစီအစဉ်လေးကို ဖေ့စ်ဘွတ်ခ်သုံးနေရင်းနဲ့ မထင်မှတ်ဘဲ တွေ့လိုက်တာပါ။ အဲဒီအစီအစဉ်လေးကို တက်ဖြစ်မတက်ဖြစ် ဖိတ်ကြားတဲ့ Event လေးကိုတွေ့တော့မှ ဒီပေ့ချ်လေးရှိတာသိရတယ်။ ကျွန်တော်တို့က ထူးအိမ်သင်ခရေဇီပါ။ သူ့သီချင်းတွေနဲ့ လူဖြစ်လာခဲ့တာလေ။ သူဆုံးသွားတာ နှစ်တွေဘယ်လောက်ကြာကြာ သူ့သီချင်း၊သူ့အသံတွေက ခုထိထင်ကျန်နေဆဲပဲ။ အဲဒီနေ့ကျရင် ကျွန်တော်ပရိုဖိုင်းပုံကိုလည်း ထူးအိမ်သင်ပုံပြောင်းတင်ထားမယ်။ သူ့သီချင်းတွေ၊ သူ့ကဗျာတွေကို ရသလောက်၊ စုဆောင်းထားသလောက် ပို့စ်တွေတင်သွား ပေးဖို့ စီစဉ်ထားတယ်" ဟု အသက် ၃၁နှစ်အရွယ်၊ Management လုပ်ငန်းလုပ်ကိုင်သူ ထူးအိမ်သင်ပရိသတ်တစ်ဦးကပြောသည်။


ထူးအိမ်သင်သည်တစ်ကိုယ်တော်ခွေ ၁၅ခွေထွက်ရှိခဲ့ပြီး ကွယ်လွန်ချိန်တွင် ၄၃ နှစ်သာရှိသေးသည်။ ပထမဆုံးတစ်ကိုယ် တော်စီးရီးအဖြစ် ၁၉၈၆ တွင်နာရီပေါ်က မျက်ရည်စက်များ ထွက်ရှိခဲ့ပြီး မှော်ဆရာအိပ်မက်၊ သက်ငြိမ်၊ အတ္တပုံဆောင်ခဲများ၊ အကြင်နာအိပ်မက်၊ အရင်အတိုင်း၊ စကားလုံးမရှိတဲ့ကောင်းကင်၊ ထူး အိမ်သင် Unplugged Live၊ မြို့ပြလရောင်တမ်းချင်း၊ ဝင်ရိုးစွန်းမီး၊ အမေ(သို့မဟုတ်) အကြွင်းမဲ့မေတ္တာတော်သီချင်း၊ အမှတ်တရ ဒဏ်ရာသီချင်းများ၊ အစိမ်းရောင်ရက်စွဲများ၊ တစ်နေ့စာအလွဲများနှင့် ချစ်ခြင်းအားဖြင့်စသည့် တစ်ကိုယ်တော်ခွေများထွက်ရှိခဲ့သည်။

## TOP 10 MOVIES IN AMERICA

ယခုတစ်ပတ်အတွင်း
အမေရိကန်တွင်ဝင်ငွေအကောင်းဆုံး
ရုပ်ရှင်ကားများ

| စဉ် | ဇာတ်ကားအမည် | ဖြန့်ချိသည့်ကုမ္ပဏီ | စုစုပေါင်းဝင်ငွေ (ကန်ဒေါ်လာ) | ပြသသည့် ရက်သတ္တပတ်ပေါင်း |
|---|---|---|---|---|
| ၁။ | Rise of the Planet of the Apes | 20th Century Fox | ၅၄,၈၀၆,၁၉၁ | ၁ |
| ၂။ | The Smurfs | N/A | ၇၅,၉၀၄,၂၄၆ | ၂ |
| ၃။ | Cowboys & Aliens | Universal Pictures | ၆၇,၃၄၉,၅၂၀ | ၂ |
| ၄။ | The Change-Up | Universal Pictures | ၁၃,၅၃၁,၁၁၅ | ၁ |
| ၅။ | Captain America: The First Avenger | Paramount Pic: | ၁၄၃,၂၀၃,၉၆၇ | ၃ |
| ၆။ | Harry Potter and the Deathly Hallows Part II | Warner Bros: | ၃၄၃,၀၈၆,၀၄၅ | ၄ |
| ၇။ | Crazy,Stupid, Love | Warner Bros: | ၄၂,၁၀၂,၂၅၂ | ၂ |
| ၈။ | Friends With Benefits | Screen Gems | ၄၈,၅၂၆,၂၈၇ | ၃ |
| ၉။ | Horrible Bosses | New Line Cinema | ၁၀၅,၁၂၅,၄၁၅ | ၅ |
| ၁၀။ | Transformers: Dark of the Moon | Paramount Pic: | ၃၄၄,၂၄၄,၄၈၆ | ၆ |


## Movie Review
### Colombiana




ကာတာလီယာသည်ငယ်စဉ်က သူ့မိဘများအား သတ်သွားသော လူသတ်သမားများကိုပြန်လည်သတ်ဖြတ်ရန် စိတ်အားထက်သန်နေသည်။ မိမိမျက်စေ့ရှေ့တွင် သတ်သွားခြင်းဖြစ်၍ လူသတ်သမားများမျက်နှာကို ပြက်ပြက်ထင် ထင်မှတ်မိနေသည်။ မိမိကိုယ်ကို စွမ်းရည်ပြည့်ဝသည့် လုပ်ကြံရေးသမားတစ်ယောက်ဖြစ်အောင် ကြိုးစားရင်း သူ့မိဘများအား သတ်သွားသော လူရမ်းကားများကိုရှာဖွေသည်။ ကာတာလီယာတစ်ယောက် လက်စားချေနိုင်မလားဆိုတာ . . . . ။

Zoe Saldanae, Michael Vartan, Josdi Molla, Lennei James တို့ဦးဆောင်ပါဝင်သည့် သည်းထိတ်ရင်ဖို၊ အက်ရှင်ဒရာမာ၊ စွန့်စားမှုပေါင်းစပ်ထားသည့် ဇာတ်ကားအား ဒါရိုက်တာ Olivier Megaton ကရိုက်ကူးထားပြီး Sony Picture က ဩဂုတ် ၂၆ ရက်တွင် ဖြန့်ချိမည်ဖြစ်သည်။

# Sports



7DAY NEWS JOURNAL

Vol.10, No.22 • AUGUST 18, 2011

## ဦးဇော်ဇော်ကို အာဆီယံဘောလုံးအဖွဲ့ချုပ် မီဒီယာကော်မတီဥက္ကဋ္ဌအဖြစ် ခန့်အပ်

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ ဩဂုတ် - ၁၂**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်သည် အာဆီယံဘောလုံးအဖွဲ့ ချုပ် (AFF) ၏ မီဒီယာကော်မတီဥက္ကဋ္ဌအဖြစ် ရွေးချယ်ခန့်အပ်ခြင်းခံရကြောင်း သတင်းရရှိသည်။

ပြီးခဲ့သည့်သီတင်းပတ်က မလေးရှားနိုင်ငံတွင် ပြုလုပ်ခဲ့သည့်အာဆီယံဘောလုံးအဖွဲ့ချုပ်ကောင်စီအစည်းအဝေးအပြီး၌ ဦးဇော်ဇော်အား AFF ၏ (အရေးပေါ်ကော်မတီ)တွင် အဖွဲ့ဝင်နှင့် မီဒီယာကော်မတီတို့တွင် ဥက္ကဋ္ဌအဖြစ်ရွေးချယ်ခန့်အပ်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။

အရှေ့တောင်အာရှဘောလုံးအဖွဲ့ချုပ်တွင် ဥက္ကဋ္ဌအဖြစ် မလေးရှားနိုင်ငံသား HRH Sultan Haji Ahmad Shab ကဆောင်ရွက်နေပြီး အမြဲတမ်းကောင်စီအဖွဲ့ဝင် ၁၁ ဦးနှင့် အလှည့်ကျကောင်စီအဖွဲ့ဝင် ၁၁ ဦးတို့ဖြင့် ဖွဲ့စည်းထားသည်။ အမြဲတမ်းကောင်စီအဖွဲ့ဝင် ၁၁ ဦးမှာ AFF လက်အောက်ရှိသက်ဆိုင်ရာ ဘောလုံးအဖွဲ့ချုပ်များမှ အတွင်းရေးမှူးများဖြစ်သည်။

AFF ၏လက်အောက်တွင် (၁) အရေးပေါ်ကော်မတီ (၂) ငွေကြေးနှင့်ဈေးကွက်ရှာဖွေရေးကော်မတီ (၃) ပြိုင်ပွဲကျင်းပရေးကော်မတီ (၄) ဘောလုံးဖွံ့ဖြိုးတိုးတက်ရေးကော်မတီ (၅) ဒိုင်ကော်မတီ (၆) အမျိုးသမီးကော်မတီနှင့် မီဒီယာကော်မတီတို့ပါဝင်ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း သိရသည်။

## မူးယစ်သောက်စားထားသော ပရိသတ်ကို ဘောလုံးကွင်းအတွင်း ဝင်ခွင့်မပြုတော့ဟုဆို

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ ဩဂုတ်- ၃**

ဘောလုံးအားကစားကွင်းအတွင်းသို့ မူးယစ်သောက်စားထားသည့် ပရိသတ်များကို ဝင်ရောက်အားပေးကြည့်ရှုခွင့်ပေးမည်မဟုတ်တော့ကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။



ပွဲမပြီးဆုံးခင် ရပ်နားခဲ့ရသော ပြီးခဲ့သည့်မြန်မာ-အိုမန်ပွဲစဉ်တွင် ကွင်းအတွင်းသို့ အရာဝတ္ထုမျိုးစုံနှင့် ပစ်ပေါက်ခဲ့ကြသောပရိသတ်အချို့တွင် အများစုမှာ အရက်မူးနေသည့် သူများ ဖြစ်ကြောင်း အဆိုပါ တာဝန်ရှိသူက ဆိုသည်။

"အရက်နံ့ရတာတို့၊ အရက်မူးနေတဲ့သူတွေကို လုံခြုံရေးတပ်ဖွဲ့ဝင်တွေက စစ်ဆေးတွေ့ရှိရင် ကွင်းထဲကို ဝင်ရောက်ကြည့်ရှုခွင့်ပေးမှာ မဟုတ်တော့ပါဘူး။ အဖွဲ့ချုပ်အနေနဲ့လည်း ပရိသတ်တွေ စည်းကမ်းရှိရှိ အားပေးနိုင်ဖို့ လှုံ့ဆော်စာ၊ ဆိုင်းဘုတ်တွေအရင်ကထက် ပိုမိုပညာပေးစည်းရုံးမှုတွေ ဆောင်ရွက်သွားမှာပါ"ဟု ၎င်းကပြောသည်။

"အရက်သောက်ထားပြီး မူးနေတဲ့သူတွေကို ကွင်းထဲဝင်ခွင့်မပေးတော့ဘူးဆိုရင်တော့ကောင်းပါတယ်။ မြန်မာ-အိုမန်ပွဲစဉ်ကွင်းအတွင်းကျနေတဲ့ အရက်ပုလင်းအရေအတွက်ကိုကြည့်ခြင်းအားဖြင့်ဘယ်လောက်သောက်လာကြတယ်ဆိုတာသိသာပါတယ်။ မူးနေတဲ့သူဟာ ဆင်ခြင်တုံတရားလည်းမရှိတော့ပါဘူး။ သူတို့ပစ်ပေါက်နေတာဟာ ဘာကိုမကျေနပ်လို့လဲဆိုတာ ပြောရခက်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ပွဲ ကိုပြန်စနိုင်ဖို့ ပရိသတ်တွေကို တောင်းပန်နေတဲ့တာဝန်ရှိသူတွေကိုလည်း ပစ်ပေါက်နေကြတာပါပဲ" ဟု ပရိသတ်တစ်ဦးက ပြောသည်။

ထို့ပြင် ကွင်းအတွင်းသို့ အန္တရာယ် ရှိ ပစ္စည်းများလည်းယူဆောင်ခွင့်ပေးမည်မဟုတ်တော့ဘဲ နောက်ပိုင်းတွင် ထီးများယူဆောင်ခွင့်ပါတားမြစ်ရန် စီစဉ်သွားမည်ဖြစ်ကြောင်း အဖွဲ့ချုပ်မှ တာဝန်ရှိသူကပြောသည်။

"နောက်ပိုင်း ထီးတွေပါ ယူဆောင်ခွင့်ပေးမှာမဟုတ်ပါဘူး။ ထီးပါလာရင် စနစ်တကျအပ်နှံနိုင်ဖို့ အဖွဲ့ချုပ်ကစီစဉ်သွားမှာပါ။ ဘာကြောင့်လဲဆိုတော့ ထီးဟာလည်းအန္တရာယ်ရှိတဲ့ပစ္စည်းဖြစ်လို့ပါ။ ဘောလုံးပွဲတွေမှာအားပေးတဲ့ပရိသတ်တွေ စည်းကမ်းရှိရှိ စနစ်တကျအားပေးနိုင်ဖို့ဆိုတာ ပရိသတ်အချင်းချင်းပြန်ထိန်းသိမ်းပေးဖို့လည်း လိုအပ်ပါတယ်" ဟု အထက်ပါတာဝန်ရှိသူက ပြောသည်။

## မြန်မာနိုင်ငံလုံးဆိုင်ရာ မသန်စွမ်းအားကစားပြိုင်ပွဲ ကျင်းပမည်

မေဝင်းမွန်

**ရန်ကုန်၊ ဩဂုတ်-၁၀**

မြန်မာနိုင်ငံလုံးဆိုင်ရာ မသန်စွမ်းသူများ အားကစားပြိုင်ပွဲကို (၂၃) ကြိမ်မြောက်အဖြစ်လာမည့် စက်တင်ဘာလတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

စက်တင်ဘာ ၁၂ ရက်မှ ၁၇ ရက်အထိ ကျင်းပမည့်အားကစားပြိုင်ပွဲတွင် ပြည်နယ်နှင့် တိုင်းဒေသကြီး၊ ဝန်ကြီးဌာနများစသည်ဖြင့် မသန်စွမ်းအဖွဲ့အစည်း ၂၀၀ ကျော်မှ အားကစားသမားများ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

စက်တင်ဘာ ၁၄ ရက်တွင် ရေကူး၊ စားပွဲတင်တင်းနစ်၊ ၁၅ ရက်တွင် ထိုင်လျက်ဘော်လီဘော၊ ၁၆ ရက်တွင် ကြက်တောင်ရိုက်၊ ၁၇ ရက်တွင် ဝေါက်သီးရိုက်ပြိုင်ပွဲများ ပြုလုပ်မည်ဖြစ်ကာ အမျိုးသားရေကူးကန်၊ အောင်ဆန်းကွင်းမိုးလုံလေလုံအားကစားရုံ၊ ကျုံးကြီးလမ်း ကြက်တောင်အားကစားရုံ၊ မင်္ဂလာဒုံ တပ်မတော်ဝေါက်ကွင်းတို့တွင် ကျင်းပမည် ဖြစ်သည်။

ယင်းပြိုင်ပွဲမှထူးချွန်သူများကို ၂ လ စခန်းသွင်းကာ ဒီဇင်ဘာလတွင် အင်ဒိုနီးရှားနိုင်ငံ၌ကျင်းပမည့် အရှေ့တောင်အာရှနိုင်ငံများ မသန်စွမ်းအားကစားပြိုင်ပွဲ (ASEAN ParaGames) တွင် ယှဉ်ပြိုင်စေမည်ဖြစ်ကြောင်း သိရသည်။

## မြန်မာစက်ဘီးအားကစားအဖွဲ့ နိုင်ငံတကာ ကစားသမားများနှင့် ပူးတွဲလေ့ကျင့်မည်

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ ဩဂုတ်-၁၀**

အာရှကွင်းတွင်း စက်ဘီးပြိုင်ပွဲ (ACC Track Cup 2011 )သို့ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာစက်ဘီးအားကစားအဖွဲ့သည် ၎င်းပြိုင်ပွဲမတိုင်မီ နိုင်ငံတကာ အားကစားသမားများနှင့် ပူးတွဲလေ့ကျင့်မှုများပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။



အဆိုပါပြိုင်ပွဲကို ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ရှိ (Hug Mark Velodrome)စက်ဘီးကွင်းတွင် လာမည့် စက်တင်ဘာ ၁၀ ရက်မှ ၁၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး အာရှနိုင်ငံများမှ အားကစားသမားများနှင့်အတူ မြန်မာနိုင်ငံမှ အမျိုးသား ၆ ဦးနှင့် အမျိုးသမီး ၇ ဦးဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

စာ(၅၁)သို့




7DAY NEWS JOURNAL
Vol.10, No.22 • AUGUST 18, 2011



# အာရှဘောလုံးအဖွဲ့ချုပ်ဖလားသို့ မြန်မာကလပ်အသင်းများဝင်ခွင့်ရရန် လိုအပ်ချက်များရှိနေ

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ ဩဂုတ်-၁၂**

အာရှဘောလုံးအဖွဲ့ချုပ်ဖလား (AFC Cup)ပြိုင်ပွဲသို့ မြန်မာကလပ်အသင်းများ ဝင်ရောက်ခွင့်ရရှိရန် လိုအပ်ချက်များရှိနေသေးကြောင့် AFC မှတာဝန်ရှိသူများက ပြော သည်။

အာရှဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများသည် ပြီးခဲ့သည့် ဩဂုတ် ၅ ရက်မှ ၈ ရက်အထိ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲများ ကျင်းပနေသည့်ကွင်းခြောက်ကွင်းကို စစ်ဆေးမှုများပြုလုပ်ခဲ့ခြင်းဖြစ်ပြီး လိုအပ်ချက်များ၊ ပြုပြင်ရမည့် အချက်များကို ရှင်းလင်းပြောကြားခဲ့ခြင်းဖြစ်သည်။

"မြန်မာအနေနဲ့ ဒုတိယအဆင့် AFC ဖလားပြိုင်ပွဲဝင်ရောက်ခွင့်ရရှိဖို့ အလားအလာကောင်းတွေရှိပါတယ်။ ဒါပေမဲ့ ကွင်းတွေမှာ မီဒီယာအထောက်အပံ့ပစ္စည်းတွေ၊ နေရာတွေ၊ ကွင်းအလင်းပေးစနစ် အစရှိတဲ့ လိုအပ်ချက်တွေကို ထပ်မံဖြည့်ဆည်းဖို့ လိုပါဦးမယ်" ဟု AFC မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် အထက်ပါလိုအပ်ချက်များကို ဖြည့်ဆည်းပြင်ဆင်ပြီးသည့် အထောက်အထားဓာတ်ပုံများကို လာမည့် အောက်တိုဘာ ၁၄ ရက်မတိုင်မီ အာရှဘောလုံးအဖွဲ့ချုပ်သို့ ပေးပို့သွားရမည်ဖြစ်ကြောင်း သိရသည်။

"သက်ဆိုင်ရာ အသင်းတွေ လိုအပ်တာတွေပြင်ဆင်ပြီးရင် အဖွဲ့ချုပ်ကလည်း သွားရောက် စစ်ဆေးမှာပါ။ သုဝဏ္ဏကွင်းက မီးမောင်းကြီးတွေကိုလည်း 1200 Lux အထိ မီးအားမြှင့်တင်ဖို့စီစဉ်နေပါပြီ" ဟု ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

လာမည့် နိုဝင်ဘာ ၂၃ ရက်တွင် ကျင်းပပြုလုပ်မည့် အာရှဘောလုံးအဖွဲ့ချုပ် အမှုဆောင်ကော်မတီ အစည်းအဝေးတွင် မြန်မာကလပ်အသင်းများအနေဖြင့် AFC ဖလားပြိုင်ပွဲသို့ဝင်ရောက်ခွင့်အား ဆုံးဖြတ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# ပထမဆုံးအကြိမ် ကျောင်းပေါင်းစုံ ဘတ်စကက်ဘောလိဂ်ပြိုင်ပွဲ ကျင်းပမည်

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ ဩဂုတ်-၁၂**

ပြိုင်ပွဲဝင် အသင်းပေါင်း ၁၀၀ ဝန်းကျင်ပါဝင်ယှဉ်ပြိုင်ကြမည့် ပထမဆုံးအကြိမ် ကျောင်းပေါင်းစုံ 3 on 3 ဘတ်စကက်ဘောလိဂ်ပြိုင်ပွဲကို ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်နှင့် ရန်ကုန်တိုင်းဒေသကြီး အခြေခံပညာ (၃)တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် အဆိုပါပြိုင်ပွဲကို ဩဂုတ် ၂၁ ရက်မှစတင်၍ အ. ထ. က(၄)အလုံနှင့် အ. ထ. က(၁)လမ်းမတော်ရှိ အားကစားရုံများတွင် ကျင်းပသွားမည်ဖြစ်သည်။

"ဒီပြိုင်ပွဲကို တစ်ပတ်ကို ကျောင်းပိတ်ရက်တစ်ရက်(တနင်္ဂနွေ)မှာပဲ ကျင်းပသွားမှာ လေးပတ်ကနေ ခြောက်ပတ်အတွင်း အမှတ်ပေးပြိုင်ပွဲ ပြုလုပ်သွားမှာဖြစ်ပြီး အမှတ်အများဆုံး အသင်း ဗိုလ်စွဲမှာပါ။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိကျောင်းအားလုံးက ပြိုင်ပွဲဝင် အသင်းအကန့်အသတ်မရှိ ဝင်ရောက်ယှဉ်ပြိုင်နိုင်ပါတယ်" ဟု မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

3 on 3 ဘတ်စကက်ဘောအားကစားနည်းသည် ပြိုင်ပွဲဝင်တစ်သင်းလျှင် ကစားသမားလေးဦးပါဝင်ပြီး သုံးဦးဝင်ရောက်ကစားရခြင်းဖြစ်ကာ တစ်ပိုင်းလျှင် အချိန်ခုနစ်မိနစ်စီဖြင့် နှစ်ပိုင်း(ကွင်းတစ်ဝက်)ကစားရခြင်းဖြစ်ကြောင်း သိရသည်။

သက်တမ်းအလိုက် ၁၆ နှစ်အောက်၊ ၁၄ နှစ်အောက်၊ ၁၂ နှစ်အောက်(ကျား၊ မ)ပြိုင်ပွဲအမျိုးအစားများပါဝင်မည့် အဆိုပါပြိုင်ပွဲသို့ ဩဂုတ် ၁၂ ရက်အထိ အသင်းပေါင်း ၇၀ ကျော်ဝင်ရောက်ယှဉ်ပြိုင်ရန် စာရင်းပေးထားပြီးဖြစ်ကြောင်းနှင့် ဆုကြေးများလည်း ထိုက်တန်စွာ ချီးမြှင့်သွားမည်ဖြစ်ကာ ဝင်ရောက်ယှဉ်ပြိုင်လိုသည့် အသင်းများသည် ဖုန်း-၅၅၆၉၅၂ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း အထက်ပါတာဝန်ရှိသူကပြောသည်။



# အာဆင်နယ်-လီဗာပူး၊ မန်ယူ-စပါး ထိပ်တိုက်တွေ့ဆုံမှုများနှင့် ပရီးမီးယားလိဂ်ပွဲစဉ် (၂) ပွဲကြိုခန့်မှန်းချက်

ကိုထိုက်

ဒီတစ်ပတ် ပရီးမီးယားလိဂ်ပွဲစဉ်(၂)မှာတော့ ပွဲစဉ်(၁)တုန်းက မကစားလိုက်ရတဲ့ စပါးနဲ့အဲဗာတန်အသင်းတို့ရဲ့ မန်ယူ၊ ကျူပီအာတို့နဲ့ တွေ့တဲ့ပွဲစဉ်တွေ ပါဝင်လာနေပြီး ပွဲစဉ် ၂ ရဲ့ဆယ်ပွဲစလုံးကိုလည်းအစီအစဉ်အတိုင်း ကျင်းပနိုင်မယ်ထင်ရပါတယ်။ ဒီတစ်ပတ်ပွဲစဉ်တွေထဲမှာ အာဆင်နယ်၊ ချယ်လ်ဆီး၊မန်ယူအသင်းကြီးတွေကအိမ်ကွင်းပွဲတွေ ကစားရမှာမို့ နိုင်ခြေများနေပါတယ်။ ပွဲကြီးတွေအဖြစ် အာဆင်နယ်-လီဗာပူးပွဲနဲ့ မန်ယူ-စပါးထိပ်တိုက်တွေ့ဆုံတဲ့ပွဲတွေကတော့ စိတ်ဝင်စားစရာကောင်းမှာပါ။

<u>**၂၀၊ ဩဂုတ်၊ စနေ**</u>

**ဆန်ဒါးလန်း - နယူးကာဆယ်**

**(ညနေ ၅ နာရီ ၃၀ မိနစ်)**

**ယမန်နှစ်ရလဒ် ၁-၁**

ဒီနှစ်သင်းနောက်ဆုံးတွေ့ဆုံမှုသုံးကြိမ်မှာ နှစ်ကြိမ်သရေကျခဲ့ပြီး နယူးကာဆယ်က တစ်ကြိမ်နိုင်ထားတယ်။ အံ့ဩစရာတစ်ချက်ကလည်း ဆန်းဒါးလန်းဟာ ၂၀၀၈ ဧပြီကစလို့ နယူးကာဆယ်ကိုအိမ်ကွင်းနှစ်ပွဲကစားရာမှာ တစ်ပွဲနိုင်၊ တစ်ပွဲသရေ ရထားပြီး တစ်ကြိမ်မှ မရှုံးဖူးသေးတာပါ။ နယူးကာဆယ်တို့ ခက်ခဲနိုင်ပြီးသရေ(သို့မဟုတ်)တစ်ဂိုးအသာလောက်နဲ့ပဲ ကပ်နိုင်ဖွယ်ရှိပါတယ်။

**အာဆင်နယ် - လီဗာပူး**

**(ညနေ ၆ နာရီ ၁၅ မိနစ်)**

**ယမန်နှစ်ရလဒ် ၁-၁**

အာဆင်နယ်ဟာ လီဗာပူးနဲ့တွေ့တိုင်းဂိုးမပြတ်ခဲ့တာ ကြာပါပြီ။ ယမန်နှစ်က အိမ်ကွင်းအဝေးကွင်းနှစ်ကျော့စလုံး သရေကျခဲ့တယ်။ အာဆင်နယ်မှာ ဗန်ပါစီ၊ အာရှာဗင်၊ ရိုဆစ်စကီးတို့ရှိနေပြီး အသင်းကစားပုံယမန်နှစ်ကတိုင်း အထိုင်မပျက်လောက်ပေမယ့် လီဗာပူးက ယမန်နှစ်ကထက်ပိုကောင်းလာနိုင်တယ်။ ဂျရတ်မပါဝင်နိုင်လည်း ညီ့သည်လီဗာပူးတို့အနည်းဆုံး သရေရနိုင်တဲ့ပွဲပါ။ နှစ်သင်းပေါင်းသွင်းဂိုးလည်းနည်းလိမ့်မယ်။

**ဗီလာ - ဘလက်ဘန်း**

**ည ၈ နာရီ ၃၀ မိနစ်**

**ယမန်နှစ်ရလဒ် ၄-၁**

ဗီလာဟာ ယမန်နှစ်က ဘလက်ဘန်းကို အဝေးကွင်းမှာ ရှုံးခဲ့ပေမယ့် အိမ်ကွင်းမှာ ၄-၁ ဂိုးနဲ့ ဂိုးပြတ်နိုင်ခဲ့တယ်။ ဒါကြောင့် အက်ဖ်အေဖလားနဲ့ လိဂ်ဖလားတွေမှာလည်း နှစ်ကြိမ်ဆက်တိုက်နိုင်ခဲ့တာမို့ အိမ်ကွင်းမှာ အပေါ်စီးက ဖိကစားမှာပါ။ အဘွန်လဟော်ဦးဆောင်တဲ့ ဗီလာတိုက်စစ်ကိုယုံသင့်ပါတယ်။ ဗီလာတို့ နှစ်ဂိုးလောက်ရသွားနိုင်ပါတယ်။

**အဲဗာတန် - ကျူပီအာ**

**ည ၈ နာရီ ၃၀ မိနစ်**

**ယမန်နှစ်ရလဒ် -မရှိ**

အဲဗာတန်တို့စပါးနဲ့ပွဲကိုရွှေ့ဆိုင်းခဲ့ရတာမို့ ဒီပွဲက ပရီးမီးယားလိဂ်ပွဲဦးထွက် ဖြစ်ပါတယ်။ တန်းတက်ကျူပီအာတို့ အဝေးကွင်းမှာ ဝါရင့်အဲဗာတန်ကို ယှဉ်နိုင်ဖွယ်မရှိပါဘူး။ အဲဗာတန်နိုင်ခြေများပြီးဂိုးနည်းနိုင်ခြေရှိပါတယ်။

**ဆွမ်းဆီး - ဝီဂန်**

**ည ၈ နာရီ ၃၀ မိနစ်**

**ယမန်နှစ်ရလဒ် မရှိ**

ဒီနှစ်သင်းနောက်ဆုံးတွေ့ဆုံဖူးတာ ၂၀၁၀ အောက်တိုဘာ လိဂ်ဖလားပွဲမှာ ဖြစ်ပြီး ထိုစဉ်က ဝီဂန်ကနိုင်ခဲ့ပါတယ်။ တန်းတက်ဆွမ်းဆီးတို့ အိမ်ကွင်းမှာ နိုင်ပွဲရှာရမှာဖြစ်ပြီး ဝီဂန်တို့ ကြိုးစားရဖွယ်ရှိတယ်။ အိမ်ရှင်ဆွမ်းဆီးကို ပိုကြိုက်မိပြီး ဝီဂန်သရေလောက်ပဲ အမြင့်ဆုံးရနိုင်တယ်။ နှစ်သင်းပေါင်းသွင်းဂိုးနည်းပါတယ်။

**ချယ်လ်ဆီး - ဝက်စ်ဘရွန်း**

**ည ၁၁ နာရီ**

**ယမန်နှစ်ရလဒ် ၆-၀**

ချယ်လ်ဆီးတို့ ယမန်နှစ်က နှစ်ကျော့စလုံး ဂိုးပြတ်တွေနဲ့ နိုင်ခဲ့တယ်။ နည်းပြဘိုအာအနေနဲ့ ဒီပွဲမှာတောရက်စ်ပါဝင်နိုင်ရင် ထည့်သုံးနိုင်ဖွယ်ရှိပြီး ချယ်ဆီးတို့ကွင်းလယ်အားနဲ့ပဲ ပွဲကိုစိုးမိုးကာ နှစ်ဂိုးလောက်ရနိုင်ပါတယ်။ ချယ်လ်ဆီးတို့ အနိုင်သုံးမှတ် သေချာသလောက်ရှိနေပါတယ်။

<u>**၂၁ ဩဂုတ်။ တနင်္ဂနွေ**</u>

**နောဝစ်ချ်စီးတီး - စတုတ်စီးတီး**

**ည ၇ နာရီ**

**ယမန်နှစ်ရလဒ် -မရှိ**

အိမ်ရှင်နောဝစ်ချ်တို့စတုတ်ကို အလွယ်တကူ အနိုင်ရမှာ မဟုတ်ပါဘူး။ စတုတ်ရဲ့ အဝေးကွင်းခြေစွမ်းကို ယုံကြည်သင့်ပြီး နောဝစ်ချ်တို့ ဂိုးအနည်းနဲ့ ကပ်ရှုံးနိုင်တယ်။ သရေပွဲဆိုရင် ဖြစ်သင့်တဲ့ရလဒ်ပါ။

**ဝုလ် - ဖူလ်ဟမ်**

**ည ၇ နာရီ ၃၀ မိနစ်**

**ယမန်နှစ်ရလဒ် ၁-၁**

ဒီနှစ်သင်းနောက်ဆုံးတွေ့ဆုံမှုငါးကြိမ်မှာ ဝုလ်ကနှစ်ကြိမ်နိုင်ပြီး ဖူလ်ဟမ်က တစ်ကြိမ်နိုင်ကာနှစ်ကြိမ်သရေကျထားတယ်။ ဖူလ်ဟမ်ဟာ ၂၀၁၀ ဧပြီကစလို့ ဝုလ်နဲ့သုံးပွဲမှာ ရှုံးပွဲမရှိသေးဘဲ သရေနှစ်ပွဲနဲ့ အနိုင်တစ်ပွဲရထားတယ်။ အသင်းလိုက်ကစားပုံပိုကောင်းတဲ့ ဖူလ်ဟမ်ကို ရွေးသင့်ပါတယ်။

**ဘော်လ်တန် - မန်စီးတီး**

**ည ၉ နာရီ ၃၀ မိနစ်**

**ယမန်နှစ်ရလဒ် ၀-၂**

ဒီနှစ်သင်းနောက်ဆုံးတွေ့ဆုံမှုငါးကြိမ်စလုံးမှာ တစ်ကြိမ်သာသရေကျပြီး ကျန်လေးကြိမ်မှာ မန်စီးတီးနိုင်ခဲ့ပါတယ်။ မန်စီးတီးတို့ အဝေးကွင်းဆိုပေမယ့် တိုက်စစ်ကစားမှာဖြစ်ကာ သွင်းဂိုးတွေနှစ်ဂိုးအသာလောက် ရနိုင်ပါတယ်။ ဘောလ်တန်တို့ သရေတစ်မှတ်ရဖို့တောင် ခက်ခဲမှာပါ။

<u>**၂၃ ဩဂုတ် အင်္ဂါ**</u>

**မန်ယူ - စပါး**

**နံနက် ၁ နာရီ ၃၀ မိနစ်**

**ယမန်နှစ်ရလဒ် ၂-၀**

မန်ယူတို့ကွန်မြူနတီဒိုင်းမှာအကောင်းဆုံးကစားခဲ့တဲ့ပုံစံကိုဆက်ထိန်းပြီး ဒီအိမ်ကွင်းပွဲမှာလည်း ညီ့သည့်စပါးကို ဖိကစားနိုင်ပါတယ်။ နောက်ဆုံးတွေ့ဆုံမှုငါးကြိမ်မှာ မန်ယူက လေးကြိမ်နိုင်ထားတာ မမေ့ပါနဲ့။ ဒါ့အပြင် မန်ယူဟာ စပါးနဲ့ နောက်ဆုံးအိမ်ကွင်းသုံးပွဲမှာ နှစ်ဂိုးအသာနဲ့ ချည်းနိုင်ခဲ့တာဖြစ်တယ်။ မန်ယူတို့ အပြန်အလှန် သွင်းဂိုးတွေနဲ့နိုင်သွားမယ့်ပွဲမျိုးပါပဲ။

## စာ(၅၀) - မြန်မာစက်ဘီးအားကစားအဖွဲ့ နိုင်ငံတကာ ကစားသမားများနှင့် ပူးတွဲလေ့ကျင့်မည် မှ

ငင်းပြိုင်ပွဲ မတိုင်မီ ဂျပန်နိုင်ငံမှ Shuzenji စက်ဘီးသင်တန်းကျောင်းနှင့် ထိုင်းနိုင်ငံစက်ဘီးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ဖွင့်လှစ်သည့် Training Camp ကိုလည်း ဩဂုတ် ၃၀ ရက်မှ စက်တင်ဘာ ၈ ရက်အထိ Mobile Sub-cenber (ကွင်းတွင်း) စက်ဘီး လေ့ကျင့်ရေးစခန်းတွင် ပြုလုပ်သွားမည်ဖြစ်ရာ မြန်မာစက်ဘီးအားကစားသမားများလည်း ဝင်ရောက်လေ့ကျင့်သွားမည်ဖြစ်သည်။

"လက်ရှိ ပဏာမလက်ရွေးစင်တွေထဲမှာ လူငယ်လေးတွေ တစ်ဝက်လောက်ပါပါတယ်။ ဒီ လေ့ကျင့်ရေးစခန်းနဲ့ ပြိုင်ပွဲဝင်ခြင်းအားဖြင့်နိုင်ငံတကာကွင်းအတွေ့အကြုံနဲ့ ပြိုင်ပွဲအတွေ့အကြုံတွေ ရရှိစေမှာဖြစ်ပါတယ်" ဟုမြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်သည် ပဏာမလက်ရွေးစင် အားကစားသမားများအား ကိုရီးယားနည်းပြဆရာနှင့် လေ့ကျင့်ပေးလျက်ရှိပြီး၊ လာမည့် ဆီးဂိမ်းပြိုင်ပွဲအတွက် အပြီးသတ်လူစာရင်းအား စက်တင်ဘာလနောက်ဆုံးပတ်တွင် ရွေးချယ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

7 DAY NEWS JOURNAL
Vol.10, No.22 • AUGUST 18, 2011

## မငြိမ်မသက်မှုများ ဆက်ဖြစ်နေပါက လန်ဒန်အိုလံပစ်ကို နေရာပြောင်းရွှေ့သင့်ကြောင်း ဂျာမန်အမတ်တစ်ဦးက ပြောကြား

**လန်ဒန်၊ ဩဂုတ် - ၁၃**

လန်ဒန် ၂၀၁၂ အိုလံပစ်ကျင်းပရေးတာဝန်ရှိသူများသည် ပြီးခဲ့သည့်ရက်ပိုင်းအတွင်း လန်ဒန်၌ဖြစ်ပွားခဲ့သော မတည်ငြိမ်မှုများ ဆက်လက်ဖြစ်ပွားလာပါက အိုလံပစ်ပြိုင်ပွဲကို နေရာပြောင်းရွှေ့ကျင်းပရန် စဉ်းစားသင့်ကြောင်း ဂျာမန်ပါလီမန်အမတ်တစ်ဦးဖြစ်သူ မန်နူရယ်ဟော်ဖာလင်းက ပြောကြားလိုက်သည်။ ယခုအခါ လန်ဒန်တွင် ပြီးခဲ့သော ဩဂုတ် ၆ ရက်မှစတင်ဖြစ်ပွားခဲ့သော မငြိမ်မသက်မှုများမှာ တည်ငြိမ်စပြုနေပြီဖြစ်သည်။ အဆိုပါမငြိမ်သက်မှုများသည်ငြိမ်းချမ်းစွာ ဆန္ဒပြနေသော သူတစ်ဦးကို ရဲတပ်ဖွဲ့က သေဆုံးအောင် ပစ်ခတ်ခဲ့မှုအပြီး စတင်ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် ဂျာမနီ၏ လက်ယာစွန်း ညွန့်ပေါင်း အစိုးရအဖွဲ့မှအမတ်တစ်ဦးဖြစ်သူ ဟော်ဖာလင်းက "ပြိုင်ပွဲကို ဒီတစ်နေ့က နေနောက်တစ်နေ့ကို ရက်ရွှေ့လို့ မရနိုင်ပါဘူး။ ဒါ့ကြောင့် အခြေအနေတွေဟာ အခုလိုပဲ ဆက်ဖြစ်နေမယ်ဆိုရင် ပြိုင်ပွဲကျင်းပရာနေရာကို ပြောင်းလဲဖို့ ကြိုစဉ်းစားရမှာပါ" ဟုဆိုသည်။ ယခုအခါလန်ဒန်အိုလံပစ် ကျင်းပရေးတာဝန်ခံများနှင့် နိုင်ငံတကာအိုလံပစ်ကော်မတီတို့ကမူ အကြမ်းဖက်မှုများကြောင့် လန်ဒန်မြို့တော်၏ ပုံရိပ်နှင့် အိုလံပစ်အတွက်ပြင်ဆင်နေမှုများကို ထိခိုက်စေနိုင်မည် မဟုတ်ကြောင်း အာမခံပြောကြားထားသည်။

ဂျာမနီသည် ၁၉၇၂ ခုနှစ်တွင်မြူးနစ်အိုလံပစ်ပြိုင်ပွဲကို ကျင်းပခဲ့ပြီးနောက်ပိုင်း မည်သည့်အိုလံပစ်ပွဲကိုမှကျင်းပခွင့်မရသေးပေ။ မြူးနစ်မြို့တော်သည် ပြီးခဲ့သည့်လကလည်း ၂၀၁၈ ဆောင်းရာသီအိုလံပစ် အိမ်ရှင်အဖြစ် လျှောက်ထားမှုတွင်ရှုံးနိမ့်ခဲ့သည်။

—*Ref: Eurosport*

## ကမ္ဘာ့နံပါတ်တစ် ဝမ်ရှီးရှန် ကမ္ဘာ့ကြက်တောင်ရိုက် ချန်ပီယံရှစ်ပြိုင်ပွဲတွင် ရှုံးနိမ့်

**လန်ဒန်၊ ဩဂုတ် - ၁၃**

ကမ္ဘာ့အမျိုးသမီး ကြက်တောင်လောက၏ တစ်ဦးချင်းပြိုင်ပွဲ ချန်ပီယံ၊ ကမ္ဘာ့နံပါတ်တစ် ဝမ်ရှီးရှန်သည် ကျင်းပလျက်ရှိသော ကမ္ဘာ့ကြက်တောင်ရိုက် ချန်ပီယံရှစ်ပြိုင်ပွဲတွင် ကွာတားဖိုင်နယ်၌ တိုင်ပေမှ ချန်ရှောက်ချီအား ရှုံးနိမ့်ကာပြိုင်ပွဲမှ ထွက်ခွာခဲ့ရသည်။

အာရှအားကစားပြိုင်ပွဲ၏ ချန်ပီယံလည်းဖြစ်သူ ဝမ်သည် ပြိုင်ပွဲ၌ ဦးစားပေးအဆင့် ၇ သာရသော ချန်ကို ပွဲပယ်နှစ်ပွဲဆက်တိုက် ၁၆-၂၁၊ ၁၇-၂၁ ဖြင့် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ ဝမ်ရှီးရှန်သည် ဇွန်လကကျင်းပခဲ့သော အင်ဒိုနီးရှားအိုးပင်းကြက်တောင်ရိုက်ပြိုင်ပွဲတွင်လည်း ချန်ရှောက်ချီကို ရှုံးနိမ့်ထားသူဖြစ်သည်။ ၎င်းတို့နှစ်ဦးသည် ယမန်နှစ်က ကမ္ဘာ့ကြက်တောင်ရိုက် ချန်ပီယံရှစ်ပွဲတွင်တွေ့ဆုံရာ၌ ဝမ်ရှီးရှန်က အနိုင်ရခဲ့ဖူးသည်။

—*Ref: Xinhua*









7DAY NEWS JOURNAL
Vol.10, No.22 • AUGUST 18, 2011



# ဆိုက်ဘာတိုက်ခိုက်မှုများအတွက် တရုတ်က အမေရိကန်နှင့် အိန္ဒိယအား အပြစ်တင်



**ဘေဂျင်း၊ ဩဂုတ် - ၁၀**
ကမ္ဘာလုံးဆိုင်ရာ ကွန်ပျူတာဖောက်ထွင်းမှုများတွင် ပါဝင်ပတ်သက်နေသည်ဟု ဆက်စပ်ပြမှုများရှိပြီးနောက် တရုတ်အစိုးရသည် ယမန်နှစ်အတွင်း ၎င်းတို့နိုင်ငံအား ပစ်မှတ်ထား၍ ဖြစ်ပေါ်ခဲ့သောအကြိမ်ပေါင်းထောင်ချီသည့် ဆိုက်ဘာတိုက်ခိုက်မှုများအတွက် အိန္ဒိယနှင့် အမေရိကန်နိုင်ငံတို့အား ပြစ်တင်ပြောကြားလိုက်သည်။

တရုတ်အစိုးရ၏ ဝက်ဘ်ဆိုက်များအပေါ် ဖြစ်ပေါ်ခဲ့သည့် ဆိုက်ဘာတိုက်ခိုက်မှု ၄၉၃,၀၀၀ ကြိမ်တွင်ထက်ဝက်ခန့်မှာ နိုင်ငံခြားမှအစပြုခြင်းဖြစ်ပြီး အထူးသဖြင့် အမေရိကန်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့မှဖြစ်ကြောင်း တရားဝင်ထုတ်ပြန်သည့် အစီရင်ခံစာတစ်ရပ်တွင် ဖော်ပြသည်။

တိုက်ခိုက်မှုအများစုမှာ ဖျက်လိုဖျက်ဆီး ရည်ရွယ်ချက်များဖြင့် ပြုလုပ်သည့် “Trojan”ဆော့ဖ်ဝဲများဖြစ်ပြီး ယင်းတို့၏ အင်တာနက်လိပ်စာ ၁၄ ဒသမ ၇ ရာခိုင်နှုန်းမှာ အမေရိကန်မှ လိပ်စာများဖြစ်ပြီး ၈ ရာခိုင်နှုန်းမှာ အိန္ဒိယနိုင်ငံမှ ဖြစ်ကြောင်း အစီရင်ခံစာ၌ဖော်ပြသည်။ ၎င်းအစီရင်ခံစာအားအမျိုးသား ကွန်ပျူတာ ကွန်ရက်အရေးပေါ် တုံ့ပြန်မှုပူးပေါင်းဆောင်ရွက်ရေးစင်တာက ထုတ်ပြန်ခဲ့ခြင်း ဖြစ်သည်။

ယခင်ရက်သတ္တပတ်အတွင်း ကမ္ဘာတစ်ဝန်းဝက်ဘ်ဆိုက်ပေါင်းအများအပြားတွင် ဆိုက်ဘာတိုက်ခိုက်မှုများဖြစ်ပေါ်ခဲ့ကြောင်း၊ ကုလသမဂ္ဂ အပါအဝင် အမေရိကန်၊ အိန္ဒိယအစိုးရအေဂျင်စီများနှင့်အိုလံပစ်ကော်မတီ၏ ဝက်ဘ်ဆိုက်များအပေါ်လည်း တိုက်ခိုက်မှုများဖြစ်ပေါ်ခဲ့ပြီး ယင်းတိုက်ခိုက်မှုများမှာ နိုင်ငံတစ်နိုင်ငံ ပါဝင်ပတ်သက်နေကြောင်း ပုဂ္ဂလိကလုံခြုံရေးကုမ္ပဏီ Macfee က ကြေညာခဲ့သည်။

ယင်းသို့ ပါဝင်ပတ်သက်နေသောနိုင်ငံမှာ တရုတ်နိုင်ငံဖြစ်နိုင်သည်ဟု အချို့သော သတင်းရင်းမြစ်များက ပြောကြားခဲ့သည်။ သို့သော်ယင်းသို့တိုက်ခိုက်မှုများတွင် ပါဝင်ပတ်သက်မှု မရှိကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ငြင်းဆိုပြီး ကမ္ဘာတစ်ဝန်း ဆိုက်ဘာတိုက်ခိုက်မှုများအား တရုတ်နိုင်ငံနှင့် ချိတ်ဆက်ခြင်းမှာ အခြေအမြစ်မရှိကြောင်း တရုတ်နိုင်ငံသည်လည်း ဆိုက်ဘာတိုက်ခိုက်မှုခံရသည်သာ ဖြစ်ကြောင်း ပြောကြားသည်။ *—Ref: The Hindu*

## ရဟတ်ယာဉ်ပျက်ကျမှုအပေါ် စစ်ဘက်စုံစမ်းစစ်ဆေးမှု စတင်

**ဝါရှင်တန်၊ ဩဂုတ် - ၁၀**
အမေရိကန်တပ်ဖွဲ့ဝင် ၃၀ နှင့် အာဖဂန်နစ္စတန်နိုင်ငံသား ၈ ဦး သေဆုံးခဲ့သည့် အာဖဂန်နစ္စတန်အရှေ့ပိုင်းတွင် ဖြစ်ပေါ်ခဲ့သည့် ရဟတ်ယာဉ်ပျက်ကျမှုအား အမေရိကန်စစ်ဘက်က စတင်စုံစမ်းစစ်ဆေးနေပြီဖြစ်ကြောင်း သိရသည်။

စုံစမ်းစစ်ဆေးမှု၏ အသေးစိတ်အကြောင်းအရာများကို ပင်တဂွန်အရာရှိများက မပြောကြားသော်လည်း ၎င်းရဟတ်ယာဉ်ပျက်ကျမှုမှ ထွက်ပေါ်လာသည့် မေးခွန်းထုတ်စရာများနှင့် အခြားအမေရိကန်တပ်ဖွဲ့များကို အကူအညီပေးရန် တပ်ဖွဲ့ဝင်ပေါင်းများစွာရဟတ်ယာဉ်အတွင်းပြွတ်သိပ်တင်ဆောင်ခဲ့ခြင်းနှင့် အထူးတပ်ဖွဲ့များအား ပေးအပ်လိုက်သည့် ညွှန်ကြားချက်များကို စုံစမ်းသွားဖွယ်ရှိကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

သေဆုံးသူများတွင် ကြည်း၊ ရေ၊ လေအထူးတပ်ဖွဲ့ဝင် ၂၂ ဦးလည်းပါဝင်ခဲ့သည်။ ရဟတ်ယာဉ်မှာ ဒုံးအားသုံးပုံးဖြင့် ပစ်ချခံရခြင်းဖြစ်ပြီး ဆယ်စုနှစ်ကြာ စစ်ပွဲတွင် လူအသေအပျောက်အများဆုံးအဖြစ်အပျက်လည်း ဖြစ်သည်။

အမေရိကန်ဗဟိုကွပ်ကဲရေးဌာနချုပ် ဗိုလ်ချုပ်ကြီးဂျိမ်းစ်မက်တစ်က ယင်းစုံစမ်းစစ်ဆေးမှုများကိုဦးဆောင်ရန် ကြည်းတပ်ဗိုလ်မှူးချုပ်တစ်ဦးဖြစ်သူဂျက်ဖရီကော့တ်အားတာဝန်ပေးအပ်ခဲ့သည်။

ရဟတ်ယာဉ်ပျက်ကျမှုတွင် သေဆုံးခဲ့သည့် တပ်ဖွဲ့ဝင်များ၏ ကြွင်းကျန်သော ရုပ်ကလပ်များကိုအမေရိကန်နိုင်ငံသို့ ပြန်လည်သယ်ဆောင်လာချိန်မှာပင် ယခုစုံစမ်းစစ်ဆေးမှု ကိစ္စပေါ်ထွက်လာခြင်းဖြစ်သည်။ တပ်ဖွဲ့ဝင်များ၏ ရုပ်ကလပ်များ ဒီလာဝယ်လ်ပြည်နယ် ဒိုးဗားလေတပ်အခြေစိုက်စခန်းသို့ ရောက်ရှိလာခြင်းကို မီဒီယာများအား ဝင်ခွင့်မပေးခဲ့သလို သေဆုံးသူတပ်ဖွဲ့ဝင်များ၏ အမည်နာမကိုလည်း စစ်ဘက်က မထုတ်ပြန်ခဲ့ပေ။

*—Ref: AP*

## ကလေးပျောက်ရှာနိုင်သည့် ဖုန်းဆော့ဖ်ဝဲကို အက်ဖ်ဘီအိုင် ဖြန့်ချိ

**ဝါရှင်တန်၊ ဩဂုတ် - ၈**
အမေရိကန်ဖယ်ဒရယ်ထောက်လှမ်းရေးဗျူရိုအက်ဖ်ဘီအိုင်သည် ကလေးပျောက်ရှာသည့် မိဘများအားကူညီပေးနိုင်မည့် မိုဘိုင်းဖုန်းဆော့ဖ်ဝဲတစ်ခုကို အခမဲ့ဖြန့်ချိလိုက်ကြောင်း သိရသည်။ အဆိုပါဆော့ဖ်ဝဲကို ဖြန့်ချိရခြင်းနှင့်ပတ်သက်၍ အက်ဖ်ဘီအိုင်က “သင်ဟာ ရှော့ပင်းမောလ်ထဲမှာ ဈေးဝယ်နေတုန်း ကိုယ့်အနားက ကလေးရုတ်တရက် ပျောက်ဆုံးသွားတယ်ဆိုရင် အက်ဖ်ဘီအိုင်ရဲ့ ဒီဆော့ဖ်ဝဲကို သုံးခြင်းအားဖြင့် ကလေးနဲ့ ပတ်သက်တဲ့ ဓာတ်ပုံတွေ၊ သတင်းအချက်အလက်တွေကိုတာဝန်ရှိသူတွေဆီ ဖြန့်ဝေ အကြောင်းကြားနိုင်မှာဖြစ်ပါတယ်” ဟုဖော်ပြထားသည်။

အက်ဖ်ဘီအိုင်၏ ယခုဆော့ဖ်ဝဲကို လက်ရှိတွင် အိုင်ဖုန်းများ၌သာ အသုံးပြုနိုင်သေးပြီး မကြာမီလုပ်ဆောင်ချက်အသစ်များထပ်ဖြည့်ကာ အခြားမိုဘိုင်းဖုန်းနှင့်ကွန်ပျူတာများတွင် အသုံးပြုနိုင်ရန် လုပ်ဆောင်မည်ဟု သိရသည်။ အက်ဖ်ဘီအိုင်၏ စာရင်းများအရ အမေရိကန်ပြည်ထောင်စုတွင် စက္ကန့် ၄၀ တိုင်း၌ ကလေးတစ်ဦးပျောက်ဆုံးနေပြီး ကလေးအများစုမှာ မိဘအိမ်သို့မည်သည့်အခါမှ ပြန်ရောက်လာခြင်း မရှိတော့ကြောင်းဆိုသည်။

*—Ref: AFP*



7DAY NEWS JOURNAL
Vol.10, No.22 • AUGUST 18, 2011

## နှိမ်နင်းမှုများ အဆုံးသတ်ရန် တူရကီက ဆီးရီးယားအား ဖိအားပေး




**ဒမတ်စကတ်၊ ဩဂုတ် - ၁၀**
အစိုးရအပေါ် ဆန့်ကျင်ဆန္ဒပြနေသူများအား သွေးထွက်သံယိုဖြစ်မှုများစွာဖြင့် နှိမ်နင်းနေခြင်းကို အဆုံးသတ်ရန် တူရကီနိုင်ငံခြားရေးဝန်ကြီးက ဆီးရီးယားသမ္မတ ဘာရှားအယ်လ်အာဆတ်အား တိုက်တွန်းနေစဉ်မှာပင် ဆီးရီးယားတပ်ဖွဲ့များသည် ဆန္ဒပြသူအယောက် ၃၀ ကိုသေဆုံးစေခဲ့ပြီး တူရကီနိုင်ငံနှင့် နယ်စပ်မြို့တစ်မြို့သို့ ဝင်ရောက်ခဲ့ကြောင်း သိရသည်။

အစိုးရအပေါ် အဓိကဆန့်ကျင်နေသည့် ဟားမားမြို့မြောက်ဘက်ရွာများအား ဆီးရီးယားတင့်ကားများနှင့် သံချပ်ကာယာဉ်များ ဝင်ရောက်ရှင်းလင်းခဲ့ရာမှ သေဆုံးမှုများ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း နိုင်ငံရေးတက်ကြွလှုပ်ရှားသူများနှင့် မျက်မြင်သက်သေများက ပြောသည်။ တူရကီနှင့် နယ်စပ်မှ ကီလိုမီတာ ၃၀ အကွာ ဘင်းနစ်ရှ်ဒေသတွင် လူလေးဦး သေဆုံးခဲ့ကြောင်း သတင်းပေးပို့မှုများရှိသည်။

တူရကီနိုင်ငံခြားရေးဝန်ကြီး အာမက်ခါဗူတိုဂလူသည် ဆီးရီးယားနိုင်ငံသို့ ရောက်ရှိ၍ ဆီးရီးယားအရာရှိများနှင့် ခြောက်နာရီကြာဆွေးနွေးခဲ့သည်။ ယင်းဆွေးနွေးမှုတွင် ဆီးရီးယားသမ္မတ ဘာရှားအယ်လ်အာဆတ်နှင့် နှစ်ဦးတည်းနှစ်နာရီကြာ ဆွေးနွေးမှုလည်းပါဝင်ခဲ့သည်။ လူပေါင်း ၁၇၀၀ ခန့်သေဆုံးခဲ့ပြီဟုဆိုသော အကြမ်းပတမ်း နှိမ်နင်းမှုများကို အဆုံးသတ်ရန် အာမက်ဒါဗူတိုဂလူက အာဆတ်အား ပြောကြားခဲ့ကြောင်း သိရသည်။



အကြမ်းဖက်အုပ်စုများအား လိုက်လံ နှိမ်နင်းမှုကို အလျော့ပေးသွားမည်မဟုတ်ဟု ဆီးရီးယားသမ္မတက ပြန်လည်ပြောကြားခဲ့ကြောင်း ဆီးရီးယားအစိုးရသတင်းအေဂျင်စီ ဆာနာကပြောကြားသည်။

အကြမ်းဖက်နှိမ်နင်းများအပေါ် သည်းခံနိုင်မှုမရှိတော့ကြောင်း စောစောပိုင်းတွင် တူရကီဝန်ကြီးချုပ်ရီကက်တေရစ်အာဒိုဂန်က ပြောကြားခဲ့ကြောင်း သိရသည်။ တူရကီသည် ဆီးရီးယားနိုင်ငံ၏ အရေးပါသော ကုန်သွယ်ဖက်နိုင်ငံဖြစ်ပြီး နှစ်နိုင်ငံနယ်စပ်ထိစပ်မှုမှာ ကီလိုမီတာ ၈၅၀ ရှည်လျားသည်။

*—Ref: IANS*

## အစရေးနိုင်ငံတစ်ဝန်း လူမှုရေးရာကန့်ကွက် ဆန္ဒပြမှုများ ပြုလုပ်

**ဂျေရုဆလင်၊ ဩဂုတ် - ၁၁**
လူနေမှု စရိတ်ကြီးမြင့်ခြင်းနှင့် အိမ်ရာမလုံလောက်မှုများကြောင့် အစ္စရေးနိုင်ငံတစ်ဝန်း မြို့ကြီးများတွင် ဆန္ဒပြမှုများ ဖြစ်ပေါ်နေကြောင်းကန့်ကွက်မှုများအား လှုပ်ရှားစည်းရုံးနေသူများက ပြောကြားသည်။

မြို့တော် စစ်ဆေးရေးအဖွဲ့များက ၎င်းတို့၏ ယာယီတဲအိမ်များအား ဖြုတ်သိမ်းရန် ပြောကြားခဲ့ပြီးနောက် ဟိုလွန်မြို့မှ အိုးမဲ့အိမ်မဲ့များက ကားတာယာများကို မီးရှို့၍ လမ်းများကို ပိတ်ဆို့ခဲ့ကြောင်း ဟာရက်ဇ်သတင်းစာတွင် ဖော်ပြသည်။

“အိမ်ဝယ်ချင်တဲ့လူတွေအတွက် ဘဏ်တွေက ချေးငွေထုတ်မပေးဘူး” ဟုဝါဒီနစ်နက်စ် ယာယီတဲအိမ်မြို့တွင် စည်းရုံးလှုပ်ရှားနေသူ ရာဂျာဇာထရာက ပြောကြားပြီး “အာရပ်လူမျိုးတွေအတွက်ဆို အိမ်ရာတွေကို အမြဲကန့်သတ်ထားပြီး စျေးနှုန်းတွေကတစ်ချိန်လုံး မြင့်တက်နေတယ်” ဟု ၎င်းက ပြောသည်။

ဘီအာရှီဗာဒေသတွင် ကန့်ကွက်ဆန္ဒပြသူများက ရေချိုးခန်းဝတ်စုံများ ဝတ်ဆင်၍ လမ်းများပေါ်၌ ချီတက်ဆန္ဒပြခဲ့ကြသည်။

“နီဂတ်ဖ်ဒေသမှာ ဒီလောက်ကြီးမားတဲ့ ကန့်ကွက်မှုမျိုး မရှိခဲ့ပါဘူး။ ဒီကန့်ကွက်မှုတွေ ဆက်ရှိနေစေဖို့ ကျွန်တော်တို့ဒီကိုရောက်လာတာပါ။ ဒါဟာမြောက်ပိုင်းကနေတောင်ပိုင်းအထိ လူတိုင်းရဲ့ ရုန်းကန်လှုပ်ရှားမှုဖြစ်ပါတယ်’ ဟု ဘင်ဂူရီယန်တက္ကသိုလ်ကျောင်းသား အစည်းအရုံးမှခေါင်းဆောင်ဖြစ်သူ အူရီကိုင်ဒေးက ပြောကြားသည်။

အလုပ်အကိုင်အခြေအနေမကောင်းခြင်းအတွက်လည်း ဂျေရုဆလင်၊ တဲလ်အဗစ်၊ ဟိုင်ဖာနှင့် ကာရက်ရှိုးနာမြို့များတွင်လည်း ကန့်ကွက်ဆန္ဒပြမှုများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

*—Ref: UPI*

7DAY NEWS JOURNAL
Vol.10, No.22 • AUGUST 18, 2011

# အမေရိကန် အဆင့်မြင့်တိုက်လေယာဉ်များ အားလုံးရပ်နားထား

**လန်ဒန်၊ ဩဂုတ် - ၁၁**



ကမ္ဘာပေါ်တွင် အဆင့်အမြင့်ဆုံး တိုက်လေယာဉ်များဟု ပြောကြားထားပြီးကန်ဒေါ်လာဘီလီယံများစွာ အကုန်အကျခံတည်ဆောက်ထားသည့် အမေရိကန် လေတပ်မှ စတဲ့လလ်တိုက်လေယာဉ်အစင်း ၂၀၀ နီးပါးအား ပျံသန်းခြင်းရပ်နားထားကြောင်း သိရသည်။ အောက်စီဂျင်နှင့် စွမ်းအင်စနစ်များတွင်ပြဿနာများရှိနေ၍ ယင်းသို့ရပ်နားထားခြင်းဖြစ်သည်။

F-22 Raptars တိုက်လေယာဉ်များ လေ့ကျင့်ပျံသန်းခြင်းကိုမေလကတည်းက ရပ်နားထားပြီး အောက်ဆီဂျင်ပေးခြင်းစနစ်တွင် ချို့ယွင်းချက်ရှိသည်ဟု သံသယရှိနေ၍ ၎င်းလေယာဉ်များထုတ်လုပ်ခြင်းကိုလည်း ရပ်ဆိုင်းထားကြောင်း လန်ဒန်ဒေးလီးမေးလ်သတင်းတွင်ဖော်ပြသည်။

ယင်းအပြစ်အနာအဆာများမှာ လွန်ခဲ့သည့် နိုဝင်ဘာလက လူအသေအပျောက်ရှိခဲ့သည့် လေယာဉ်ပျက်ကျမှုနှင့်လည်း ဆက်စပ်နေသည်ဟု လေတပ်သတင်းရင်းမြစ်အားကိုးကား၍ သတင်းတွင်ဖော်ပြသည်။

စတဲ့လ်သ်တိုက်လေယာဉ်များနည်းတူ လော့ဟီးလ်မာတင်ကုမ္ပဏီကပင်ထုတ်လုပ်သည့် F-35 Joint Strike Fighters တိုက်လေယာဉ်များ လေ့ကျင့်ပျံသန်းခြင်းကိုလည်း ယခင်အပတ်မှစ၍ ဆိုင်းငံ့ထားကြောင်းသိရသည်။ ၎င်းလေယာဉ်များ၏ စွမ်းအင်စနစ်တွင် အဆို့ရှင်ပြဿနာများကြောင့် ဆိုင်းငံ့ထားခြင်းဖြစ်သည်ဟုဆိုသည်။

၎င်းလေယာဉ်များ ပျံသန်းမှုရပ်နားရသည်မှာ ယခုနှစ်အတွင်း တတိယအကြိမ်ဖြစ်ကြောင်း၊ မည်သည့်အချိန်တွင် လေ့ကျင့်ပျံသန်းမှုများပြန်လည်စတင်နိုင်မည်ကိုလည်း မသိရှိသေးကြောင်း သတင်း၌ဖော်ပြထားပြီး လေယာဉ်မှူးများကိုလည်း မိခင်ဌာနများသို့ပြန်ရန် အကြောင်းကြားထားကြောင်း သိရသည်။ *—Ref: Agencies*

# ဗြိတိန်နိုင်ငံတွင် ငြိမ်သက်နေသော်လည်း ရဲတပ်ဖွဲ့ဝင်များ အလုံးအရင်းနှင့်ချထား

**လန်ဒန်၊ ဩဂုတ် - ၁၁**



ရက်အတန်ကြာ ဆူပူမှုများနှင့် ဈေးဆိုင်များ လုယက်ဖျက်ဆီးမှုများ ရှိခဲ့ပြီးနောက် ဩဂုတ်လ ၁၁ ရက် အစောပိုင်းတွင် ဗြိတိန်နိုင်ငံတစ်ဝန်းမြို့ကြီးများ၌ အများအားဖြင့် ငြိမ်သက်နေသော်လည်း လမ်းများပေါ်တွင်ရဲတပ်ဖွဲ့များ အလုံးအရင်းနှင့် စောင့်ကြပ်နေဆဲဖြစ်ကြောင်းသိရသည်။ ထိုအတောအတွင်း ဗြိတိန်ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းကလည်း တည်ငြိမ်မှုပြန်လည် ရရှိရေးအတွက် လိုအပ်သောနည်းလမ်းမျိုးစုံကို အသုံးပြုသွားမည်ဟု မာမာထန်ထန် သတိပေးခဲ့ကြောင်း သိရသည်။

ကြီးကြီးမားမား အဖြစ်အပျက်များ မရှိသော်လည်း တင်းမာမှုများ ရှိနေဆဲဖြစ်သည်။ ဝန်ကြီးချုပ်ဒေးဗစ်ကင်မရွန်းကလည်း အဓိကရုဏ်းများနှင့် ပတ်သက်၍ အရေးပေါ် ငြင်းခုံဆွေးနွေးရန် နွေရာသီအတွက် ရပ်နားထားသည့်ပါလီမန်ကိုပြန်လည်ခေါ်ယူခဲ့သည်။ ယင်းအစည်းအဝေးတွင် ဗြိတိန်ဝန်ကြီးချုပ်သည် ရဲတပ်ဖွဲ့၏ဘတ်ဂျက်ဖြတ်တောက်ရန် စီစဉ်ထားခြင်းနှင့်ပတ်သက်၍ ဖိအားပေးခံရဖွယ်ရှိနေသည်။

လန်ဒန်မြို့ တောင်ဘက် အယ်သန်ဒေသတွင် ရဲတပ်ဖွဲ့ဝင်များအား ပစ္စည်းများဖြင့် ပစ်ပေါက်မှုများရှိခဲ့သော်လည်း လူစုခွဲခဲ့ကြောင်း လန်ဒန်ရဲတပ်ဖွဲ့က ပြောကြားသည်။ ဝေလပြည်နယ်တွင်လည်းအနှောင့်အယှက်အနည်းငယ်ရှိသည်ဟူသော သတင်းပေးပို့မှုများရှိခဲ့သည်။

ဆူပူနှောင့်ယှက်မှုများနှင့်ဆက်စပ်၍ ရဲတပ်ဖွဲ့က ဖမ်းဆီးမှုများဆက်လက်ပြုလုပ်နေပြီး လန်ဒန်မြို့တစ်မြို့တည်းမှာပင် လူပေါင်း ၈၂၀ အားဖမ်းဆီးခဲ့သည်။ လုယက်သူများ၊ ဖျက်လိုဖျက်ဆီးလုပ်သူများနှင့် သူခိုးသူဝှက်များအား အရေးယူနိုင်ရန် တရားရုံးများအား ၂၄ နာရီဖွင့်ထားသည်။

အကြောက်တရား စိုးမိုးသည့်ယဉ်ကျေးမှုအမြစ်မတွယ်ရန်ကိုင်တွယ်သွားမည်ဟု ဗြိတိန်ဝန်ကြီးချုပ်က ကတိပြုပြောကြားသည်။ "ကျွန်တော်တို့ပြန်လည်တွန်းလှန်ဖို့လိုပါတယ်။ တွန်းလှန်ဖို့လည်း လုပ်နေပါပြီ" ဟု ဒေါင်းနင်းလမ်းဝန်ကြီးချုပ်ရုံးအပြင်ဘက်မှထုတ်ပြန်သည့် ရုပ်သံကြေညာချက်တွင် ကင်မရွန်းကပြောသည်။ *—Ref: AP*



7 DAY NEWS JOURNAL

# International

Vol.10, No.22 · AUGUST 18, 2011

## ပျက်စီးနေသော လူ့အဖွဲ့အစည်းကို ပြန်လည်ပြုပြင်မည်ဟု ဗြိတိန်ဝန်ကြီးချုပ်ပြောကြား


**လန်ဒန်၊ ဩဂုတ် - ၁၅**

ဆယ်စုနှစ်များစွာအတွင်း ဗြိတိန်နိုင်ငံတွင် အဆိုးရွားဆုံး အဓိကရုဏ်းများ ထပ်မံဖြစ်ပေါ်ခြင်းမှ ကာကွယ်ရန် 'ပျက်စီးနေသော လူ့အဖွဲ့အစည်း'ကို ပြန်လည်ပြုပြင်သွားမည်ဖြစ်ကြောင်း ဗြိတိန်ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းက ပြောကြားလိုက်ကြောင်းသိရသည်။


ဆင်းရဲသော မြောက်လန်ဒန် တော့တင်ဟမ်ဒေသတွင်မသက်ာသူတစ်ဦးအား ရဲတပ်ဖွဲ့ကရပ်တန့်၍ စစ်ဆေးစဉ် ရဲတပ်ဖွဲ့၏ပစ်ခတ်မှုကြောင့် ၎င်းမသက်ာသူသေဆုံးသွားခဲ့ခြင်းအတွက်ကန့်ကွက်ဆန္ဒပြမှုများဖြစ်ပေါ်ခဲ့သည်။ လန်ဒန်တွင်ဖြစ်ပေါ်ခဲ့သည့်ကန့်ကွက်ဆန္ဒပြမှုများ အခြားမြို့များသို့ပါ ပျံ့နှံ့သွားခဲ့ရာ ရဲတပ်ဖွဲ့က လူပေါင်း ၂,၈၀၀ ဦးအား ဖမ်းဆီးခဲ့ရသည်။

စာ(၄၅)သို့









## တရုတ်စစ်ဘက်အကြီးအကဲ အစရေးနိုင်ငံသို့ ပထမဆုံးအကြိမ် သွားရောက်လည်ပတ်

**ဂျေရုဆလင်၊ ဩဂုတ် - ၁၅**



အာရပ်နွေဦး နိုင်ငံရေးအုံကြွမှုများ ဖြစ်ပေါ်ပြီးနောက် အရှေ့အလယ်ပိုင်းအခြေအနေအား ဘေဂျင်း၏ ပြန်လည်အကဲဖြတ်မှုအစိတ်အပိုင်းတစ်ရပ်အဖြစ် လေ့လာသုံးသပ်သူများကရှုမြင်ကြစဉ်အတွင်း တရုတ်လက်နက်ကိုင်တပ်ဖွဲ့များ၏ အကြီးအကဲသည် အစ္စရေးနိုင်ငံသို့ ပထမဦးဆုံးအကြိမ် သွားရောက်လည်ပတ်ခဲ့ကြောင်းသိရသည်။

ဗိုလ်ချုပ်ကြီးချန်ဘင်ဂျီးသည် အစ္စရေးနိုင်ငံတွင်ကြည်းတပ်အခြေစိုက်စခန်းတစ်ခုသို့လည်ပတ်၍ လုံခြုံရေးအစီရင်ခံမှုများကိုတက်ရောက်ကြားနာမည်ဖြစ်ကြောင်း အစ္စရေးစစ်ဘက်ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့ပြီး တရုတ်ဗိုလ်ချုပ်ကြီး၏ခရီးစဉ်မှာ နှစ်ဖက်ကြုံတွေ့နေရသည့် စိန်ခေါ်မှုများအပေါ် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးတွင် တိုးတက်မှုရစေရန်နှင့် ဖွံ့ဖြိုးတိုးတက်စေရန်လည်းဖြစ်ကြောင်း အစ္စရေးပြောခွင့်ရပုဂ္ဂိုလ်ကဆက်လက်ပြောကြားသည်။

စာ(၄၅)သို့

**Interview**




**ကျွန်တော်တို့ အခုကြုံနေတာ တကယ့်မုန်တိုင်း အလယ်မှာပါ**

အမေရိကန် စီးပွားရေးပညာရှင် ကက်နက်ရော့ဂေါ့ဖ်နှင့် တွေ့ဆုံခြင်း

စာ-၄၆

**News Analysis**



**ရွှေမှော်ရုံ မြိုင်တောလယ်၌**


စာ-၃၆

## ရေတပ်နှင့် တင့်ကားများတိုက်ခိုက်မှုကြောင့် ဆီးရီးယားဆိပ်ကမ်းမြို့တွင် လူ ၂၆ ဦး သေဆုံး

**အာမန်၊ ဩဂုတ် - ၁၅**

ဆီးရီးယားစစ်ဘက်က သမ္မတ ဘာရှားအယ်အာဆတ်၏ အုပ်ချုပ်မှုအပေါ် ကန့်ကွက်ဆန္ဒပြသူများအား နှိမ်နင်းရန်ကြိုးစားရင်း မြေပြင်နှင့်ရေပြင်ထိုးစစ်များဆင်နွှဲမှုကြောင့် မြေထဲပင်လယ်ရှိ အရေးပါသောဆိပ်ကမ်းမြို့ လာတာကီယာတွင် လူ ၂၆ ဦး သေဆုံးသွားကြောင်း မျက်မြင်သက်သေများကပြောကြားသည်။

ဩဂုတ်လ ၁ ရက်က မွတ်ဆလင် ဥပုသ်လ ရာမာဒန် စတင်ခဲ့ပြီးချိန်တွင်လည်း အာဆတ်



၏ တပ်ဖွဲ့များသည် ကန့်ကွက်ဆန္ဒပြမှုများကို နှိမ်နင်းရန် နိုင်ငံတစ်ဝန်း၌ စစ်ဆင်ရေးများ ပြုလုပ်ခဲ့သည်။

"မီးခိုးရောင်သင်္ဘောနှစ်စင်းရဲ့ ထိပ်ပိုင်းတွေကိုမြင်နေရတယ်။ သင်္ဘောအမြောက်တွေကိုပစ်နေပြီးအဲဒီ့ကျည်ဆန်တွေအယ်-ရမ်အယ်လ်ဖိလစ်တီနီနဲ့ အယ်ရှာအက်ရပ်ကွက်တွေမှာ ကျရောက်နေတယ်"ဟု မျက်မြင်သက်သေတစ်ဦးက လာတာကီယာမြို့မှ တယ်လီဖုန်းဖြင့် ရိုက်တာသတင်းဌာနအားပြောကြားသည်။ ယင်းမြို့ကိုသံချပ်ကာယာဉ်များနှင့်အခြားစစ်ဘက်ယာဉ်များက လွှန်ခဲ့သော သုံးလခန့်ကပင် ဝိုင်းရံထားကြောင်းသိရသည်။


စာ(၄၅)သို့

## အီတလီ ခြိုးခြံချွေတာမှုအစီအစဉ်များကို အီးယူအကြီးအကဲ ကြိုဆို

**ရောမ၊ ဩဂုတ် - ၁၅**

အီတလီနိုင်ငံ၏ ခြိုးခြံချွေတာရေးအစီအစဉ်သစ်များကိုဥရောပကောင်စီဥက္ကဋ္ဌ ဟာမန်းဗန်ရွန်ပေးကကြိုဆိုလိုက်ပြီး ယင်းမှာ ယူရိုငွေကြေးသုံးစွဲသည့် ယူရိုဇုန်နိုင်ငံများအတွက် အလွန်အရေးပါကြောင်း၎င်းကပြောကြားသည်။

အီတလီဝန်ကြီးချုပ် ဆီဗီယို ဘာလူစကိုနီနှင့်တွေ့ဆုံပြီးနောက် မစ္စတာဗန်ရွန်ပေးက ကြေညာချက်တစ်ရပ်ထုတ်ပြန်ခဲ့သည်။



ယင်းမတိုင်မီ တစ်ရက်က အီတလီဝန်ကြီးချုပ် ဘာလူစကိုနီက ယူရို ၄၅ ဘီလီယံအစီအစဉ်အကြောင်း ကြေညာခဲ့ပြီး ၂၀၁၃ ခုနှစ်တွင် ဘတ်ဂျက်ထိန်းညှိမှုပြုလုပ်နိုင်ရန် အစိုးရအသုံးစရိတ်များလျှော့ချဖြတ်တောက်၍ အခွန်အကောက်များတိုးမြှင့်သွားမည်ဟု ပြောကြားခဲ့သည်။ သို့သော် အီတလီနိုင်ငံ၏ အကြီးမားဆုံးအလုပ်သမားသမဂ္ဂက ယင်းအစီအစဉ်ကို ဝေဖန်ပြောဆိုပြီးသပိတ်မှောက်အရေးယူသွားမည်ဟု ခြိမ်းခြောက်ခဲ့သည်။

ယခု ခြိုးခြံချွေတာရေးအစီအစဉ်ကို နှစ်လအတွင်းမှာပင် ဒုတိယအကြိမ်ကြေညာခဲ့ခြင်းဖြစ်သည်။

စာ(၄၅)သို့



၇ ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
http://www.7daynewsjournal.com
အာချုပ်ပို
Vol.10, No.22 • AUGUST 18, 2011



သနပ်ပင်မြို့တွင် ဩဂုတ် ၁၄ ရက်က အောင်ဆန်းဂျာမွန်းစာဖတ်ခန်းနှင့် အင်္ဂလိပ်စာသင်တန်းကိုဖွင့်လှစ်ပြီးနောက် ဒေါ်အောင်ဆန်းစုကြည်ကိုတွေ့ရစဉ်။

# နိုင်ငံတော်သမ္မတက အသင်းအဖွဲ့များမှ တာဝန်ရှိသူများတွေ့ဆုံမည်

**အားမာန်**

**ရန်ကုန်၊ ဩဂုတ် - ၁၆**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အသင်းအဖွဲ့ပေါင်းစုံမှ တာဝန်ရှိသူများ တွေ့ဆုံသည့်အခမ်းအနားကိုဩဂုတ်လ ၁၇ ရက်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန၌ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း အခမ်းအနားသို့ ဖိတ်ကြားခံရသော အသင်းအဖွဲ့များမှ တာဝန်ရှိသူများကပြောသည်။

အဆိုပါအခမ်းအနားကို နေပြည်တော်ရှိ မြန်မာအပြည်ပြည် ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန၌ဩဂုတ် ၁၇ ရက် မွန်းလွဲပိုင်းတွင် ကျင်းပပြုလုပ်မည်ဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့စသော အသင်းအဖွဲ့ပေါင်းစုံမှ တာဝန်ရှိသူများကို ထိုအခမ်းအနားသို့ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီကတစ်ဆင့် ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။

ဖိတ်ကြားခံထားရသော အသင်းအဖွဲ့တစ်ခုမှ တာဝန်ရှိသူတစ်ဦးကလည်း "ကျွန်တော်တို့ ဒီပွဲကို မဖြစ်မနေတက်ရမှာပေါ့" ဟု ပြောကြားသည်။

နိုင်ငံတော်သမ္မတဦးသိန်းစိန်က ထိုအခမ်းအနားတွင် မိန့်ခွန်းပြောကြားမည်ဖြစ်သည်။

အဆိုပါမိန့်ခွန်းမှာ နိုင်ငံတော်သမ္မတဦးသိန်းစိန်အတွက် ပဉ္စမမြောက်မိန့်ခွန်းဖြစ်လာမည်ဖြစ်သည်။

စတုတ္ထမြောက်မိန့်ခွန်းမှာ မေလ ၁၉ ရက်က 'ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး' အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲတွင် ပြောကြားခဲ့ခြင်းဖြစ်သည်။

ထပ်မံရရှိသောသတင်းအရ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဩဂုတ်လ ၁၆ ရက် ညနေပိုင်းတွင် စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံမည်ဖြစ်သည်။

နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာနတွင် လာမည့်ဩဂုတ်လ ၁၉ ရက်မှ ၂၁ ရက်အထိ စီးပွားရေးဆိုင်ရာ ဆွေးနွေးပွဲတစ်ရပ်ကို ကျင်းပဦးမည်ဖြစ်သည်။